http://www.dhammadownload.com

မြောင်းမြမြို့
တိုက်သစ်ပဋ္ဌာနတာရုံကျောင်းတိုက်

ဓမ္မာစရိယ၊ ပါဠိပါရဂူ
အရှင်ဂုဏိသသရ
၏

# ပါဠိဗောဓိ

ပါဠိသဒ္ဒါနှင့်စာစီစာကုံး
(အခြေခံပိုင်း)

(ဆဋ္ဌအကြိမ်)

သာသနာ ၂၅၅၅ ကောဇာ ၁၃၇၃ ခရစ် ၂၀၁၁

ပါဠိဗောဓိ (အခြေခံပိုင်း)

ဤ **ပါဠိဗောဓိ** (အခြေခံပိုင်း) ၌

+ ကမ္ဘာ့အသံထွက် ပါဠိဖတ်နည်း၊
+ ကြိယာကဏ္ဍ၊
  နာမကဏ္ဍ၊
  ကာရကကဏ္ဍ၊
  သန္ဓိကဏ္ဍ၊
  သမာသကဏ္ဍ၊
  တဒ္ဓိတကဏ္ဍ၊
+ ကံကဏ္ဍအားကွဲဖို့ ခွဲပြထားသည်။
+ စာစပ်နားလည်ဖို့ တွဲပြထားသည်။
+ ပါဠိစာစီစာကုံးရေးတတ်ဖို့ နည်းပေးထားသည်။
+ ပါဠိစာစီစာကုံးများကို ရေးပြထားသည်။

ထို့ကြောင့် ..... မျက်စိကိုဖွင့်၊
နားကိုစွင့်။

http://www.dhammadownload.com

မြောင်းမြမြို့
တိုက်သစ်ပဒ္ဓေါတာရုံကျောင်းတိုက်

ဓမ္မာစရိယ၊ ပါဠိပါရဂူ
အရှင်ဂုဏိဿရ
၏

# ပါဠိဗောဓိ

ပါဠိသဒ္ဒါနှင့်စာစီစာကုံး
(အခြေခံပိုင်း)

(ဆဋ္ဌအကြိမ်)

သာသနာ ၂၅၅၅ ကောဇာ ၁၃၇၃ ခရစ် ၂၀၁၁

http://www.dhammadownload.com

## ဤ **ပါဠိဗောဓိ** (အခြေခံပိုင်း) ၌

\+ ကမ္ဘာ့အသံထွက် ပါဠိဖတ်နည်း၊

\+ ကြိယာကဏ္ဍ၊
နာမကဏ္ဍ၊
ကာရကကဏ္ဍ၊
သန္ဓိကဏ္ဍ၊
သမာသကဏ္ဍ၊
တဒ္ဓိတကဏ္ဍ၊

\+ ကံကတ္တားကွဲဖို့ ခွဲပြထားသည်။

\+ စာစပ်နားလည်ဖို့ တွဲပြထားသည်။

\+ ပါဠိစာစီစာကုံးရေးတတ်ဖို့ နည်းပေးထားသည်။

\+ ပါဠိစာစီစာကုံးများကို ရေးပြထားသည်။

ထို့ကြောင့် ..... မျက်စိကိုဖွင့်၊
နားကိုစွင့်။

http://www.dhammadownload.com

မြောင်းမြမြို့
တိုက်သစ်ပဓာနတာရုံကျောင်းတိုက်

ဓမ္မာစရိယ၊ ပါဠိပါရဂူ
အရှင်ဂုဏိဿရ
၏

# ပါဠိဗောဓိ

ပါဠိသဒ္ဒါနှင့်စာစီစာကုံး
(အခြေခံပိုင်း)

(ဆဋ္ဌအကြိမ်)

သာသနာ ၂၅၅၅ ကောဇာ ၁၃၇၃ ခရစ် ၂၀၁၁

http://www.dhammadownload.com


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | ■ | ၆၀၀၅၅၈၀၇၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ■ | ၆၀၀၄၅၈၀၈၁၁ |
| ထုတ်ဝေသည့်အကြိမ် | ■ | ဆဋ္ဌမအကြိမ်<br>(ဩဂုတ်လ ၊ ၂၀၁၁) |
| အုပ်ရေ | ■ | ၂၀၀၀ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | ■ | ဦးထွန်းအောင်<br>ထွန်းမိသားစုပုံနှိပ်တိုက်<br>အမှတ် (၈၉)၊ ၃၂-လမ်း၊ (၉)ရပ်ကွက်၊<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | ■ | ဦးနေမျိုး<br>နေမျိုးစာပဒေသာ<br>အမှတ် (၁)၊ သုမင်္ဂလာလမ်း၊<br>တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ |
| စာအုပ်ချုပ် | ■ | ဦးအောင်မြင့် |
| တန်ဖိုး | ■ | ၁၈၀၀ ကျပ် |

၂၉၄.၃

ဂုဏာဘိဝံသ/အရှင် (ဓမ္မာစရိယ-ပါဠိပါရဂူ)

ပါဠိပဗောဓိ (ပါဠိသဒ္ဒါနှင့်စာစီစာကုံး) အခြေခံပိုင်း

အရှင်ဂုဏာဘိဝံသ (ဓမ္မာစရိယ-ပါဠိပါရဂူ)

တိုက်သစ်ပဋ္ဌာနတာရုံကျောင်းတိုက်၊ မြောင်းမြမြို့။

နေမျိုးစာပဒေသာ၊ (၂၀၁၁)

၂၆၈ - စာ၊ ၁၄ × ၂၀ စင်တီ

(၁) ပါဠိပဗောဓိ (ပါဠိသဒ္ဒါနှင့်စာစီစာကုံး) အခြေခံပိုင်း

http://www.dhammadownload.com

# နိဒါန်း

ဤပါဠိဗောဓိအခြေခံပိုင်းကို အခြေခံသင်ခါစပုဂ္ဂိုလ်များအတွက် မူလ စာအုပ်ကြီးမှ သီးသန့်ခွဲထုတ်ထားပါသည်။

အောက်ခြေအတန်းမှစ၍ ကံကတ္တားကွဲနေသင့်ပါသည်၊ ရိုးရိုးစာစပ်ပုံများကို နားလည်နေသင့်ပါသည်၊ ထိုသို့ ကံကတ္တားကွဲပြီး စာစပ်နားလည်ပါက ရိုးရိုးပါဠိဝါကျလေးများကို ရေးတတ်လာပါလိမ့်မည်၊ ကတ္တားဟောဝါကျ ကံဟောဝါကျတို့၏သဘောကို နားလည်သဘောပေါက်လာပါလိမ့်မည်။

ကံကတ္တားမကွဲဘဲ စာစပ်နားမလည်ဘဲ ပါဠိရေးကျမ်းစာများကို သင်ယူနေခြင်းသည် အလွန်ပင်ပန်းလှပါသည်၊ ပင်ပန်းသလောက်လည်း နားလည်မလာပါ၊ အသိဉာဏ်ပွင့်မလာပါ၊ နားလည်းမလည် အသိဉာဏ်လည်းမပွင့်ဘဲ စာသင်နေရခြင်းသည် အလွန်ပင်ပန်းလှ၍ ပျင်းရိငြီးငွေ့ဖွယ်ပင် ဖြစ်ပါသည်၊ ပျင်းရိငြီးငွေ့သောကြောင့် နားမလည်, နားမလည်သောကြောင့် ပျင်းရိငြီးငွေ့ ဖြစ်ကာ စာသင်သံသရာ လည်နေကြရတော့သည်။

မိမိကိုယ်တိုင် ကံကတ္တားကွဲ၏၊ စာစပ်နားလည်၏၊ ပါဠိဝါကျတိုလေးများကို ရေးနိုင်၏၊ ထိုသည့်အဆင့်ရှိသူသည် ပါတိမောက်, သဒ္ဒါ, သင်္ဂဟ–စသော ပါဠိရေးကျမ်းစာများကို သဘောပေါက်ပေါက်ဖြင့် လွယ်ကူစွာသင်ယူနိုင်ပါလိမ့်မည်၊ ထို့ထက် တစ်ဆင့်တက်၍ ကစ္စာ, ရူပသိဒ္ဓိ, ဋီကာကျော်–တို့ကို ခက်ခဲမှုမရှိဘဲ သင်ယူနိုင်ပါလိမ့်မည်၊ ထို့ထက် နောက်တစ်ဆင့်တက်၍ ပါဠိတော် အဋ္ဌကထာများကို မပင်မပန်း သင်ယူနိုင်ပါလိမ့်မည်။

ထိုသို့ ကံကတ္တားကွဲရန်လည်းကောင်း၊ စာစပ်တတ်ရန်လည်းကောင်း၊ ပါတိမောက်စသော အခြေခံစာများကို လွယ်ကူစွာသင်ယူနိုင်ရန်လည်းကောင်း၊ အထက်တန်းကျမ်းစာ ပါဠိတော်အဋ္ဌကထာများကို မပင်မပန်းသင်ယူနိုင်ရန် လည်းကောင်း ဤပါဠိဗောဓိကို ရေးသားပါသည်၊ ညွှန်ပြနည်းပေးထားပါသည်။

http://www.dhammadownload.com



ထိုသို့ ရေးသားရာ၌ (၁)ကြိယာကဏ္ဍ၊ (၂)နာမကဏ္ဍ၊ (၃)ကာရကကဏ္ဍ၊ (၄)သန္ဓိကဏ္ဍ၊ (၅)သမာသကဏ္ဍ၊ (၆)တဒ္ဓိတကဏ္ဍ–ဟု အပိုင်း ၆–ပိုင်းခွဲ၍ ရေးသားပါသည်၊ ရှေ့ ၄–ခန်းတို့၌ ပါဠိရေးနည်းသင်ခန်းစာများ လေ့ကျင့်ခန်းများကို ထည့်သွင်းထားပါသည်၊ ပါဠိဝေါဟာရတစ်ခုကိုယူ၍ ဝါကျတည်ဆောက်ပုံကို ပြထားပါသည်၊ သင်ခန်း စာပါ ပါဠိဝေါဟာရများကို ယူ၍ စာစီစာကုံး ရေးပုံများကိုလည်း ပြထားပါသည်။

ဤပြခဲ့သည့် သင်ခန်းစာအစီအစဉ်အတိုင်း သင်ယူလေ့ကျင့်သူသည် ပါဠိရေးတတ်လာပါလိမ့်မည်၊ "ပါဠိကြော"ကို နားလည်သဘောပေါက်လာပါလိမ့်မည်၊ အထက်ကျမ်းစာများကို သင်ယူသည့်အခါ နားလည်သဘောပေါက်ပေါက် သင်ယူရသောကြောင့် အသိဉာဏ်ပွင့်သထက် ပွင့်လာပါလိမ့်မည်၊ ပျော်ရွှင်လာပါလိမ့်မည်၊ ဤသို့လျှင် ပျော်ရွှင်သောကြောင့် ဉာဏ်ပွင့် , ဉာဏ်ပွင့်သောကြောင့်ပျော်ရွှင်ကာ ဆုံးခန်းတိုင်ရောက် ပေါက်မြောက်အောင်မြင်ပါလိမ့်မည်၊ စာသင်သံသရာစက်ရဟတ် အဆက်ပြတ်ကာ မဂ်အရဟတ်ကိုပင် ရယူနိုင်ပါလိမ့်မည်၊ ဤသို့ ပေါက်မြောက်ရယူနိုင်သည်အထိ ကျေးဇူးပြုမည့် ပါဠိသဒ္ဒါနှင့်စာစီစာကုံးကို ကြိုးစားလေ့ကျင့်သင်ယူနိုင်ကြပါစေ။

[ပါဠိပဗောဓိ (ပါဠိသဒ္ဒါနှင့်စာစီစာကုံး)စာအုပ်ကို ၁၃၄၅–ခု၊ ဝါဆိုလဆန်း(၁)ရက်နေ့မှစ၍ ရေးခဲ့ပါသည်။]

အရှင်ဂုဏသီလ
တိုက်သစ်ပဋ္ဌာနတာရုံတိုက်
၁၃၅၂–ခု၊ တော်သလင်းလဆုတ် (၆) ရက်။

http://www.dhammadownload.com



# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ၁။ ကြိယာကဏ္ဍ | |
| အာချာတ်ဝိဘတ် | ၁ |
| ပုရိသ်၊ သဒ္ဒါ | ၂၊၃ |
| သဒ္ဒါနှင့်ပုရိသ် တွဲစပ်ပုံ | ၄ |
| ကံ၊ ကတ္တား၊ ကြိယာ | ၅ |
| ကတ္တားဟောဝါကျ၊ ကံဟောဝါကျ စည်းမျဉ်း | ၆ |
| ကံ ကတ္တား စာစပ်နည်း | ၈ |
| ကတ္တားဟော ၃၆–ဝါကျ | ၉ |
| ကံဟော ၃၆–ဝါကျ | ၁၀ |
| ကမ္မရုပ်ဖြစ်ရန် စီရင်နည်း ၃–မျိုး | ၁၁ |
| အာချာတ်ဝိဘတ်အတွက် မှတ်ဖွယ်– | ၁၂ |
| ဝိဘတ် ၈–သွယ် လေ့ကျင့်ခန်းများ– | ၁၃ |
| အာချာတ်ဝိဘတ်တို့၏ ဟောနက်နှင့် ဟောရာကာလများ | ၃၁ |
| အာချာတ်ကြိယာများ | ၃၇ |
| နာမဓာတ် | ၄၅ |
| အနုကရဏသဒ္ဒါ(အသံတု) | ၅၂ |
| အာချာတ်နာမ် | ၅၄ |
| ကိတ်ကြိယာများ | ၅၈ |
| သာဓန ၇–ပါး | ၆၄ |
| ကိတ်ပစ္စည်းတို့၏ အနက်များ | ၆၇ |
| ဏီ၊ တု၊ အာဝီပစ္စည်း | ၆၉ |

http://www.dhammadownload.com




| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| မာန ၊ အန္တပစ္စည်း | ၇၁ |
| တွာဒိပစ္စည်း | ၇၃ |
| တုမာဒိပစ္စည်း | ၇၇ |
| ၂။ နာမကဏ္ဍ | |
| နာမ်ဂိုဏ်း ၊ နာမ်ဝိဘတ် | ၈၂ |
| ပုရိသာဒိဂိုဏ်း | ၈၄ |
| စိတ္တာဒိဂိုဏ်း | ၈၇ |
| ကညာဒိဂိုဏ်း | ၈၈ |
| တုမှ ၊ အမှသဒ္ဒါ | ၉၁ |
| သဗ္ဗနာမ်ပုဒ် ၊ ဥပသာရပုဒ် ၊ နိပါတ်ပုဒ်များ | ၉၂ |
| လိင်, ဝုစ် မတူသည့် အချက်များ | ၉၃ |
| ၃။ ကာရကကဏ္ဍ | |
| ကာရက ၆–ပါး | ၉၄ |
| စာစပ် | ၉၆ |
| ပဌမာဝိဘတ်အခြေခံ | ၁၀၀ |
| လိင်ဝုစ်ကွဲရန်အခြေခံ | ၁၀၃ |
| တုလျတ် ၊ လိင်္ဂတ် | ၁၀၅ |
| သညီ(နာမီ) ၊ သညာ(နာမ) | ၁၀၆ |
| တုလျာဓိကရဏဝိသေသန + ဝိသေသျ | ၁၀၈ |
| န ၊ နု ၊ နနု–ဝါကျများ အသုံးပြုပုံ | ၁၁၂ |
| ဒုတိယာဝိဘတ်အခြေခံ | ၁၁၃ |
| တတိယာဝိဘတ်အခြေခံ | ၁၁၆ |
| စတုတ္ထီဝိဘတ်အခြေခံ | ၁၁၉ |

http://www.dhammadownload.com



| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ပဋ္ဌမိဝိဘတ်အခြေခံ | ၁၂၂ |
| ဆဋ္ဌီဝိဘတ်အခြေခံ | ၁၂၄ |
| သတ္တမီဝိဘတ်အခြေခံ | ၁၂၆ |
| လက္ခဏ၊ လက္ခ | ၁၂၇ |
| အနာဒရ အနာဒရိယ | ၁၃၃ |
| နိဒ္ဓါရဏ | ၁၃၅ |
| အစ္စန္တသံယောဂ | ၁၃၇ |
| သဟာဒိယောဂ | ၁၃၉ |
| ဝိသေသန | ၁၄၂ |
| ဟေတု = ဟိတ် | ၁၄၆ |

၄။ **သန္ဓိကဏ္ဍ**

| | |
|---|---|
| မပါလျှင်မပြီးသောသန္ဓိ | ၁၅၀ |
| သန္ဓိစပ်ခြင်း၏ ရည်ရွယ်ချက် | ၁၅၀ |
| သန္ဓိစပ်ခြင်း၏အကျိုး | ၁၅၁ |
| သညာဝိဓာန | ၁၅၂ |
| သရသန္ဓိ | ၁၅၇ |
| ဗျဉ္ဇနသန္ဓိ | ၁၇၆ |
| ပကတိသန္ဓိ | ၁၈၃ |
| နိဂ္ဂဟီတသန္ဓိ | ၁၈၇ |
| အာဂမသန္ဓိ | ၁၉၂ |
| နိဂ္ဂဟီတလောပသန္ဓိ | ၁၉၈ |
| အာဒေသသန္ဓိ | ၂၀၃ |

http://www.dhammadownload.com



| အကြောင်းအရာ | စာမျက်နှာ |
|---|---|


၅။ **သမာသကဏ္ဍ**

| | |
|---|---|
| အဗျယီဘောသမာသ် | ၂၀၉ |
| ကမ္မဓာရည်းသမာသ် | ၂၁၀ |
| ဒိဂုသမာသ် | ၂၁၅ |
| တပ္ပုရိသ်သမာသ် | ၂၁၇ |
| ဗဟုဗ္ဗိဟိသမာသ် | ၂၂၁ |
| ဒွန်သမာသ် | ၂၂၇ |
| ဝါဒကွဲသမာသ်များ | ၂၃၁ |
| ဒွါမိပ္ပဟာယိကသမာသ် | ၂၃၁ |
| ဗဟုဗ္ဗိဟိသမာသ်ပုဒ်ကြီးများ | ၂၃၂ |
| သမာသ်အချုပ် | ၂၃၅ |

၆။ **တဒ္ဓိတကဏ္ဍ**

| | |
|---|---|
| အပစ္စတဒ္ဓိတ် | ၂၃၆ |
| အနေကတ္ထတဒ္ဓိတ် | ၂၃၈ |
| ဝိသေသတဒ္ဓိတ် | ၂၄၇ |
| အသတ္တိတဒ္ဓိတ် | ၂၄၈ |
| မောဂ္ဂလာန်လာ ဏ္ဍတပစ္စည်း | ၂၄၉ |
| သင်္ချာတဒ္ဓိတ် | ၂၅၁ |
| ဘာဝတဒ္ဓိတ် | ၂၅၄ |
| အဗျယတဒ္ဓိတ် | ၂၅၆ |
| တဒ္ဓိတ်အချုပ် | ၂၅၈ |
| နိဂုံး | ၂၅၉ |


မာတိကာပြီး၏။

http://www.dhammadownload.com



# ကမ္ဘာ့အသံထွက်ဖြင့် ပါဠိဖတ်နည်း

၁။ စ၊ ဆ၊ ဇ၊ ဈ၊ သ–ကို
ကျ၊ ချ၊ ဂျ၊ ဃျ၊ ဆ–ဟု ဖတ်ရ၏။

၂။ ဃ၊ ဈ၊ ဎ၊ ဓ၊ ဘ–ကို
ဂဟ်၊ ဃျဟ်၊ ဍဟ်၊ ဒဟ်၊ ဗဟ်–ဟု ဖတ်ရ၏။

၃။ အ, ကာရန္တနောင် ဒွေးဘော်(သံယုဂ်)ရှိက "အတ်"ဟု ဖတ်ရ၏။

| | |
|---|---|
| ရက္ခတိ | = ရတ်ခတိ။ |
| ပဋ္ဌရတိ | = ပတ်ဂဟ်ရတိ။ |
| ဂစ္ဆတိ | = ဂတ်ချတိ။ |
| ပထမဇ္ဈာနံ | = ပထမတ်ဇဟာနံ။ |
| ကက္ကသံ | = ကတ်ကဆံ။ |
| အင်္ဂ | = အတ်ဂံ။ |
| အဂ္ဂဟေသိ | = အတ်ဂဟေဆိ။ |
| ပစ္စတိ | = ပတ်ကျတိ။ |
| သစ္စံ | = ဆတ်ကျံ။ |
| ပဇ္ဇလတိ | = ပတ်ဂျလတိ။ |

၄။ အ, ကာရန္တနောင် နိဂ္ဂဟိတ်၏ ကဝဂ္ဂန္တ, စဝဂ္ဂန္တ ကာရိယများရှိက "အန်"ဟု ဖတ်ရ၏။

| | |
|---|---|
| သင်္ကမတိ | = ဆန်ကမတိ။ |
| ကင်္ခါ | = ကန်ခါ။ |
| ဂင်္ဂါ | = ဂန်ဂါ။ |
| ဈာနင်္ဂံ | = ဃျဟာနန်ဂံ။ |

| | | |
|---|---|---|
| မဂ္ဂင်္ဂ | = | မဂ်ဂန်ဂံ။ |
| ကညာ | = | ကန်ညာ။ |
| ခညတိ | = | ခန်ညတိ။ |
| စဥ္စလတိ | = | ကျန်ကျလတိ။ |

၅။ ဣ,ဥ–တို့နောင် ဒွေးဘော်(သံယုဂ်)ရှိက "ဣ,ဥ"သံမပျောက်စေဘဲ ဖတ်ရ၏။

| | | | |
|---|---|---|---|
| ဘိက္ခု | = | ဘိ–က်ခု။ | (ဘိက်ခု မဟုတ်) |
| ကိစ္စံ | = | ကိ–စ်ကျံ။ | (ကိတ်စံ မဟုတ်) |
| ဂိဒ္ဓံ | = | ဂိ–ဒ်ဒ်ဟံ။ | (ဂိတ်ခံ မဟုတ်) |
| ဘုတ္တံ | = | ဗဟု–တ်တံ။ | (ဘုတ်တံ မဟုတ်) |
| ကုက္ကုစ္စံ | = | ကု–က်–ကု–စ်ကျံ။ | (ကုတ်ကုတ်စံ မဟုတ်) |

၆။ ဩ–ကို "အိုး"ဟု ဖတ်ရ၏။

| | | |
|---|---|---|
| ပုရိသော | = | ပုရိဆိုး။ |
| ဝိဟာရော | = | ဝိဟာရိုး။ |
| ဗုဒ္ဓေါ | = | ဗု–ဒ်ဒ်ဟိုး။ |
| ဥပဇ္ဈာယော | = | ဥပတ်ဂျဟာယိုး။ |
| ပဇ္ဇောတာရာမော | = | ပတ်ဂျိုးတာရာမိုး။ |
| လောဘော | = | လိုး ဗ်ဟိုး။ |
| ဒေါသော | = | ဒိုး ဆိုး။ |
| မောဟော | = | မိုး ဟိုး။ |

**မှတ်ချက်။** ။အသံထွက်ကို စာဖြင့်ရေးပြရာ၌ အတိအကျမဖြစ်နိုင်ပါ၊အနီးစပ်ဆုံး အသံထွက်ကိုသာ ပြနိုင်ပါသည်။

http://www.dhammadownload.com

# ပါဠိပဟောစိ

## ပါဠိသဒ္ဒါနှင့်စာစီစာကုံး
## (အခြေခံပိုင်း)

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

## ၁။ ကြိယာကဏ္ဍ

ပါဠိဘာသာကို အစပထမ ရေးသားစီကုံး လေ့လာလိုသူသည်--

၁။ အာချာတ်ဝိဘတ်

၂။ ပုရိသ်

၃။ သဒ္ဒါ-တို့ကို နားလည်အောင် ရှေးဦးစွာ လေ့လာရမည်။

### ၁။ အာချာတ်ဝိဘတ်

အာချာတ်ဝိဘတ်သည် ဝတ္တမာန်ဝိဘတ်, ပဉ္စမီဝိဘတ်, သတ္တမီဝိဘတ်, ပရောက္ခာဝိဘတ်, ဟိယျတ္တနီဝိဘတ်, အဇ္ဇတနီဝိဘတ်, ဘဝိဿန္တိဝိဘတ်, ကာလာတိပတ္တိဝိဘတ်-ဟူ၍ ၈-သွယ်ရှိ၏။

အာချာတ်ဝိဘတ် ၈-သွယ်တို့တွင် ဝတ္တမာန်, ပဉ္စမီ, သတ္တမီ, အဇ္ဇတနီ, ဘဝိဿန္တိဝိဘတ်တို့ကို အသုံးများသည်၊ ကျန်ဝိဘတ် ၃-သွယ်တို့ကို အသုံးနည်းသည်၊ မည်သို့ပင်ဖြစ်စေ အာချာတ်ဝိဘတ် ၈-သွယ်ကို ကျေညက်အောင် ကျက်မှတ်ထားရပေမည်။

http://www.dhammadownload.com



၁။ ဝတ္တမာနာ တိ,အန္တိ၊ သိ,ထ၊ မိ, မ။ တေ,အန္တေ ၊ သေ ,ဝှေ၊ ဧ ,မှေ။
၂။ ပဉ္စမီ တု, အန္တု၊ဟိ , ထ၊ မိ, မ။ တံ, အန္တံ၊သု , ဝှော၊ ဧ, အာမသေ။
၃။ သတ္တမီ ဧယျ , ဧယျုံ၊ ဧယျာသိ , ဧယျာထ၊ ဧယျာမိ, ဧယျာမ ။ ဧထ ,
ဧရံ၊ ဧထော, ဧယျာဝှော၊ ဧယျံ, ဧယျာမှေ ။
၄။ ပရောက္ခာ အ , ဥ ၊ ဧ ,တ္ထ ၊ အံ , မှ။ တ္ထ , ရေ၊ တ္ထော , ဝှော၊ ဣ ,မှေ။
၅။ ဟိယျတ္တနီ အာ, ဦ၊ ဩ, တ္ထ၊ အံ, မှာ။ တ္ထ , တ္ထုံ၊ သေ , ဝှံ၊ ဣံ ,မှသေ။
၆။ အဇ္ဇတနီ ဤ, ဥံ၊ ဩ, တ္ထ၊ ဣံ, မှာ။ အာ, ဦ၊ သေ, ဝှံ၊ အ, မှေ ။
၇။ ဘဝိဿန္တိ ဿတိ, ဿန္တိ၊ ဿသိ, ဿထ၊ ဿာမိ, ဿာမ ။ ဿတေ,
ဿန္တေ၊ ဿသေ , ဿဝှေ၊ ဿံ, ဿာမှေ ။
၈။ ကာလာတိပတ္တိ ဿာ, ဿံသု၊ ဿေ , ဿထ၊ ဿံ, ဿာမှာ။ ဿထ,
ဿိသု၊ ဿသေ , ဿဝှေ၊ ဿိံ , ဿာမှသေ ။

အထက်ပါဝိဘတ် ၈–သွယ်တို့တွင် တစ်သွယ်တစ်သွယ်၌ ဝိဘတ်ရေ ၁၂–လုံးစီရှိသည်၊ ဝိဘတ် ၁၂–လုံးတို့တွင် (အထ ပုဗ္ဗာနိ ဝိဘတ္တီနံ ဆ ပရဿပဒါနိ–သုတ်အရ) ရှေ့ ၆–လုံးစီ ၆–လုံးစီကို "ပရဿပုဒ်"ဟုခေါ်သည်၊ (ပရာနျတ္တနောပဒါနိ–သုတ်အရ ) နောက် ၆–လုံးစီ ၆–လုံးစီကို "အတ္တနောပုဒ်" ဟုခေါ်သည် ။

ဤသို့လျှင် ဝိဘတ် ၈–သွယ်တို့၌ ပရဿပုဒ် ၆–လုံး , အတ္တနောပုဒ် ၆–လုံးစီ ရှိသောကြောင့် ပရဿပုဒ်ပေါင်း ၄၈၊ အတ္တနောပုဒ်ပေါင်း ၄၈– အညီအမျှ ရှိလေသည်၊ စုစုပေါင်း အာချာတ်ဝိဘတ်လုံးရေမှာ ၉၆–လုံး ရှိပါသည်။

---

## ၂။ ပုရိသ်

ပုရိသ်သည် (နာမမှိ ပယုဇ္ဇမာနေပိ တုလျာဓိကရဏေ ပထမော၊တုမှေ မဇ္ဈိမော၊ အမှေ ဥတ္တမော၊ ဤသုတ်များအရ )––

http://www.dhammadownload.com



၁။ ပထမပုရိသ်
၂။ မဇ္ဈိမပုရိသ်
၃။ ဥတ္တမပုရိသ်–ဟု ၃–မျိုးရှိ၏။

ပြအပ်ခဲ့ပြီးသော ပရဿပုဒ် ၄၈–လုံးတို့တွင် ရှေ့ ၂–လုံးစီကို ပထမပုရိသ်၊ အလယ် ၂–လုံးစီကို မဇ္ဈိမပုရိသ်၊ အဆုံး ၂–လုံးစီကို ဥတ္တမပုရိသ်–ဟု ခေါ်သည်။ အတ္တနောပုဒ် ၄၈–လုံးတို့တွင်လည်း ရှေ့ ၂–လုံးစီကို ပထမပုရိသ်၊ အလယ် ၂–လုံးစီကို မဇ္ဈိမပုရိသ်၊ အဆုံး ၂–လုံးစီကို ဥတ္တမပုရိသ်–ဟုခေါ်သည်။ ထို့ကြောင့် ပုရိသ်တစ်ခုတစ်ခုတွင် ဝိဘတ် ၃၂–လုံးစီရှိသည်။ ထို့ပြင် ပုရိသ်တိုင်းပုရိသ်တိုင်း၌ ရှေ့ရှေ့အလုံးများကို ဧကဝုစ်၊ နောက်နောက်အလုံးများကို ဗဟုဝုစ်–ဟုခေါ်သည်။ (ဧကဝုစ် – ၄၈၊ ဗဟုဝုစ် – ၄၈။)

---

## ၃။ သဒ္ဒါ

ဤနေရာ၌ ပုရိသ်နှင့်တွဲစပ်ရန်အတွက် သဒ္ဒါကိုလည်း သိထားရပေမည်၊ သဒ္ဒါသည်လည်း– –

၁။ နာမသဒ္ဒါ
၂။ တုမှသဒ္ဒါ
၃။ အမှသဒ္ဒါ–ဟု ၃–မျိုးပင်ရှိ၏။

**တုမှသဒ္ဒါ**။ ။ထို ၃–မျိုးတို့တွင် နာမ်ဂိုဏ်း၌လာသည့် တုမှသဒ္ဒါရုပ်အားလုံးကို တုမှသဒ္ဒါ–ဟုခေါ်၏၊သို့ရာတွင် ပုရိသ်နှင့်တွဲစပ်ရာ၌ တွံ, တုဝံ၊တုမှေ , ဝေါ–စသော ပထမာ ဒုတိယာ တတိယာရုပ်များကိုသာ အသုံးပြုရ၏။ (တုမှသဒ္ဒါဂိုဏ်းစဉ်ကို ကြည့်ပါ။)

**အမှသဒ္ဒါ**။ ။နာမ်ဂိုဏ်း၌လာသည့် အမှသဒ္ဒါရုပ်အားလုံးကို အမှသဒ္ဒါ–ဟုခေါ်၏။ သို့ရာတွင် ပုရိသ်နှင့်တွဲစပ်ရာ၌ အဟံ၊ မယံ , အမှေ,နော–

http://www.dhammadownload.com



စသော ပထမာ ဒုတိယာ တတိယာရုပ်များကိုသာ အသုံးပြုရ၏။ (အမှသဒ္ဒါ ဂိုဏ်းစဉ်ကို ကြည့်ပါ။)

**နာမသဒ္ဒါ။** ။ပြအပ်ခဲ့ပြီးသော တုမှ, အမှသဒ္ဒါတို့မှ ကြွင်းကျန်သည့် ပုရိသာဒိဂိုဏ်း, စိတ္တာဒိဂိုဏ်း–စသော နာမ်ဂိုဏ်း ၁၃–ဂိုဏ်းလာ ပုရိသ, စိတ္တ–စသောသဒ္ဒါများကို နာမသဒ္ဒါ–ဟုခေါ်၏၊ သို့ရာတွင် ပုရိသ်နှင့်တွဲစပ် ရာ၌ ပထမာ ဒုတိယာ တတိယာဝိဘတ်ဖြင့်ပြီးသော ရုပ်များကိုသာ အသုံးပြု ရ၏။ (ထိုသဒ္ဒါတို့၏ ဂိုဏ်းစဉ်များကို ကြည့်ပါ။)ဤ "သဒ္ဒါ" ကို ယောဂ–ဟုလည်း သုံးစွဲကြပါသည်။

**အချုပ်မှတ်ဖွယ်။** ။အချုပ်မှာ တုမှသဒ္ဒါသည် "သင်" ဟူသော အနက်ကိုဟော၏၊ အမှသဒ္ဒါသည် "ငါ" ဟူသော အနက်ကိုဟော၏၊ သင်, ငါ–မှတစ်ပါး (ယောက်ျား, မိန်းမ–စသော) ကျန်အနက် (ဝေါဟာရ) ဟူသမျှ သည် နာမသဒ္ဒါမည်၏၊ ယင်းအနက်အားလုံးကိုခြုံငုံလျက် "သူ" ဟူသော ဝေါဟာရကို ထည့်သွင်းအသုံးပြုရ၏။

ဤပြအပ်ခဲ့ပြီးသော အာချာတ်ဝိဘတ်, ပုရိသ်, သဒ္ဒါ–တို့ကို သေချာ စွာနားလည်စေ, မှတ်မိစေပြီးနောက် အောက်ပါ သဒ္ဒါနှင့်ပုရိသ်တွဲစပ်ပုံကို သဘောပေါက်သည်အထိ ကြည့်ရှုပေးရပါမည်။

---

## သဒ္ဒါနှင့်ပုရိသ်တွဲစပ်ပုံ

**ဆောင်**

၁။ သူမှာအစ၊ သင်က အလယ်၊ ငါဝယ် အဆုံး၊ ယှဉ်ကာသုံး၊ နှစ်လုံး နှစ်လုံးစီ။

၂။ ကေ ဗဟု၊ ဝုစ် နှစ်ခု၊ ယှဉ်ပြုတစ်လုံးစီ။

၃။ ကေဝုစ်ကား၊ အနက်သွား၊ တို့များကုန်ကြ မပါရ။
ဗဟုဝုစ်ကား၊ အနက်သွား၊ တို့များကုန်ကြ ပါစေရ။

http://www.dhammadownload.com



| | |
|---|---|
| ၁။ နာမသဒ္ဒါကေဝုစ်နှင့် | ပထမပုရိသ် ကေဝုစ်။ |
| ။ ဗဟုဝုစ်နှင့် | ။ ဗဟုဝုစ်။ |
| ၂။ တုမှသဒ္ဒါကေဝုစ်နှင့် | မဇ္ဈိမပုရိသ် ကေဝုစ်။ |
| ။ ဗဟုဝုစ်နှင့် | ။ ဗဟုဝုစ်။ |
| ၃။ အမှသဒ္ဒါကေဝုစ်နှင့် | ဥတ္တမပုရိသ် ကေဝုစ်။ |
| ။ ဗဟုဝုစ်နှင့် | ။ ဗဟုဝုစ်။ |

ဤကဲ့သို့ မှန်ကန်စွာ တွဲစပ်ရေးသားရပါမည်၊ တွဲစပ်ပုံပြောသည့်အခါ နားလည် သလိုလိုနှင့် လက်တွေ့စီကုံးရေးသားသည့်အခါ အလွန်မှားတတ်ပါသည်။

---

## ကံ၊ ကတ္တား၊ ကြိယာ

**ဆောင်** ၁။ ပြုသူကတ္တား၊ အနက်ကား၊ သည်, ကား, က-ဟုဆို။
၂။ အပြုခံသူ၊ ကံ-ဟုယူ၊ နက်မူ ကို, သို့ ပေးသကို။
၃။ ကတ္တားမူယာ၊ ကြိယာ၊ နက်မှာ ၏, သည်, တယ်-ဟုဆို။

**ကတ္တား**။ ။ကရောတီတိ-ကတ္တာ။ ကြိယာ(အမူအရာ)ကို ဖြစ်ပေါ် လာအောင် ပြုတတ်သောကြောင့် "ကတ္တား"ဟု ခေါ်၏၊ သည်,ကား, က၊ တို့သည်, တို့ကား, တို့က-ဟု ကေဝုစ် ဗဟုဝုစ်အားလျော်စွာ အနက်ထွက်၏။

**ကံ**။ ။ကရီယတေတိ-ကမ္မံ။ အပြုခံရသောသဘောကို "ကံ"ဟု ခေါ်၏၊ ကို,သို့၊ တို့ကို, တို့သို့-ဟု ကေဝုစ် ဗဟုဝုစ်အားလျော်စွာ အနက် ထွက်၏။

**ကြိယာ**။ ။ကရဏံ-ကြိယာ။ ကတ္တား၏အမူအရာ သွားပုံ လာပုံ- စသည်ကို ကြိယာ-ဟုခေါ်၏၊ ၏, သည်, တယ်-ဟုအနက်ထွက်၏။

ဤအကျဉ်းချုပ်ပြဆိုအပ်ခဲ့ပြီးသော အဓိပ္ပါယ်များကို သဘောကျနား လည်သည်အထိ လေ့လာမှတ်သားပါ၊ သို့မှသာ ရှေ့လာမည့်သင်ခန်းစာတို့ကို နားလည်သဘောပေါက်ပါလိမ့်မည်။

http://www.dhammadownload.com



## ဝါကျ ၃-မျိုး

**ဆောင်** ၁။ ကတ္တားဟောမှာ၊ ကတ္တား ပထမာ၊ ကံ ဒုတိယာ၊ ထားရာ အမြဲသာ။

၂။ ကံ ဟောဌ်ကား၊ ကတ္တား တတိယာ၊ ကံ ပထမာ၊ ထားရာ မြဲသေချာ။

၃။ ဘောဟောဌ်ကား၊ ကတ္တား တတိယာ၊ ကံ ဒုတိယာ၊ ဆဋ္ဌီ ရံတစ်ခါ။

၄။ ကာရိုက်ကံမှာ၊ ဒု, တ, ဆဋ္ဌီ၊ ဤသုံးလီ၊ ထားသည်စဉ်အလာ။

၅။ ကတ္တားမှာ တတ်၊ ကံမှာ အပ်၊ ဘောမှာ ခြင်း, ရာ-သာ။

၆။ အပ်, ခြင်း, ရာ-တွေ၊ မပါပေ၊ ခေါ်လေ ကတ္တားသာ။

### ကတ္တားဟောဝါကျ စည်းမျဉ်း

၁။ ကတ္တားပုဒ်ကို ပထမာဝိဘတ်ဖြင့် အမြဲထားရမည်။

၂။ ကံပုဒ်ကို ဒုတိယာဝိဘတ်ဖြင့် အမြဲထားရမည်။

၃။ ကတ္တားနှင့်ကြိယာတို့ ဝုစ်ချင်း, သင်္ချာချင်း တူညီရမည်။

၄။ ကံကို မဟောသောကြောင့် ကံနှင့်ကြိယာတို့ ဝုစ်, သင်္ချာတူဖွယ် မလို။

### ကံဟောဝါကျ စည်းမျဉ်း

၁။ ကံပုဒ်ကို ပထမာဝိဘတ်ဖြင့် အမြဲထားရမည်။

၂။ ကတ္တားပုဒ်ကို တတိယာဝိဘတ်ဖြင့် အမြဲထားရမည်။

၃။ ကံနှင့်ကြိယာတို့ ဝုစ်ချင်း, သင်္ချာချင်း တူညီရမည်။

၄။ ကတ္တားကို မဟောသောကြောင့် ကတ္တားနှင့်ကြိယာတို့ ဝုစ်, သင်္ချာ တူဖွယ်မလို။

**ကတ္တားဟောဝါကျ။** ။ကတ္တားဟောဝါကျ၌ ကတ္တားပုဒ်ကို နာမ် ပထမာဝိဘတ်, ကံပုဒ်ကို ဒုတိယာဝိဘတ်သက်၍ နာမ်ရုပ်ပြီးစေရမည်၊ ကြိယာ၌

http://www.dhammadownload.com



အာချာတ်ပရဿပုဒ်, အတ္တနောပုဒ်ဝိဘတ် ၁၂–လုံးစလုံး သက် နိုင်,အသုံး ပြုနိုင်သည်။

**ကံဟောဝါကျ။** ။ကံဟောဝါကျ၌ ကတ္တားပုဒ်ကို နာမ်တတိယာဝိဘတ်, ကံပုဒ်ကို ပထမာဝိဘတ်သက်၍ နာမ်ရုပ်ပြီးစေရမည်၊ ကြိယာ၌ အာချာတ်အတ္တနောပုဒ် ၆–လုံးသာသက်နိုင်သည်၊ ပရဿပုဒ်၆–လုံးမသက်ရ၊ သို့ရာတွင် အတ္တနောပုဒ်ကို ပရဿပုဒ်ပြန်နိုင်သည်၊ အနက်ပေးသည့်အခါ "သွားအပ်၏၊ စားအပ်၏"–စသည်ဖြင့် "အပ်"ဟုပေးရ၏၊ ကတ္တားဟောဝါကျ၌ကား "အပ်"ဟု မပေးရ။

**ဘောဟောဝါကျ။** ။ကတ္တားကိုလည်းမဟော, ကံကိုလည်းမဟော, ကြိယာသာမညကို ဟောသောကြိယာကို "ဘောဟောကြိယာ" ဟုခေါ်၏၊ "သွားခြင်း, ချက်ခြင်း"–စသော ကြိယာသာမညကိုသာ ကောက်ရ၏၊ ကတ္တား, ကံအရကို မကောက်ရ–ဟုဆိုလို၏။ ယင်း ဘောဟောဝါကျ၌ ကတ္တားပုဒ်ကို နာမ်တတိယာဝိဘတ်၊ ကံပုဒ်ကို ဒုတိယာဝိဘတ်သက်၍ နာမ်ရုပ်ပြီးစေရမည်၊ ကြိယာ၌ ဝတ္တမာန်အတ္တနောပုဒ် နာမယောဂဧကဝုစ် တစ်လုံးသာ သတ်မှတ်လေ့ရှိကြသည်၊ တွေ့ခဲ၏၊ အသုံးနည်း၏၊ "သွားခြင်း, သွားရာ၏"–စသည်ဖြင့် "ခြင်း , ရာ"ဟု အနက်ပေးရ၏။ [ဘာဝေ အဒဗ္ဗဝုတ္တိနော ဘာဝဿေကတ္တာ ဧေဝစနမေဝ၊တဉ္စ ပထမပုရိသဿေဝ။"သွား ခြင်း, ချက်ခြင်း"–စသောကြိယာသည် ဒြပ်မဟုတ်၊ ယင်းဒြပ်မဟုတ်သော ဘော(ကြိယာ)က တစ်ခုတည်းဖြစ်သောကြောင့် ပထမပုရိသ် ဧဝုစ်တစ်လုံး တည်းသာ သက်ရသည်။ (ရူ၊ ၂၆၆။) ကာရိက်ဝါကျများကို ကာရကကဏ္ဍ ကျမှပြပါမည်။]

ထိုဘော, ကံ, ကတ္တား ၃–မျိုးတို့တွင် ကတ္တားဟောဝါကျ, ကံဟောဝါကျ ၂–မျိုးကိုသာ ပထမ ရေရေလည်လည်နားလည်ရပေမည်၊ ယင်းဝါကျတို့၏ သဘောကို ရှင်းပြပြီးခဲ့သည့်အတိုင်း နှလုံးသွင်း၍ အောက်ပါဝါကျ ၂–ခုကို ယှဉ်ကြည့်ပါ။

http://www.dhammadownload.com



ကတ္တားဟောဝါကျ= ပုရိသော မဂ္ဂံ ဂစ္ဆတိ။
ကံဟောဝါကျ= ပုရိသေန မဂ္ဂေါ ဂစ္ဆီယတေ။

ကတ္တားဟောဝါကျဝယ် ကတ္တား၌ ပဌမာ၊ ကံ၌ ဒုတိယာဝိဘတ်ဖြင့် ပြီးနေပုံ၊ ကံဟောဝါကျဝယ် ကတ္တား၌ တတိယာ၊ ကံ၌ ပဌမာဝိဘတ်ဖြင့် ပြီးနေပုံကို သဘောပေါက်အောင်ကြည့်ပါ၊ ထိုသို့ရုပ်ပြီးစေရာ၌ နာမ်ဂိုဏ်း အရေးကြီးပါသည်၊ နာမ်ဂိုဏ်းကျေညက်ဖို့ လိုပါသည်။

**အမှာ။** ။ကံ, ကတ္တားကွဲဖို့အရေး၌ စာစပ်သည် ပဓာနအနေဖြင့် ပါဝင်နေပါသည်၊ထို့ကြောင့် ဤဝါကျမှစ၍ ပါဠိသင်စကလေးများ နားလည်ရုံမျှ စာစပ်ကိုပြပါမည်၊ နောက်၌ အကျယ်ပြပါမည်။

စာစပ်လိုသူသည်- ၁။ ပါဠိကို တိကျပြတ်သားစွာ ဖတ်ပါ။
၂။ မှန်ကန်စွာ အနက်ပေးပါ။
၃။ စာစပ်ပါ။

ပုရိသော မဂ္ဂံ ဂစ္ဆတိ(ပါဠိဖတ်)။ ပုရိသော-ယောကျ်ားသည်၊ မဂ္ဂံ-လမ်းကို၊ ဂစ္ဆတိ-သွား၏။ (အနက်ပေး)။

**စာစပ်။** ။ပုရိသောကား "သည်"ဟူ၍ အနက်ပေးသောကြောင့် ဂစ္ဆတိ၌ကတ္တား၊ ဂစ္ဆတိကား ထိုကတ္တား၏ကြိယာ၊ မဂ္ဂံကား "ကို"ဟူ၍ အနက်ပေးသောကြောင့် ဂစ္ဆတိ၌ ကံ၊ ဂစ္ဆတိကား ထိုကံ၏ကြိယာ။

ပုရိသေန မဂ္ဂေါ ဂစ္ဆီယတေ (ပါဠိဖတ်)။ ပုရိသေန-ယောကျ်ားသည်၊ မဂ္ဂေါ-လမ်းကို၊ ဂစ္ဆီယတေ-သွားအပ်၏ (အနက်ပေး)။

**စာစပ်။** ။ပုရိသေနကား"သည်"ဟူ၍ အနက်ပေးသောကြောင့် ဂစ္ဆီယတေ၌ ကတ္တား၊ ဂစ္ဆီယတေကား ထိုကတ္တား၏ကြိယာ၊ မဂ္ဂေါကား"ကို" ဟူ၍ အနက်ပေးသောကြောင့် ဂစ္ဆီယတေ၌ ကံ၊ ဂစ္ဆီယတေကား ထိုကံ၏ ကြိယာ။

http://www.dhammadownload.com



ဤကဲ့သို့ ဝုတ္တ, အဝုတ္တမခွဲသေးဘဲ နားလည်ရုံမျှ စာစပ်ပါ၊ နားလည်နိုင်လောက်သည့် အခြေအနေရှိမှ ဝုတ္တ, အဝုတ္တသဘောကို ပြောပြပါမည်။

**ဆောင်** ၁။ သည်မှာ ကတ္တား၊ ကိုကား ကံသာ။

၂။ ဟောရာဟောရာ ပထမာ၊ မဟော ဒုတိယာနှင့်တတိယာ။

ဤ ၂-ချက်ကို နှုတ်တက်နေနှင့်ပါစေ။

---

## ကတ္တားဟော ၃၆-ဝါကျ

**ဆောင်** ၁။ ကတ္တားဝါကျ၊ ကံဝါကျ၊ ဝါကျစုံအညီ။

၂။ ကတ်မှာ ကတ္တု၊ ကံ ကံဟု၊ တစ်ခုကိုသာ ဟောရသည်။

၃။ ဟောသည့်ပုဒ်မှာ၊ သဒ္ဒါသုံးခု၊ ဝုစ်နှစ်ခု၊ ယှဉ်မှုညီရမည်။

၄။ မဟောပုဒ်မှာ၊ သဒ္ဒါနှင့်ဝုစ်၊ လဲလှယ်ထုတ်၊ သရုပ် ၆ x ၆လီ။

ကတ္တားဟောဝါကျ၌ ဂစ္ဆတိကြိယာသည် ပုရိသောဟူသော ကတ္တားကိုသာဟော၏၊ မဂ္ဂံဟူသော ကံကို မဟောချေ၊ ထို့ကြောင့် ကတ္တားနှင့်ကြိယာကို ဝုစ်အားဖြင့်လည်းကောင်း, ယောဂအားဖြင့်လည်းကောင်း တူညီစေရမည်၊ မဟောသောကံပုဒ်ကို (မဂ္ဂံ, မဂ္ဂေ၊တံ, တုမှေ၊မံ, အမှေ-ဟူသော)သဒ္ဒါ ၃-ပါး, ဝုစ် ၂-ပါးတို့ဖြင့် အလဲအလှယ်လုပ် ပေးက ၃၆-ဝါကျဖြစ်လာနိုင်ပေသည်။

| | | |
|---|---|---|
| ပုရိသော | (မဂ္ဂံ) | ဂစ္ဆတိ။ |
| ပုရိသာ | ။ | ဂစ္ဆန္တိ။ |
| တွံ | ။ | ဂစ္ဆသိ။ |
| တုမှေ | ။ | ဂစ္ဆထ။ |
| အဟံ | ။ | ဂစ္ဆာမိ။ |
| မယံ | ။ | ဂစ္ဆာမ။ |

အထက်ပါ ၆-ဝါကျကို ဝုစ်, ယောဂမလွဲစေဘဲ မူတည်ကာ မဂ္ဂံဖြင့် ၆-ဝါကျ၊ မဂ္ဂံနေရာတွင် မဂ္ဂေ၊ တံ, တုမှေ၊ မံ, အမှေ-တို့ဖြင့် ၆-ဝါကျစီလုပ်ပါ၊

http://www.dhammadownload.com



ပေါင်း ၆ x ၆=၃၆–ဝါကျဖြစ်၏၊ ယင်း၃၆–ဝါကျကို မှန်ကန်စွာဆိုတတ် ရေးတတ်အောင်လေ့ကျင့်ပါ။

## ကံဟော ၃၆–ဝါကျ

ကံဟောဝါကျ၌ ဂစ္ဆီယတေကြိယာသည် မဂ္ဂေါဟူသော ကံကိုသာဟော၏၊ ပုရိသေနဟူသော ကတ္တားကိုမဟောချေ၊ ထို့ကြောင့် ကံနှင့်ကြိယာကို ဝုစ် အားဖြင့်လည်းကောင်း, ယောဂအားဖြင့်လည်းကောင်း တူညီစေရမည်၊မဟော သောကတ္တားပုဒ်ကို (ပုရိသေန, ပုရိသေဟိ၊ တယာ, တုမှေဟိ၊ မယာ, အမှေဟိ– ဟူသော) သဒ္ဒါ ၃–ပါး, ဝုစ် ၂–ပါးတို့ဖြင့် အလဲအလှယ်လုပ်ပေးက ၃၆– ဝါကျဖြစ်လာနိုင်ပေသည်။

| | | |
|---|---|---|
| (ပုရိသေန) | မဂ္ဂေါ | ဂစ္ဆီယတေ။ |
| ။ | မဂ္ဂါ | ဂစ္ဆီယန္တေ ။ |
| ။ | တွံ | ဂစ္ဆီယသေ။ |
| ။ | တုမှေ | ဂစ္ဆီယဝှေ။ |
| ။ | အဟံ | ဂစ္ဆီယေ။ |
| ။ | မယံ | ဂစ္ဆီယာမှေ။ |

အထက်ပါ ၆–ဝါကျကို ဝုစ်, ယောဂမလွဲစေဘဲ မူတည်ကာ ပုရိသေန ဖြင့် ၆–ဝါကျ၊ ပုရိသေနနေရာတွင် ပုရိသေဟိ၊ တယာ, တုမှေဟိ၊ မယာ, အမှေဟိ–တို့ဖြင့် ၆–ဝါကျစီလုပ်ပါ၊ ပေါင်း၆ x ၆=၃၆–ဝါကျဖြစ်၏၊ ယင်း ၃၆–ဝါကျကို မှန်ကန်စွာဆိုတတ်ရေးတတ်အောင် လေ့ကျင့်ပါ။

ဤပြအပ်ခဲ့ပြီးသောနည်းကိုမှီး၍ အောက်ပါဝါကျများကိုလည်း ၃၆– ဝါကျစီရအောင် လေ့ကျင့်ပါ၊ စာလည်း စပ်ပါ။

၁။ ပုရိသော ဂါမံ အာဂစ္ဆတိ။

၂။ ပုရိသေန ဂါမော အာဂစ္ဆီယတေ။

http://www.dhammadownload.com



၃။ ဗုဒ္ဓေါ ဓမ္မံ ဒေသေတိ။
၄။ ဗုဒ္ဓေန ဓမ္မော ဒေသီယတေ။
၅။ သံဃော ပိဋကံ ဥဂ္ဂဏှာတိ။
၆။ သံဃေန ပိဋကံ ဥဂ္ဂဏှီယတေ။
၇။ ဘိက္ခု ဘတ္တံ ဘုဉ္ဇတိ။
၈။ ဘိက္ခုနာ ဘတ္တံ ဘုဉ္ဇီယတေ။
၉။ ကညာ မာလံ ပိဋန္ဓတိ။
၁၀။ ကညာယ မာလာ ပိဋန္ဓီယတေ။

**ဆောင်** ၁။ ကတ္တားဟောဝါကျတွင်၊ ကတ္တားနှင့်ကြိယာ၊ ဝုစ်အားဖြင့်လည်း ကောင်း၊ ယောဂအားဖြင့်လည်းကောင်း၊ တူညီစေရမည်။
၂။ ကံဟောဝါကျတွင်၊ ကံနှင့်ကြိယာ၊ ဝုစ်အားဖြင့်လည်းကောင်း၊ ယောဂအားဖြင့်လည်းကောင်း၊ တူညီစေရမည်။
၃။ ယောဂသုံးပါး၊ နှစ်ပါးကတ်ကံ၊ ဝုစ်နှစ်တန်၊ ဖန်ဖန်စီစစ်ပါ။ စီစစ်ပြီးမှ၊ ရေးပါက၊ မှချမှန်မည်သာ။

---

## ကမ္မရုပ်ဖြစ်ရန် စီရင်နည်း ၃–မျိုး

**ဆောင်** ၁။ ယပစ္စယ၊ သက်ပြီးက၊ လာရ ဣဉ်ပေ။
၂။ တဿ စဝဂ်၊ စီရင်ချက်၊ ရုပ်တွက် ဒုတိယေ။
၃။ ပုဗ္ဗရူပံ၊ သွင်တူမှန်၊ ပြုရန် တတိယေ။

ဂစ္ဆတိ, အာဂစ္ဆတိ, ဒေသေတိ, ဘုဉ္ဇတိ, လဘတိ–စသော ကတ္တုရုပ် ကြိယာများကို ကမ္မရုပ်ပြုပြင်ရာ၌ ဣဝဏ္ဏာဂမော ဝါသုတ်ဖြင့်ဖြစ်စေ၊ တဿ စဝဂ္ဂ–စသောသုတ်ဖြင့်ဖြစ်စေ၊ ပုဗ္ဗရူပဉ္စသုတ်ဖြင့်ဖြစ်စေ စီရင်၍ ပြုပြင် ပြောင်းလွဲပေးရမည်၊ ဤသို့ ပြုပြင်ပြောင်းလွဲပေးက ဂစ္ဆီယတေ, အာဂစ္ဆီယတေ, ဒေသီယတေ, ဘုဉ္ဇီယတေ, လဘီယတေ(လဗ္ဘတေ)စသော ကမ္မရုပ်များဖြစ်၏။ (ထိုသုတ်တို့၏ ပုံစံများကို သတိပြုပါ။)

http://www.dhammadownload.com



## အာချာတ်ဝိဘတ်အတွက် မှတ်ဖွယ်

**ဆောင်** ၁။ ပ, အဇ်, ဘ, ကာ၊ ဗျည်းရှေ့မှာ၊ လာပါ က္လသရ။
၂။ ဟိယျတ်, အဇ်, ကာ၊ ဓာတ်စမှာ၊ ရံခါ အ, လာရ။
၃။ ဝိဘတ် ပရောက်၊ ဒွေဘော်ရောက်၊ မဖောက် မှတ်ကုန်ကြ။

ဤပြအပ်ခဲ့ပြီးသော အခြေခံအချက်အလက်များသည် ဝတ္တမာန်ဝိဘတ် တစ်သွယ်ကိုသာ မူတည်၍ပြထားခြင်းဖြစ်ပါသည်၊ ပဥ္စမီစသော ကျန်ဝိဘတ် ၇–သွယ်တို့ကိုလည်း ဝတ္တမာန်ဝိဘတ်နည်းတူ စီကုံးရေးသား လေ့ကျင့်ရ ပါမည်၊ ယင်းဝိဘတ်တို့ဖြင့် ရုပ်ပြီးပုံကို အကြမ်းဖျင်း မှတ်သားထားသင့် ပါသည်။

၁။ ပရောက္ခာ, အဇ္ဇတနီ, ဘဝိဿန္တိ, ကာလာတိပတ္တိ ဝိဘတ်တို့တွင် ဗျည်းဝိဘတ်တို့၏ ရှေ့၌ က္လ, အက္ခရာလာရမည်။ (က္လကာရာ ဂမော အသဗ္ဗဓာတုကမှိ။)

၂။ ဟိယျတ္တနီ, အဇ္ဇတနီ, ကာလာတိပတ္တိဝိဘတ်တို့ကြောင့် ဓာတ်၏ အစ၌ အ, အက္ခရာလာရမည်၊ (အကာရာဂမော ဟိယျတ္တနီအဇ္ဇ တနီကာလာတိပတ္တီသု။)

၃။ ပရောက္ခာဝိဘတ်ဖြစ်က ဓာတ်၏အစ အက္ခရာကို ဒွေးဘော်ပြုရမည်။ (ခဆသေသု ပရောက္ခာယံ၊ ဒွေဘာဝေါ သဗ္ဗဓာတုနံ။–ရူ။၂၇၅။)

**ဆောင်။** ။ဟိယျတ် အ, လာ၊ က္လလာ ပဘ၊အဇ်, ကာဒွ၊သုံးဝကြွင်းမလာ။ (ဝိသုဒ္ဓါရုံ)

ကျေပွန်သည်ထက်ကျေပွန်အောင် အာချာတ်ဝိဘတ်ရှစ်သွယ်အပြည့်အစုံကို ဆက်လက်ပြပါဦးမည်၊ ကြိုးစား လေ့ကျင့်ပါလေ။

http://www.dhammadownload.com



# ၁။ ဝတ္တမာန်ဝိဘတ်

| ပရဿပုဒ် | | အတ္တနောပုဒ် | | ကမ္မရုပ် |
|---|---|---|---|---|
| တိ | ဂစ္ဆတိ၊ | တေ | ဂစ္ဆတေ၊ | ဂစ္ဆီယတေ၊ |
| အန္တိ | ဂစ္ဆန္တိ။ | အန္တေ | ဂစ္ဆန္တေ။ | ဂစ္ဆီယန္တေ။ |
| သိ | ဂစ္ဆသိ၊ | သေ | ဂစ္ဆသေ၊ | ဂစ္ဆီယသေ၊ |
| ထ | ဂစ္ဆထ။ | ဝှေ | ဂစ္ဆဝှေ။ | ဂစ္ဆီယဝှေ။ |
| မိ | ဂစ္ဆာမိ၊ | ဧ | ဂစ္ဆေ၊ | ဂစ္ဆီယေ၊ |
| မ | ဂစ္ဆာမ။ | မှေ | ဂစ္ဆာမှေ။ | ဂစ္ဆီယာမှေ။ |

## ပုရိသာဒိဂိုဏ်းနှင့် တွဲဖက်လေ့ကျင့်ရန်

ကတ္တားထည့်ပါ။

| | | |
|---|---|---|
| . . . . . | မဂ္ဂံ | ဂစ္ဆတိ။ (သွား၏) |
| . . . . . | မဂ္ဂေ | ဂစ္ဆန္တိ။ |
| . . . . . | တံ | ဂစ္ဆသိ။ |
| . . . . . | တုမှေ | ဂစ္ဆထ။ |
| . . . . . | မံ | ဂစ္ဆာမိ။ |
| . . . . . | အမှေ | ဂစ္ဆာမ။ |

အတ္တနောပုဒ်ကြိယာထည့်ပါ။

| | | |
|---|---|---|
| ဗုဒ္ဓေါ | ဓမ္မံ | . . . . .။ |
| တွံ | ဓမ္မံ | . . . . .။ |
| မယံ | ဓမ္မံ | . . . . .။ |
| တုမှေ | ဓမ္မံ | . . . . .။ |
| အဟံ | ဓမ္မံ | . . . . .။ |
| ဗုဒ္ဓေါ | ဓမ္မံ | . . . . .။ |

http://www.dhammadownload.com



ကံပုဒ်ထည့်ပါ ။

| | | |
|---|---|---|
| ဗုဒ္ဓေန | ..... | ဒေသီယတေ ။ (ဟောအပ်၏) |
| ။ | ..... | ဒေသီယာမှေ ။ |
| ။ | ..... | ဒေသီယသေ ။ |
| ။ | ..... | ဒေသီယေ ။ |
| ။ | ..... | ဒေသီယဝှေ ။ |
| ။ | ..... | ဒေသီယန္တေ ။ |

မှားသည့်ကတ္တားပုဒ်များကို မှန်အောင်ပြင်ခဲ့ပါ ။

| | | |
|---|---|---|
| ဗုဒ္ဓါ | ဓမ္မံ | ဒေသေတိ ။ |
| ဗုဒ္ဓေါ | ဓမ္မေ | ဒေသေသိ ။ |
| တွံ | တံ | ဒေသေန္တိ ။ |
| တုမှေ | မံ | ဒေသေမ ။ |
| အဟံ | တုမှေ | ဒေသေထ ။ |
| မယံ | အမှေ | ဒေသေမိ ။ |

ကြိယာကိုမှုတည်၍ မှား+မှန်ပြင်ခဲ့ပါ။

| | | |
|---|---|---|
| ဗုဒ္ဓေါ | ဓမ္မံ | ဒေသီယတေ ။ |
| ဗုဒ္ဓေဟိ | ဓမ္မော | ဒေသီယေ ။ |
| တွံ | အဟံ | ဒေသီယေ ။ |
| မယံ | တုမှေ | ဒေသီယန္တေ ။ |
| တယာ | ဓမ္မေ | ဒေသီယဝှေ ။ |
| တုမှေ | မယံ | ဒေသီယာမှေ ။ |
| အမှေဟိ | ဓမ္မာ | ဒေသီယန္တေ ။ |
| တယာ | တွံ | ဒေသီယသေ။ |
| ဗုဒ္ဓေန | အမှေ | ဒေသီယာမှေ ။ |

http://www.dhammadownload.com



## ၂။ ပဥ္စမီဝိဘတ်

| ပရဿပုဒ် | | အတ္တနောပုဒ် | | ကမ္မရုပ် |
|---|---|---|---|---|
| တု | ကရောတု၊ | ဟံ | ကရောတံ၊ | ကရီယတံ၊ |
| အန္တု | ကရောန္တု။ | အန္တံ | ကရောန္တံ ။ | ကရီယန္တံ ။ |
| ဟိ | ကရောဟိ၊ | ဿု | ကရဿု၊ | ကရီယဿု၊ |
| ထ | ကရောထ ။ | ဝှေါ | ကရောဝှော | ကရီယဝှော။ |
| မိ | ကရောမိ၊ | ဧ | ကရေ၊ | ကရီယေ၊ |
| မ | ကရောမ ။ | အာမသေ | ကရောမသေ ။ | ကရီယာမသေ ။ |

### စိတ္တာဒိဂိုဏ်းနှင့် တွဲဖက်လေ့ကျင့်ရန်

ကတ္တားထည့်ပါ ။

| | | |
|---|---|---|
| ..... | ပုညံ | ကရောတု ။ (ပြုလော့) |
| ..... | ပုညာနိ | ကရောထ ။ |
| ..... | တံ | ကရောမိ။ |
| ..... | တုမှေ | ကရောန္တု ။ |
| ..... | မံ | ကရောမ။ |
| ..... | အမှေ | ကရောဟိ။ |

အတ္တနောပုဒ်ကြိယာထည့်ပါ။

| | | |
|---|---|---|
| သပ္ပုရိသော | ပုညာနိ | .....။ |
| ဗာလာ | အပုညံ | .....။ |
| တုမှေ | ဒုက္ခံ | .....။ |
| အဟံ | ဒါနံ | .....။ |
| တွံ | သီလာနိ | .....။ |
| မယံ | ဒါနာနိ။ | .....။ |

http://www.dhammadownload.com



ကံပုဒ်ထည့်ပါ။

| | | |
|---|---|---|
| သပ္ပုရိသေန | ....... | ကုရိယန္တံ ။ (ပြုအပ်ကုန်သော) |
| ။ | ....... | ကရိယသ္မ။ |
| ။ | ....... | ကရိယာမသေ။ |
| ။ | ....... | ကရိယတံ။ |
| ။ | ....... | ကရိယတ္တော။ |
| ။ | ....... | ကရိယေ။ |

မှားသည့်ကတ္တားပုဒ်များကို မှန်အောင်ပြင်ခဲ့ပါ။

| | | |
|---|---|---|
| သပ္ပုရိသာ | ပုညံ | ကရောဟိ။ |
| တွံ | သုခံ | ကရောန္တု။ |
| မယံ | ဒါနာနိ | ကရောတု။ |
| သပ္ပုရိသော | ပုညာနိ | ကရောထ။ |
| တုမှေ | အပုညံ | ကရောမိ။ |
| အဟံ | သုခါနိ | ကရောမ။ |

ကြိယာကိုမူတည်၍ မှား + မှန်ပြင်ခဲ့ပါ။

| | | |
|---|---|---|
| ဗာလေန | အပုညံ | ကရိယန္တံ ။ |
| ဗာလော | သုခံ | ကရိယသ္မ။ |
| တုမှေဟိ | အဟံ | ကရိယတံ။ |
| အဟံ | မယံ | ကရိယတ္တော။ |
| တယာ | တွံ | ကရိယေ။ |
| မယံ | တုမှေ | ကရိယာမသေ။ |
| အမှေဟိ | သုခါနိ | ကရိယန္တံ ။ |
| တယာ | အဟံ | ကရိယေ။ |

http://www.dhammadownload.com



## ၃။ သတ္တမီဝိဘတ်

| ပရဿပုဒ် | | အတ္တနောပုဒ် | | ကမ္မရုပ် |
|---|---|---|---|---|
| ယျ | ပစေ၊ ပစေယျ။ | ထေ | ပစေထ၊ | ပစီယေထ၊ |
| ယျုံ | ပစေယျုံ။ | ရေံ | ပစေရံ။ | ပစီယေရံ။ |
| ယျာသိ | ပစေယျာသိ၊ | ထော | ပစေထော၊ | ပစီယေထော၊ |
| ယျာထ | ပစေယျာထ။ | ယျာဝှော | ပစေယျာဝှော၊ | ပစီယေယျာဝှော။ |
| ယျာမိ | ပစေယျာမိ၊ | ယျံ | ပစေယျံ၊ | ပစီယေယျံ၊ |
| ယျာမ | ပစေယျာမ။ | ယျာမှေ | ပစေယျာမှေ။ | ပစီယေယျာမှေ။ |

### ကညာဒိဂိုဏ်းနှင့် တွဲဖက်လေ့ကျင့်ရန်

ကတ္တားထည့်ပါ။

| | | |
|---|---|---|
| ...... | ဩဒနံ | ပစေယျ။ (ချက်ရာ၏) |
| ...... | ပူဝံ | ပစေယျာသိ။ |
| ...... | ဗျဉ္ဇနံ | ပစေယျုံ။ |
| ...... | ဩဒနေ | ပစေယျာမ။ |
| ...... | ပူဝေ | ပစေယျာထ။ |
| ...... | ဗျဉ္ဇနာနိ | ပစေယျာမိ။ |

အတ္တနောပုဒ်ကြိယာထည့်ပါ။

| | | |
|---|---|---|
| ကညာယော | ဩဒနံ | ......။ |
| တွံ | ဩဒနေ | ......။ |
| မယံ | ပူဝံ | ......။ |
| တုမှေ | ပူဝေ | ......။ |

http://www.dhammadownload.com



အဟံ ဖုဋ္ဌနံ .....။
ကညာ ဘုဋ္ဌနာနိ .....။

ကံပုဒ်ထည့်ပါ။

ကညာယ ..... ပစိယေထ။ (ချက်အပ်ရာ၏)
ကညာဟိ ..... ပစိယေထော။
တယာ ..... ပစိယေယျုံ။
တုမှေဟိ ..... ပစိယေယျာဝှော။
မယာ ..... ပစိယေယျာမှေ။
အမှေဟိ ..... ပစိယေရုံ။

မှားသည့်ကတ္တားပုဒ်များကို မှန်အောင်ပြင်ခဲ့ပါ။

ကညာယ ဩဒနံ ပစေယျာသိ။
တုမှေ ။ ပစေယျ။
အဟံ ။ ပစေယျုံ။
ကညာယော ။ ပစေယျာထ။
တွံ ။ ပစေယျာမ။
မယံ ။ ပစေယျာမိ။

ကံပုဒ်ကိုမှတည်၍ မှား+မှန်ပြင်ခဲ့ပါ။

ကညာယ တွံ ပစိယေထ။
ကညာဟိ ဩဒနော ပစိယေထော။
တယာ တုမှေ ပစိယေရုံ။
တုမှေဟိ မယံ ပစိယေယျာဝှော။
မယာ အဟံ ပစိယေယျာမှေ။
အမှေဟိ ဩဒနာ ပစိယေယျုံ။

http://www.dhammadownload.com



| | | |
|---|---|---|
| ကညာဟိ | တွံ | ပစိယေထော။ |
| တယာ | အဟံ | ပစိယေယျံ။ |
| အမှေဟိ | မယံ | ပစိယေရုံ။ |

---

## ၄။ ပရောက္ခာဝိဘတ်

| ပရဿပုဒ် | | အတ္တနောပုဒ် | | ကမ္မရုပ် |
|---|---|---|---|---|
| အ | ဇဂမ၊ | တ္ထ | ဇဂမိတ္ထ၊ | ဇဂမိယိတ္ထ၊ |
| ဥ | ဇဂမု။ | ရေ | ဇဂမိရေ။ | ဇဂမိယိရေ။ |
| ဧ | ဇဂမေ၊ | တ္ထော | ဇဂမိတ္ထော၊ | ဇဂမိယိတ္ထော၊ |
| တ္ထ | ဇဂမိတ္ထ။ | ဝှော | ဇဂမိဝှော။ | ဇဂမိယိဝှော။ |
| အံ | ဇဂမံ၊ | ဣံ | ဇဂမိံ၊ | ဇဂမိယိံ၊ |
| မှ | ဇဂမိမှ။ | မှေ | ဇဂမိမှေ။ | ဇဂမိယိမှေ။ |

### ဂုဏဝါဒီဂိုဏ်းနှင့် တွဲဖက်လေ့ကျင့်ရန်

ကတ္တားထည့်ပါ။

| | | |
|---|---|---|
| ..... | နဂရံ | ဇဂမု။ (သွားကုန်ပြီ) |
| ..... | ။ | ဇဂမိမှ။ |
| ..... | ။ | ဇဂမိတ္ထ။ |
| ..... | ။ | ဇဂမံ။ |
| ..... | ။ | ဇဂမေ။ |
| ..... | ။ | ဇဂမ။ |

အတ္တနောပုဒ်ကြိယာထည့်ပါ။

| | | |
|---|---|---|
| ဂုဏဝါ | နဂရာနိ | .....။ |
| တုမှေ | ။ | .....။ |

http://www.dhammadownload.com



| | | |
|---|---|---|
| မယံ | ။ | . . . . .။ |
| တွံ | ။ | . . . . .။ |
| ဂုဏဝန္တော | ။ | . . . . .။ |
| အဟံ | ။ | . . . . .။ |

ကံပုဒ်ထည့်ပါ။

| | | |
|---|---|---|
| ဂုဏဝန္တေန | . . . . . | ဇဂမိယိရေ။ (သွားအပ်ကုန်ပြီ) |
| ဂုဏဝန္တေဟိ | . . . . . | ဇဂမိယိတ္ထော။ |
| တယာ | . . . . . | ဇဂမိယိတ္ထ။ |
| တုမှေဟိ | . . . . . | ဇဂမိယိံ။ |
| မယာ | . . . . . | ဇဂမိယိဝှော။ |
| အမှေဟိ | . . . . . | ဇဂမိယိမှေ။ |

မှားသည့်ကတ္တားပုဒ်များကို မှန်အောင်ပြင်ခဲ့ပါ။

| | | |
|---|---|---|
| ဂုဏဝန္တော | နဂရံ | ဇဂမေ။ |
| မယံ | ။ | ဇဂမ။ |
| တွံ | ။ | ဇဂမုံ။ |
| အဟံ | ။ | ဇဂမိတ္ထ။ |
| ဂုဏဝါ | ။ | ဇဂမိမှ။ |
| တုမှေ | ။ | ဇဂမံ။ |

ကံပုဒ်ကိုမူတည်၍ မှား+မှန်ပြင်ခဲ့ပါ။

| | | |
|---|---|---|
| ဂုဏဝတာ | ဂါမော | ဇဂမိယိံ။ |
| ဂုဏဝန္တေဟိ | နဂရံ | ဇဂမိယိရေ။ |
| တယာ | တွံ | ဇဂမိယိတ္ထ။ |
| တုမှေဟိ | မယံ | ဇဂမိယိတ္ထော။ |

http://www.dhammadownload.com



| | | |
|---|---|---|
| မယာ | တုမှေ | ဇဂမိယိမှေ။ |
| အမှေဟိ | ဂါမာ | ဇဂမိယိတ္ထော။ |
| သတိမတာ | နဂရာနိ | ဇဂမိယိရေ။ |
| သတိမန္တေန | အဟံ | ဇဂမိယိံ။ |
| သတိမန္တေဟိ | ဂါမော | ဇဂမိယိတ္ထ။ |

---

## ၅။ ဟိယျတ္တနီဝိဘတ်

| ပရဿပုဒ် | | အတ္တနောပုဒ် | | ကမ္မရုပ် |
|---|---|---|---|---|
| အာ | အဂစ္ဆာ၊ | တ္ထ | အဂစ္ဆတ္ထ၊ | အဂစ္ဆီယိတ္ထ၊ |
| ဥ | အဂစ္ဆု။ | တ္ထုံ | အဂစ္ဆတ္ထုံ။ | အဂစ္ဆီယတ္ထုံ။ |
| ဩ | အဂစ္ဆော၊ | သေ | အဂစ္ဆသေ၊ | အဂစ္ဆီယသေ၊ |
| တ္ထ | အဂစ္ဆတ္ထ။ | ဝှံ | အဂစ္ဆဝှံ။ | အဂစ္ဆီယဝှံ။ |
| အံ | အဂစ္ဆံ၊ | ဣံ | အဂစ္ဆိံ၊ | အဂစ္ဆီယိံ၊ |
| မှာ | အဂစ္ဆမှာ။ | မှသေ | အဂစ္ဆမှသေ။ | အဂစ္ဆီယမှသေ။ |

### ဂစ္ဆန္တာဒိဂိုဏ်းနှင့် တွဲဖက်လေ့ကျင့်ရန်

ကတ္တားထည့်ပါ။

| | | |
|---|---|---|
| ..... | ဂါမံ | အဂစ္ဆု။ (သွားကုန်ပြီ) |
| ..... | ။ | အဂစ္ဆော။ |
| ..... | ။ | အဂစ္ဆာ။ |
| ..... | ။ | အဂစ္ဆမှာ။ |
| ..... | ။ | အဂစ္ဆတ္ထ။ |
| ..... | ။ | အဂစ္ဆံ။ |

http://www.dhammadownload.com



အတ္တနောပုဒ်ကြိယာထည့်ပါ။

| | | |
|---|---|---|
| သန္တော | ဂါမေ | . . . . .။ |
| တုမှေ | ။ | . . . . .။ |
| အဟံ | ။ | . . . . .။ |
| တွံ | ။ | . . . . .။ |
| မယံ | ။ | . . . . .။ |
| သန္တာ | ။ | . . . . .။ |

ကံပုဒ်ထည့်ပါ။

| | | |
|---|---|---|
| သန္တေ န | . . . . . | အဂစ္ဆိယတ္ထုံ။ (သွားအပ်ကုန်ပြီ) |
| သန္တေ ဟိ | . . . . . | အဂစ္ဆိယသေ။ |
| တယာ | . . . . . | အဂစ္ဆိယမှသေ။ |
| တုမှေဟိ | . . . . . | အဂစ္ဆိယဝှံ။ |
| မယာ | . . . . . | အဂစ္ဆိယိတ္ထ။ |
| အမှေဟိ | . . . . . | အဂစ္ဆိယိံ။ |

မှားနေသည့်ကတ္တားပုဒ်များကို မှန်အောင်ပြင်ခဲ့ပါ။

| | | |
|---|---|---|
| မဟံ | ဂါမံ | အဂစ္ဆိံ။ |
| တွံ | ။ | အဂစ္ဆမှာ။ |
| မယံ | ။ | အဂစ္ဆော။ |
| မဟန္တာ | ။ | အဂစ္ဆာ။ |
| အဟံ | ။ | အဂစ္ဆတ္ထ။ |
| တုမှေ | ။ | အဂစ္ဆုံ။ |

ကံပုဒ်ကိုမူတည်၍ မှား+မှန်ပြင်ခဲ့ပါ။

| | | |
|---|---|---|
| အရဟတာ | နဂရံ | အဂစ္ဆိယသေ။ |
| အရဟန္တေ ဟိ | တွံ | အဂစ္ဆိယိတ္ထ။ |

http://www.dhammadownload.com



| | | |
|---|---|---|
| တယာ | ဂါမာ | အဂစ္ဆိယဝှံ။ |
| တုမှေဟိ | မယံ | အဂစ္ဆိယတ္ထုံ။ |
| မယာ | တုမှေ | အဂစ္ဆိယိံ။ |
| အမှေဟိ | အဟံ | အဂစ္ဆိယမှသေ။ |
| စရတာ | နဂရာနိ | အဂစ္ဆိယတ္ထုံ။ |
| စရန္တေဟိ | ဂါမော | အဂစ္ဆိယိတ္ထ။ |
| အမှေဟိ | တွံ | အဂစ္ဆိယသေ။ |

---

## ၆။ အဇ္ဇတနီဝိဘတ်

| ပရဿပုဒ် | | အတ္တနောပုဒ် | | ကမ္မရုပ် |
|---|---|---|---|---|
| ဤ | အပစီ၊ ပစီ၊ | အာ | အပစာ၊ ပစာ၊ | အပစ္စိတ္ထ၊ ပစ္စိတ္ထ၊ |
| ဥံ | အပစုံ၊ ပစုံ။ | ဦ | အပစူ၊ ပစူ။ | အပစ္စိုူ၊ ပစ္စိုူ။ |
| ဩ | အပစော၊ ပစော၊ | သေ | အပစိသေ၊ ပစိသေ၊ | အပစ္စိသေ၊ ပစ္စိသေ၊ |
| ဿ | အပစိတ္ထ၊ ပစိတ္ထ။ | ဝှံ | အပစိဝှံ၊ ပစိဝှံ၊ | အပစ္စိဝှံ၊ ပစ္စိဝှံ။ |
| ဣံ | အပစိံ၊ ပစိံ၊ | အံ | အပစံ၊ ပစံ၊ | အပစ္စံ၊ ပစ္စံ၊ |
| မှာ | အပစိမှာ၊ ပစိမှာ။ | မှေ | အပစိမှေ၊ ပစိမှေ။ | အပစ္စိမှေ၊ ပစ္စိမှေ။ |

### သတ္တာဒိဂိုဏ်းနှင့် တွဲဖက်လေ့ကျင့်ရန်

ကတ္တားထည့်ပါ။

| | | |
|---|---|---|
| ..... | ပူဝံ | အပစုံ။ (ချက်ကုန်ပြီ) |
| ..... | ။ | အပစိတ္ထ။ |
| ..... | ။ | အပစော။ |
| ..... | ။ | အပစိံ။ |
| ..... | ။ | အပစီ။ |
| ..... | ။ | အပစိမှာ။ |

http://www.dhammadownload.com



အတ္တနောပုဒ်ကြိယာထည့်ပါ။

| | | |
|---|---|---|
| တုဝံ | ပူဝေ | .....။ |
| မာတရော | ။ | .....။ |
| အဟံ | ။ | .....။ |
| ဝေါ | ။ | .....။ |
| အမှေ | ။ | .....။ |
| ပိတာ | ။ | .....။ |

ကံပုဒ်ထည့်ပါ။

| | | |
|---|---|---|
| သတ္ထာရော | ..... | အပိဝီယိတ္ထ။ (သောက်အပ်ပြီ) |
| သတ္ထာရေဟိ | ..... | အပိဝီယိသေ။ |
| တယာ | ..... | အပိဝီယူ။ |
| တုမှေဟိ | ..... | အပိဝီယံ။ |
| မယာ | ..... | အပိဝီယိမှေ။ |
| အမှေဟိ | ..... | အပိဝီယိဝှံ။ |

မှားနေသည့်ကတ္တားပုဒ်များကို မှန်အောင်ပြင်ခဲ့ပါ။

| | | |
|---|---|---|
| ပိတရော | ဥဒကံ | အပိဝေါ။ |
| မယံ | ။ | အပိဝီ။ |
| တွံ | ။ | အပိဝုံ။ |
| မာတာ | ။ | အပိဝိံ။ |
| တုမှေ | ။ | အပိဝိမှာ။ |
| အဟံ | ။ | အပိဝိတ္ထ။ |

ကံပုဒ်ကိုမူတည်၍ မှား+မှန်ပြင်ခဲ့ပါ။

| | | |
|---|---|---|
| ဘာတရေန | ဗျဥ္ဇနံ | အပစ္စိသေ။ |
| ဘာတရေဟိ | တွံ | အပစ္စိတ္ထ။ |

http://www.dhammadownload.com



| | | |
|---|---|---|
| တယာ | အဟံ | အပစ္စုံ။ |
| တုမှေဟိ | ဗျဉ္ဇနာနိ | အပစ္စိဝှံ။ |
| မယာ | မယံ | အပစ္စံ။ |
| အမှေဟိ | တုမှေ | အပစ္စိမှေ။ |
| ဓီတုယာ | ပူဝေါ | အပစ္စိတ္ထ။ |
| ဓီတူဟိ | တွံ | အပစ္စိသေ။ |
| တယာ | တုမှေ | အပစ္စိဝှံ။ |

---

## ၇။ ဘဝိဿန္တိဝိဘတ်

| ပရဿပုဒ် | | အတ္တနောပုဒ် | | ကမ္မရုပ် |
|---|---|---|---|---|
| **ဿတိ** | ဘဝိဿတိ၊ | **ဿတေ** | ဘဝိဿတေ၊ | အနုဘဝိဿတေ၊ |
| **ဿန္တိ** | ဘဝိဿန္တိ၊ | **ဿန္တေ** | ဘဝိဿန္တေ၊ | အနုဘဝိဿန္တေ။ |
| | ဘဝိဿရေ။ | | ဘဝိဿရေ။ | |
| **ဿသိ** | ဘဝိဿသိ၊ | **ဿသေ** | ဘဝိဿသေ၊ | အနုဘဝိဿသေ၊ |
| **ဿထ** | ဘဝိဿထ။ | **ဿဝှေ** | ဘဝိဿဝှေ။ | အနုဘဝိဿဝှေ။ |
| **ဿာမိ** | ဘဝိဿာမိ၊ | **ဿံ** | ဘဝိဿံ၊ | အနုဘဝိဿံ၊ |
| **ဿာမ** | ဘဝိဿာမ။ | **ဿာမှေ** | ဘဝိဿာမှေ။ | အနုဘဝိဿာမှေ။ |

[ကမ္မရုပ်၌ ယ, ပစ္စည်းကျေသော ရုပ်များတည်း၊ ယ, ပစ္စည်း မကျေက အနုဘူယိဿတေ၊ အနုဘူယိဿန္တေ-စသည်ဖြစ်၏။]

## ရာဇာဒိဂိုဏ်းနှင့် တွဲဖက်လေ့ကျင့်ရန်

ကတ္တားထည့်ပါ။

| | | |
|---|---|---|
| . . . . . . | ကမ္မံ | ကရိဿန္တေ။ (ပြုကုန်လတ္တံ့) |
| . . . . . . | ။ | ကရိဿသေ။ |
| . . . . . . | ။ | ကရိဿံ။ |

http://www.dhammadownload.com



| | | |
|---|---|---|
| . . . . . | ကမ္မံ | ကရိဿဝှေ။ |
| . . . . . | ။ | ကရိဿတေ။ |
| . . . . . | ။ | ကရိဿာမှေ။ |

အတ္တနောပုဒ်ကြိယာထည့်ပါ။

| | | |
|---|---|---|
| တွံ | ကမ္မာနိ | . . . . .။ |
| သခိနော | ။ | . . . . .။ |
| ဝေါ | ။ | . . . . .။ |
| အဟံ | ။ | . . . . .။ |
| သခါ | ။ | . . . . .။ |
| နော | ။ | . . . . .။ |

ကံပုဒ်ထည့်ပါ။

| | | |
|---|---|---|
| ရညာ | . . . . . | ပိဝိဿဝှေ။ (သောက်အပ်ကုန်လတ္တံ့) |
| ရာဇူဟိ | . . . . . | ပိဝိဿတေ။ |
| တယာ | . . . . . | ပိဝိဿသေ။ |
| တုမှေဟိ | . . . . . | ပိဝိဿဝှေ။ |
| မယာ | . . . . . | ပိဝိဿာမှေ။ |
| အမှေဟိ | . . . . . | ပိဝိဿံ။ |

မှားနေသည့်ကတ္တားပုဒ်များကို မှန်အောင်ပြင်ခဲ့ပါ။

| | | |
|---|---|---|
| ရာဇာ | သုခံ | အနုဘဝိဿသိ။ (ခံစားလတ္တံ့) |
| အဟံ | ။ | အနုဘဝိဿန္တိ။ |
| တုမှေ | ။ | အနုဘဝိဿာမိ။ |
| ရာဇာနော | ။ | အနုဘဝိဿထ။ |
| မယံ | ။ | အနုဘဝိဿတိ။ |
| တွံ | ။ | အနုဘဝိဿာမ။ |

http://www.dhammadownload.com



ကြိယာကိုမှုတည်၍ မှား+မှန်ပြင်ခဲ့ပါ။

| | | |
|---|---|---|
| ဗြဟ္မုနာ | သုခါနိ | အနုဘူယိဿဝှေ။ |
| ဗြဟ္မာနော | တွံ | အနုဘူယိဿံ။ |
| တယာ | သုခံ | အနုဘူယိဿာမှေ။ |
| တုမှေ | တုမှေ | အနုဘူယိဿန္တေ ။ |
| အဟံ | အဟံ | အနုဘူယိဿတေ။ |
| မယံ | မယံ | အနုဘူယိဿသေ။ |

## ၈။ ကာလာတိပတ္တိဝိဘတ်

| ပရဿပုဒ် | | အတ္တနောပုဒ် | | ကမ္မရုပ် |
|---|---|---|---|---|
| ဿာ | အဆိန္ဒိဿာ၊ | ဿထ | အဆိန္ဒိဿထ၊ | အဆိန္ဒိယိဿထ။ |
| ဿံသု | အဆိန္ဒိဿံသု၊ | ဿိံသု | အဆိန္ဒိဿိံသု၊ | အဆိန္ဒိယိဿိံသု။ |
| ဿေ | အဆိန္ဒိဿေ။ | ဿသေ | အဆိန္ဒိဿသေ၊ | အဆိန္ဒိယိဿသေ၊ |
| ဿထ | အဆိန္ဒိဿထ၊ | ဿဝှေ | အဆိန္ဒိဿဝှေ၊ | အဆိန္ဒိယိဿဝှေ။ |
| ဿံ | အဆိန္ဒိဿံ၊ | ဿိံ | အဆိန္ဒိဿိံ၊ | အဆိန္ဒိယိဿိံ၊ |
| ဿမှာ | အဆိန္ဒိဿမှာ။ | ဿာမှသေ | အဆိန္ဒိဿာမှသေ။ | အဆိန္ဒိယိဿာမှသေ။ |

### ရတ္တာဒိဂိုဏ်းနှင့် တွဲဖက်လေ့ကျင့်ရန်

ကတ္တားထည့်ပါ။

| | | |
|---|---|---|
| . . . . . | ကဋ္ဌံ | အဆိန္ဒိဿာ။ (ဖြတ်လောက်ရာပြီ) |
| . . . . . | ။ | အဆိန္ဒိဿထ။ |
| . . . . . | ။ | အဆိန္ဒိဿံ။ |
| . . . . . | ။ | အဆိန္ဒိဿံသု။ |
| . . . . . | ။ | အဆိန္ဒိဿမှာ။ |
| . . . . . | ။ | အဆိန္ဒိဿေ။ |

http://www.dhammadownload.com



အတ္တနောပုဒ်ကြိယာထည့်ပါ။

| | | |
|---|---|---|
| တုမှေ | ကင္ဒာနိ | .....။ |
| ဝရု | ။ | .....။ |
| မယံ | ။ | .....။ |
| တွံ | ။ | .....။ |
| ဝရုယော | ။ | .....။ |
| အဟံ | ။ | .....။ |

ကံပုဒ်ထည့်ပါ။

| | | |
|---|---|---|
| ဒဏ္ဍိနော | ..... | အဆိန္ဒိယိသိံသု။ (ဖြတ်အပ်လောက် ကုန်ရာပြီ) |
| ဒဏ္ဍိဟိ | ..... | အဆိန္ဒိယိသဝှေ။ |
| တယာ | ..... | အဆိန္ဒိယိသိံ။ |
| တုမှေဟိ | ..... | အဆိန္ဒိယိသထ။ |
| မယာ | ..... | အဆိန္ဒိယိသာမှသေ။ |
| အမှေဟိ | ..... | အဆိန္ဒိယိသသေ။ |

မှားနေသည့်ကတ္တားပုဒ်များကို မှန်အောင်ပြင်ခဲ့ပါ။

| | | |
|---|---|---|
| ဟတ္ထိ | ဝနံ | အဂမိသေ။ (သွားလောက်ရာပြီ) |
| ဟတ္ထိနော | ။ | အဂမိသံ။ |
| အဟံ | ။ | အဂမိသာ။ |
| တုမှေ | ။ | အဂမိသံသု။ |
| မယံ | ။ | အဂမိသေ။ |
| တွံ | ။ | အဂမိသထ။ |

http://www.dhammadownload.com



မှားနေသည့် ကံပုဒ်များကို မှန်အောင်ပြင်ပါ။

(ဝုစ္စမာနာနိ ဝိရုဒ္ဓကမ္မပဒါနိ အဝိရုဒ္ဓပဒါနိ ကရောဟိ။)

| | | | |
|---|---|---|---|
| ဘိက္ခုနှာ | ဘတ္တံ | အဘုဉ္ဇိယိဿမှေ။ | (စားအပ်လောက်ကုန်ရာပြီ) |
| ဘိက္ခုဟိ | တွံ | အဘုဉ္ဇိယိဿံသု။ | |
| တယာ | တုမှေ | အဘုဉ္ဇိယိဿံ။ | |
| တုမှေဟိ | ဘတ္တာနိ | အဘုဉ္ဇိယိဿသေ။ | |
| မယာ | မယံ | အဘုဉ္ဇိယိဿထ။ | |
| အမှေဟိ | အဟံ | အဘုဉ္ဇိယိဿာမှသေ။ | |

ကံ,ကတ္တားကွဲရန်အတွက် အာချာတ်ဝိဘတ်ရှစ်သွယ်ဖြင့် လေ့ကျင့်ပြီးပါပြီ၊ "ပုရိသာဒိဂိုဏ်းနှင့် တွဲဖက်လေ့ကျင့်ရန်"စသည်ဖြင့် မူချကာညွှန်ပြထားသော်လည်း မည်သည့်ဂိုဏ်းနှင့်မဆို တွဲဖက်လေ့ကျင့်နိုင်ပါသည်။ ဤနေရာ၌ အတော်အတန် ကံ,ကတ္တားကွဲပြီဖြစ်၍ ဝုတ္တ,အဝုတ္တခွဲရန် သင့်တော်ပါပြီ၊ ထို့ကြောင့် ဝုတ္တ,အဝုတ္တကွဲအောင် ခွဲပြပါမည်။

**ဆောင်** ၁။ သည်မှာ ကတ္တား၊ ကိုကား ကံသာ။

၂။ ဟောရာ ဟောရာ ပထမာ၊
မဟော ဒုတိယာနှင့် တတိယာ။ (ရှေ့ကလဲ ပြခဲ့ပါပြီ)

၁။ ပုရိသော မဂ္ဂံ ဂစ္ဆတိ။
၂။ ပုရိသေန မဂ္ဂေါ ဂစ္ဆီယတေ။

၁။ ပုရိသောသည် ပထမာဝိဘတ်ဖြစ်သောကြောင့် ဝုတ္တ၊ "သည်"ဟု အနက်ပေးရသောကြောင့် ကတ္တား၊နှစ်ခုပေါင်းက "ဝုတ္တကတ္တား"။ မဂ္ဂံသည် ဒုတိယာဝိဘတ်ဖြစ်သောကြောင့် အဝုတ္တ၊ "ကို"ဟုအနက်ပေးရသောကြောင့် ကံ၊ နှစ်ခုပေါင်းက "အဝုတ္တကံ"။

http://www.dhammadownload.com



၂။ ပုရိသေနသည် တတိယာဝိဘတ်ဖြစ်သောကြောင့် အဝုတ္တ၊ "သည်" ဟုအနက်ပေးရသောကြောင့် ကတ္တား၊ နှစ်ခုပေါင်းက "အဝုတ္တကတ္တား"။ မဂ္ဂေါသည် ပဌမာဝိဘတ်ဖြစ်သောကြောင့် ဝုတ္တ၊ "ကို"ဟုအနက် ပေးရသောကြောင့် ကံ၊ နှစ်ခုပေါင်းက "ဝုတ္တကံ"။

ဝုတ္တ,အဝုတ္တကို နားလည်ပြီးဖြစ်၍ စာစပ်သည့်အခါ ဝုတ္တကတ္တား, ဝုတ္တကံ၊ အဝုတ္တကတ္တား, အဝုတ္တကံ–ဟုဆို၍ စပ်ပါလေ။

**စပ်ပုံ**။ ။ပုရိသောကား "သည်"ဟူ၍အနက်ပေးသောကြောင့် ဂစ္ဆတိ၌ ဝုတ္တကတ္တား၊ ဂစ္ဆတိကား ထိုကတ္တား၏ကြိယာ၊ ဝါ–ထိုကတ္တားကို ဟောသော အာချာတ်ကြိယာဝါစကတည်း။ မဂ္ဂံကား "ကို"ဟူ၍အနက်ပေး သောကြောင့် ဂစ္ဆတိ၌ အဝုတ္တကံ၊ ဂစ္ဆတိကား ထိုကံ၏ကြိယာ၊ ဝါ–ထိုကံကို မဟောသောအာချာတ်ကြိယာဝါစကတည်း။

ပုရိသေနကား "သည်"ဟူ၍အနက်ပေးသောကြောင့် ဂစ္ဆီယတေ၌ အဝုတ္တ ကတ္တား၊ ဂစ္ဆီယတေကား ထိုကတ္တား၏ကြိယာ၊ ဝါ–ထိုကတ္တားကိုမဟောသော အာချာတ်ကြိယာဝါစကတည်း။မဂ္ဂေါကား "ကို"ဟူ၍အနက်ပေးသောကြောင့် ဂစ္ဆီယတေ၌ ဝုတ္တကံ၊ ဂစ္ဆီယတေကား ထိုကံ၏ကြိယာ၊ ဝါ–ထိုကံကိုဟော သော အာချာတ်ကြိယာဝါစကတည်း။

http://www.dhammadownload.com



# အာချာတ်ဝိဘတ်တို့၏ ဟောနက်နှင့် ဟောရာကာလများ

## ဝတ္တမာန် ဝိဘတ်နက်

အနိပ္ဖန္နေ သတ္တိယဉ္စ၊ သီလေ ဘာရေစ သိဒ္ဓိယံ။
ပဉ္စတ္ထေဝ ဝတ္တမာနာ၊ ဝတ္တတီတိ ဝိဇာနိယာ။

၁။ အနိပ္ဖန္န = မပြီးသေး ဟူသောအနက်။
၂။ သတ္တိ = စွမ်းနိုင်၏ ဟူသောအနက်။
၃။ သီလ = အလေ့အထ ဟူသောအနက်။
၄။ ဘာရ = တာဝန် ဟူသောအနက်။
၅။ သိဒ္ဓိ = စကားကျ ဟူသောအနက်။

ဝတ္တမာန်ဝိဘတ်သည် ဤအနက် ၅–မျိုးတို့၌ဖြစ်၏၊ သက်ရ၏။

အဟံ ကမ္မံ ကရောမိ၊ ငါအလုပ်လုပ်နေ၏ (အနိပ္ဖန္နအနက်)။ ငါအလုပ် လုပ်နိုင်၏၊(သတ္တိအနက်)။ ငါအလုပ် လုပ်လေ့ရှိ၏၊(သီလအနက်)။ ငါအလုပ် လုပ်ရ၏၊(ဘာရအနက်)။ ငါသည် အလုပ်လုပ်သည်မည်၏၊အလုပ် လုပ်ရာ ရောက်၏၊(သိဒ္ဓိအနက်)။ ဤကဲ့သို့ အရာဌာနအားလျော်စွာ အသုံးပြုရသည်၊ အနက်မြန်မာပြန်ဆိုရသည်။

ကာလအားဖြင့် ပစ္စုပ္ပန်ကာလ၌ အသုံးပြုရ၏၊ ထို့ကြောင့် လုပ်၏၊ လုပ်တယ်၊ လုပ်ဆဲ၊ လုပ်တုန်း–ဟု ပစ္စုပ္ပန်ကာလပေါ်အောင် အနက်ပေးရ, မြန်မာပြန်ရ၏။

## ပဉ္စမီဝိဘတ်နက်

ပဉ္စမီ အာဏာတျာ-သိဋ္ဌ – သပထ-ဣောသယာစနေ။
သမ္ပုစ္ဆာ ပတ္ထနာ-ရှိဋ္ဌ – ဝိရျာ-မန္တ နိမန္တ နေ။

http://www.dhammadownload.com



**ဆောင်။** ။စေခိုင်း , တောင့်တ ၊ ဆိုထ ကျိန်စာ၊ ဆဲခါ , တောင်းရမ်း၊ မေးမြန်း , ဆုပန်၊ စီမံ , တိုက်တွန်း ၊ ခေါ် , ပင့်မှန်း ၊ သက်စမ်း ပဉ္စမီ။ (၁၁–နက်)

၁။ အာဏတ္တိ = စေခိုင်းခြင်းအနက်။ ။တွံ ကမ္မံ ကရောဟိ၊ သင် အလုပ် လုပ်ပါ ၊ လော ၊ ချေ ၊ စမ်း ၊ ရမည်။

၂။ အာသိဋ္ဌ = တောင့်တခြင်းအနက်။ ။အဟံ နိဗ္ဗာနံ ပပ္ပေါမိ၊ ငါ နိဗ္ဗာန် ရလို၏ ၊ ရချင်၏ ၊ ရပါရစေ။ သပ္ပုရိသော သုခံ လဘတု၊ သူတော်ကောင်းသည် ချမ်းသာပါစေ၊ စေသတည်း ၊ စေခလို ။

၃။ သပထ = ကျိန်စာဆိုခြင်းအနက်။ ။အဟံ ဒုက္ခံ လဘာမိ၊ငါ ဆင်းရဲရပါစေသား။(သူတစ်ပါး ယုံကြည်စေရန် ကျိန်စာဆိုခြင်း)

၄။ အက္កោသ = ကျိန်ဆဲခြင်းအနက်။ ။အယံ ဝသလော နိရယေ ပစ္စတု၊ ဒီ အယုတ်ကောင် ငရဲကျပါစေဟယ်။

၅။ ယာစန = တောင်းရမ်းခြင်း အနက်။ ။ဒဒါဟိ ပဝရံ ဂဇံ၊ ဆင်ဖြူတော်မြတ်ကို ပေးတော်မူပါ။

၆။ သမ္ပုစ္ဆာ = မေးမြန်းခြင်းအနက်။ ။ကိံနု ခေါ ဓမ္မံ ဝါ ဝိနယံ ဝါ သုဏောမိ ကိံ၊ အဘိဓမ္မာကို သင်ရမှာလား ၊သို့မဟုတ် ဝိနည်း ကိုသင်ရမှာလား ။ ကိံနုခေါ နဂရံ ဝါ ဂစ္ဆာမိ ဂါမံ ဝါ၊ မြို့ကိုသွား ရမှာလား ၊ သို့မဟုတ် ရွာကိုသွားရမှာလား။

၇။ ပတ္ထနာ = ဆုတောင်းခြင်းအနက်။ ။အဟံ ပိယော ဟောမိ၊ ငါသည် ချစ်ခင်အပ်သူ ဖြစ်ရပါလို၏ ၊ ဖြစ်လို၏ ၊ ဖြစ်ချင်၏ ၊ ဖြစ် ပါရစေ။

၈။ အဇ္ဈိဋ္ဌ = တိုက်တွန်းခြင်း ၊ တောင်းပန်ခြင်းအနက်။ ။ဒေသေတု ဘဂဝါ ဓမ္မံ၊ မြတ်စွာဘုရား တရားဟောတော်မူပါ။

၉။ ဝိဓိ = စီမံခြင်းအနက်။ ။ဧဝံ ပုညံ ကရောတု ဘော၊ အို အမောင် ကောင်းမှုကို ဒီလိုလုပ်ပါ။

http://www.dhammadownload.com



၁၀။ အာမန္တန = ဖိတ်ခေါ်ခြင်းအနက်။ ။အာဂစ္ဆတု ဘဝံ၊ အရှင်ကြွတော်မူလှည့်ပါ။

၁၁။ နိမန္တန = ပင့်ဖိတ်ခြင်းအနက်။ ။ဣဓ နိသီဒတု၊ ဤနေရာ၌ထိုင်တော်မူပါ။

ဤသို့ အရာဌာနအားလျော်စွာ အသုံးပြုရသည်၊ အနက်မြန်မာ ပြန်ဆိုရသည်၊ ကာလအားဖြင့် ပစ္စုပ္ပန်ကာလ၌ဖြစ်၏။

---

## သတ္တမီဝိဘတ်အနက်

သတ္တမီ အနုမတျ-ထ္ထေ၊ပရိကပ္ပေစ ဝတ္တတိ။
သတ္တိယံ အရဟေ ပေသေ၊ပတ္တကာလေ သမ္ဘာဝနေ။
သမ္ပုစ္ဆာ ပတ္ထနာ-ရွိဋ္ဌ – ဝိဓျာ-မန္တ နိမန္တနေ။

**ဆောင်။** ။ခွင့်ပြု , ကြံစည်၊စွမ်းရည် , ထိုက်တန်၊တစ်ဖန် စေခိုင်း၊ ချိန်ပိုင်းပြောပြ၊တစ်ဝရှီးမွမ်း၊မေးမြန်း စသည်၊ပဥ္စမီလာ၊ အနက်မှာ၊ သက်ပါသတ္တမီ။ (၁၃–နက်)

၁။ အနုမတိ = ခွင့်ပြုခြင်း၊အခွင့်ပေးခြင်းအနက်။ ။ဂစ္ဆေယျာသိ တွံ၊သင် သွားလိုသွားတော့၊သွားချင်သွားတော့။

၂။ ပရိကပ္ပ = ကြံဆ , တွေးတော , စိတ်ကူးခြင်းအနက်။ဘဝေယျ အရဟာ အယံ၊ ဤသူ ရဟန္တာ ဖြစ်နိုင်လောက်တယ်။ ။ပုရိသော မဂ္ဂံ ဂစ္ဆေယျ၊ယောကျ်ားသည် ခရီးသွားလောက်ပြီ။

၃။ သတ္တိ = စွမ်းနိုင်၏ ဟူသောအနက်။ ။ပုရိသော ကမ္မံ ကရေယျ၊ ယောကျ်ားသည် အလုပ် လုပ်စွမ်းနိုင်၏။

၄။ အရဟ = လျောက်ပတ် , လျော်ကန် , ထိုက်တန် ဟူသောအနက်။ ပုရိသော ကမ္မံ ကရေယျ၊ယောကျ်ားသည် အလုပ် လုပ်ထိုက်၏၊ လုပ်သင့်၏၊လုပ်ဖို့ကောင်း၏၊လုပ်ဖို့တော်၏။

http://www.dhammadownload.com



၅။ ဒေပသန = စေခိုင်းခြင်းအနက်။ ။တွံ ကမ္မံ ကရေယျာသိ၊ သင် အလုပ် လုပ်လော့၊ လေ၊ ချေ၊ ပါ၊ စမ်း၊ ရမည်။

၆။ ပတ္တကာလ= ထိုထိုကြိယာကိုပြုဘို့ရန် သင့်လျော်သော အချိန်အခါ ဟူသောအနက်။ ။တွံ ကမ္မံ ကရေယျာသိ။ သင် အလုပ် လုပ်ချိန် တန်ပြီ။

၇။ သမ္ဘာဝနာ= အစွမ်းသတ္တိကို ယုံကြည်ခြင်း(ချီးမွမ်းခြင်း)အနက်။ ဒါရကောပိ ကမ္မံ ကရေယျ၊ ကလေးသော်မှ အလုပ် လုပ်နိုင်စွမ်း သေး၏။ သမ္ဘာဝနာစသောအနက်များကို ပဥ္စမီဝိဘတ်နက်၌ ပြဆို အပ်ခဲ့ပြီးသည့်အတိုင်း သိပါ၊ ပုံစံများကိုလည်း နည်းမှီး၍သိပါ၊ ကာလအားဖြင့် ပစ္စုပ္ပန်ကာလ၌ဖြစ်၏။

**ပရောက္ခာဝိဘတ်နက်။** ။လွန်ခဲ့သော မျက်ကွယ်ကာလနှင့်ပတ် သက်၍ သုံးသည်။ သတဲ့၊ ပြီးပြီ–ဟု အနက်မြန်မာ ပြန်ဆိုရ၏။ ။အာဟ ကိရ–ဆိုသတဲ့၊ အာဟု ကိရ–ဆိုကုန်သတဲ့၊ ကာလအားဖြင့် အတိတ်ကာလ၌ ဖြစ်၏။ (ဤဝိဘတ်ကား အသုံးနည်းလှ၏။)

**ဟိယျတ္တနီ၊ အဇ္ဇတနီဝိဘတ်နက်။** ။ဟိယျတ္တနီဝိဘတ်ကို လွန် ခဲ့သည့် ဒုတိယနေ့မှစ၍ ရှေးလွန်လေပြီးသောကာလနှင့်ပတ်သက်၍သုံးသည်၊ အဇ္ဇတနီဝိဘတ်ကို ယနေ့အတောအတွင်း ပြီးပြီးသောကာလနှင့်ပတ်သက်၍ သုံးသည်။ ပြီ၊ ပြီးပြီ၊ နှင့်ပြီ၊ ခဲ့ပြီ၊ ခဲ့သည်၊ ခဲ့၏၊ ဘူး၏၊ ဘူးပြီ၊ ဘူးဘူး–ဟု အနက်မြန်မာ ပြန်ဆိုရ၏။ အဂမာ–သွားပြီ၊ အဂမူ–သွားကုန်ပြီ၊ အဂမိ– သွားပြီ၊ အဂမုံ–သွားကုန်ပြီ၊ ကာလအားဖြင့် အတိတ်ကာလ၌ဖြစ်၏။ (ဤ ဝိဘတ်တို့တွင် အဇ္ဇတနီကိုသာ အသုံးများ၏။)

**ဘဝိဿန္တိဝိဘတ်နက်။** ။ယခုမဖြစ်သေး၊ နောင်ဖြစ်လတ္တံ့သော ကာလနှင့်ပတ်သက်၍ သုံးသည်၊ လတ္တံ့၊ အံ့၊ လိမ့်မည်၊လိမ့်အံ့၊ မည်၊ မယ်၊ ပိမ့်၊ ချိမ့်–ဟု အနက်မြန်မာပြန်ဆိုရ၏။ သော ဂါမံ ဂမိဿတိ၊ သူ ရွာ သွားလိမ့်မည်၊ အနာဂတ်ကာလ၌ဖြစ်၏။

http://www.dhammadownload.com



**ကာလာတိပတ္တိဝိဘတ်နက်။** ။တစ်စုံ တစ်ခုသော အကြောင်းကြောင့် ဖြစ်သင့်လျက်မဖြစ်ဘဲ ချွတ်ယွင်းလွဲချော်သွားသည့်ကာလမျိုး၌ သုံးသည်။ ရလေပြီ၊ ရရှာပြီ၊ လောက်ပြီ–ဟု အနက်မြန်မာ ပြန်ဆိုရ၏၊ ဤအနက်ကို "ကြိယာတိပန္န"အနက်ဟု ခေါ်၏၊ ကြိယာတိပန္နဟူသည် အကြောင်းမညီညွတ်သဖြင့် ဖြစ်နိုင်ခွင့်ရှိသောကြိယာ၏ အတိတ်ကမဖြစ်ခဲ့ခြင်းပင်တည်း။

ဝိရုဒ္ဓပေတုယောဂါ ဝါ၊ ပေတုဝေကလ္လတောပိ ဝါ။
ကြိယာန • မဘာဝေါ ဝ၊ ကြိယာတိပန္န • မီရိတံ ။

ဝိရုဒ္ဓပေတုယောဂါဝါ–ဆန့်ကျင်ဘက်အကြောင်းနှင့် ပေါင်းမိခြင်းကြောင့်သော်လည်းကောင်း၊ ပေတုဝေကလ္လတောပိဝါ–အကြောင်း၏ ချို့တဲ့ခြင်းကြောင့်သော်လည်းကောင်း၊ ကြိယာနံ–ကြိယာတို့၏၊ အဘာဝေါဝ– မဖြစ်ခြင်းကိုပင်၊ ကြိယာတိပန္နံ–ကြိယာတိပန္နဟူ၍၊ ဤရိတံ–ဆိုအပ်၏။ (ကစ္စာယနသာရ၊ ၂၅)

ထမင်းကျက်မည့်အရေး၌ ချက်မဖြစ်နိုင်လောက်အောင် မိုးသည်းထန်စွာ ရွာခြင်းစသော အကြောင်းသည် ဆန့်ကျင်ဘက်အကြောင်း (ဝိရုဒ္ဓပေတု) မည်၏၊ ဆန်မရှိခြင်း , ထင်းမရှိခြင်း စသည်သည် အကြောင်းချို့တဲ့မှု(ပေတုဝေကလ္လ)မည်၏။ ဤအကြောင်းနှစ်ချက်တို့တွင် တစ်ခုခု ချို့တဲ့ခြင်းကြောင့် ပစတိ–ဟူသော ထမင်းချက်ခြင်းကြိယာမဖြစ်ခြင်းသည် ကြိယာတိပန္နမည်၏၊ အကယ်၍သော မချို့တဲ့ပါက ချက်ခြင်းကြိယာဖြစ်နိုင်၏–ဟုဆိုလို၏၊ "လှည်းကျိုးလို့သာ၊ လှည်း မကျိုး ရွာရောက်ပေါ့ "ဟူသော အသုံးမျိုးဖြစ်၏။

သစေ တဏ္ဍုလံ အလဘိဿာ၊ ဩဒနံ အပစိဿာ။ တဏ္ဍုလံ–ဆန်ကို၊ သစေအလဘိဿာ–အကယ်၍ရငြားအံ့၊ (ဧဝံသတိ–ဤသို့ရလတ်သော်၊) ဩဒနံ–ထမင်းကို၊ အပစိဿာ–ချက်လောက်ရာပြီ။

သော စေ ပဌမဝယေ ပဗ္ဗဇ္ဇံ အလဘိဿာ၊အရဟာ အဘဝိဿာ။ သော–ထို မဟာဓနသူဌေးသားသည်၊ ပဌမဝယေ–ပဌမအရွယ်၌၊ ပဗ္ဗဇ္ဇံ–

http://www.dhammadownload.com



ရဟာန်းအဖြစ်ကို၊ စေအလဘိဿာ–အကယ်၍ရငြားအံ့၊ (ဧဝံသတိ–ဤသို့ ရလတ်သော်၊) အရဟာ–ရဟန္တာသည်၊ အဘဝိဿာ–ဖြစ်လောက်ရာပြီ။

သစာဟံ န ဂမိဿာမိ၊ မဟာဇာနိ အဘဝိဿာ။ အဟံ–ငါဘုရားသည်၊ သစေနဂမိဿာမိ–အကယ်၍ မသွားအံ့၊ (ဧဝံသတိ–ဤသို့ မသွား လတ်သော်၊) မဟာဇာနိ–(အင်္ဂုလိမာလအား)အကြီးအကျယ် ဆုံးရှုံးခြင်းသည်၊ အဘဝိဿာ–ဖြစ်လောက်ရာ၏။

သစေ တံ ယာနံ အလဘိဿာ၊ အဂစ္ဆိဿာ။ တံယာနံ–ထိုယာဉ်ကို၊ သစေအလဘိဿာ–အကယ်၍ ရငြားအံ့၊ (ဧဝံသတိ–ဤသို့ရလတ်သော်၊) အဂစ္ဆိဿာ–သွားနိုင်လောက်ရာပြီ။

ဤကာလာတိပတ္တိဝိဘတ်သည် အတိတ်ကာလ၌ဖြစ်၏၊ ထို့ပြင် အနာဂတ်ကာလ၌လည်း ဖြစ်၏–ဟုဆိုကြသေးသည်။

**ဆောင်။** ။ပဉ် , သတ် , ဝတ္တမာန်၊ ပစ္စုပ္ပန်၊ ဘဝိဿံ အနာဂတ် ။
ပ , ဟိ , အဇ် , ကာ၊ ဤလေးဖြာ၊ တီတာကာလိကတ်။

---

အာချာတ်ဝိဘတ်နက်များ ပြီး၏။

http://www.dhammadownload.com



## အာချာတ်ကြိယာများ

ယံ တိကာလံ တိပုရိသံ၊ ကြိယာဝါစိ တိကာရကံ။
အတိလိင်္ဂံ ဒွိဝစနံ၊ တ-ဒါချာတန္တိ ဝုစ္စတိ။

ယံ-အကြင်ပုဒ်သည်၊ တိကာလံ-ကာလသုံးပါးရှိ၏၊ တိပုရိသံ-ပုရိသ် သုံးပါးရှိ၏၊ ကြိယာဝါစိ-ပဓာနအားဖြင့် ကြိယာကိုဟော၏၊ တိကာရကံ-ကာရကသုံးပါးရှိ၏၊ အတိလိင်္ဂံ-လိင် သုံးပါး သီးခြားမရှိ၊ ဒွိဝစနံ-ဝုစ်နှစ်ပါး ရှိ၏၊ တံ-ထိုပုဒ်ကို၊ အာချာတန္တိ-အာချာတ်ပုဒ်ဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏။

၁။ အာချာတ်ပုဒ် (ကြိယာ)သည် အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဟု ကာလသုံးပါး ရှိ၏။ အဂစ္ဆိ-သွားပြီ၊ ဂစ္ဆိဿတိ-သွားလတ္တံ့၊ ဂစ္ဆတိ-သွားဆဲ။

၂။ ပဌမပုရိသ်, မဇ္ဈိမပုရိသ်, ဥတ္တမပုရိသ်ဟု ပုရိသ်သုံးပါးရှိ၏။

၃။ စားခြင်း, ချက်ခြင်းစသောကြိယာကို ပဓာနအားဖြင့်ဟော၏၊ ဒြပ်ကို ပဓာနအားဖြင့် မဟော။ [နာမ်ပုဒ်က ဒြပ်ကိုပဓာနအားဖြင့်ဟောသည်။]

၄။ ဘော, ကံ, ကတ္တားဟု ကာရကအနက်သုံးပါးရှိ၏၊ ဂစ္ဆီယတေ-သွား ခြင်း၊ ဂစ္ဆီယတေ-သွားအပ်၏၊ ဂစ္ဆတိ-သွား၏။

၅။ ဣတ္ထိလိင်, ပုံလိင်, နပုံလိင်ဟု လိင်သုံးပါး ကွဲပြားမှုမရှိ၊ နာမ်ပုဒ်ကဲ့သို့ လိင်ကြောင့် ရုပ်သွင်ကွဲပြားမှုမရှိ၊ မည်သည့်လိင်နှင့်မဆို တွဲစပ်အသုံးပြု နိုင်သည်။ ကညာ ဂစ္ဆတိ၊ ပုရိသော ဂစ္ဆတိ၊ စိတ္တံ ဂစ္ဆတိ။

၆။ ဧကဝုစ်, ဗဟုဝုစ်ဟု ဝုစ်နှစ်ပါးရှိ၏။ ဂစ္ဆတိ-သွား၏၊ ဂစ္ဆန္တိ-သွားကုန်၏။

အာချာတ်ကြိယာဟူသည် ဓာတ်, ပစ္စည်း, ဝိဘတ် ၃-မျိုးကို တွဲစပ် ထားခြင်းဖြစ်၏၊ ဂစ္ဆတိ၌ ဂမုဓာတ်, အ-ပစ္စည်း, တိဝိဘတ်၊ ဤ ၃-မျိုးတွဲ စပ်ထားသည်ကို အာချာတ်ပုဒ်, အာချာတ်ကြိယာဟုခေါ်သည်။

ယင်း အာချာတ်ကြိယာများကို များများသိထားဖို့လို၏၊ သို့မှသာ ပါဠိ ဝါကျ စီကုံးရေးသားရာ၌ မိမိအသုံးပြုလိုသော အနက်အဓိပ္ပါယ်ကို အလွယ်တကူ

http://www.dhammadownload.com



အသုံးပြုနိုင်မည်၊ ထို့ကြောင့် အာချာတ်ဂိုဏ်းရှစ်ဂိုဏ်းကို မှတည်၍အာချာတ် ကြိယာပုဒ်များကို ထုတ်နုတ်ပြပါမည်။

---

## ၁။ ဘူဝါဒိဂိုဏ်း ရုပ်များ

ဘူဝါဒိတော အ-သုတ်ဖြင့် အ , ဟူသောဝိကရဏပစ္စည်းသက်၍ ပြီးကောင်းသောပုဒ်အပေါင်းသည် ဘူဝါဒိဂိုဏ်းမည်၏။ ဘဝတိ , ဘဝေ၊ဘဝန္တိ-စသည်တည်း။

၁။ ပစတိ ဂစ္ဆတိ-စ္ဆတိ၊ နိယစ္ဆတိ စ အစ္ဆတိ။
လဘတိ ဝစတိ စေဝ၊ ဝသတိ ဝဟတိ တထာ။

၂။ အက္ကောသတိ ဇီရတိ စ၊ မရတိ စေဝ ပဿတိ။
နိသီဒတိ ယဇတိ စ၊ ဝဍ္ဎတိ စ ဝဒေတိ စ။

၃။ ကမတိ စဥ္စလတိ စ၊ ဒဒ္ဒလ္လတိ စ ဈာယတိ။
ဘူဝါဒိဂဏိကာ ဟောန္တိ၊ ဓာတဝေါ စ အဝုဒ္ဓိကာ။

၄။ တုဒတိ ပဝိသတိ စ၊ နုဒတု-ဒ္ဒိသတိ လိခတိ။
ဖုသတိစာတိ ဓာတဝေါ၊ ဘူဝါဒီသု တုဒါဒိကာ။

၅။ ဟောတိ သေတိ သယတိ စ၊ နေတိ တိဋ္ဌတိ ပိဝတိ။
ဟနတိ ပဋိဟနတိ၊ ဣမေ ဟူဝါဒိကာ မတာ။

၆။ ဇုဟောတိ ဇဟာတိ စေဝ၊ ဒဒါတိ ဒဓာတိ တထာ။
ပိဒဟာတိ နိဓေတိ စ၊ ဣမေ ဇုဟောတျာဒိကာ မတာ။

၁။ ဘဝတိ , ဘဝေ-ဖြစ်၏၊ပစတိ-ချက်၏၊ဂစ္ဆတိ-သွား၏၊ဣစ္ဆတိ-လိုလား၏၊လိုချင်၏၊အလိုရှိ၏၊နိယစ္ဆတိ-ရှောင်ကြဉ်၏၊အစ္ဆတိ-ကပ်ဝင်နေထိုင်၏၊လဘတိ-ရ၏၊ဝစတိ-ပြော၏၊ဝသတိ-နေ၏၊ဝဟတိ-ဆောင်၏။

ကမ္မရုပ်များကား— ဘူယတေ-ဖြစ်ခြင်း (ဘော)၊အနုဘူယတေ-ခံစားအပ်၏၊ပစ္စတေ ,ပစီယတေ၊ဂစ္ဆီယတေ၊ဣစ္ဆီယတေ၊နိယစ္ဆီယတေ၊အစ္ဆီယတေ၊လဗ္ဘတေ , လဘီယတေ၊ဝုစ္စတေ , ဥစ္စတေ၊ဝုဿတေ၊ဝုယှတေ , ဝုလှတေ။

http://www.dhammadownload.com



၂။ အက္ကောသတိ–ဆဲရေး၏၊ ဓိရတိ–ဆွေးမြေ့၏ , အိုမင်း၏၊ မရတိ–သေ၏၊ ပဿတိ–မြင်၏၊ နိသီဒတိ–ထိုင်၏၊ ယဇတိ–ပူဇော်၏၊ ဝဒ္ဓေတိ , ဝဒေတိ–ပြောဆို၏။

ကမ္မရုပ်များကား– အက္ကောသီယတေ၊ ဓိရီယတေ၊ မီယတေ၊ ဒိဿတေ , ပဿီယတေ၊ နိသဇ္ဇတေ–ထိုင်ခြင်း ( ဘော)၊ ဣဇ္ဇတေ၊ ဝဇ္ဇီယတေ။

၃။ ကမတိ–သွား၏၊ စင်္ကလတိ–တုန်လှုပ်၏၊ ဒဒ္ဒလ္လတိ–ထွန်းတောက်ပ၏၊ ဈာယတိ–ကြံစည်၏၊ ဘူဝါဒိဂဏိကာ–ဘူဝါဒိဂိုဏ်းဝင်ဖြစ်ကုန်သော၊ အဝုဒ္ဓိကာဓာတဝေါ–ဝုဒ္ဓိမရှိသောဓာတ်တို့သည်၊ ဟောန္တိ–ဖြစ်ကုန်၏။ [ဘဝတိ၌ ဝုဒ္ဓိပြုရစေကာမူ ဝုဒ္ဓိမထင်ရှားသောကြောင့် အဝုဒ္ဓိကဘူဝါဒိပင်မည်၏။]

ကမ္မရုပ်များကား –ကမီယတေ, စက်မီယတေ၊ စင်္ကလီယတေ၊ ဒဒ္ဒလ္လီယတေ–ထွန်းတောက်ပခြင်း (ဘော)၊ ဈာယတေ။

၄။ တုဒတိ–ထိုးဆွ၏၊ ပဝိသတိ–ဝင်၏၊ နုဒတိ–ပယ်နုတ်၏၊ ဥဒ္ဒိသတိ–ရွတ်ပြ၏၊ လိခတိ–ရေး၏၊ ဖုသတိ–ထိ၏၊ ဣတိဓာတဝေါ–ဤဓာတ်တို့သည်၊ ဘူဝါဒီသု–ဘူဝါဒိဂဏိကဓာတ်တို့တွင်၊ တုဒါဒိကာ–တုဒါဒိဓာတ်တို့တည်း။

ကမ္မရုပ်များကား– တုဇ္ဇတေ၊ ပဝိသီယတေ၊ နုဒီယတေ၊ ဥဒ္ဒိသီယတေ၊ လိခီယတေ၊ ဖုသီယတေ။

၅။ ဟောတိ–ဖြစ်၏၊ သေတိ , သယတိ–အိပ်၏၊ နေတိ–ဆောင်၏၊ တိဋ္ဌတိ– ရပ်၏ , တည်၏၊ ပိဝတိ–သောက်၏၊ ဟနတိ–သတ်၏၊ ပဋိဟနတိ–ပယ်ဖျောက်၏၊ ဣမေ–ဤဓာတ်တို့ကို။ ဟူဝါဒိကာ–ဟူဝါဒိဓာတ်တို့ဟူ၍၊ မတာ–သိအပ်ကုန်၏။

ကမ္မရုပ်များကား– ဟူယတေ–ဖြစ်ခြင်း (ဘော)၊ သီယတေ–အိပ်ခြင်း (ဘော)၊ အတိသီယတေ–လွန်အောင်အိပ်အပ်၏ (ကံ)၊ ဌီယတေ–တည်ခြင်း(ဘော)၊ ဥပဋ္ဌီယတေ–လုပ်ကျွေးအပ်၏ (ကံ)၊ ပီယတေ၊ ဟညတေ၊ ပဋိဟညတေ။

http://www.dhammadownload.com



၆။ ဓုပဟောတိ–ပူဇော်၏၊ ပေးလှူ၏၊ ဓပဟာတိ–စွန့်၏၊ ဒဒါတိ–ပေး၏၊ ဒဓာတိ–ဆောင်၏၊ ပိဒဟာတိ–ပိတ်၏၊ နိဓေတိ–သိုမှီး၏၊ မြှုပ်ထား၏၊ ဣမေ–ဤဓာတ်တို့ကို၊ ဓုပဟောတျာဒိကာ–ဓုပဟောတျာဒိဓာတ်တို့ဟူ၍၊ မတာ–သိ အပ်ကုန်၏။

ကမ္မရုပ်များကား– ဟူယတေ၊ ဟီယတေ၊ ဒီယတေ၊ ဓီယတေ၊ ပိဒဟီယတေ၊ နိဓီယတေ။

## ၂။ ရုဓာဒိဂိုဏ်း ရုပ်များ

ရုဓာဒိတော နိဂ္ဂဟီတပုဗ္ဗဉ္စ–သုတ်ဖြင့် နိဂ္ဂဟိတ်လည်းလာ, အ,ဟူသော ဝိကရဏပစ္စည်းသက်၍ ပြီးကောင်းသောပုဒ်အပေါင်းသည် ရုဓာဒိဂိုဏ်းမည်၏၊ ရုန္ဓတိ , ရုန္ဓေ၊ ရုန္ဓန္တိ , ရုန္ဓရေ–စသည်တည်း။

၁။ သုမ္ဘတိ ဆိန္ဒတိ စေဝ၊ ဘိန္ဒတိ ယုဥ္ဇတိ တထာ။
ဘုဥ္ဇတိ မုဥ္စတိ စာပိ၊ ရုဓာဒိ ကတ္တုဝါစိနော။

၂။ နိရုဇ္ဈတေ သုမ္ဘတေ စ၊ ဆိဇ္ဇတေ ဘိဇ္ဇတေ တထာ။
ယုဇ္ဇတေ ဘုဇ္ဇတေ စာပိ၊ မုစ္စတေ ကမ္မဝါစိနော။

၁။ ရုန္ဓတိ , ရုန္ဓေ–ပိတ်ဆို့၏၊ တားမြစ်၏၊ သုမ္ဘတိ–ပုတ်ခတ်၏၊ ဆိန္ဒတိ–ဖြတ်၏၊ ဘိန္ဒတိ–ခွဲ၏၊ ယုဥ္ဇတိ–အားထုတ်၏၊ ဘုဥ္ဇတိ–စား၏၊ မုဥ္စတိ–လွှတ်၏၊ ရုဓာဒိကတ္တုဝါစိနော–ကတ္တားဟောရုဓာဒိရုပ်တို့တည်း။

၂။ နိရုဇ္ဈတေ–ပိတ်ဆို့အပ်၏၊ တားမြစ်အပ်၏၊ သုမ္ဘတေ–ပုတ်ခတ်အပ်၏၊ ဆိဇ္ဇတေ–ဖြတ်အပ်၏၊ ဘိဇ္ဇတေ–ခွဲအပ်၏၊ ယုဇ္ဇတေ–အားထုတ်အပ်၏၊ ဘုဇ္ဇတေ–စားအပ်၏၊ မုစ္စတေ–လွှတ်အပ်၏၊ ကမ္မဝါစိနော–ကံဟောရုပ်တို့တည်း။

## ၃။ ဒိဝါဒိဂိုဏ်း ရုပ်များ

ဒိဝါဒိတော ယော–သုတ်ဖြင့် ယ , ဟူသောဝိကရဏပစ္စည်းသက်၍ ပြီးကောင်းသော ပုဒ်အပေါင်းသည် ဒိဝါဒိဂိုဏ်းမည်၏။ ဒိဗ္ဗတိ , ဒိဗ္ဗေ၊ ဒိဗ္ဗန္တိ , ဒိဗ္ဗရေ–စသည်တည်း။

http://www.dhammadownload.com



ဥပ္ပဇ္ဇတိ အာပဇ္ဇတိ၊ ကုဇ္ဈတိ တုဿတိ တထာ။
ဝိဇ္ဈတိ မညတိ စေဝ၊ သမာဒိယတိ ပစ္စတိ။
မုစ္စတိ ဆိဇ္ဇတိ စေဝ၊ ဘိဇ္ဇတိ စ ဒိဝါဒယော။

ဒိဗ္ဗတိ–မြူးတူးပျော်ပါး၏၊ ယုဇ္ဈတိ–ပုတ်ခတ်၏၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊ အာပဇ္ဇတိ–ရောက်၏၊ ကုဇ္ဈတိ–အမျက်ထွက်၏၊ စိတ်ဆိုး၏၊ တုဿတိ–နှစ်သက်၏၊ ဝိဇ္ဈတိ–ထိုးဆွ၏၊ ဖောက်ခွဲ၏၊ ပစ်ခတ်၏၊ မညတိ–သိ၏၊ သမာဒိယတိ–(သံ+အာဒိယတိ)ကောင်းစွာယူ၏၊ ဆောက်တည်၏၊ ပစ္စတိ–ကျက်၏၊ မုစ္စတိ–လွတ်၏၊ ဆိဇ္ဇတိ–ပြတ်၏၊ ဘိဇ္ဇတိ–ကွဲ၏၊ ဒိဝါဒယော–ဒိဝါဒိဓာတ်တို့တည်း။ [ကမ္မရုပ်များလည်း မထူးပြီ၊ ဘာဝကမ္မေသု ယော–သုတ်ဖြင့် ယ, ပစ္စည်းသက်၍ ဒိဗ္ဗတေ, ကုဇ္ဈတေ–စသည်ဖြစ်၏၊ ဥပ္ပဇ္ဇတိကား အကမ္မကဓာတ်တည်း။]

---

## ၄။ သွာဒိဂိုဏ်း ရုပ်များ

သွာဒိတော ဏု ဏာ ဥဏာစ–သုတ်ဖြင့် ဏုပစ္စည်း ဏာပစ္စည်း ဥဏာ ပစ္စည်းဟူသော ဝိကရဏပစ္စည်းသက်၍ ပြီးကောင်းသောပုဒ်အပေါင်းသည် သွာဒိဂိုဏ်းမည်၏။ အဘိသုဏာတိ၊ အဘိသုဏောတိ၊ ပါပုဏာတိ–စသည် တည်း။

ပပ္ပောတိ မိနောတိ စ၊ သက္ကုဏာတိ စ သွာဒယော။
သုယတေ ပါပီယတေ စ၊ ပပ္ပီယတေ စ သက္ကတေ။

အဘိသုဏောတိ, အဘိသုဏာတိ–ရှေးရှုနားထောင်၏၊ ပါပုဏာတိ–ရောက်၏၊ ပပ္ပောတိ–စေလွှတ်၏၊ ပို့၏၊ မိနောတိ–ထည့်သွင်း၏၊ သက္ကုဏာတိ–စွမ်းနိုင်၏၊ သွာဒယော–ကတ္တားဟော သွာဒိဓာတ်တို့တည်း၊ သုယတေ–ကြားနာအပ်၏၊ ပါပီယတေ–ရောက်အပ်၏၊ ပပ္ပီယတေ–စေလွှတ်အပ်၏၊ ပို့အပ်၏၊ သက္ကတေ–စွမ်းနိုင်ခြင်း(ဘော)။

http://www.dhammadownload.com



## ၅။ ကိယာဒိဂိုဏ်း ရုပ်များ

ကိယာဒိတော နာ–သုတ်ဖြင့် နာ, ဟူသော ဝိကရဏပစ္စည်းသက်၍ ပြီးကောင်းသောပုဒ်အပေါင်းသည် ကိယာဒိဂိုဏ်းမည်၏။ ကိဏာတိ, ဝိက္ကိဏာတိ စသည်တည်း ။

၁။ ဇိနာတိ စ စိနာတိ စ၊ ဉာနာတိ စ ပညာယတိ။
မိနာတိ လုနာတိစေတိ၊ မုဏာတိ စ ကိယာဒယော။

၂။ ဝိက္ကီယတေ ကီယတေ စ၊ ဇီယတေ စီယတေပိ စ။
ဉာယတေ မီယတေ စေဝ၊ လူယတေ မူယတေ တထာ။

၁။ ကိဏာတိ–ဝယ်၏၊ ဝိက္ကိဏာတိ–ရောင်း၏၊ ဇိနာတိ–အောင်၏၊ နိုင်၏၊ စိနာတိ–ရွေးချယ်၏၊ ဉာနာတိ–သိ၏၊ ပညာယတိ–ထင်ရှား၏၊ မိနာတိ–နှိုင်းယှဉ်၏၊ ချင့်၏၊ လုနာတိ–ရိတ်ဖြတ်၏၊ မုနာတိ–တုန်လှုပ်၏၊ ကိယာဒယော–ကတ္တားဟော ကိယာဒိဓာတ်တို့တည်း။

၂။ ဝိက္ကီယတေ–ရောင်းအပ်၏၊ ကီယတေ–ဝယ်အပ်၏၊ ဇီယတေ–အောင် အပ်၏၊ နိုင်အပ်၏၊ စီယတေ–စီအပ်၏၊ ဉာယတေ–သိအပ်၏၊ မီယတေ–နှိုင်း ယှဉ်အပ်၏၊ ချင့်အပ်၏၊ လူယတေ–ရိတ်ဖြတ်အပ်၏၊ မူယတေ–တုန်လှုပ် ခြင်း (ဘော)၊ တထာ–ထိုကိယာဒိကမ္မရုပ် ဘာဝရုပ်တို့တည်း။

---

## ၆။ ဂဟာဒိဂိုဏ်း ရုပ်များ

ဂဟာဒိတော ပ္ပဏှာ–သုတ်ဖြင့် ပ္ပပစ္စည်း ဏှာပစ္စည်းဟူသော ဝိကရဏ ပစ္စည်းသက်၍ ပြီးကောင်းသောပုဒ်အပေါင်းသည် ဂဟာဒိဂိုဏ်းမည်၏။ ဃေပ္ပတိ, ဂဏှာတိ–စသည်တည်း။

ပရိဂ္ဂဏှာတိ စ ပဋိ – ဂ္ဂဏှာတိ အဓိဂဏှာတိ။
ပဂ္ဂဏှာတိ ဥဂ္ဂဏှာတိ၊ သင်္ဂဏှာတိ ဂဟာဒိကာ။

http://www.dhammadownload.com



ဃေပ္ပတိ , ဂဏှာတိ–ယူ၏၊ ပရိဂ္ဂဏှာတိ–သိမ်းပိုက်၏၊ ပဋိဂ္ဂဏှာတိ–ခံယူ၏၊ အဓိဂဏှာတိ–လွှမ်းမိုး၍ယူ၏၊ ပဂ္ဂဏှာတိ–ချီမြှောက်၏၊ ဥဂ္ဂဏှာတိ–သင်ယူ၏၊ သင်္ဂဏှာတိ–ချီးမြှောက်၏၊ သိမ်းယူ၏၊ ဂဟာဒိကာ–ကတ္တားဟော ဂဟာဒိဂဏိကဓာတ်တို့တည်း။

ကမ္မရုပ်များကား – ဂယှတေ , ဂဟီယတေ၊ ပရိဂ္ဂဏှီယတေ , ပရိဂ္ဂယှတေ၊ ပဋိဂ္ဂဏှီယတေ၊ အဓိဂဏှီယတေ၊ ပဂ္ဂဏှီယတေ , ပဂ္ဂယှတေ၊ ဥဂ္ဂဏှီယတေ , ဥဂ္ဂယှတေ၊ သင်္ဂဏှီယတေ , သင်္ဂယှတေ–တို့တည်း။

---

## ၇။ တနာဒိဂိုဏ်း ရုပ်များ

တနာဒိတော ဩယိရာ–သုတ်ဖြင့် ဩပစ္စည်း ယိရပစ္စည်းဟူသော ဝိကရဏပစ္စည်းသက်၍ ပြီးကောင်းသောပုဒ်အပေါင်းသည် တနာဒိဂိုဏ်း မည်၏။ တနောတိ , ကရောတိ , ကယိရတိ–စသည်တည်း။

သက္ကောတိ ပပ္ပေါတိ စေဝ၊ ဇာဂရောတိ တနာဒယော။
ပတာယတေ ပတညတေ၊ ကရီယတေ စ ကယျတေ။
သက္ကတေ ပါပီယတေ စ၊ ဇာဂရီယတေ စ ကမ္မကာ။

တနောတိ–ချဲ့ထွင်၏၊ ကရောတိ , ကယိရတိ–ပြုလုပ်၏၊ သက္ကောတိ–စွမ်းနိုင်၏၊ ပပ္ပေါတိ–ရောက်၏၊ ဇာဂရောတိ–နိုး၏၊ တနာဒယော–ကတ္တားဟော တနာဒိဂဏိကဓာတ်တို့တည်း ။ ပတာယတေ , ပတညတေ–ချဲ့ထွင်အပ်၏၊ ကရီယတေ , ကယျတေ–ပြုလုပ်အပ်၏၊ သက္ကတေ–စွမ်းနိုင်ခြင်း(ဘော)၊ ပါပီယတေ–ရောက်အပ်၏၊ ဇာဂရီယတေ–နိုးအပ်၏၊ ကမ္မကာ–တနာဒိကမ္မရုပ်တို့တည်း။

---

## ၈။ စုရာဒိဂိုဏ်း ရုပ်များ

စုရာဒိတော ဏေ ဏယာ–သုတ်ဖြင့် ဏေပစ္စည်း ဏယပစ္စည်းဟူသော ဝိကရဏပစ္စည်းသက်၍ ပြီးကောင်းသောပုဒ်အပေါင်းသည် စုရာဒိဂိုဏ်းမည်၏။ စောရေတိ၊ စောရယတိ–စသည်တည်း။

http://www.dhammadownload.com



စိန္တေတိ မန္တေတိ စေဝ၊ ပါလေတိ ဃာဋေတိ တထာ။
ဝေဒေတိ ဂဏေတိ စာပိ၊ ဣမေ စုရာဒိဓာတဝေါ။

စောရေတိ, စောရယတိ–ခိုးယူ၏၊ စိန္တေတိ, စိန္တယတိ–ကြံစည်၏၊ မန္တေတိ, မန္တယတိ–တိုင်ပင်၏၊ ပါလေတိ, ပါလယတိ–စောင့်ရှောက်၏၊ ဃာဋေတိ, ဃာဋယတိ–စေ့ဆော်၏၊ အားထုတ်၏၊ ဝေဒေတိ, ဝေဒယတိ–ခံစား၏၊ ဂဏေတိ, ဂဏယတိ–ရေတွက်၏၊ ဣမေ–ဤဓာတ်တို့သည်၊ စုရာဒိဓာတဝေါ–စုရာဒိဂဏိကဓာတ်တို့တည်း။

ကမ္မရုပ်များကား – စောရီယတေ၊ စိန္တီယတေ၊ မန္တီယတေ၊ ပါလီယတေ၊ ဃာဋီယတေ၊ ဝေဒီယတေ၊ ဂဏီယတေ–တို့တည်း။

---

အာချာတ်ဂိုဏ်းရုပ်များ ပြီး၏။

http://www.dhammadownload.com



## နာမဓာတ်

**နာမဓာတ်**။ ။အာယနာမတော ကတ္တုူပမာနာဒါစာရေ၊ ဤယူပမာနာစ၊ နာမမှာတ္တိစ္ဆတ္ထေ၊ ဓာတုရူပေ နာမသ္မာ ဏာယော စ-သုတ်တို့၌ လာသော ဓာတ်တစ်မျိုးရှိသေး၏၊ နာမ်ပုဒ်နောင် ဓာတ်အနက်ကိုဟောနိုင်သော ပစ္စည်းသက်ထားပါက ထိုနာမ်ပုဒ်ကို "နာမဓာတ်"ဟုခေါ်၏၊ ပဗ္ဗတာယတိ၌ ပဗ္ဗတသည် နာမ်ပုဒ်တည်း၊ ပဗ္ဗတဟူသောနာမ်ပုဒ်နောင် အာယပစ္စည်းသက်ထား၏၊ ထိုအာယပစ္စည်းသည် "ပြုကျင့်ခြင်း"ဟူသော စရဓာတ်၏ အနက်ကိုဟော၏၊ ထို့ကြောင့် ပဗ္ဗတဟူသောနာမ်ပုဒ်သည် "ပဗ္ဗတာယ"ဟု ဓာတ်တစ်မျိုး(နာမဓာတ်)ဖြစ်သွားတော့၏၊ ထိုဓာတ်နောင် ဝိဘတ်သက်သော် "ပဗ္ဗတာယတိ"စသော နာမဓာတ်ကြိယာများ ဖြစ်လာပေသည်။ [နာမဓာတု နာမ နာမဘူတသ္မာ သတော ကြိယဝါစီပစ္စယယောဂေန ဓာတုဋ္ဌာနေ ဌိတတ္တာ။ (နိရုတ္တိဒီပနီ)]

ဓာတွတ္ထ ဝါစကေနေဝ၊ ပစ္စယေန ပယောဂတော။
နာမတ္တံ ပဇဟိတွာန၊ ဓာတုရူပေဝ တိဋ္ဌတေ။

(ပဗ္ဗတာယာဒိသဒ္ဒေါ-ပဗ္ဗတာယအစရှိသော သဒ္ဒါသည်၊) ဓာတွတ္ထဝါစကေန- ဓာတ်၏အနက်ကိုဟော တတ်သော၊ ပစ္စယေန-အာယစသောပစ္စည်းနှင့်၊ပယောဂတောဧဝ-ယှဉ်ခြင်းကြောင့် သာလျှင်၊နာမတ္တံ-နာမ်၏ အဖြစ်ကို၊ ပဇဟိတွာန-စွန့်၍၊ ဓာတုရူပေဝ-ဓာတ်၏သဘော၌သာလျှင်၊တိဋ္ဌတေ-တည် ရတော့၏။ (ဘေဒစိန္တာ၊ ၃၂၂)

**ဆောင်**။ ။နာမ်၏နောက်တွင်၊ ပစ္စည်းဝင်၊ နာမ်လျှင်မလွဲ၊ ဓာတ်ဖြစ်မြဲ။ (ရှေး)

**အာယနာမတော ကတ္တုူပမာနာဒါစာရေ**။ ။ (၁)အာစာရအနက်၊ (၂)ကတ္တားဥပမာန၊ ဤအင်္ဂါနှစ်ချက်နှင့်ညီညွတ်၍ အာယပစ္စည်းသက်က နာမဓာတ်ဖြစ်၏။

http://www.dhammadownload.com



ပဗ္ဗတာယတိ = (သံဃော ပဗ္ဗတမိဝ အတ္တာနမာစရတိ)သံဃာသည် မိမိကို တောင်သည်ကဲ့သို့ ပြုကျင့်၏။

သမုဒ္ဒါယတိ = (တဠာကံ သမုဒ္ဒမိဝ အတ္တာနမာစရတိ)တစ်ဖက်ဆည် ကန်သည် သမုဒ္ဒရာသည်ကဲ့သို့ ပြုကျင့်၏။

စိစ္စိဋာယတိ = (သဒ္ဒေါ စိစ္စိဋမိဝ အတ္တာနမာစရတိ) အသံသည် မိမိကို စစ်စစ်မြည်သကဲ့သို့ ပြု၏။

တဏှာယတိ = တဏှာသည် မွတ်သိပ်ခြင်းကဲ့သို့ ပြု၏။

ရူမာယတိ = (ဝတ္ထံ ရူမော ဝိယ အတ္တာနမာစရတိ) အခိုးသည် မိမိကို ကြာညိုရောင်ပြုသကဲ့သို့ အဝတ်သည် မိမိကို ကြာညိုရောင် ပြု၏။

ဝဒနံ ပဇ်ဓာယတေ = မြတ်စွာဘုရား၏ မျက်နှာတော်သည် ပဒုမ္မာ ကြာပန်းကဲ့သို့ နှစ်သက်စဖွယ် ဖြစ်တော်မူပါပေ၏။

**ဉျယူပမာနာ စ**။ ။(၁)အာစာရအနက်၊ (၂)ကံပုဒ်ဥပမာန၊ ဉျ အင်္ဂါနှစ်ချက်နှင့်ညီညွတ်၍ ဉျယပစ္စည်းသက်က နာမဓာတ်ဖြစ်၏။

ဆတ္တီယတိ = (ဝနကမ္မိကော အဆတ္တံ ဆတ္တမိဝ အာစရတိ) တောအမှု လုပ်သမားသည် ထီးမဟုတ်သောသစ်ရွက်ကို ထီးကိုကဲ့သို့ ပြု၏။

ပုတ္တီယတိ = (အာစရိယော အပုတ္တံ ပုတ္တမိဝ အာစရတိ)ဆရာသည် သားမဟုတ်သောတပည့်ကို သားကိုကဲ့သို့ ပြု၏။

နီလုပ္ပလဒလီယတိ = မြတ်စွာဘုရား၏ မျက်နှာတော်သည် ကြာညို ပွင့်ချပ်ကဲ့သို့ နှစ်သက်စဖွယ် ဖြစ်တော်မူပါပေ၏။

**နာမမှာတ္တိစ္ဆတ္ထေ**။ ။မိမိဖို့ အလိုရှိခြင်း(အတ္တိစ္ဆာ)အနက်၌ ဉျယ ပစ္စည်းသက်က နာမဓာတ်ဖြစ်၏။

ပတ္တီယတိ = (အတ္တနော ပတ္တမိစ္ဆတိ) မိမိဖို့ သပိတ်အလိုရှိ၏၊ဝတ္ထီယတိ– အဝတ်အလိုရှိ၏၊ပရိက္ခာရီယတိ–ပရိက္ခရာအလိုရှိ၏၊စီဝရီယတိ–သင်္ကန်းအလို ရှိ၏၊ဓနီယတိ–ဥစ္စာအလိုရှိ၏၊ဃဋီယတိ–အိုးအလိုရှိ၏၊ပဋီယတိ–ပုဆိုးအလို ရှိ၏။

http://www.dhammadownload.com



**ဓာတုရူပေ နာမသ္မာ ဏယောစ။** ။ ဓာတုယာ + ရူပံ = ဓာတုရူပံ။ ဓာတုယာ–ဓာတ်၏၊ ရူပံ–သဘောတည်း၊ ဓာတုရူပံ–ဓာတ်၏သဘော။

ဓာတ်၏သဘောဟူသည် ဓာတ်နှင့်တူ၏–ဟုဆိုလို၏၊ တူ၏–ဟူသည်လည်း ဓာတ်အစစ်မဟုတ်–ဟု သိစေ၏၊ နာမဓာတ်ကိုပင် "ဓာတုရူပ"ဟု ဆိုထားသည်၊ ဤသုတ်၌ ဏယပစ္စည်း အာရပစ္စည်း အာလပစ္စည်းများသက်က နာမဓာတ်ဖြစ်၏။ [အတိဟတ္ထယ–စသောသဒ္ဒါကို အရကောက်ရာ၌ကား "ဓာတုယာ + ရူပံ + ယဿာတိ – ဓာတုရူပေါ"ဟု ဗဟုဗ္ဗီဟိပြုပါ။]

အတိဟတ္ထယတိ = (ဟတ္ထိနာ အတိက္ကမတိ မဂ္ဂံ) လမ်းကို ဆင်ဖြင့် လွန်သွား၏။

ဥပဝီဏယတိ = (ဝီဏာယ ဥပဂါယတိ ဂီတံ) စောင်းဖြင့် သီချင်းသီဆို၏။

ဒဠှယတိ = (ဒဠှံ ကရောတိ ဝီရိယံ) ဝီရိယကို မြဲစွာပြု၏။

ပမာဏယတိ = (ပမာဏံ ကရောတိ) ပမာဏကို ပြု၏။

အမိဿယတိ = (အမိဿံ ကရောတိ) မရောနှောသည်ကို ပြု၏။

ဝိသုဒ္ဓယတိ = (ဝိသုဒ္ဓါ ဟောတိ ရတ္တိ) ညဥ့်သည် စင်ကြယ်၏။

သန္တာရတိ = (သန္တံ ကရောတိ) ငြိမ်သက်အောင် ပြု၏။

ဥပက္ကမာလတိ = (ဥပက္ကမံ ကရောတိ) လုံ့လကို ပြု၏။

ကုသလယတိ = (ကုသလံ ပုစ္ဆတိ) ကျန်းမာသူ၏အဖြစ်ကို မေး၏၊ ကျန်းမာကြောင်း မေး၏။

**နာမဓာတ် ကံ၊ ကတ္တား။** ။ အတိဟတ္ထယတိစသော နာမဓာတ်ကြိယာများသည် ကတ္တားဟောကြိယာသာမက ကံဟောကြိယာများလည်း ရှိနိုင်၏၊ ထို့ကြောင့်လည်း ဓာတုရူပ–ဟူသောအမည်ကို ရသည်၊ အောက်ပါဝါကျများကို ကြည့်ပါ။

http://www.dhammadownload.com



၁။ ပုရိသော မဂ္ဂံ အတိဟတ္ထယတိ။ (ကတ္တားဟောဝါကျ)
၂။ ပုရိသေန မဂ္ဂေါ အတိဟတ္ထယီယတေ။ (ကံဟောဝါကျ)
၁။ နဋကော ဂီတံ ဥပဝီဏယတိ။ (ကတ္တားဟောဝါကျ)
၂။ နဋကေန ဂီတံ ဥပဝီဏယီယတေ။ (ကံဟောဝါကျ)

အတ္တနာ ဝစနီယဿ၊ ကတ္တုကမ္မေဟိ ပါကဋော။
သကတ္တုကော သကမ္မောတိ၊ ဓာတုရူပေါတိ ဝုစ္စတိ။

အတ္တနာ–မိမိဟူသော အာယစသောပစ္စည်းသည်၊ ဝစနီယဿ–ဟောအပ်သောဓာတ်နက်၏၊ ကတ္တုကမ္မေဟိ–ကတ္တား ကံတို့ဖြင့်၊ သကတ္တု ကောတိ–ကတ္တားရှိ၏ဟူ၍လည်းကောင်း၊ သကမ္မောတိ–ကံရှိ၏ဟူ၍လည်းကောင်း၊ ပါကဋော–ထင်ရှား၏၊ (တသ္မာ–ထို့ကြောင့်၊ ပဗ္ဗတာယာဒိသဒ္ဒေါ–ပဗ္ဗတာယအစရှိသောသဒ္ဒါကို၊) ဓာတုရူပေါတိ–ဓာတုရူပဟူ၍၊ ဝါ–ဓာတ်၏ သဘောရှိသောသဒ္ဒါဟူ၍၊ ဝုစ္စတိ–ဆိုအပ်၏။ (ဘေဒစိန္တာ၊ ၃၂၃)

---

## မောဂ္ဂလ္လာန်လာ နာမဓာတ်များ

**၇။ အာစာရာ**။ ။(၁)အာစာရအနက်၊ (၂)အာစာရဥပမာန၊ ဤအင်္ဂါနှစ်ချက်နှင့်ညီညွတ်၍ ဤယပစ္စည်းသက်က နာမဓာတ်ဖြစ်၏။

ကုဋိယတိ = (ကုဋိယမိဝါစရတိ ပါသာဒေ ဘိက္ခု) ရဟန်းသည် ကုဋိ၌ကဲ့သို့ ပြာသာဒ်၌ ပြုကျင့်၏။

ပါသာဒီယတိ = (ပါသာဒေ ဣဝါစရတိ ကုဋိယံ ဘိက္ခု) ရဟန်းသည် ပြာသာဒ်၌ကဲ့သို့ ကုဋိ၌ ပြုကျင့်၏။

**၈။ ဿတ္ထေ**။ ။ ကတ္တားမှနောက်၌ စီပစ္စည်းအနက်၌ အာယပစ္စည်းသက်က နာမဓာတ်ဖြစ်၏။ စီပစ္စည်းအနက်ဟူသည် "အဘူတတဗ္ဘာဝေ

http://www.dhammadownload.com



ကရာသဘူယောဂေ ဝိကာရာစီ”သုတ်လာ ဘူ , အသ , ကရဓာတ်တို့သည် အထူးပြုအပ်သော အဘူတတဗ္ဘောတည်း။

အဘူတတဗ္ဘောဟူသည် ရှေးကမဖြစ်စဖူး ယခုမှထိုအဖြစ်မျိုး ဖြစ်ခြင်းတည်း။ [တာယ ဘာဝေါ တဗ္ဘာဝေါ၊ထိုအခိုက်အတန့်ဖြင့်ဖြစ်ခြင်း၊အဘူတဿ တဗ္ဘာဝေါ အဘူတတဗ္ဘာဝေါ၊ထိုအခိုက်အတန့်ဖြင့် မဖြစ်ဘူးသော အနက်၏ ထိုအခိုက်အတန့်ဖြင့် ဖြစ်ခြင်း။]

ဘုသာယတိ = (အဘုသော ဘုသော ဘဝတိ)ရှေးကမလွှန်ကဲဘဲ ယခုမှ လွန်လွန်ကဲကဲဖြစ်၏။

လောဟိတာယတိ = (အလောဟိတော လောဟိတော ဘဝတိ)ရှေးက မနီဘဲ ယခုမှ လွန်လွန်ကဲကဲ နီ၏။

ဘုသ–သဒ္ဒါနှင့် အလားတူပုဒ်များကား --

သီဃာယတိ = လျင်လျင်မြန်မြန် ဖြစ်၏။
မန္ဒာယတိ = လေးလေး နှေးနှေး ဖြစ်၏။
စပလာယတိ = လျှပ်ပေါ် လော်လီ၏။
စေတာယတိ = စေ့ဆော်၏။
ဒုမ္မနာယတိ = စိတ်မကောင်း ဖြစ်၏။
သုမနာယတိ = ကောင်းသောစိတ် ဖြစ်၏။
သြဇာယတိ = အဆီသြဇာ ရှိ၏။
တေဇာယတိ = တန်ခိုးရှိသူ ဖြစ်၏။
ပဏ္ဍိတာယတိ = ပညာရှိ ဖြစ်၏။
နီလာယတိ = ညိုညိုမဲမဲ ဖြစ်၏။
နိဒ္ဒါယတိ = အိပ်ပျော်၏၊
ဒယာယတိ = သနားကြင်နာ၏။
ကရုဏာယတိ = ကရုဏာကို ပြု၏။

http://www.dhammadownload.com



မုဒိတာယတိ = ဝမ်းမြောက်ခြင်းကို ပြု၏။
ဥပေက္ခာယတိ = လျစ်လျူရှု၏။

**၁၀။ သဒ္ဒါဒီနိ ကရောတိ။** ။အသံစသည်တို့ကို ပြု၏-ဟူသော အနက်၌ သဒ္ဒအစရှိသောနာမ်ပုဒ်နောင် အာယပစ္စည်းသက်က နာမဓာတ် ဖြစ်၏။

သဒ္ဒါယတိ-အသံကို ပြု၏၊ ဝေရာယတိ-ရန်ကို ပြု၏၊ ကလဟာယတိ-ငြင်းခုံမှုကို ပြု၏၊ ဓူပါယတိ-အခိုးကို ပြု၏။

မောဂ္ဂလ္လာန်နိဿယသစ်၌ အာဒိသဒ္ဒါဖြင့် ဝေရ , ကလဟ , ဓူပ , ဒုဒ္ဒိန , သုဒိန , မေဃစသော သဒ္ဒါဒိဂိုဏ်းတို့ကိုလည်းကောင်း၊ သုခ , ဒုက္ခ , တိတ္တ , ကပဏ , ကရုဏာ , ပတိတ , အလိကစသော သုခါဒိဂိုဏ်းသဒ္ဒါတို့ကိုလည်း ကောင်း၊ ကဋ္ဌ , မန္တ , ဂဟန , ကစ္ဆ , ကိစ္ဆဟူသော ကဋ္ဌာဒိဂိုဏ်းသဒ္ဒါတို့ကို လည်းကောင်း ယူ၏၊ ထိုတွင် သဒ္ဒါဒိတို့နောင် ကရောတျတ္ထ၌၊ သုခါဒိတို့နောင် အနုဘဝနတ္ထ၌၊ ကဋ္ဌာဒိတို့နောင် ပါပတ္ထ၌ အာယပစ္စည်းသက်-ဟုလည်း ခွဲခြား သတ်မှတ် ပြတော်မူသည်။

ဒုဒ္ဒိနာယတိ = (ဒုဒ္ဒိနံ ကရောတိ) မကောင်းသောနေ့ကို ပြု၏။
သုဒိနာယတိ = (သုဒိနံ ကရောတိ) ကောင်းသောနေ့ကို ပြု၏။
မေဃာယတိ = (မေဃံ ကရောတိ) မိုးကို ပြု၏။
ပိယာယတိ = (ပိယံ ကရောတိ) ချစ်အပ်သည်ကို ပြု၏။
ပတ္တိယာယတိ = (ပစ္စယံ သဒ္ဒဟနံ ကရောတိ) ယုံကြည်ခြင်းကိုပြု၏။
မမာယတိ = (မမ ဣဒန္တိ ကရောတိ) ငါ့ဥစ္စာဟု ပြု၏၊ ဝါ-မြတ်နိုး၏။

[သံရူပါယတိ၊ သံပရူပါယတိ၊ မေတ္တာယတိ၊ ကုက္ကုစ္စာယတိ၊ ဒေါဟဠာယတိ-စသည် နည်းတူပင်။]

သုခါယတိ = (သုခံ အနုဘဝတိ) သုခကို ခံစား၏။
ဒုက္ခာယတိ = (ဒုက္ခံ အနုဘဝတိ) ဒုက္ခကို ခံစား၏။

http://www.dhammadownload.com



တိတ္တာယတိ = (တိတ္တံ အနုဘဝတိ) ရောင့်ရဲအောင် ခံစား၏။
ကပဏာယတိ = (ကပဏံ အနုဘဝတိ) အထီးကျန်သည်ကို ခံစား၏။
ကရုဏာယတိ = (ကရုဏံ အနုဘဝတိ) ကရုဏာကို ခံစား၏။
ပတီတာယတိ = (ပတီတံ အနုဘဝတိ) ပေါ်လွင်သည်ကို ခံစား၏။
အလိကာယတိ = (အလိကံ အနုဘဝတိ) ချွတ်ယွင်းသည်ကို ခံစား၏။
ကဋ္ဌာယတိ = (ကဋ္ဌံ ကမ္မံ ကရောတိ) ခက်ခဲသောအမှုကို ပြု၏။
မန္တြာယတိ = (မဒြန္တြာယတိ) (မန္တြံ ကရောတိ) ပညာကို ပြု၏၊ မန္တာန် ကိုပြု၏။
ဂဟနာယတိ = (ဂဟနံ ကရောတိ) ရှုပ်ထွေးသည်ကို ပြု၏။
ကစ္ဆာယတိ (ကစ္ဆံ ကရောတိ) ဖွဲ့အပ်သည်ကို ပြု၏။ [ကစီယတေ ဗန္ဓီယတေတိ ကစ္ဆော။ – ဏွာဒိ။]
ကိစ္ဆာယတိ = (ကိစ္ဆံ ကရောတိ) ငြိုငြင်သည်ကို ပြု၏။

**၁၁ ။ နမော တွဿော ။** ။ နမောသဒ္ဒါမှနောက် ကရောတိအနက်၌ အဿပစ္စည်းသက်က နာမဓာတ်ဖြစ်၏။

နမဿတိ တထာဂတံ–မြတ်စွာဘုရားကို ရှိခိုး၏။ မောဂ္ဂလ္လာန်နိသျ သစ်၌– ဓာတဝေဒံ နမဿတိ၊ ယံ မနုဿာ နမဿန္တိ သဗ္ဗဓမ္မာနုပါရဂုံ၊ ဒေဝါပိ တံ နမဿန္တိ။ နမဿန္တီတိ နမော ကရောန္တိ (သုတ္တနိ၊ ဝါသေဋ္ဌသုတ္တ အဋ္ဌကထာ)။ ယင်း နမဿဓာတ်နောင် မာန , အန္တ , တုံ–ပစ္စည်းသက်လျှင် နမဿမာန , နမဿန္တ , နမဿိတုံ–ဟုပြီး၏။ နမဿမာနော သမ္ဗုဒ္ဓံ၊ နက္ခတ္တာနိ နမဿန္တာ၊ နမဿိတုံ သမဏမာဂမံ သိဝံ။ ဤပုံစံများကို ထုတ်ပြတော်မူသည်။

**၁၂ ။ သစ္စာဒီဟာပိ ။** ။ သစ္စအစရှိသောသဒ္ဒါတို့မှနောက် ဓာတ်၏ အနက်၌ အာပိပစ္စည်းသက်က နာမဓာတ်ဖြစ်၏။

http://www.dhammadownload.com



သစ္စာပေတိ = (သစ္စမာစိက္ခတိ) သစ္စာဆို၏။
အတ္ထာပေတိ = (အတ္ထမာစိက္ခတိ) အနက်ဆို၏။
ဝေဒါပေတိ = (ဝေဒမာစိက္ခတိ) ဝေဒကို ဆို၏။
သုက္ခာပေတိ = (သုက္ခံ ကရောတိ) ခြောက်သွေ့သည်ကို ပြု၏။
သုခါပေတိ = (သုခံ ဝေဒယတိ) သုခကို ခံစား၏။
ဒုက္ခာပေတိ = (ဒုက္ခံ ဝေဒယတိ) ဒုက္ခကို ခံစား၏။

---

## အနုကရဏသဒ္ဒါ

ဤပြအပ်ခဲ့ပြီးသော နာမဓာတ်ပုံစံများ၌ စိစ္စိဋာယတိ , ပဋပဋာယတိ–ဟူသောသဒ္ဒါများသည် အနုကရဏသဒ္ဒါများဖြစ်၏၊ ထိုနှင့်ပတ်သက်၍ အနုကရဏ၏အဓိပ္ပါယ်ကိုလည်းကောင်း၊ အခြားသော အနုကရဏသဒ္ဒါများကိုလည်းကောင်း သိသင့် မှတ်သားသင့်သေး၏။

အနုကရောတီတိ–အနုကရဏံ။ အနုကရောတိ–မူလပုဒ်ကို အတုပြုတတ်၏၊ ဣတိ–ထို့ကြောင့်၊ အနုကရဏံ–အနုကရဏမည်၏။ အနုကရီယတေတိ–အနုကာရိယံ၊ အတုပြုခံရသောပုဒ်သည် အနုကာရိယမည်၏။ "စစ်စစ်"ဟူသော မူလအသံသည် အတုပြုခံရသောကြောင့်"အနုကာရိယ"မည်၏။ စိစ္စိဋသဒ္ဒါသည် မူလအသံ၏ အတုဖြစ်သောကြောင့် "အနုကရဏ"မည်၏။ အောက်ပါပုံစံများလည်း အနုကရဏသဒ္ဒါများပင်ဖြစ်သည်။

၁။ ဘုက္ကာရံ ကရောန္တော၊ ဘုတ်ဘုတ် (ဝုတ်ဝုတ်) ဟု ဟောင်လျက်။
၂။ ဟုံဟုင်္ကာရဇာတိကော (ဗြာဟ္မဏော)၊ ဟုံဟုံဟုအသံပြုခြင်းသဘောရှိ၏။
၃။ စပုစပုကာရကံ၊ စပ်စပ် (ပြတ်ပြတ်) အသံပြု၍။
၄။ သုရုသုရုကာရကံ၊ ရှုရှူး ရှုရှူးအသံပြု၍။
၅။ ဓဂ္ဂစ္စ ပတတိ၊ ဓက်ဓက်အသံပြု၍ ကျ၏။
၆။ ပဋပဋာယတိ၊ ပဋ်ပဋ်မြည်၏။

http://www.dhammadownload.com



၇။ ဒေဝေါ စ ဂဋ္ဌဂဋ္ဌာယတိ၊ မိုးသည်လည်း ဂဋ္ဌုံး ဂဋ္ဌုံး အသံပြု၏၊ ဝါ–ဂျုံးဂျုံး မည်၏။

၈။ သာ ဓာတိ မိရတ္ထု၊ သာ ဓာတိ–ထိုဓာတိသည်၊ မိ–ထွီထွီပြုထိုက်သည်၊ အတ္ထု–ဖြစ်လေစွတကား။ [မိက္ကတာ အတ္ထု။ သုတ်မဟာဝါ–ဋ္ဌ၊၄၇။]

၉။ အဓပါလေန "ဟေဟေ"တိသဒ္ဒေ ကတေပိ န နိက္ခမတိ၊ ဆိတ်ကျောင်းသားက "ဟေးဟေး"ဟု အော်ပါသော်လည်း (ဆိတ်မသည်) ထွက်မသွား။ (ဓမ္မပဒ–ဋ္ဌ၊ပ၊၁၁၃)

၁၀။ သာ "ကိရိ"တိသဒ္ဒမကာသိ၊ ထိုခွက်သည် "ကျရိကျရိ"ဟူသော အသံကို ပြုပြီ။ (ဇာတက–ဋ္ဌ၊ပ၊၂၆၁)

အတိဿာတိ အတိဥပသဂ္ဂါနုကရဏမေတံ (ရူ)။ အတိဿစန္တ္တဿ သုတ်၌ "အတိဿ"သည် ဝိဘတ်သက်ထားသော အတိဥပသာရပုဒ်အတုတည်း။ တေိမာသံပုဒ်သည် ပါဠိအဋ္ဌကထာများ၌လာသော "ထိုမိန်းမတို့၏" ဟုအနက်ပေးရသည့် တောသံ, ဣမာသံပုဒ်တို့ကို အတုပြုထားသော ပုဒ်ဖြစ်၏၊ ဤ၌ ထိုကဲ့သို့ အနက်မပေးရ၊ တောသဒ္ဒါ ဣမာသဒ္ဒါတို့၏ဟု အနုကရဏ အနက်ပေးရ၏။ တဿ ဝါ၊ ယောသု ဒွိန္နံ ဒွေစ၊ တိစတုန္နံ–၊ အမှဿ မမံ သဝိဘတ္တိဿ သေ၊သ ဆဿ ဝါ–စသောသုတ်များလည်း အနုကရဏသဒ္ဒါများပင်ဖြစ်၏။ တဿာ–ထိုမိန်းမ၏ဟု အနက်မပေးရ၊ တာသဒ္ဒါ၏ဟုအနုကရဏအနက်ပေးပါ၊ ဤသို့စသည်ဖြင့်သိပါလေ။

ထို့ပြင် ဤကဲ့သို့သော အနုကရဏသဒ္ဒါအနေဖြင့် အနက်ပေးရသော ပုဒ်များကို "သဒ္ဒပဒတ္ထက"ဟုလည်းခေါ်သေး၏။ သဒ္ဒေါယေဝ ပဒတ္ထော ယဿာတိ သဒ္ဒပဒတ္ထကံ၊ သဒ္ဒါသည်သာပုဒ်၏အနက်ရှိသောပုဒ်။ ပဒုဒ္ဓါရ (ထုတ်ဆောင်အပ်သောပုဒ်)ဟုလည်း ခေါ်ကြသေး၏။ ထို့ကြောင့် စိတ္တန္တိ ဝိညာဏက္ခန္ဓော စသည်တို့၌ စိတ္တံဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို ပါဠိဖွင့်ရာ၌

http://www.dhammadownload.com



စိတ္တန္တိ သံဝဏ္ဏေတဗ္ဗပဒံ၊သဒ္ဒပဒတ္ထကံ ဝါ,ပဒုဒ္ဓါရော ဝါ–ဟု ဖွင့်လေ့ရှိကြသည်၊ စိတ္တန္တိဣဒ္ဓ ဣတိသဒ္ဒါကား ပဒတ္ထဝိပလ္လာသပုဒ်တည်း။

---

## အာချာတ်နာမ်

နာမ်ပုဒ်က ဓာတ်ဖြစ်သကဲ့သို့ အာချာတ်ပုဒ်ကလည်း နာမ်ပုဒ်ဖြစ်နိုင် ပါသေးသည်၊အာချာတ်ပုဒ်က နာမ်ဖြစ်ရာ၌ (၁)အမည်ဟောဖြစ်ခြင်း၊(၂) အခြားပုဒ်တစ်ပါးနှင့်ယှဉ်ခြင်းဟု နှစ်မျိုးရှိ၏။

(၁)မာခလိ–မာခလိဂေါသာလတက္ကဒွန်း၊ ဤ၌ မာခလိပုဒ်သည် မာ သဒ္ဒူပပဒ ခလဓာတ်,ဣဝိဘတ်၊ဩကို ဣပြု၍ မာခလိ(မချွတ်ချော်စေနှင့်)ဟု အာချာတ်ပုဒ်ဖြစ်၏၊သို့ပင် အာချာတ်ပုဒ်ဖြစ်စေကာမူ နာမ်ဝိဘတ်သက်၍ နာမည်ကိုဟောသောပုဒ်ဖြစ်သောကြောင့် နာမ်ပုဒ်ဖြစ်ရပြန်သည်၊မာခလိံ ဂေါသာလံ၊မက္ခလိနာ ဂေါသာလေန–စသည်ဖြင့် နာမ်ဂိုဏ်းစဉ်ရာ၏။

အညာသိ ကောဏ္ဍညော–အညာသိကောဏ္ဍညထေရ်၊ဤ၌ အညာသိ ဟူသော အာချာတ်ကြိယာသည် အမည်ဟောနာမ်ပုဒ်ဖြစ်၏။

ဣတိဟ အာသ , ဣတိဟ အာသ၊ဣတိ–ဤသို့၊ဣဟ–ဤလောက၌၊ အာသ–ဖြစ်ပြီတဲ့။ "သို့ဖြစ်ပြီ , သို့ဖြစ်ပြီ"ဟူသော စကားကိုစွဲမှတ်၍ ရှေး ဟောင်းစကားကျမ်းကို "ဣတိဟာသကျမ်း"ဟု အမည်သတ်မှတ်ထားကြ၏၊ ထို့ကြောင့် "လက္ခဏေ ဣတိဟာသေစ"ဟု နာမ်ပုဒ်ဖြစ်ရလေသည်။ [သညိဋ္ဌာယမာချာတံ ဘဝတိ နာမိကံ။ နီတိသုတ္တ၊၂၉၃။]

(၂)ကော မေ ဝန္ဒတိ ပါဒါနိ၊နတ္ထညော ကောစိ ဝိဇ္ဇတိ။ မေ–ငါ၏၊ ပါဒါနိ–ခြေတို့ကို၊ဝန္ဒတိ–ရှိခိုးသူကား၊ကော–အသူနည်း၊အညော–တစ်ပါး သော၊ကောစိ–တစ်စုံတစ်ခုသော ကိုးကွယ်မှီခိုရာသည်၊ဝိဇ္ဇတိ–ရှိသည်၊နတ္ထိ– မရှိ။

http://www.dhammadownload.com



ဤပုံစံတို့၌ ဝန္တတိ , ဝိဇ္ဇတိဟူသော အာချာတ်ပုဒ်တို့သည် ကောဟူသော, နတ္ထိဟူသော ပုဒ်တစ်ပါးတို့နှင့်ယှဉ်ခြင်းကြောင့် နာမ်ပုဒ်ဖြစ်ကြရ၏၊ တစ်ဝါကျတည်း၌ ကြိယာနှစ်ခုရှိ၏။

ထို့ပြင် ထိုကောမေဝန္တတိစသောပုံစံ၌ ယ , တသဒ္ဒါ (နိယတ်, အနိယတ်) ထည့်စွက်၍ နှစ်ဝါကျခွဲကာအနက်ပေးလျှင် အာချာတ်ပြန်ဖြစ်သွားပြန်၏။ ယော–အကြင်သူသည်၊ ဝန္တတိ–ရှိခိုး၏၊ သော–ထိုသူကား၊ ကော–အသူနည်း။ ယော–အကြင်မှီခိုရာသည်၊ ဝိဇ္ဇတိ–ရှိ၏၊ သော–ထိုမှီခိုရာသည်၊ နတ္ထိ–မရှိ။

သညာယ ‑ မာချာတံ နာမံ၊ ပဒန္တ ရယုတံပိ ဝါ။
မာခလိ ကော မေ ဝန္ဒတိ၊ နတ္ထသော ကောစိ ဝိဇ္ဇတိ။

သညာယံ–အမည်ကို၊ အဘိဓေယျာယံ–ဟောအပ်သည်ရှိသော်၊ အာချာတံ–အာချာတ်သည်၊ နာမံ–နာမ်ဖြစ်၏၊ ပဒန္တ ရယုတံပိဝါ–ပုဒ်တစ်ပါးနှင့်ယှဉ်စပ်လျှင်လည်း၊ နာမံ–နာမ်ဖြစ်၏။

**ဆောင်။** ။နာမ်နောင် အာချာတ်၊ သက်ဝိဘတ်၊ နာမ်ဓာတ် ဖြစ်သလို။
အာချာတ် နောက်နာမ်၊ ဝိဘတ်ရံ၊ ချာတ်နာမ် ဖြစ်သကို။
အမည် ဟောလျှင်၊ ပုဒ်တွဲယှဉ်၊ ချာတ်ပင် နာမ်ဟုဆို။
တစ်မျိုး ခွဲစပ်၊ နက်ပေးလတ်၊ အာချာတ် သူ့နဂို။ (ရှေး)

---

## ပရောပုရိသ်

သဗ္ဗေသမေကာဘိဓာနေ ပရော ပုရိသော–သုတ်အရ ပရောပုရိသ်ချပုံကိုလည်း သိသင့်၏၊ ပုရိသ်ယှက်ဟုလည်း ခေါ်၏၊ ပထမပုရိသ်, မဇ္ဈိမပုရိသ်, ဥတ္တမပုရိသ်ဟု ပုရိသ်သုံးမျိုးရှိရာ ၂ခု၃ခုတွဲနေသော် နောက်ပုရိသ်ကို အသုံးပြုရမည်။

၁။ ပထမပုရိသ်, မဇ္ဈိမပုရိသ် နှစ်ခုတွဲရာ၌ မဇ္ဈိမပုရိသ်ကိုသုံးပါ။
သောစ တွဥ္စ ဂစ္ဆသိ၊ ဂစ္ဆထ ။

http://www.dhammadownload.com



၂။ ပထမပုရိသ် ,ဥတ္တမပုရိသ် နှစ်ခုတွဲရာ၌ ဥတ္တမပုရိသ်ကို သုံးပါ။ သောစ အဟဉ္စ ဂစ္ဆာမိ၊ဂစ္ဆာမ။

၃။ မဇ္ဈိမပုရိသ်, ဥတ္တမပုရိသ် နှစ်ခုတွဲရာ၌ ဥတ္တမပုရိသ်ကို သုံးပါ။ တွဉ္စ အဟဉ္စ ဂစ္ဆာမိ၊ဂစ္ဆာမ။

၄။ ပထမပုရိသ် ,မဇ္ဈိမပုရိသ်, ဥတ္တမပုရိသ် သုံးခုလုံးတွဲရာ၌ ဥတ္တမပုရိသ်ကို သုံးပါ။ သောစ တွဉ္စ အဟဉ္စ ဂစ္ဆာမိ၊ဂစ္ဆာမ ။

ဤပုရိသ်ယှက်နှင့်ပတ်သက်၍ မူအမျိုးမျိုးတည်ပြီးလျှင် မူလီအမျိုးမျိုး သွတ်ကာ စက်လှည့်ပြကြသေး၏၊ ရနိုင်သည့်ပုရိသ်ကား လေးရာဟူ၏။ [ပုရိသ်ပရော၊ဤ၌ပြော၊မှတ်လော လေးရာတည်း ။] မည်မျှပင်များစေကာမူ ယခုပြအပ်သောလေးချက်ကို နားလည်ပါက လုံလောက်ပါပြီ။

ထို့ပြင် အာချာတ်ကြိယာများကို နားလည်ရန်အတွက် ကွစိဓာတုသုတ်လာ ကာရိယ ၅ချက်ကိုလည်း သိထားသင့်သေး၏၊ထို့ကြောင့် ဝိသုဒ္ဓါရုံကွစိဓာတု လင်္ကာကြီးကို ကျက်မှတ်ထားသင့်၏။

## ဝိသုဒ္ဓါရုံ ကွစိဓာတုလင်္ကာ

ယပစ္စယ၊နှောင်းကဒီဃာ၊ပရောက္ခာကြောင့်၊အဗ္ဘာမပဟု၊ဂမုဒီဃာ၊နာ ပစ္စယ၊သံယောဂကြောင့်၊ရဿပြုလတ်၊ဟိယျဇ္ဇတ်အာ၊ဤဥမှာကို၊ရဿာပြုရ။ နှောင်းအဇ္ဇကြောင့်၊ဂမကိုဂါ၊ဋ္ဌမှာကားဥ၊ဟိယျတ္တကို၊ထတစ်လုံးသာ၊အဇ္ဇ အာမှာ၊ဒွေဘာတ္ထပြု၊တိ မိ တု မိ၊ယေျ ယျာသိ၊ယျောမိ ယျံ၊ရှစ်တန်ပြေု၊ နှစ်ခုအန္တေ၊အန္တိရေတည်း၊ဆုံးသေ အန္တ၊ကော အ , မှတ်၊ဟိယျဇ္ဇတ်ဩ၊ပြု လော အ , ဣ၊ဗြူတိအာဟ၊နောက်တိ အ , ပြု၊အန္တိ ဥတည်း၊နှစ်ခုသြေ၊ပရောသရ၊ ကြေရမြဲမှတ်။ ဟိယျဇ္ဇတ်ပါ၊တ္ထနှင့်မှာကြောင့်၊ဥလာရဘိ၊အစရှိကို၊ကွစိ ဓာတု၊သုတ်ကြီးပြုသည်၊ငါးခု ကာရိယအစဉ်တည်း။

http://www.dhammadownload.com



ပါဠိဘာသာကို ရေးသား စီကုံးရာ၌ ကြိယာပုဒ်များကို များများအသုံးပြု နိုင်ရန်အတွက် အာချာတ်ရှစ်ဂိုဏ်းကိုမူတည်ကာ ကတ္တုရုပ် ကမ္မရုပ်များကို ထုတ်ပြခဲ့ပါပြီ၊ ဤ၌ ပါဠိရေးပုံ နည်းပေးရုံသာ ဖြစ်၍ အပြည့်အစုံ စီရင်ပုံနှင့် တကွ ထုတ်မပြနိုင်ပါ၊ သဒ္ဒါကျမ်းကိုသင်ယူပြီးသောအခါ နားလည်လာပါလိမ့် မည်၊ အခြေခံသင်ယူသူများအဖို့ ဤမျှဖြင့် သင့်တော်လောက်ပါပြီ၊ ထို့ကြောင့် အာချာတ်ကြိယာကဏ္ဍကို အဆုံးသတ်လိုက်ပါပြီ။

---

အာချာတ်ကြိယာများ ပြီး၏။

http://www.dhammadownload.com



# ကိတ်ကြိယာများ

## ကိတ်ပစ္စည်းများ

ကိတ်ကြိယာဟူသည် ဓာတ်နှင့်ပစ္စည်း တွဲစပ်ထားသည့် ပုဒ်များတည်း၊ ကိတ်ပစ္စည်းများသည် ဆိုင်ရာသာဓနအနက်များကို ဟောကြ၏၊ ထို့ကြောင့် ကိတ်ပစ္စည်းများကို ပထမသိထားသင့်သည်။

၁။ ဏ အ ဏွု တု အာဝီ က္ဂိစ၊ ရမ္မ ဏီ ရူ ဏုကာ ယု ရာ။
တဗ္ဗ အနီယ ဏျ တေယျ၊ ရိစ္စာ တေကာလိကာ မတာ။

၂။ က္လ တိ ရိရိယ တ တဝန္တု၊ တာဝီ က္လန တဝေ ခ တုံ။
တုန တွာန တွာ မာနန္တ၊ ရတ္ထု ရာတု ရိတု တုက။
က္လက ကာရ သကာလိကာ–ဋ္ဌတိံသ ကိတပစ္စယာ။

ကစ္စည်းကျမ်း ကိတ်ပိုင်းလာ ပစ္စည်းများကို ထုတ်ပြလိုက်ပါသည်၊ ကိတ်ကြိယာအနေဖြင့် သိသိသာသာအသုံးပြုသောပစ္စည်းများမှာ – တဗ္ဗ , အနီယ , ဏျ , တေယျ , ရိစ္စ , တ–ဟူ၍ ၆–ပစ္စည်းသာရှိပါသည်၊ ကျန်ပစ္စည်းဖြင့်ပြီး သော ကိတ်ပုဒ်များကိုကား အာချာတ်ကြိယာနှင့် တွဲဖက်သုံးလေ့ရှိသည်။

ကိတ်ပစ္စည်း ၃၈–လုံးတို့တွင် ဏ , အစ ရိစ္စအဆုံး ၁၇–လုံးသောပစ္စည်းတို့သည် အတိတ်စသောကာလသုံးပါးတို့၌ဖြစ်၏၊ ကျန်ပစ္စည်းများသည် မိမိတို့ဆိုင်ရာကာလ၌ဖြစ်၏၊ ကိတ်ပစ္စည်းအားလုံး လိင်သုံးပါးလုံး၌ သက်နိုင်၏။ [ ကိတကာ -ဘိဓေယျလိင်္ဂါ။]

ထို့ပြင် ဉဏာဒ်ပိုင်းလာပစ္စည်းများလည်း ရှိသေး၏၊ ယင်း ပစ္စည်းများသည်လည်း ကိတ်ပစ္စည်းများပင်ဖြစ်သည်။

၁။ က မန် ထ မ လ ယ ယာဏ၊ လာဏ ဏီ တုံ ထု တ္တိမ ဏိ မာ။
အာနိ ဏု ယု တ ဃိဏ် ဏွု တု၊ ဏ သံ န္တု မာနာန စ။

၂။ တြဏ် ဏိတ္တ တ္တိ တိ ပ ဌာစ၊ ခဒိဒ္ဒ ကိရ လာမ ဒု ။
ဤ ဝရိ ဦရ နုသဿ နုသိသ၊ ဆတာလီသ ဥဏာဒိကာ။

ဤထုတ်ပြအပ်သည့် ပစ္စည်းများနှင့် ဓာတ်ကိုတွဲစပ်သည့်အခါ ကိတ်ပုဒ် (ကြိယာ)ဖြစ်၏၊ ထို့နောင် နာမ်ဝိဘတ်သက်ရ၏၊ နာမ်ဝိဘတ်သက်ထားသောကြောင့် "ကိတ်နာမ်"ဟုခေါ်ရ၏၊ ကိတ်နာမ်ဖြစ်သောကြောင့် လိင် ဝုစ် ကာရန် အားလျော်စွာ ပုရိသ စိတ္တ ကညာ စသည်တို့ကဲ့သို့ နာမ်ပဒမာလာစဉ်ရ၏။

ဤ၌ ကြိယာအဖြစ်အသုံးများသော တဗ္ဗ အနီယ တ–ပစ္စည်းများနှင့် ဏီ တု အာဝီ မာန အန္တ တွာဒိပစ္စည်းများကိုသာ ပြပါမည်၊ ယင်းပစ္စည်းတို့တွင်လည်း လိင် ဝုစ် အနက် အားလုံးနှင့်ဆက်ဆံသော တ–ပစ္စည်းကို ရှေးဦးစွာထုတ်ပြပါမည်။

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပ | ဂတော | ဂတာ |
| အာ | ဘောဂတ၊ ဂတာ | ဘောန္တောဂတာ |
| ဒု | ဂတံ | ဂတေ |
| တ | ဂတေန | ဂတေဟိ၊ ဂတေဘိ |
| စ | ဂတဿ | ဂတာနံ |
| မိ | ဂတသ္မာ၊ ဂတမှာ၊ ဂတာ | ဂတေဟိ၊ ဂတေဘိ |
| ဆ | ဂတဿ | ဂတာနံ |
| သ | ဂတသ္မိံ၊ ဂတမှိ၊ ဂတေ | ဂတေသု |

ပုရိသော ဂတော–ယောကျာ်း သွား၏။
ပုရိသာ ဂတာ–ယောကျာ်းတို့ သွားကုန်၏။ (ပုံလိင်)
ကုလံ ဂတံ–အမျိုး သွား၏။
ကုလာနိ ဂတာနိ–အမျိုးတို့ သွားကုန်၏။ (နပုံလိင်)

http://www.dhammadownload.com



ကညာ ဂတာ–သတို့သမီး သွား၏။

ကညာယော ဂတာ–သတို့သမီးတို့ သွားကုန်၏။ (ဣတ္ထိလိင်) ဤကဲ့သို့ သဗ္ဗနာမ်ပုဒ်များနှင့် လိင်တူ ,ဝုစ်တူ တွဲစပ်ရသည်။

## ကတ္တားဟော ဝါကျ

| | | |
|---|---|---|
| ပုရိသော | (မဂ္ဂံ) | ဂတော။ |
| ပုရိသာ | ။ | ဂတာ။ |
| တွံ | ။ | ဂတော။ |
| တုမှေ | ။ | ဂတာ။ |
| အဟံ | ။ | ဂတော။ |
| မယံ | ။ | ဂတာ။ |

အာချာတ်၌ကဲ့သို့ အထက်ပါ ၆–ဝါကျကိုမူတည်ကာ မဂ္ဂံဖြင့် ၆–ဝါကျ မဂ္ဂံနေရာတွင် မဂ္ဂေ၊ တံ၊ တုမှေ၊ မံ၊ အမှေ–တို့ဖြင့် အသီးသီး ၆–ဝါကျစီ၊ ပေါင်း(၆ x ၆ =)၃၆–ဝါကျလုပ်နိုင်ပေသည်။ ထို့ပြင် တုမှ , အမှ ကတ္တားပုဒ်များက ဣတ္ထိလိင် , နပုံလိင်ကိုဟောနေပါက ဂတာ , ဂတာ၊ ဂတံ , ဂတာနိဟု လိင်အားလျော်စွာ ကိတ်ပုဒ်များကို ပြင်ရမည်။

## ကံဟော ဝါကျ

| | | |
|---|---|---|
| (ဗုဒ္ဓေန) | ဓမ္မော | ဒေသိတော။ |
| ။ | ဓမ္မာ | ဒေသိတာ။ |
| ။ | တွံ | ဒေသိတော။ |
| ။ | တုမှေ | ဒေသိတာ။ |
| ။ | အဟံ | ဒေသိတော။ |
| ။ | မယံ | ဒေသိတာ။ |

http://www.dhammadownload.com



အထက်ပါ ၆–ဝါကျကိုမူတည်ကာ ဗုဒ္ဓေနဖြင့် ၆–ဝါကျ၊ ဗုဒ္ဓေနနေရာတွင် ဗုဒ္ဓေဟိ၊တယာ၊တုမှေဟိ၊မယာ၊အမှေဟိ–တို့ဖြင့် အသီးသီး ၆–ဝါကျစီ၊ ပေါင်း ( ၆ x ၆ = ) ၃၆–ဝါကျ လုပ်နိုင်ပေသည်။

| | | |
|---|---|---|
| (ပုရိသေန) | ကမ္မံ | ကတံ။ |
| ။ | ကမ္မာနိ | ကတာနိ။ |
| ။ | တွံ | ကတံ။ |
| ။ | တုမှေ | ကတာနိ။ |
| ။ | အဟံ | ကတံ။ |
| ။ | မယံ | ကတာနိ။ |

ဤဝါကျများ၌ ကမ္မဟူသောကံပုဒ်က နပုံလိင်ဖြစ်သောကြောင့် ကတံ ကတာနိဟု နပုံလိင်ဖြင့်ထားရသည်။

ဤပြအပ်ခဲ့သောနည်းကိုမှီး၍ အောက်ပါဝါကျများကိုလည်း ၃၆–ဝါကျစီ ရအောင်လုပ်ပါ။

| | | | |
|---|---|---|---|
| ၁။ | ဘိက္ခု | ဓမ္မံ | ဉာတော။ (ကတ္တားဟော) |
| ၂။ | သပ္ပုရိသော | သာသနံ | ဥပေတော။ |
| ၃။ | ဗြာဟ္မဏော | အဂ္ဂိံ | ဟုတော။ |
| ၄။ | သမဏော | ဗြဟ္မစရိယံ | ဝုသိတော။ |
| ၅။ | ပုရိသော | မဂ္ဂံ | ဂတော။ |
| ၆။ | ဘိက္ခုနာ | ဓမ္မော | ဉာတော။ (ကံဟော) |
| ၇။ | သပ္ပုရိသေန | သာသနံ | ဥပေတံ။ |
| ၈။ | ဗြာဟ္မဏေန | အဂ္ဂိ | ဟုတော။ |
| ၉။ | သမဏေန | ဗြဟ္မစရိယံ | ဝုသိတံ။ |
| ၁၀။ | ပုရိသေန | မဂ္ဂေါ | ဂတော။ |

http://www.dhammadownload.com



| | | |
|---|---|---|
| ၁၁။ ကညာယ | ဝါစာ | ဘာသိတာ။ |
| ၁၂။ အမ္ဗာယ | မေတ္တာ | ဘာဝိတာ။ |
| ၁၃။ ပုစ္ဆကေန | ပုစ္ဆာ | ပုဋ္ဌာ။ |
| ၁၄။ ပဏ္ဍိတေန | ပညာ | ဥဂ္ဂဟိတာ။ |
| ၁၅။ ဗာလေန | တဏှာ | ဥပ္ပါဒိတာ။ |

## တဗ္ဗ၊ အနီယပစ္စည်း

အဘိဘဝိတဗ္ဗော၊ အဘိဘဝိတဗ္ဗာ၊ အဘိဘဝိတဗ္ဗံ၊ အဘိဘဝနီယံ။ – လွှမ်းမိုးအပ်၏။

ကတ္တဗ္ဗော၊ ကတ္တဗ္ဗာ၊ ကတ္တဗ္ဗံ၊ ကရဏီယံ။ – ပြုအပ်၏။

ကာတဗ္ဗော၊ ကာတဗ္ဗာ၊ ကာတဗ္ဗံ၊ ကရဏီယံ။ – ပြုအပ်၏။

ဒါတဗ္ဗော၊ ဒါတဗ္ဗာ၊ ဒါတဗ္ဗံ၊ ဒါနီယံ။ – ပေးအပ်၏။

ဂန္တဗ္ဗော၊ ဂန္တဗ္ဗာ၊ ဂန္တဗ္ဗံ၊ ဂမနီယံ။ – သွားအပ်၏။

ဝတ္တဗ္ဗော၊ ဝတ္တဗ္ဗာ၊ ဝတ္တဗ္ဗံ၊ ဝဒနီယံ။ – ပြောဆိုအပ်၏။

ဒေသိတဗ္ဗော၊ ဒေသိတဗ္ဗာ၊ ဒေသိတဗ္ဗံ၊ ဒေသနီယံ။ – ဟောအပ်၏။

ဉာတဗ္ဗော၊ ဉာတဗ္ဗာ၊ ဉာတဗ္ဗံ၊ (ဉာတေယျံ)။ – သိအပ်၏။

ဇာနိတဗ္ဗော၊ ဇာနိတဗ္ဗာ၊ ဇာနိတဗ္ဗံ၊ ဝိဇာနနီယံ။ – သိအပ်၏။

ပတ္တဗ္ဗော၊ ပတ္တဗ္ဗာ၊ ပတ္တဗ္ဗံ၊ ပဇ္ဇနီယံ။ – ရောက်အပ်၏။

ပါတဗ္ဗော၊ ပါတဗ္ဗာ၊ ပါတဗ္ဗံ၊ ပါနီယံ။ – သောက်အပ်၏။

ပူဇေတဗ္ဗော၊ ပူဇေတဗ္ဗာ၊ ပူဇေတဗ္ဗံ၊ ပူဇနီယံ။ – ပူဇော်အပ်၏။

ဘာဝေတဗ္ဗော၊ ဘာဝေတဗ္ဗာ၊ ဘာဝေတဗ္ဗံ။ – ဖြစ်စေအပ်၏၊ ပွားအပ်၏။

ဘာဝယိတဗ္ဗော၊ ဘာဝယိတဗ္ဗာ၊ ဘာဝယိတဗ္ဗံ၊ ဘာဝနီယံ။ – ဖြစ်စေအပ်၏၊ ပွားအပ်၏။

http://www.dhammadownload.com



ဘုဉ္ဇိတဗ္ဗော၊ ဘုဉ္ဇိတဗ္ဗာ၊ ဘုဉ္ဇိတဗ္ဗံ၊ ဘောဇနီယံ။ – စားအပ်၏။
ဘောတ္တဗ္ဗော၊ ဘောတ္တဗ္ဗာ၊ ဘောတ္တဗ္ဗံ။ – စားအပ်၏။
မနိတဗ္ဗော၊ မနိတဗ္ဗာ၊ မနိတဗ္ဗံ၊ မနနီယံ။ – သိအပ်၏။
ယုဉ္ဇိတဗ္ဗော၊ ယုဉ္ဇိတဗ္ဗာ၊ ယုဉ္ဇိတဗ္ဗံ၊ ယုဉ္ဇနီယံ။ – အားထုတ်အပ်၏။
ဝန္ဒိတဗ္ဗော၊ ဝန္ဒိတဗ္ဗာ၊ ဝန္ဒိတဗ္ဗံ၊ ဝန္ဒနီယံ။ – ရှိခိုးအပ်၏။
ဝိနိစ္ဆိနိတဗ္ဗော၊ ဝိနိစ္ဆိနိတဗ္ဗာ၊ ဝိနိစ္ဆိနိတဗ္ဗံ၊ ဝိနိစ္ဆိနနီယံ။ – ဆုံးဖြတ်အပ်၏။
ဝိနိစ္ဆိတဗ္ဗော၊ ဝိနိစ္ဆိတဗ္ဗာ၊ ဝိနိစ္ဆိတဗ္ဗံ၊ ဝိနိစ္ဆနီယံ။ – ဆုံးဖြတ်အပ်၏။
ဝေဒိတဗ္ဗော၊ ဝေဒိတဗ္ဗာ၊ ဝေဒိတဗ္ဗံ၊ ဝေဒနီယံ။ – သိအပ်၏။

သမာပဇ္ဇိတဗ္ဗော၊ သမာပဇ္ဇိတဗ္ဗာ၊ သမာပဇ္ဇိတဗ္ဗံ၊ သမာပဇ္ဇနီယံ။ – ရောက်အပ်၏၊ ဝင်စားအပ်၏။

အဇ္ဈာယိတဗ္ဗော၊ အဇ္ဈာယိတဗ္ဗာ၊ အဇ္ဈာယိတဗ္ဗံ၊ အဇ္ဈာယနီယံ။ – သရဇ္ဈာယ်အပ်၏။

အနုသာသိတဗ္ဗော၊ အနုသာသိတဗ္ဗာ၊ အနုသာသိတဗ္ဗံ၊ အနုသာသနီယံ။ –ဆုံးမအပ်၏။

အတိသယိတဗ္ဗော၊ အတိသယိတဗ္ဗာ၊ အတိသယိတဗ္ဗံ၊ အတိသယနီယံ။– (ပရော အတိသယိတဗ္ဗော) သူတစ်ပါးကို လွန်အောင်အိပ်ခြင်း။

(တယာ) အာသိတဗ္ဗံ၊ အာသနီယံ။–သင်သည် နေခြင်း။
(တေန) ဥပ္ပဇ္ဇိတဗ္ဗံ၊ ဥပ္ပဇ္ဇနီယံ။–ထိုသူသည် ဖြစ်ခြင်း။

တဗ္ဗပစ္စည်း အနီယပစ္စည်းတို့သည် ဘောအနက် ကံအနက်ကိုသာဟော၏၊ ကတ္တားအနက်ကို မဟော၊ (ဘာဝကမ္မေသု တဗ္ဗာနီယာ။) သို့သော် "တဗ္ဗာနီယာ" ဟူသော ဒွိစာကရဏယောဂဝိဘာဂဖြင့်ကား ကတ္တား ကရိုဏ်းစသော အခြားသာဓနအနက်တို့ကိုလည်း ဟောသေး၏။ [တဗ္ဗာနီယာတိ ယောဂဝိဘာဂေန ကတ္တုကရဏာဒိသုပိ။ (ရူ၊ ၃၄၁)]

http://www.dhammadownload.com



၁။ နိယျာတီတိ နိယျာနိကော မဂ္ဂေါ၊ ထွက်မြောက်တတ်သောကြောင့်မဂ်။
၂။ ဂစ္ဆန္တီတိ ဂမနိယာ ဘောဂါ၊ ရောက်တတ်သော စည်းစိမ်တို့။
၃။ နဟာယတိ ဧတေနာတိ နဟာနီယံ စုဏ္ဏံ၊ စင်ကြယ်ကြောင်း , ရေချိုးကြောင်း ဆပ်ပြာမှုန့်။
၄။ ဒါနီယော၊ ပေးရာဖြစ်သော ပုဏ္ဏား။ (သမ္ပဒါန်)
၅။ အာသဝါ တိဋ္ဌန္တိ ဧတေသူတိ အာသဝဋ္ဌာနီယာ ဓမ္မာ၊ အာသဝတရားတို့၏ တည်ရာတရားတို့။

---

## သာဓန ၇–ပါး

ကတ္တု ကရဏ ကမ္မ သ – မ္ပဒါနာဝ -ဓိယာဓိက ။

ရဏ ဘာဝပ္ပဘေဒေန၊ သာဓနံ သတ္တဓာ မတံ ။

ကတ္တုကရဏကမ္မသမ္ပဒါနာဝဓိယာဓိကရဏဘာဝပ္ပဘေဒေန–ကတ္တုသာဓန , ကရဏသာဓန , ကမ္မသာဓန , သမ္ပဒါနသာဓန , အပါဒါန်ဟူသော အဝဓိသာဓန , အဓိကရဏသာဓန , ဘာဝသာဓနတို့၏ အပြားအားဖြင့်၊ သာဓနံ–သာဓနကို၊ သတ္တဓာ– ၇ပါးပြား၏ဟူ၍၊ မတံ–သိအပ်၏။ (ဘေဒစိန္တာ၊ ၃၃၃)

**သာဓန** ။ ။သာဓေတီတိ သာဓနံ၊ ကြိယာကိုပြီးစေတတ်သောသတ္တိကို"သာဓန"ဟုခေါ်၏၊ (တစ်နည်း) သာဓီယတေတိ သာဓနံ၊ ကတ္တားသည်ပြီးစေအပ်သော (ကတ္တား၏ပြီးစေမှုကိုခံရသော) ကြိယာကို "သာဓန"ဟုခေါ်၏၊ ထို့ကြောင့် သတ္တိသာဓန , ကြိယာသာဓနဟူ၍ သာဓနနှစ်မျိုးရှိ၏–ဟုမှတ်ပါ။ ကတ္တုစသော သာဓန ၆–ပါးသည် သတ္တိသာဓနတည်း ၊ ဘာဝသာဓနသည် ကြိယာသာဓနတည်း၊ ထိုသာဓနဟူသည် ကိတ်ပစ္စည်းတို့၏ သတ္တိတည်း၊ ပစ္စည်းနှင့်တွဲဖက်ရသည့် ဓာတ်များသည်ကား အနက်ကို အကြောင်းပြု၍ ကာရကရူပစာရ်အားဖြင့် သာဓနအမည်ရကြလေသည်။

http://www.dhammadownload.com



**ဆောင်** ၁။ ကတ္တုကမ္မ၊ ကရဏနှင့်၊ သမ္ပဒါနာ၊ ပါဒါအဓိ၊ ဘာဝထည့်၊ မှတ်သိသာဓန – ခုနစ်ဝ။

၂။ တတ်မှာကတ္တား၊ အပ်ကား ကံသာ၊ ကြောင်းမှာ ကရဏ၊ ရာက သုံးတန်၊ သမ္ပဒါန်နှင့်၊ ပါဒါန်အဓိ၊ ခြင်းမှာရှိ၊ ဘော၏အနက် မှတ်။

၃။ သတ္တိ ကြိယာ၊ နှစ်မျိုးလာ၊ မှတ်ပါ သာဓန ။
ဘောမှာကြိ၊ ကျန်မှတ်သိ၊ သတ္တိ သာဓန ။
သတ္တိမုချ၊ သာဓနဟူ၊ ဓာတ်မှာမူ၊ ကာရကူသာဓန ။

"ပတတ်တစ်ကောင်၊ ကြောင်တစ်သင်း၊ အပ်တစ်စင်း၊ ရာသုံးခင်း၊ ခြင်း တစ်လုံး"ဟူ၍လည်း သာဓန ၇–ပါးအနက်ကို ရှေးဆရာများက တင်စား မှတ်သားတော်မူခဲ့ကြသည်။

ယင်း ကိတ်ပစ္စည်းများသည် သာဓန ၇–ပါးတို့၌ ထိုက်သည်အားလျော် စွာဖြစ်ကြသည်။

| | |
|---|---|
| ၁။ ကတ္တုသာဓန – | ပြုတတ်၏၊ ပြုပြီ။ |
| ၂။ ကမ္မသာဓန – | ပြုအပ်၏။ |
| ၃။ ကရဏသာဓန – | ပြုကြောင်း။ |
| ၄။ သမ္ပဒါနသာဓန – | ပေးရာ။ |
| ၅။ အပါဒါနသာဓန – | ဖဲခွာရာ။ |
| ၆။ အဓိကရဏသာဓန – | တည်ရာ။ |
| ၇။ ဘာဝသာဓန – | ပြုခြင်း။ |

ဤသာဓန ၇–ပါးကို မှတ်သားထားရမည်၊ သို့မှသာ ကိတ်ကြိယာတို့၏ သဘောကို နားလည်ပါလိမ့်မည်၊ ထိုသာဓန ၇–ပါးတို့တွင် ကတ္တုအစ အဓိ ကရဏအဆုံးရှိသော သာဓန ၆–ပါးတို့သည် သူ့ဆိုင်ရာပုံစံအားလျော်စွာ ထင်ရှားပါလိမ့်မည်၊ ထို့ကြောင့် ဤနေရာ၌ အတန်ငယ်မျှသာပြပါမည်။

http://www.dhammadownload.com



၁။ ကရောတီတိ ကာရကော။ (ကတ္တုသာဓန)
၂။ ဘက္ခီယတီတိ ဘတ္တံ။ (ကမ္မသာဓန)
၃။ ပစ္စတေ(ဂမျတေ) တေနာတိ ပါဒေါ။ (ကရဏသာဓန)
၄။ သမ္မာ ပဒီယတေ တဿာတိ သမ္ပဒါနံ။ (သမ္ပဒါနသာဓန)
၅။ အပဂစ္ဆတိ တသ္မာတိ အပဂမနံ။ (အပါဒါနသာဓန)
၆။ တိဋ္ဌတိ တတ္ထာတိ ဌာနံ။ (အဓိကရဏသာဓန)
၇။ ဘဝနံ ဘာဝေါ။ (ဘာဝသာဓန)

ဘာဝသာဓန၏သဘောမှာ အာချာတ်၌ပြခဲ့သည့် ဘောအနက်ပင်ဖြစ်ပါသည်၊ကတ္တား တတိယာ , ကံ ဒုတိယာဖြင့် နေရမည်၊အောက်ပါပုံစံများကိုကြည့်ပါ။

၁။ ပုရိသေန မဂ္ဂံ ဂန္တဗ္ဗံ၊ယောကျ်ားသည် လမ်းကို သွားရာ၏။
၂။ ကမ္မကာရေန ကမ္မံ ကတ္တဗ္ဗံ၊ အလုပ်သမားသည် အလုပ်ကို လုပ်ရာ၏။
၃။ တယာ ဗုဒ္ဓံ ဝန္ဒိတဗ္ဗံ၊သင်သည် ဘုရားကို ရှိခိုးရာ၏။
၄။ တုမှေဟိ စီဝရံ ဒါတဗ္ဗံ၊သင်တို့သည် သင်္ကန်းကို ပေးလှူရာ၏။
၅။ မယာ ဘောဇနံ ဘုဉ္ဇိတဗ္ဗံ၊ငါသည် ဆွမ်းကို စားရာ၏။
၆။ အမှေဟိ ဝတ္တံ ပူရေတဗ္ဗံ၊ငါတို့သည် ဝတ်ကို ဖြည့်ကျင့်ရာ၏။
၇။ ဘဝိတဗ္ဗံ ဘဝတာ ပညေန။အရှင်သည် ပညာရှိသည် ဖြစ်ရာ၏၊ ဖြစ်ထိုက်၏။

ဘာဝဿေကတ္တာ ကေဝစနမေဝ၊ဘာဝေ ကိစ္စပစ္စယန္တာ နပုံသကာ။(ရူ)
ဘောဟူသည် ကြိယာတည်း၊ပြုလုပ်သူကတ္တား မည်မျှများစေကာမူ ဖြစ်ခြင်းကြိယာမှာ တစ်ခုတည်းသာတည်း၊ထို့ကြောင့် ဘဝိတဗ္ဗဟု ကေဝုစ်သာထားရသည်၊ဘောအနက်၌ ကိစ္စပစ္စည်းအဆုံးရှိက နပုံလိင်ရှပ်နေရ၏၊စိတ္တာဒိဂိုဏ်းအတိုင်း ကေဝုစ်ချည်း ရုပ်စဉ်ရာ၏။

http://www.dhammadownload.com



ဘာဝေ တု ဘာဝသေဧကတ္တာ၊ ဧကဝစနမေဝ စ။
ဗဟုကတ္တုသုပိ ကိစ္စ – ပစ္စယန္တာ နပုံသကာ။

ဘာဝေတု–ဘော၌ကား၊ ဗဟုကတ္တုသု–များစွာသောကတ္တားတို့သည်၊ သန္တေသုပိ–ဖြစ်ပါကုန်သော်လည်း၊ ဘာဝဿ–ဘော၏၊ ဝါ–ဖြစ်ခြင်းကြိယာ၏၊ ဧကတ္တာ–တစ်ခုတည်း၏အဖြစ်ကြောင့်၊ ဧကဝစနမေဝ–ဧကဝုစ်သည်သာလျှင်၊ ဟောတိ–ဖြစ်၏၊ နစ ဗဟုဝစနံ–ဗဟုဝုစ်မဖြစ်၊ ကိစ္စပစ္စယန္တာ–ကိစ္စပစ္စည်းအဆုံးရှိသောသဒ္ဒါတို့သည်၊ နပုံသကာ–နပုံလိင်ရှိကုန်၏။ [ကံဟောဝါကျ၌ကား လိင်သုံးပါးရှိ၏။ ကမ္မေ တိလိင်္ဂါ။]

---

## ကိတ်ပစ္စည်းတို့၏ အနက်များ

ပြအပ်ခဲ့ပြီးသော တဗ္ဗ , အနီယ (ကိစ္စအမည်ရ) ပစ္စည်းတို့သည် ကမ္မသာဓန , ဘာဝသာဓနတို့ကိုဟောရာ၌ –

၁။ အရဟ – ထိုက်ခြင်းဟူသောအနက်၊
၂။ သက္က – စွမ်းနိုင်ခြင်းဟူသောအနက်၊
၃။ ယုတ္တ – သင့်လျော်၏ဟူသောအနက်၊
၄။ ပေသ – စေခိုင်းခြင်း , တိုက်တွန်းခြင်းဟူသောအနက်၊
၅။ အတိသဂ္ဂ – ခွင့်ပြုခြင်း , ပြုသင့်ပြုထိုက်သောကောင်းမှုကို သိစေခြင်းအနက်၊
၆။ ပတ္တကာလ – ရောက်လာသောအချိန်ကို ပြောပြခြင်း (အချိန်တန်ပြီဟု ပြောခြင်း) အနက်၊– ဤအနက်အထူးများကိုလည်း တပါတည်းထွန်းပြနိုင်ပေသေးသည်။

တဗ္ဗာနီယာ ပစ္စယာ စ၊ အရဟသက္ကတ္ထဒီပကာ။
ယုတ္တပေသ အတိသဂ္ဂ – ပတ္တကာလတ္ထ ဒီပကာ။

၁။ ဘောတာ ရဇ္ဇံ ကတ္တဗ္ဗံ၊ အရှင်သည် မင်းအဖြစ်ကို ပြုသင့်ပြုထိုက်၏ (အရဟတ္ထ)။ "သင့်"ဟူသောယုတ္တအနက်လည်းပါဝင်၏။

http://www.dhammadownload.com



၂။ ဘောတာ ဘာရော ဝဟိတဗ္ဗော၊ အရှင်သည် ဝန်ကို ဆောင်စွမ်းနိုင်၏ (သက္ကတ္ထ)။

၃။ ဘဝတာ ကမ္မံ ကတ္တဗ္ဗံ၊အရှင်သည် အမှုကို ပြုသင့်ပြုထိုက်၏ – (ယုတ္တတ္ထ)။ "ထိုက်"ဟူသော အရဟအနက်လည်းပါဝင်၏။

၄။ ဘဝတာ ကမ္မံ ကတ္တဗ္ဗံ၊အရှင်သည် အမှုကို ပြုရမည်၊ပြုပါလော (ပေသနတ္ထ)။

၅။ ဘဝတာ ကမ္မံ ကတ္တဗ္ဗံ၊အရှင်သည် အမှုကို ပြုတော့(အတိသဂ္ဂတ္ထ)။ ပါဏော န ဟန္တဗ္ဗော၊သတ္တဝါကို မသတ်ထိုက်(အတိသဂ္ဂတ္ထ)။

၆။ ဘဝတာ ကမ္မံ ကတ္တဗ္ဗံ၊အရှင်သည် အမှုကို ပြုချိန်တန်ပြီ (ပတ္တကာလတ္ထ)။

အောက်ပါပုံစံများကိုလည်း အနက် ၆–မျိုး စုံအောင်ပေးပါ။

၁။ ဘဝတာ ဘောဇနံ ဘောတ္တဗ္ဗံ(ဘောဇနီယံ)။

၂။ ဘဝတာ အဇ္ဈေယျံ အဇ္ဈာယိတဗ္ဗံ(အဇ္ဈာယနီယံ)။ (အဇ္ဈေယျံ–သရဇ္ဈာယ်ထိုက်သော ကျမ်းစာကို။)

၃။ တုမှေဟိ ကုသလံ ကတ္တဗ္ဗံ(ကရဏီယံ)။

၄။ တယာ ဘာဝနာ ဘာဝေတဗ္ဗာ(ဘာဝနီယာ)။

၅။ ဒါယကေန စီဝရံ ဒါတဗ္ဗံ(ဒါနီယံ)။

၆။ တယာ ဂါမော ဂန္တဗ္ဗော(ဂမနီယော)။

၇။ တုမှေဟိ အဟံ ဝန္ဒိတဗ္ဗော(ဝန္ဒနီယော)။

၈။ ဘဝန္တေဟိ မယံ ဝန္ဒိတဗ္ဗာ(ဝန္ဒနီယာ)။

၉။ မယာ ဝီရိယံ အာရဘိတဗ္ဗံ။

၁၀။ အမှေဟိ ဗုဒ္ဓါ မာနိတဗ္ဗာ(မာနနီယာ)။

http://www.dhammadownload.com



## ဏီ၊ တု၊ အာဝီပစ္စည်း

ဏီပစ္စည်း တုပစ္စည်း အာဝီပစ္စည်းတို့သည် –

၁။ တဿီလ – အလေ့အလာ ဝါသနာဟူသောအနက်၊

၂။ တဒ္ဓမ္မ – အများနှင့်သက်ဆိုင်သည့် ထုံးစံဓမ္မတာဟူသောအနက်၊

၃။ တဿာဓုကာရိတာ – ဆိုင်ရာအမှု၌ လေးလေးစားစားပြုခြင်းဟူသောအနက်၊– ဤ၃နက်တို့၌ဖြစ်၏။ ဤပစ္စည်းများသည် ကတ္တုသာဓန၌ဖြစ်၏ ။[ကတ္တရိ ဏီပစ္စယော(ရူ)။] ကာလအားဖြင့် ကာလသုံးပါးလုံး၌ဖြစ်၏။

အယံ ပိယပသံသီ၊ဤသူသည် ချစ်သူကို ချီးမွမ်းခြင်းအလေ့ရှိ၏ (တဿီလ)။ ချီးမွမ်းခြင်း ထုံးစံရှိ၏ (တဒ္ဓမ္မ)။ ချီးမွမ်းခြင်း၌ ကောင်းစွာပြုလေ့ရှိ၏ (တဿာဓုကာရိတာ)။

၁။ အယံ(ပုရိသော) ပိယပသံသီ။ (ပုံလိင်၊ဒဏ္ဍီကဲ့သို့။)

၂။ ဣဒံ(စိတ္တံ) ပိယပသံသိ။ (နပုံလိင်၊သုခကာရိ ဒါနံ ကဲ့သို့။)

၃။ အယံ(ကညာ) ပိယပသံသိနီ။ (ဣတ္ထိလိင်၊ဂဟပတာဒိဂိုဏ်း)

အောက်ပါပုံစံများကိုလည်း အနက်၃မျိုး လိင်သုံးပါးဖြင့် အနက်ပေးပါ။

၁။ ဗြဟ္မစာရီ၊ဗြဟ္မစာရိနီ၊ဗြဟ္မစာရိ။

၂။ သစ္စဝါဒီ၊သစ္စဝါဒိနီ၊သစ္စဝါဒိ။

၃။ ဓမ္မဝါဒီ၊ဓမ္မဝါဒိနီ၊ဓမ္မဝါဒိ။

၄။ သီဃယာယီ၊သီဃယာယိနီ၊သီဃယာယိ။

၅။ ပါပကာရီ၊ပါပကာရိနီ၊ပါပကာရိ။

၆။ မာလာကာရီ၊မာလာကာရိနီ၊မာလာကာရိ။

၇။ မလ္လကာရီ၊မလ္လကာရိနီ၊မလ္လကာရိ။

ဏီပစ္စည်းသည် တဿီလစသော အနက်သုံးပါးအပြင် အတ္တမာန (မိမိကို အထင်ကြီးခြင်း) အနက်၌လည်း ဖြစ်သေး၏။

http://www.dhammadownload.com



၁။ အယံ ပဏ္ဍိတမာနီ၊ဤသူသည် မိမိကို ပညာရှိပုဂ္ဂိုလ်ဟု ထင်မှတ်၏။

၂။ အယံ ဗဟုဿုတမာနီ၊ဗဟုဿုတပုဂ္ဂိုလ်ဟု ထင်မှတ်၏။

**တုပစ္စည်း**။ ။ပသယှပဝတ္တာ–လွှမ်းမိုး၍ဖြစ်လေ့ရှိသူ၊ ဗဟုဝုစ်၌ ပသယှပဝတ္တာရော(သတ္တာဒိဂိုဏ်း)။ [ပသယှ+ပ+ဝတုဓာတ်၊ တစ်နည်း ဝစဓာတ်၊ တုပစ္စည်း။]

ကတ္တာ–ပြုတတ်သူ၊ကတ္တာရော–ပြုတတ်သူတို့(ရိုးရိုးအနက်)။[ကရဓာတ်၊ တုပစ္စည်း၊သတ္တာဒိဂိုဏ်း။]

**အာဝီပစ္စည်း**။ ။ဘယဒဿာဝီ–ဘေးကိုရှုလေ့ရှိသူ၊ဘေးကို ရှုခြင်းထုံးစံရှိသူ၊ဘေးကိုရှုခြင်း၌ ကောင်းစွာပြုလေ့ရှိသူ။ ဘယဒဿာဝိနီ၊ ဘယဒဿာဝိ။ (လိင်၃ပါး)

အာဒီနဝဒဿာဝီ–အပြစ်ကိုရှုလေ့ရှိသူ၊အပြစ်ကိုရှုခြင်းထုံးစံရှိသူ၊အပြစ် ကိုရှုခြင်း၌ ကောင်းစွာပြုလေ့ရှိသူ။ (လိင်၃ပါး)

ဤပြအပ်ခဲ့ပြီးသောပုဒ်များကို နာမ်ဂိုဏ်းစဉ်နိုင်သည်အထိ လေ့လာပါ။

အောက်ပါ မြန်မာဝါကျများကို ပါဠိဝါကျစီကုံးပါ။

၁။ ကိုရင်တိဿသည် အမှန်ကို ပြောလေ့ရှိ၏။

၂။ ကိုရင်ဒတ္တတို့သည် အမှန်ကို ပြောလေ့မရှိကုန်။

၃။ သတို့သမီးတို့သည် မြတ်သောအကျင့်ကို ကျင့်လေ့ရှိကုန်၏။

၄။ ရဟန်းတို့သည် တရားကို ဟောပြောလေ့ရှိကုန်၏။

၅။ ကလေးမသည် ပန်းကိုပြုလေ့ရှိ၏(ပန်းသီကုံးလေ့ရှိ၏)။

၆။ ကလေးတို့သည် လျင်စွာ ပြေးလေ့ရှိကုန်၏။

၇။ လူမိုက်တို့သည် မကောင်းမှုကို ပြုလေ့ရှိကုန်၏။

၈။ စိတ်သည် လျင်စွာ သွားလေ့ရှိ၏။

၉။ ဘုရားသည် အမှန်ကို ဟောလေ့ရှိ၏။

၁၀။ ယောကျ်ားတို့သည် နပမ်းလုံးလေ့ရှိကုန်၏။

http://www.dhammadownload.com



## မာန၊ အန္တ ပစ္စည်း

အန္တော ကတ္တရိ၊ မာနော ဟိ၊ တမှိ ဘောကမ္မေ။
ပစ္စုပ္ပန္နေ၊ လက္ခဏော၊ ဧတေ ဟေတွတ္ထေ။
မာနသဃန္တော၊ ဣတွေသော၊ ဝုတ္တော ရူပဂန္ထေ။ (ကစ္စာနသံခိပ်)

မာနအန္တ နှစ်ပစ္စည်းတို့တွင် မာနပစ္စည်းသည် ကတ္တု , ကမ္မ , ဘာဝသာနေ သုံးပါး၌ဖြစ်၏ ၊အန္တ ပစ္စည်းသည် ကတ္တုသာနေ၌သာဖြစ်၏ ၊ယင်းနှစ်ပစ္စည်း လုံးသည် ပစ္စုပ္ပန်ကာလအနက် , လက္ခဏအနက် , ဟိတ်အနက်တို့၌ဖြစ်၏၊ ရူပသိဒ္ဓိ၌ မာနကို အန္တပြုဟုဆို၏ ၊အတ္တနောပုဒ်ကို ပရဿပုဒ်ပြန်သကဲ့သို့ တည်း။

အန္တော ကတ္တရိ မာနော တု၊ ဘာဝေ ကမ္မနိ ကတ္တရိ။
ပစ္စုပ္ပန္နေ လက္ခဏေစ၊ ဟေတွတ္ထေ စ ဘဝန္တိ တေ။

အန္တော–အန္တ ပစ္စည်းသည် ၊ကတ္တရိ–ကတ္တားအနက်၌ ၊ဘဝေ–ဖြစ်၏၊မာ နောတု–မာနပစ္စည်းသည်ကား ၊ဘာဝေ–ဘောအနက်၌လည်းကောင်း ၊ကမ္မနိ– ကံအနက်၌လည်းကောင်း ၊ကတ္တရိ–ကတ္တားအနက်၌လည်းကောင်း ၊ဘဝေ– ဖြစ်၏၊တေ–ထို မာနအန္တ ပစ္စည်းတို့သည် ၊ပစ္စုပ္ပန္နေ– ပစ္စုပ္ပန်အနက်၌လည်း ကောင်း၊ လက္ခဏေစ–ဘာဝေနဘာဝလက္ခဏအနက်၌လည်းကောင်း၊ ဟေ တွတ္ထေစ–ဟိတ်အနက်၌လည်းကောင်း ၊ဘဝန္တိ –ဖြစ်ကုန်၏ ။

**ဆောင်**။ ။ ပစ္စုပ္ပန်နက် ၊လက္ခဏဟေတု ၊သုံးခုအတ္ထ ၊သက်အပ်စွ ၊
မာန အန္တမှာ။ (ရှေး)

ဂစ္ဆမာနော , ဂစ္ဆန္တော ၊သွားလတ်သော်(လက္ခဏအနက်) ၊သွားသောကြောင့် (ဟိတ်အနက်)။

ဂစ္ဆမာနော , ဂစ္ဆန္တော ၊သွားသောယောကျ်ား ။ (ပုံလိင်)
ဂစ္ဆမာနာ , ဂစ္ဆန္တီ ၊သွားသောသတို့သမီး ။ (ဣတ္ထိလိင်)

http://www.dhammadownload.com



ဂစ္ဆမာနံ , ဂစ္ဆန္တံ ၊ သွားသောစိတ်။ (နပုံလိင်)

ဤကဲ့သို့ အနက်အားလျော်စွာလည်းကောင်း၊ လိင်အားလျော်စွာလည်းကောင်း၊ ဝုစ်အားလျော်စွာလည်းကောင်း ဖြစ်နိုင်ပုံကို သတိပြုပါ၊ အာချာတ်တုန်းက ပြအပ်ခဲ့သည့် ကြိယာပုဒ်များနောင် မာန အန္တ ပစ္စည်းများသက်၍ ပုဒ်ပြီးပုံကိုလည်း သဘောပေါက်ပါ၊ ယင်း အာချာတ်ကြိယာတို့မှ ကိတ်ကြိယာပြောင်းလွဲသွားပုံကို အတန်ငယ်ထုတ်ပြပါမည်။

၁။ ပစမာနော , ပစန္တော ၊ ပစမာနာ , ပစန္တီ ၊ ပစမာနံ , ပစန္တံ ။

၂။ လဘမာနော , လဘန္တော ၊ လဘမာနာ , လဘန္တီ ၊ လဘမာနံ , လဘန္တံ ။

၃။ ဝသမာနော , ဝသန္တော ၊ ဝသမာနာ , ဝသန္တီ ၊ ဝသမာနံ , ဝသန္တံ ။

၄။ ဝဟမာနော , ဝဟန္တော ။ (လိင်၃ပါးစုံအောင်သွားပါ)

၅။ အက္ကောသမာနော , အက္ကောသန္တော။

၆။ ဆိန္ဒမာနော , ဆိန္ဒန္တော။

၇။ ဘိန္ဒမာနော , ဘိန္ဒန္တော။

၈။ ယုဥ္ဇမာနော , ယုဥ္ဇန္တော။

၉။ ဘုဥ္ဇမာနော , ဘုဥ္ဇန္တော။

၁၀။ မုဥ္စမာနော , မုဥ္စန္တော။

၁၁။ ဥပ္ပဇ္ဇမာနော , ဥပ္ပဇ္ဇန္တော။

၁၂။ အာပဇ္ဇမာနော , အာပဇ္ဇန္တော။

၁၃။ ကုဇ္ဈမာနော , ကုဇ္ဈန္တော။

၁၄။ တုဿမာနော , တုဿန္တော။

၁၅။ ဝိဇ္ဈမာနော , ဝိဇ္ဈန္တော။

၁၆။ မညမာနော , မညန္တော။

၁၇။ သမာဒိယမာနော , သမာဒိယန္တော။

၁၈။ ပစ္စမာနော , ပစ္စန္တော။

http://www.dhammadownload.com



၁၉။ မုစ္စမာနော , မုစ္စန္တော။

၂၀။ ဆိဇ္ဇမာနော , ဆိဇ္ဇန္တော။

၂၁။ ဘိဇ္ဇမာနော , ဘိဇ္ဇန္တော။

ကျန် အာချာတ်ကြိယာများကိုလည်း ဤကဲ့သို့ ပြောင်းလွှဲတတ်ပါစေ။

## ကံဟော မာနပစ္စည်း

ပုရိသေန မဂ္ဂေါ ဂစ္ဆီယမာနော၊ယောကျ်ားသည် လမ်းကို သွားအပ်သော်။

အောက်ပါသွားဟန်ကိုကြည့်ပါ။

| | | |
|---|---|---|
| ပုရိသေန | မဂ္ဂေါ | ဂစ္ဆီယမာနော။ |
| ။ | မဂ္ဂါ | ဂစ္ဆီယမာနာ။ |
| ။ | တွံ | ဂစ္ဆီယမာနော။ |
| ။ | တုမှေ | ဂစ္ဆီယမာနာ။ |
| ။ | အဟံ | ဂစ္ဆီယမာနော။ |
| ။ | မယံ | ဂစ္ဆီယမာနာ။ |

အာချာတ်၌ကဲ့သို့ ပုရိသေနနေရာဝယ် ပုရိသေဟိ၊တယာ၊တုမှေဟိ၊မယာ၊အမှေဟိ–တို့ဖြင့် ၃၆–ဝါကျ လုပ်နိုင်ပေသည်။

**ဘာဝဟော မာနပစ္စည်း** ။ ။ပုရိသေန မဂ္ဂံ ဂစ္ဆီယမာနံ ။ ဘာဝဟောမာနပစ္စည်းကား အလွန်နည်းပါသည်၊ယုပစ္စည်းဖြင့်သာ အသုံးများ၏။

## တွာဒိ ပစ္စည်း

(တုန၊တွာန၊တွာ)

တုန , တွာန , တွာပစ္စည်းများကို "တွာဒိပစ္စည်း"ဟုခေါ်ရိုးပြုကြ၏ ၊အာချာတ်ကြိယာများကိုပင် တွာဒိပစ္စည်းဆက်၍ ပုဒ်ပြီးပုံကိုပြပါမည်။

http://www.dhammadownload.com



၁။ ဂစ္ဆတိကြိယာမှ ဂန္တွာ, ဂမိတွာ၊ ဂန္တုံ, ဂမိတုံ၊ ဂန္တွာန, ဂမိတွာန–
ဟုဖြစ်၏။
၂။ (ပစတိ) ပစိတွာ၊ ပစိတုံ၊ ပစိတွာန ။
၃။ (လဘတိ) လဘိတွာ၊ လဘိတုံ၊ လဘိတွာန ။
၄။ (ဝသတိ) ဝသိတွာ၊ ဝသိတုံ၊ ဝသိတွာန ။
၅။ (ဝဟတိ) ဝဟိတွာ၊ ဝဟိတုံ၊ ဝဟိတွာန ။
၆။ (အက္ကောသတိ) အက္ကောသိတွာ၊ အက္ကောသိတုံ၊ အက္ကောသိတွာန ။
၇။ (ဆိန္ဒတိ) ဆိန္ဒိတွာ၊ ဆိန္ဒိတုံ၊ ဆိန္ဒိတွာန ။
၈။ (ဘိန္ဒတိ) ဘိန္ဒိတွာ၊ ဘိန္ဒိတုံ၊ ဘိန္ဒိတွာန ။
၉။ (ယုဇ္ဈတိ) ယုဇ္ဈိတွာ၊ ယုဇ္ဈိတုံ၊ ယုဇ္ဈိတွာန ။
၁၀။ (မုဇ္ဈတိ) မုဇ္ဈိတွာ၊ မုဇ္ဈိတုံ၊ မုဇ္ဈိတွာန ။
၁၁။ (ဥပ္ပဇ္ဇတိ) ဥပ္ပဇ္ဇိတွာ၊ ဥပ္ပဇ္ဇိတုံ ၊ ဥပ္ပဇ္ဇိတွာန ။
၁၂။ (အာပဇ္ဇတိ) အာပဇ္ဇိတွာ၊ အာပဇ္ဇိတုံ၊ အာပဇ္ဇိတွာန ။
၁၃။ (ကုဇ္ဈတိ) ကုဇ္ဈိတွာ၊ ကုဇ္ဈိတုံ၊ ကုဇ္ဈိတွာန ။
၁၄။ (တုဿတိ) တုဿိတွာ၊ တုဿိတုံ၊ တုဿိတွာန ။
၁၅။ (ဝိဇ္ဈတိ) ဝိဇ္ဈိတွာ၊ ဝိဇ္ဈိတုံ၊ ဝိဇ္ဈိတွာန ။
၁၆။ (မညတိ) မနိတွာ၊ မနိတုံ၊ မနိတွာန ။
၁၇။ (သမာဒိယတိ) သမာဒိယိတွာ၊ သမာဒါတုံ၊ သမာဒယိတွာန ။
၁၈။ (ပစ္စတိ) ပစ္စိတွာ၊ ပစ္စိတုံ၊ ပစ္စိတွာန ။
၁၉။ (မုစ္စတိ) မုစ္စိတွာ၊ မုစ္စိတုံ၊ မုစ္စိတွာန ။
၂၀။ (ဆိဇ္ဇတိ) ဆိဇ္ဇိတွာ၊ ဆိဇ္ဇိတုံ၊ ဆိဇ္ဇိတွာန ။
၂၁။ (ဘိဇ္ဇတိ) ဘိဇ္ဇိတွာ၊ ဘိဇ္ဇိတုံ၊ ဘိဇ္ဇိတွာန ။

http://www.dhammadownload.com



## တွာဒိပစ္စည်း၏ အနက်များ

ပုဗ္ဗကာလေကကတ္တုကာနံ တုန တွာန တွာ ဝါ–သုတ်အရ ပုဗ္ဗကာလ , အပရကာလ , သမာနကာလ , လက္ခဏ , ဟိတ်အနက်၊ ဤ ၅နက်တို့၌ တုန တွာန တွာပစ္စည်းများသက်၏ ။

**ဆောင်** ၁။ ပုဗ္ဗာပရ၊ သမာနနှင့်၊ လက္ခဏဟေတု၊ ငါးခုအတ္ထ၊ သက်အပ်စွ၊ တုန တွာန တွာ ။

၂။ ကတ္တားကွဲဘိ၊ မတူရှိသော်၊ မိမိကတ္တား၊ သမ္ဗန်ထား၍၊ ဖြစ်ငြား ဟိတ်မှာ၊ သက်တို့ရာသည်၊ တွာဒိပစ္စည်း သဘောတည်း ။

၁။ သော ကမ္မံ ကာတုန ဂစ္ဆတိ၊ ထိုသူသည် အမှုကိုပြုပြီး၍ သွား၏ ။

၂။ ဒွါရံ ပိဒဟိတွာ နိက္ခမိ၊ တံခါးကို ပိတ်မည်ဖြစ်၍ ထွက်ပြီ ။

၃။ ဒဏ္ဍော ဓက္ကော စ ပတတိ၊ တုတ်သည် ဓက်ဓက်အသံပြု၍ ကျ၏ ။

၄။ သုတွာ ဓာနိဿာမ၊ ကြားနာရသော် သိကုန်အံ့ ။

၅။ ဃင်္ဃ (သပ္ပိံ) ပိတွာ ဗလံ ဘဝေ၊ ထောပတ်ကို သောက်ခြင်းကြောင့် အားဖြစ်၏ ။

ဤတွာပစ္စယန္တပုဒ်များကို ပုဗ္ဗကာလကြိယာဝိသေသန , အပရကာလ ကြိယာဝိသေသန , သမာနကာလကြိယာဝိသေသနဟု သုံးမျိုးခွဲ၍ သုံး၏၊ အထက်ပါပုံစံများကိုကြည့်ပါ ။

၁။ အမှုပြုခြင်းသည် ဂစ္ဆတိကြိယာ၏ ရှေ့ကျသောကြောင့်လည်းကောင်း၊ ဂစ္ဆတိကြိယာကို အထူးပြုသောကြောင့်လည်းကောင်း ပုဗ္ဗကာလကြိယာဝိသေ သနမည်၏ ။

**စာစပ်** ။ ။ ကာတုနကား "၍"ဟူ၍ အနက်ပေးသောကြောင့် ဂစ္ဆတိ၌ ပုဗ္ဗကာလကြိယာဝိသေသန၊ ဂစ္ဆတိကား အပရကာလကြိယာဝိသေသျ ။ (ဤသို့စာစပ်ပါ ။)

http://www.dhammadownload.com



၂။ တံခါးပိတ်ခြင်းသည် ထွက်ပြီးမှ ပိတ်ရမည်ဖြစ်ရကား နိက္ခမိကြိယာ၏ နောက်ကျသောကြောင့်လည်းကောင်း၊ နိက္ခမိကြိယာကို အထူးပြုသောကြောင့်လည်းကောင်း အပရကာလကြိယာဝိသေသနမည်၏ ။

**တစပ်**။ ။ ပိဒဟိတွာကား "၍"ဟူ၍အနက်ပေးသောကြောင့် နိက္ခမိ၌ အပရကာလကြိယာဝိသေသန၊ နိက္ခမိကား ပုဗ္ဗကာလကြိယာဝိသေသျ။

၃။ ခက်ခက်မြည်သံသည် ပတတိကြိယာနှင့် ပြိုင်တူဖြစ်သောကြောင့်လည်းကောင်း၊ ပတတိကြိယာကို အထူးပြုသောကြောင့်လည်းကောင်း သမာနကာလကြိယာဝိသေသနမည်၏ ။

**တစပ်**။ ။ ခဋက္ကတ္တကား "၍"ဟူ၍ အနက်ပေးသောကြောင့် ပတတိ၌ သမာနကာလကြိယာဝိသေသန ၊ပတတိကား သမာနကာလကြိယာဝိသေသျ ။

၄။ သုတ္တာ–ကြားရကုန်သော်၊ ဇာနိဿာမ–သိကုန်အံ့၊ "သော်"ဟုအနက်ပေးရသောကြောင့် လက္ခဏအနက်မည်၏ ။

**တစပ်**။ ။ သုတွာကား "သော်"ဟူ၍ အနက်ပေးသောကြောင့် ဇာနိဿာမ၌ လက္ခဏ၊ ဇာနိဿာမကား လက္ချ။

၅။ ဃင်္ဃ–ထောပတ်ကို၊ ပိတွာ–သောက်ခြင်းကြောင့်၊ ဗလံ–အားသည်၊ ဘဝေ–ဖြစ်၏၊ ဤကား ဟိတ်အနက်တည်း ။

ဤ၌ ပိတွာဟူသော တွာပစ္စည်း၏ကတ္တားကား သောက်တတ်သော ပုဂ္ဂိုလ်တည်း၊ ဘဝေ၏ကတ္တားကား ဗလံတည်း၊ ဤကဲ့သို့ကတ္တားကွဲသောကြောင့် တွာပစ္စည်းကို "ကြောင့်"ဟုဟေတွတ္ထအနက်ပေးရသည်၊ ထို့ပြင် "မိမိကတ္တား၊ သမ္ဗန်ထား၍"ဟူသောစကားအရ မိမိဟူသောတွာပစ္စည်း၏ကတ္တားကို "၏" ဟု သမ္ဗန်အနက်ပေးရသည်၊ ဤဝါကျ၌ ကတ္တားဖော်ပေးက "သော–ထိုသူ၏"ဟုပေးရမည် ။

http://www.dhammadownload.com



**စာစပ်။** ။ ပိတွာကား "ကြောင့်"ဟူ၍အနက်ပေးသောကြောင့် ဘဝေ၌ အကြောင်းဖြစ်သောဟိတ်၊ ဘဝေကား အကျိုးဖြစ်သောဖိုလ်။

အောက်ပါပုံစံများကိုလည်း ဆက်လက်လေ့လာပါ။

၁။ တဏ္ဍုလံ ကိဏိတွာ ပစတိ၊ ပစိတွာ ဘုဉ္ဇတိ၊ ဘုဉ္ဇိတွာ သုပတိ၊ သုပိတွာ နှာယတိ၊ နှာယိတွာ ဂစ္ဆတိ။

၂။ ဥဒရံ ပူရယိတွာ ဘုဉ္ဇတိ။ (ဝမ်းကိုပြည့်စေ၍ စား၏၊ ဝမ်းပြည့်အောင်စား၏။)

၃။ ဈာနက္ကစ္စ ပတတိ ကံသော (ဈန်ဈန် = ဂျွမ်ဂျွမ်မြည်၍)၊ မုခံ ဗျာဒါယ သုပတိ (ပါးစပ်ဟ၍ အိပ်၏)၊ အက္ခိနိ နိမ္မီလိတွာ ဟသတိ (မျက်စိမှိတ် ရယ်၏)၊ အန္ဓကာရံ နိဟန္တွာန ဥဒိတောယံ ဒိဝါကရော။

၄။ သုတွာ ဝေဒိဿာမ။

၅။ သီဟံ ဒိသွာန ဘယံ ဟောတိ၊ ဒိသွာနဿ တေဒဟောသိ၊ ဇဝနမ္ပိ အနုပ္ပဇ္ဇိတွာ ဝေါဋ္ဌဗ္ဗနမေဝ ပဝတ္တတိ၊ ပညာယ စဿ ဒိသွာ အာသဝါ ပရိက္ခီဏာ၊ ကဝါဋ္ဌော အာဝဋ္ဋိတွာ ပတ္တော ဘိန္ဒတိ။ (ရူပဒီပနီ ပိုဒ်-၂၅၅)

## တုမာဒိ ပစ္စည်း

(တုံ၊ တဝေ၊ တုယေ၊ တာယေ)

ဣစ္ဆတ္ထေသု သမာနကတ္တုကေသု တဝေ တုံ ဝါ-သုတ်အရ ဣစ္ဆာအနက်ရှိသော ဣသုဓာတ်, ကမုဓာတ်, အာ အဘိပုဗ္ဗ ကခ်အစရှိသောဓာတ်တို့နှင့် ယှဉ်ရာကြိယာပုဒ်၌ တဝေပစ္စည်း တုံပစ္စည်းသက်ရ၏၊ ကာလသုံးပါး ကတ္တုသာဓနဲ၌ဖြစ်၏။ (ဤကား ကစ္စည်းအလို။)

မောဂ္ဂလ္လာန်အလိုအားဖြင့် အနာဂတ်ကာလ ဘောအနက်၌ဖြစ်၏၊

ကာတုံ - ပြုတတ်ဖို့ရာ။ (ကစ္စည်း၊ သဒ္ဒနီတိ)

ကာတုံ - ပြုလတ္တံ့ခြင်းငှာ။ (မောဂ္ဂလ္လာန်)

http://www.dhammadownload.com



တဒတ္ထေ နာဂတေ ဘာဝေ၊ တာယေတုံတျာဒယော တယော။
စတုတ္ထိယာ တဒန္တေဟိ၊ မောဂ္ဂလ္လာနမှိ လောပတာ။

တာယေတုံတျာဒယော–တာယေပစ္စည်း တုံပစ္စည်း တဝေပစ္စည်းဟူကုန်သော၊ တယော–၃ပစ္စည်းတို့သည်၊ တဒတ္ထေ–ထိုအကြောင်းကြိယာ၏ အကျိုးဖြစ်သော၊ အနာဂတေ–အနာဂတ်ဖြစ်သော၊ ဘာဝေ–ဘောအနက်၌၊ ဟောန္တိ–ဖြစ်ကုန်၏၊ တဒန္တေဟိ–ထိုပစ္စည်းအဆုံးရှိသော သဒ္ဒါတို့မှ နောက်၌၊ စတုတ္ထိယာ–စတုတ္ထီဝိဘတ်၏၊ လောပတာ–ကျေသည်၏အဖြစ်ကို၊ မောဂ္ဂလ္လာနမှိ–မောဂ္ဂလ္လာန်ကျမ်း၌၊ ဝုတ္တာ–ဆိုအပ်ပြီ။ (ဘေဒစိန္တာ၊ ၃၇၃)

သော ပုညာနိ ကာတဝေ (ကာတုံ) ဣစ္ဆတိ။
သော သဒ္ဓမ္မံ သောတဝေ (သောတုံ) ကာမေတိ။
သော ဒါနံ ဒါတဝေ (ဒါတုံ) အာကင်္ခတိ။
သော ရိပုံ ဇေတဝေ (ဇေတုံ) အဘိကင်္ခတိ။

အရဟာသက္ကာဒီသုစ၊ ပတ္တဝစနေ အလမတ္ထေသုစသုတ်တို့အရ အရဟတ္ထ (ထိုက်ခြင်းအနက်)၊ သက္ကတ္ထ (စွမ်းနိုင်ခြင်းအနက်)၊ ပတ္တဝစန (သင့်လျော်လျောက်ပတ်၏ဟူသောအနက်)၊ အလမတ္ထ (အလံသဒ္ဒါ၏အနက်) တို့၌ တုမာဒိပစ္စည်းများသက်၏။

၁။ တွံ ရာဇာ ဘဝိတုံ အရဟသိ၊ သင် မင်းဖြစ်ထိုက်၏။
၂။ ဘဝံ ဝတ္တုံ အရဟော၊ သင် ပြောဆိုထိုက်၏ ။
၃။ ကော တံ နိန္ဒိတုမရဟတိ၊ ထိုသူ့ကို ဘယ်သူကဲ့ရဲ့ထိုက်အံ့နည်း။
၄။ သက္ကာ ဇေတုံ ဓနေန ဝါ၊ တံစိုးလက်ဆောင်ဖြင့် အောင်နိုင်ထိုက်၏။
၅။ လဒ္ဓုံ သက္ကာ၊ ရခြင်းငှာ တတ်ကောင်း၏။
၆။ ကာတုံ သက္ခိဿတိ၊ ပြုခြင်းငှာ စွမ်းနိုင်လတ္တံ့။
၇။ အလမေဝ ဒါနာနိ ဒါတုံ၊ ဒါနတို့ကို ပေးလှူခြင်းငှာ စွမ်းနိုင်သည်သာ။
၈။ အလမေဝ ပုညာနိ ကာတုံ၊ ကောင်းမှုပြုခြင်းငှာ စွမ်းနိုင်သည်သာ။

http://www.dhammadownload.com



အရဟာသက္ကာဒီသုစဌ် အာဒိသဒ္ဒါဖြင့် ဘဗ္ဗ–ထိုက်၏၊ အနုစ္ဆဝိက–လျော်ပတ်၏၊အနုရူပ– လျော်၏၊ယုတ္တ–သင့်၏၊ဝဋ္ဋတိ–သင့်၏၊ပ ဟောတိ– စွမ်းနိုင်၏၊ကပ္ပတိ–အပ်၏ ဟူသောအနက်များနှင့် အချိန်အခါအနက်ဟော ကာလ , သမယ , ဝေလာသဒ္ဒါတို့ကို ယူအပ်၏၊ယင်းသဒ္ဒါများနောင် တုမာဒိ ပစ္စည်းများ သက်နိုင်၏ ။

**ဆောင်**။ ။ ဘဗ္ဗာနုစ္ဆဝိက၊အနုရူပတည့်၊ယုတ္တဝဋ္ဋတိ၊ပဟောတိနှင့်၊ကပ္ပတိ တစ်ဝ၊ကာလ သမယာ၊ဝေလာစသား၊သဒ္ဒါများကို၊ အရဟား သက္ကာ၊သုတ်ဌ်လာသည်၊အာဒိအရ ယူကြတည်း။

၁။ ဘဗ္ဗော နိယာမံ ဩက္ကမိတုံ၊မဂ်သို့ရောက်ခြင်းငှာ ထိုက်၏။

၂။ အဘဗ္ဗော ကာတုံ၊ပြုခြင်းငှာ မထိုက်။

၃။ အနုစ္ဆဝိကော ဘဝံ ဒါနံ ပဋိဂ္ဂဟေတုံ၊အရှင်သည် အလှူကို ခံယူခြင်းငှာ လျော်လျောက်ပတ်၏။

၄။ ဣဒံ ကာတုံ အနုရူပံ၊ဤအရာကို ပြုခြင်းငှာ လျော်၏ ။

၅။ ဒါနံ ဒါတုံ ယုတ္တံ၊ဒါနကို ပေးလှူသင့်၏ ။

၆။ ဧဝံ ဝဋ္ဋတိ ဘာသိတုံ၊ဤသို့ ပြောသင့်၏ ။

၇။ ပဟောတိ စ အမ္ဗဋ္ဌော မာဏဝေါ ဘောတာ ဂေါတမေန သဒ္ဓိံ အသ္မိံ ဝစနေ ပဋိမန္တေတုံ၊ အမ္ဗဋ္ဌလုလင်သည် အရှင်ဂေါတမနှင့် တကွ ဤစကား၌ နှီးနှောပြောဆိုခြင်းငှာ စွမ်းလည်း စွမ်းနိုင်ပါ၏ ။

၈။ ဆိန္ဒိတုံ န စ ကပ္ပတိ၊ဖြတ်ခြင်းငှာ မအပ်။

၉။ ကာလော ဘုဉ္ဇိတုံ၊သမယော ဘုဉ္ဇိတုံ၊ဝေလာ ဘုဉ္ဇိတုံ ၊စားခြင်းငှာ အချိန်အခါတည်း ။

---

http://www.dhammadownload.com



## ဗဟုသုတအတွက် ပုံစံပိုများ

အနုဘဝိတုံ မနော၊ခံစားခြင်းငှာ စိတ်ရှိသူ။
ဒဋ္ဌုံ စက္ခု၊ကြည့်ခြင်းငှာ မျက်စိ။
သောတုံ သောတံ၊နားထောင်ခြင်းငှာ နား။
ဝိညာတုံ မနော၊သိခြင်းငှာ စိတ်ရှိသူ။
ကာတုံ ဟတ္ထော၊ပြုခြင်းငှာ လက်။
ဂန္တုံ ပါဒေါ၊သွားခြင်းငှာ ခြေ။
ယုဇ္ဈိတုံ ခနု၊စစ်ထိုးခြင်းငှာ လေး။
ဝတ္တုံ ဖဋ္ဌော၊ပြောဆိုခြင်းငှာ ထိုင်းမှိုင်းသူ။
ဂန္တုံ မန္ဒော၊သွားခြင်းငှာ နုံ့သူ။
ကတ္တုံ အလသော၊ပြုလုပ်ခြင်းငှာ ပျင်းသူ။

တုံပစ္စည်း တဝေပစ္စည်းများသာမက တုယေပစ္စည်း တာယေပစ္စည်း များလည်း ရှိသေး၏၊တုယေ တာယေပစ္စယန္တပုဒ်များကို ဂါထာများ၌သာ တွေ့ရ၏၊စုဏ္ဏိယများ၌ မတွေ့ရဖူးသေးပေ။

၁။ အရဟသိ နော ဉာနိတုယေ ကတာနိ၊သင့်အပေါ်မှာ ငါတို့ပြုအပ်သည့်ကျေးဇူးတို့ကို သိခြင်းငှာထိုက်၏။ (ဝိသတိ စမ္မေယျဇာတ်၊ ၃၄၀)

၂။ န သော သက္ကာ န ဟေတုယေ၊သံသရာမှ လွတ်ကြောင်းကောင်း မြတ်သောထိုအကျင့်သည် မရှိဘဲနေခြင်းငှာ မတတ်ကောင်း။ (အပဒါန် ဒု၊၃၀၇)

၃။ န သက္ကာ တေ ဂဏေတုယေ၊ထိုသာဝကတို့ကို ရေတွက်ခြင်းငှာ မတတ်ကောင်း။ (မင်္ဂလဗုဒ္ဓဝင်)

၄။ ဒက္ခိတာယေ အပရာဇိတသံဃံ၊ တစ်စုံတစ်ယောက်သောသူသည် မရှုံးစေအပ် မရှုံးစေနိုင်သော ရဟန္တာသံဃာကို ဖူးမြင်ခြင်းငှာ။ (မဟာသမယသုတ်၊၂၀၃)

http://www.dhammadownload.com



၅။ အလံ ဟိ တေ ဇဂ္ဃိတာယေ၊ ပြောင်လှောင်ပျက်ချော် သရော်ခြင်းငှာ သင့်အား မသင့်ပါ။ (ပဉ္စက၊ ကပေါတဇာတ်၊ ၃၇၀)

၆။ ကော တာဒိသံ အရဟတိ ခါဒိတာယေ၊ သင့်လိုပုဂ္ဂိုလ်ကို အဘယ်သူသည် စားခြင်းငှာ ထိုက်အံ့နည်း။(တိံသ၊ ဇယဒ္ဒိသဇာတ်၊ ၃၇၀)

ဤပြအပ်ခဲ့ပြီးသည့် တုမာဒိပစ္စယန္တ ပုဒ်များသည် နိပါတ်ပုဒ်များဖြစ်၍၊ "ကာတုံ-ပြုဘို့ရာ"ဟု သမ္ပဒါန်အနက်နှင့် ဆက်နွယ်လျက်ရှိ၍၊ ထို့ကြောင့် ယင်းပုဒ်တို့၌ စတုတ္ထီဝိဘတ်သက်ရ၏၊ ဝိဘတ်သက်မှလည်း ပုဒ်ရာဝင်သည်၊ နိပါတ်ပုဒ်များနောင် သက်သည့်ဝိဘတ်ကိုကား ချေပစ်ရမြဲတည်း။ [တဝေ တုံပစ္စယန္တာ စတုတ္ထိယာ။ (ရူ၊ ၁၃၃)]

ထို့ပြင် ဤတွာဒိ, တုမာဒိပစ္စယန္တ ပုဒ်များသည် ဝါကျဆက်ပုဒ်များ ဖြစ်၍၊ တွာဒိ, တုမာဒိပစ္စယန္တ ပုဒ်ဖြင့် ဝါကျတစ်ခုအဆုံးသတ်လေ့မရှိ၊ နောက်တွင် အဓိပ္ပါယ်တစ်ရပ်ကျန်ရှိနေသေး၏၊ အဓိပ္ပါယ်တစ်ရပ်ကို ရှင့်နေသေး၏၊ ယင်းကို ဥဿုက္ကနတ္ထဟုခါသည်။ [တုနတွာနတွာပစ္စယန္တာ ဥဿုက္ကနတ္ထေ။ ဥဿုက္ကနတ္ထောနာမ ဥဿာဟော အတ္ထော။ (နီတိသုတ္တ၊ ၃၉၂)]

အောက်ပါ ဝါကျများကို ကြည့်ပါ။

၁။ သော တံ ဒိသွာ ဝေမာဟ။

၂။ သော တံ ဒိသွာ ဝေမကာသိ။

၃။ ဒိသွာနသံ တေဒဟောသိ။

ကြိယာကဏ္ဍ ပြီး၏။

http://www.dhammadownload.com



## ၂။ နာမကဏ္ဍ

**နာမ်ဂိုဏ်း။** ။ ပါဠိဘာသာကို လေ့လာလိုက်စား ရေးသားလိုသောပုဂ္ဂိုလ်သည် ပါဠိဝေါဟာရကြွယ်ဝရန်လို၏၊ ထိုဝေါဟာရပုဒ်တို့၏ အနက်အဓိပ္ပါယ်ကို သိဖို့လို၏၊ ရုပ်ပြီးပုံကို သိဖို့လို၏၊ လိင်, ကာရန်, ဂိုဏ်းကွဲဖို့ လို၏၊ မည်သည့်ဝိဘတ်သက်က မည်သို့သောရုပ်, မည်သို့သောပုဒ်ဖြစ်၏ဟု သိဖို့လို၏၊ ထိုသို့သိရန်အတွက် နာမ်ဂိုဏ်းကို ကျေညက်အောင် လေ့လာရပေမည်၊ ငယ်ရွယ်သူဖြစ်က နှုတ်တက်ရ, ကြီးသူဖြစ်က သဘောရကျေညက်ရပေမည်။

ဤကဲ့သို့ ကျေညက်နည်းတစ်မျိုးမျိုး, သို့မဟုတ် နှစ်မျိုးလုံးဖြင့် ကျေညက်မှသာလျှင် ပါဠိဝေါဟာရကြွယ်ဝသူဖြစ်ပေလိမ့်မည်၊ ပါဠိဝေါဟာရကြွယ်ဝမှသာလျှင် မိမိစီကုံးသုံးနှုန်းလိုသောပုဒ်နှင့် အနက်အဓိပ္ပါယ်တို့ကို လွယ်ကူစွာ စီကုံးသုံးနှုန်းနိုင်ပါလိမ့်မည်၊ ငယ်ရွယ်စဉ်အခါ ဝါသနာပါပါဖြင့် စီကုံးရေးသားနိုင်မှ ကြီးသည့်အခါ ပြောင်မြောက်သည့်ဝေါဟာရ, လှပသည့် စကားလုံးတို့ဖြင့် ရေးသားစီကုံးနိုင်ပါလိမ့်မည်။

စုဏ္ဏိယ (စကားပြေ) ဝါကျဖြစ်စေ၊ ၈လုံးဖွဲ့ဂါထာ (ကဗျာ) ဖြစ်စေ၊ ၁၁လုံး ၁၂လုံး ၁၄လုံးဖွဲ့စသော ဂါထာကြီးများဖြစ်စေ၊ မည်သည့်အဖွဲ့မျိုးကိုမဆို အဆင့်မြင့်မြင့် ရေးသားနိုင်သည့်ပုဂ္ဂိုလ်များသည် ငယ်ရွယ်စဉ်သာမဏေငယ်ဘဝက ဝါသနာပါပါ ဖွဲ့ကောင်းကောင်းဖြင့် "မယံ မဂ္ဂံ ဂစ္ဆတိ" အဆင့်မှ စခဲ့ကြသောပုဂ္ဂိုလ်များဖြစ်ပါသည်၊ ထို့ကြောင့် ယခုပြမည့်နာမ်ဂိုဏ်းများကို ဝါသနာပါပါ ဖွဲ့ကောင်းကောင်းဖြင့် ကျေညက်အောင် လေ့လာကြရပေမည်။ [အခြားနာမ်ဂိုဏ်းစာအုပ်များ ရှိပြီးဖြစ်သောကြောင့် ဤကျမ်း၌ ၃–ဂိုဏ်းသာ ပြပါမည်။]

**နာမ်ဝိဘတ်။** ။ သိ ယော၊ အံ ယော၊ နာ ဟိ၊ သ နံ၊ သ္မာ ဟိ၊ သ နံ၊ သ္မိံ သု၊–ဟူသောသုတ်စဉ်အရ နာမ်ဝိဘတ် ၇သွယ်ရှိ၏၊ တစ်သွယ်

http://www.dhammadownload.com



တစ်သွယ်လျှင် ကေဝုစ်ဗဟုဝုစ် တစ်လုံးစီရှိသောကြောင့် အားလုံး ၁၄–လုံးရှိ၏၊ အာလုပ်ပါထည့်လျှင် ၁၆–လုံးရှိ၏။

| ဝိဘတ် | ကေဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပထမာ | သိ | ယော |
| ဒုတိယာ | အံ | ယော |
| တတိယာ | နာ | ဟိ |
| စတုတ္ထီ | သ | နံ |
| ပဉ္စမီ | သ္မာ | ဟိ |
| ဆဋ္ဌီ | သ | နံ |
| သတ္တမီ | သ္မိံ | သု |
| အာလုပ် | သိ | ယော |

**ဆောင်**။ ။ သည် ကား က ကို သို့ ပထမာ၊ ကိုသို့စ ဒုတိယာ မတာ။
သည်ဖြင့် အားဖြင့် သဖြင့်စေဝ၊ နှင့် ကြောင့်စ တတိယာ မတာ။
အား ငှာ အတွက် ဖို့ စတုတ္ထီ၊ မှ ကြောင့် အောက်ထက် စ ပဉ္စမီ။
၏ တွင် သည့် ကို ဆဋ္ဌီစာတီ၊ ၌ မှာ တွင် ကြောင့်စ သတ္တမီ။

**ပထမာဝိဘတ်နက်**။ ။ ပုရိသော–ယောက်ျားသည်၊ ယောက်ျားကား၊ ယောက်ျားက၊ ယောက်ျားကို၊ ယောက်ျားသို့ (ကေဝုစ်)။ ပုရိသာ–ယောက်ျားတို့သည်၊ ယောက်ျားတို့ကား၊ ယောက်ျားတို့က၊ ယောက်ျားတို့ကို၊ ယောက်ျားတို့သို့ (ဗဟုဝုစ်)။

**ဒုတိယာ**။ ။ ပုရိသံ–ယောက်ျားကို၊ ယောက်ျားသို့။ ပုရိသေ–ယောက်ျားတို့ကို၊ ယောက်ျားတို့သို့။

**တတိယာ**။ ။ ပုရိသေန–ယောက်ျားသည်၊ ယောက်ျားဖြင့်၊ ယောက်ျားအားဖြင့်၊ ယောက်ျားသဖြင့်၊ ယောက်ျားနှင့်၊ ယောက်ျားကြောင့်။ ပုရိ

http://www.dhammadownload.com



သေဟိ–ယောက်ျားတို့သည်၊ တို့ဖြင့်၊ တို့အားဖြင့်၊ တို့သဖြင့်၊ တို့နှင့်၊ တို့ကြောင့်။

**စတုတ္ထီ**။ ။ပုရိသဿ–ယောက်ျားအား၊ယောက်ျားငှာ၊ယောက်ျားအတွက်၊ယောက်ျားဖို့။ ပုရိသာနံ–ယောက်ျားတို့အား၊တို့ငှာ၊တို့အတွက်၊တို့အဖို့။

**ပဉ္စမီ**။ ။ပုရိသသ္မာ–ယောက်ျားမှ၊ယောက်ျားကြောင့်၊ယောက်ျားအောက်၊ယောက်ျားထက်။ ပုရိသေဟိ–ယောက်ျားတို့မှ၊တို့ကြောင့်၊ တို့အောက်၊တို့ထက်။

**ဆဋ္ဌီ**။ ။ပုရိသဿ–ယောက်ျား၏၊ယောက်ျားတွင်၊ယောက်ျားသည်၊ယောက်ျားကို။ ပုရိသာနံ–ယောက်ျားတို့၏၊တို့တွင်၊တို့သည်၊တို့ကို။

**သတ္တမီ**။ ။ပုရိသသ္မိံ–ယောက်ျား၌၊ယောက်ျားမှာ၊ယောက်ျားတွင်၊ယောက်ျားကြောင့်။ ပုရိသေသု–ယောက်ျားတို့၌၊တို့မှာ၊တို့တွင်၊တို့ကြောင့်။

**အာလုပ်**။ ။ဘောပုရိသ–အိုယောက်ျား(ဧကဝုစ်)၊ ဘောန္တော ပုရိသာ–အိုယောက်ျားတို့(ဗဟုဝုစ်)။

ဤအနက်ပေးနည်းဖြင့် ပုရိသ, စိတ္တ, ကညာ ၃ဂိုဏ်းလာပုဒ်တို့ကို ခေါ်၍ ဝိဘတ်စဉ်အတိုင်း အနက်ပေးပါ၊သွက်လက်သည့်အထိ လေ့ကျင့်ပါ။

http://www.dhammadownload.com



## ၁။ ပုရိသာဒိဂိုဏ်း (ပုံလိင်)

**ဆောင်။** ။ မနောဂိုဏ်းစု၊ ပုစိတ် ကညာ၊ ဂု ဂစ္ဆာနှင့်၊ ပုမာရာဇ၊ သတ္ထ ရတ္တာ၊ နဒါ ဂဟံ၊ သဗ္ဗနာမ်၊ မှတ်ရန် တစ်ဆယ့်သုံး။

တည်သောအခါ "ပုရိသ"ဟု အကာရန္တဖြင့်တည်ပြီးလျှင် သောဟူသော သုတ်ဖြင့် သိဝိဘတ်ကို ဩပြု၍ ပြီးသောအခါ "ပုရိသော"ဟု ဩကာရန္တဖြင့် ပြီးကောင်းသောပုဒ်အပေါင်းသည် ပုရိသာဒိဂိုဏ်းမည်၏၊ ဤပုရိသာဒိဂိုဏ်း သည် ပုံလိင်သာတည်း၊ ရုပ်စဉ်ဟန်ကား —

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပ | ပုရိသော | ပုရိသာ |
| အာ | ဘောပုရိသ၊ ပုရိသာ | ဘောန္တော ပုရိသာ |
| ဒု | ပုရိသံ | ပုရိသေ |
| တ | ပုရိသေန | ပုရိသေဟိ၊ ပုရိသေဘိ |
| စ | ပုရိသဿ | ပုရိသာနံ |
| ပဉ္စ | ပုရိသသ္မာ၊ ပုရိသမှာ၊ ပုရိသာ | ပုရိသေဟိ၊ ပုရိသေဘိ |
| ဆ | ပုရိသဿ | ပုရိသာနံ |
| သ | ပုရိသသ္မိံ၊ ပုရိသမှိ၊ ပုရိသေ | ပုရိသေသု |

### ဂိုဏ်းဝင်ပုဒ်များ

၁။ ဇဝံ သုရာ-သုရ နရော-ရဂ နာဂ ယက္ခာ၊
ဂန္ဓဗ္ဗ ကိန္နရ မနုဿ ပိသာစ ပေတာ။
မာတင်္ဂ ဇင်္ဂမ တုရင်္ဂ ဝရာဟ သီဟာ၊
ဗျဂ္ဃ-စ္ဆ ကစ္ဆပ တရစ္ဆ မိဂ-ဿ သောဏာ။

သုရ—နတ်၊ အသုရ—အသုရာ၊ နရ—လူ၊ ဥရဂ—မြွေ၊ နာဂ—နဂါး, ဆင်, ကံ့ကော်ပင်၊ ယက္ခ—ဘီလူး၊ ဂန္ဓဗ္ဗ—ဂန္ဓဗ္ဗနတ်, စောင်းသမား, အမိဝမ်းတိုက်

http://www.dhammadownload.com



သို့ရောက်ထိုက်သောသတ္တဝါ၊ကိန္နရ-ကိန္နရာ၊မနုဿ-လူ၊ပိသာစ-မြေဘုတ်တစ္ဆေ(တသေ)၊ပေတ-ပြိတ္တာ၊မာတင်္ဂ-ဆင်၊ဇင်္ဂမ-သံသရာ၌လှည့်လည်သောသတ္တဝါ၊တုရင်္ဂ-မြင်း၊ဝရာဟ-ဝက်၊သီဟ-ခြင်္သေ့၊ဗျဂ္ဃ-ကျား၊အစ္ဆ-ဝံ၊ကစ္ဆပ-လိပ်၊တရစ္ဆ-အောင်း၊မိဂ-သမင်,သားကောင်၊အဿ-မြင်း၊သောဏ-ခွေး ။

၂။ အာလောက လောက နိလယာ-နိလ စာဂ ယောဂါ၊
ဝါယာမ ဂါမ နိဂမာ-ဂမ ဓမ္မ ကာမာ။
သံဃော-ဃ ဃောသ ပဋိဃာ-သဝ ကောဓ လောဘာ၊
သာရမ္ဘ ထမ္ဘ မဒ မာန ပမာဒ မက္ခာ။

အာလောက-အလင်းရောင်၊လောက-လောက၊နိလယ-နေအိမ်၊အနိလ-လေ၊စာဂ-စွန့်ကြဲခြင်း၊ယောဂ-ယှဉ်ခြင်း,အားထုတ်ခြင်း၊ဝါယာမ-လုံ့လ၊ဂါမ-ရွာ၊နိဂမ-နိဂုံး၊အာဂမ-အာဂုံ(ပရိယတ်၊ပိဋကတ်)၊ဓမ္မ-တရား၊ကာမ-အလို၊သံဃ-သံဃာ,အပေါင်း၊ဩဃ-ရေအလျဉ်၊ဃောသ-ကြွေးကြော်သံ၊ပဋိဃ-ဒေါသ၊အာသဝ-အာသဝေါတရား၊ကောဓ-အမျက်၊လောဘ-လိုချင်မှု၊သာရမ္ဘ-ချုပ်ချယ်စော်ကားခြင်း၊ထမ္ဘ-ခက်ထန်ခြင်း,အိမ်တို့၏ထောက်တိုင်၊မဒ-မာန်ယစ်ခြင်း၊မာန-မောက်မော်ခြင်း၊ပမာဒ-မေ့လျော့ခြင်း၊မက္ခ-သူ၏ကျေးဇူးကို ချေဖျက်ခြင်း(ကျေးဇူးကန်းခြင်း)။

၃။ ပုန္နာဂ ပူဂ ပနသာ-သန စမ္ပက-မ္ဗာ၊
ဟိန္တာလ တာလ ဗကုလ-ဇ္ဇုန ကိံသုကာ စ။
မန္ဒာရ ကုန္ဒ ပုစိမန္ဒ ကရဉ္ဇ ရုက္ခာ၊
ဥဇ္ဇုမ္ဗရ မယူရ သကုဏ-ဏ္ဍဇ ကောဉ္စ ဟံသာ-ဠ္ဠဇာဒယောပိ။

ပုန္နာဂ-ပုန်းညက်ပင်၊ ပူဂ-ကွမ်းသီးပင်၊ပနသ-ပိန္နဲပင်၊အသန-ပိတောက်ပင်၊စမ္ပက-စကားပင်၊ အမ္ဗ-သရက်ပင်၊ ဟိန္တာလ-ဓနိန်းပင်၊(မင်းဘောပင်)၊တာလ-ထန်းပင်၊ဗကုလ-ခရားပင်၊အဇ္ဇုန-ဖောက်ကြံ့ပင်(ထောက်ကြံ့ပင်)၊

http://www.dhammadownload.com



ကိံသုက–ပေါက်ပင်၊မန္ဒာရ–နတ်သစ်ပင်(ထင်ရှားပင်)၊ကုန္ဒ–သင်းခွေပင်၊ပုစိမန္ဒ–တမာပင်၊ကရဉ္ဇ–သင်းဝင်ပင်၊ရုက္ခ–သစ်ပင်၊မယူရ–ဥဒေါင်း၊သကုဏ–ငှက်၊အဏ္ဍဇ–ငှက်၊ကောဉ္စ–ကြိုးကြာ၊ဟံသ–ဟသ်ာ(ငန်း၊ဝမ်းဘဲ)၊

ဣစ္စာဒယော–ဤသို့အစရှိသော အကာရန္တသဒ္ဒါတို့ကိုလည်း၊ဧဝံ–ဤပုရိသသဒ္ဒါနှင့်အတူ၊ဉေယျာ–သိထိုက်ကုန်၏။

---

## ၂။ စိတ္တာဒိဂိုဏ်း (နပုံလိင်)

တည်သောအခါ "စိတ္တ"ဟု အကာရန္တဖြင့်တည်ပြီးလျှင် သိံဟူသော သုတ်ဖြင့် သိဝိဘတ်ကိုအံပြု၍ ပြီးသောအခါ "စိတ္တံ"ဟု နိဂ္ဂဟီတန္တဖြင့် ပြီးကောင်းသောပုဒ်အပေါင်းသည် စိတ္တာဒိဂိုဏ်းမည်၏၊ ဤစိတ္တာဒိဂိုဏ်းသည် နပုံလိင်တည်း၊ရုပ်စဉ်ဟန်ကား–

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပ | စိတ္တံ | စိတ္တာ၊စိတ္တာနိ |
| အာ | ဘော စိတ္တ၊စိတ္တာ | ဘောန္တာနိ စိတ္တာ၊စိတ္တာနိ |
| ဒု | စိတ္တံ | စိတ္တေ၊စိတ္တာနိ |
| တ | စိတ္တေန | စိတ္တေဟိ၊စိတ္တေဘိ |
| စ | စိတ္တဿ | စိတ္တာနံ |
| ပီ | စိတ္တသ္မာ၊စိတ္တမှာ၊စိတ္တာ | စိတ္တေဟိ၊စိတ္တေဘိ |
| ဆ | စိတ္တဿ | စိတ္တာနံ |
| သ | စိတ္တသ္မိံ၊စိတ္တမှိ၊စိတ္တေ | စိတ္တေသု |

### ဂိုဏ်းဝင်ပုဒ်များ

၁။ ပုည ပါပ ဖလ ရူပ သာဓနံ၊

သောတ ဃာန သုခ ဒုက္ခ ကာရဏံ။

http://www.dhammadownload.com



ဒါန သီလ ခန ဈာန လောစနံ၊
မူလ ကူလ ဗလ ဇာလ မင်္ဂလံ။

ပုညံ–ကောင်းမှု၊ ပါပံ–မကောင်းမှု၊ ဖလံ–သစ်သီး၊ ရူပံ–ရုပ်၊ သာခနံ–သာခနေ့ဂုပါး၊ သောတံ–နား, ရေအလျဉ်၊ ယာနံ–နှာခေါင်း၊ သုခံ–ချမ်းသာ၊ ဒုက္ခံ–ဆင်းရဲ၊ ကာရဏံ–အကြောင်း၊ ဒါနံ–ဒါန၊ သီလံ–သီလ၊ ခနံ–ဥစ္စာ၊ ဈာနံ–ဈာန် သမာဓိ၊ လောစနံ–မျက်လုံး၊ မူလံ–အမြစ်၊ ကူလံ–ကမ်း၊ ဗလံ–အား, အစွမ်း, စစ်သည်ဗိုလ်ပါ, အာဏာ၊ ဇာလံ–ပိုက်ကွန်၊ မင်္ဂလံ–မင်္ဂလာ။ (ရထောဒ္ဓတာဂါထာ)

၂။ နဠိန လိင်္ဂ မုခင်္ဂ ဇလ-မ္ဗုဇံ၊
ပုလိန ခေည ဟိရည ပဒါ-မတံ။
ပဒုမ ပဏ္ဏ သုသာန ဝနာ-ယုခံ၊
ဟဒယ စီဝရ ဝတ္ထ ကုလိ-န္ဒြိယံ။

နဠိနံ–ပဒုမ္မာကြာ၊ လိင်္ဂံ–အသွင်၊ မုခံ–မျက်နှာ, ခံတွင်း၊ အင်္ဂံ–လက်ခြေစသောအင်္ဂါ၊ ဇလံ–ရေ၊ အမ္ဗုဇံ– ကြာ၊ ပုလိနံ–သဲ၊ ခေည်–စပါး၊ ဟိရညံ–ရွှေ၊ ပဒံ–ပုဒ်, နိဗ္ဗာန်, ခြေ, ခြေရာ၊ အမတံ–အမြိုက်၊ ပဒုမံ–ကြာ၊ ပဏ္ဏံ–သစ်ရွက်, စာလွှာ၊ သုသာနံ–သုသာန်၊ ဝနံ–တော၊ အာယုခံ–လက်နက်၊ ဟဒယံ–စိတ်, နှလုံး၊ စီဝရံ–သင်္ကန်း၊ ဝတ္ထံ–အဝတ်၊ ကုလံ–အမျိုး၊ ဣန္ဒြိယံ–ဣန္ဒြေ။ (ဒုတဝိလမ္ဗိတာဂါထာ)

---

## ၃။ ကညာဒိဂိုဏ်း (ဣတ္ထိလိင်)

ဣတ္ထိယမတော အာပစ္စယောသုတ်ဖြင့် အာပစ္စည်းသက်၍လည်းကောင်း၊ ဇျတ္တတော ဘာဝေတုသုတ်ဖြင့် တာပစ္စည်းသက်၍လည်းကောင်း ပြီးကောင်းသောပုဒ်အပေါင်းသည် ကညာဒိဂိုဏ်းမည်၏၊ ဤကညာဒိဂိုဏ်းသည် ဣတ္ထိလိင်သာတည်း၊ ရုပ်စဉ်ဟန်ကား –

http://www.dhammadownload.com



| ဝိဘတ် | ကေဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပ | ကညာ | ကညာ၊ ကညာယော |
| အာ | ဘောတိ ကညေ | ဘောတိယောကညာ၊ ကညာယော |
| ဒု | ကညံ | ကညာ၊ ကညာယော |
| တ | ကညာယ | ကညာဟိ၊ ကညာဘိ |
| စ | ကညာယ | ကညာနံ |
| မိ | ကညာယ | ကညာဟိ၊ ကညာဘိ |
| ဆ | ကညာယ | ကညာနံ |
| သ | ကညာယ၊ ကညာယံ | ကညာသု |

## ဂိုဏ်းဝင်ပုဒ်များ

၁။ သဒ္ဓါ မေဓာ ပညာ ဝိဇ္ဇာ၊ စိန္တာ မန္တာ ဝီဏာ တဏှာ။
ဣစ္ဆာ မုစ္ဆာ ဧဇာ မာယာ၊ မေတ္တာ မတ္တာ သိက္ခာ ဘိက္ခာ။

သဒ္ဓါ–ယုံကြည်ခြင်း(သဒ္ဓါစေတသိက်)၊ မေဓာ–ပင်ကိုယ်ဉာဏ်၊ ပညာ–သုတမယစသောဉာဏ်၊ ဝိဇ္ဇာ–အဘိညာဉ်စသောဉာဏ်၊ စိန္တာ–ကြံစည်ခြင်း၊ မန္တာ–အတိုင်အပင်, အသိဉာဏ်၊ ဝီဏာ–စောင်း၊ တဏှာ–တပ်မက်ခြင်း၊ ဣစ္ဆာ–လိုချင်ခြင်း၊ မုစ္ဆာ–တွေဝေခြင်း၊ ဧဇာ–တုန်လှုပ်တတ်သောတဏှာ၊ မာယာ–(မိမိအပြစ်ကိုကာကွယ်တတ်သော)ဟန်ဆောင်မှု၊ မေတ္တာ–ချစ်ခြင်း၊ မတ္တာ–အတိုင်းအရှည်၊ သိက္ခာ–အကျင့်သိက္ခာ၊ ဘိက္ခာ–ထမင်း(တောင်းစားအပ်သော အာဟာရ)။ (ဝိဓူမ္မာလာဂါထာ)

၂။ ဇင်္ဃာ ဂီဝါ ဇိဝှာ ဝါစာ၊ ဆာယာ အာသာ ဂင်္ဂါ နာဝါ။
ဂါထာ သေနာ လေခါ သာလာ၊ မာလာ ဝေလာ ပူဇာ ခိဍ္ဍာ။

ဇင်္ဃာ–ခြေသလုံး(မြင်းခေါင်း)၊ ဂီဝါ–လည်ပင်း၊ ဇိဝှာ–လျှာ၊ ဝါစာ–စကား၊ ဆာယာ–အရိပ်၊ အာသာ–အလို၊ ဂင်္ဂါ–ဂင်္ဂါမြစ်၊ နာဝါ–လှေ၊ ဂါထာ–

http://www.dhammadownload.com



ဂါထာ၊သေနာ–စစ်တပ်၊လေခါ–အရေးအသား(ရေးအပ်သောစာ)၊သာလာ–ဇရပ်၊မာလာ–ပန်းကုံး,အစဉ်အတန်း၊ဝေလာ–အချိန်,အပိုင်းအခြား၊ပူဇာ–ပူဇော်ခြင်း၊ခိဍ္ဍာ–မြူးတူးပျော်ပါးကစားမှု။ (ဝိဓုမ္မာလာဂါထာ)

၃။ ပိပါသာ ဝေဒနာ သညာ၊စေတနာ တသိဏှာ ပဇာ။
ဒေဝတာ ဝဋ္ဋကာ ဂေါဓာ၊ဗလာကာ ပရိသာ သဘာ။

ပိပါသာ–ရေသောက်လိုခြင်း(ရေငတ်ခြင်း)၊ဝေဒနာ–ခံစားခြင်း၊သညာ–မှတ်သားခြင်း၊စေတနာ–စေ့ဆော်ခြင်း၊တသိဏှာ–တပ်မက်ခြင်း၊ပဇာ–သတ္တဝါ၊ဒေဝတာ–နတ်၊ဝဋ္ဋကာ–ငုံး၊ဂေါဓာ–ဖွတ်၊ဗလာကာ–ဗျိုင်းအောက်၊ပရိသာ–ပရိသတ်၊သဘာ–ရုံး,ပွဲ,ဈေး,အစည်းအဝေး။

၄။ ဉီကာ သေဖာလိကာ လင်္ကာ၊သလာကာ ဝါလိကာ သိခါ။
ဝိသာခါ ဝိသိခါ သာခါ၊ဝစာ ဝဥ္ဈာ ဇင္ဃာ ဃင္ဃာ။

ဉီကာ–သန်း၊သေဖာလိကာ–ဆိတ်ဖလူး၊လင်္ကာ–သီဟိုဠ်ကျွန်း,လင်းယဉ်တိုင်၊သလာကာ–ဝါးခြမ်း၊ဝါလိကာ–သဲ၊သိခါ–အမောက်,ဦးစွန်း၊ဝိသာခါ–ဝိသာခါနက္ခတ်,ဝိသာခါကျောင်းအမ၊ဝိသိခါ–လမ်း၊သာခါ–သစ်ခက်၊ဝစာ–လင်းလေ၊ဝဥ္ဈာ–မိန်းမမြုံ၊ဇင္ဃာ–ဆံကျစ်၊ဃင္ဃာ–အိုး,အပေါင်း။

၅။ ဇေဋ္ဌာ သောဏ္ဍာ ဝိတဏ္ဍာစ၊ကရုဏာ ဝနိတာ လတာ။
ကထာ နိဒ္ဒါ သုဓာ ရာဓာ၊ဝါသနာ သိံသပါ ပပါ။

ဇေဋ္ဌာ–ဇေဋ္ဌနက္ခတ်,အမကြီး၊သောဏ္ဍာ–ဆင့်နှာမောင်း၊ဝိတဏ္ဍာ–ဆန့်ကျင်ဘက်အယူ၊ကရုဏာ–သနားခြင်း၊ဝနိတာ–မိန်းမ၊လတာ–နွယ်၊ကထာ–အစဉ်အတိုင်းသောစကား၊နိဒ္ဒါ–အိပ်ပျော်ခြင်း၊သုဓာ–နတ်သုဓာ,အင်္ဂတေ၊ရာဓာ–ရာဓနက္ခတ်၊ဝါသနာ–အထုံဝါသနာ၊သိံသပါ–ရင်းတိုက်ပင်၊ပပါ–ရေအိုးစင်။

၆။ ပဘာ သီမာ ခမာ ဇာယာ၊ခတ္တိယာ သက္ခရာ သုရာ။
ဒေါလာ တုလာ သိလာ လီလာ၊လာလေ-ဠာ မေခလာ ကလာ။

http://www.dhammadownload.com



ပဘာ–အရောင်၊သီမာ–သိမ်,အပိုင်းအခြား၊ခမာ–သည်းခံခြင်း၊ဓာယာ–မယား၊ခတ္တိယာ–မင်းသမီး၊သက္ခရာ–ကျောက်စရစ်၊သုရာ–သေရည်၊ဒေါလာ–ယောဉ်(ပုခက်)၊တုလာ–ချိန်ခွင်၊သိလာ–ကျောက်၊လီလာ–တင့်တယ်စံပယ်ခြင်း၊လာလာ–တံတွေး၊ဌော–အာရည်,လျှာရည်၊မေခလာ–ခါးကြိုးတန်ဆာ၊ကလာ–အစိတ်အပိုင်း။

၇။ ဝဋ္ဋဝါ-လမ္ဗုသာ မူသာ၊မဉ္ဇူသာ သုလသာ ဒိသာ။
နာသာ ဇုဏှာ ဂုဟာ ဤဟာ၊လသိကာ ဝသုဓာဒယော။

ဝဋ္ဋဝါ–မြည်းမ၊အလမ္ဗုသာ–အလမ္ဗုသာနတ်သမီး၊မူသာ–မိုက်ခွက်(ရွှေကျင်ရသောခွက်)၊မဉ္ဇူသာ–ပူတာ(တံတင်း၊သေတ္တာ)၊သုလသာ–သုလသာမည်သောမိန်းမ၊ဒိသာ–အရပ်မျက်နှာ၊နာသာ–နှာခေါင်း၊ဇုဏှာ–လရောင်၊ဂုဟာ–လိုဏ်ဂူ၊ဤဟာ–အားထုတ်ခြင်း၊လသိကာ–အစေး၊ဝသုဓာ–မြေ။

---

## တုမှ အမှသဒ္ဒါ

တုမှသဒ္ဒါ ရုပ်စဉ်ဟန်ကား–

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပ | တွံ၊တုဝံ | တုမှေ၊ဝေါ |
| ဒု | တံ၊တဝံ၊တုဝံ၊တွံ | တုမှေ၊တုမှာကံ၊ဝေါ |
| တ | တယာ၊တွယာ၊တေ | တုမှေဟိ၊တုမှေဘိ၊ဝေါ |
| စ | တဝ၊တုယှံ၊တုမှံ၊တေ | တုမှာကံ၊တုမှံ၊ဝေါ |
| မီ | တယာ၊တွယာ | တုမှေဟိ၊တုမှေဘိ |
| ဆ | တဝ၊တုယှံ၊တုမှံ၊တေ | တုမှာကံ၊တုမှံ၊ဝေါ |
| သ | တယိ၊တွယိ | တုမှေသု |

http://www.dhammadownload.com



အမှသဒ္ဒါ ရုပ်စဉ်ဟန်ကား —

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပ | အဟံ | မယံ၊ အမှေ၊ နော |
| ဒု | မံ၊ မမံ | အမှေ၊ အမှာကံ၊ နော |
| တ | မယာ၊ မေ | အမှေဟိ၊ အမှေဘိ၊ နော |
| စ | မမ၊ မယှံ၊ အမှံ၊ မမံ၊ မေ | အမှာကံ၊ အသ္မာကံ၊ အမှံ၊ နော |
| ပ | မယာ | အမှေဟိ၊ အမှေဘိ၊ နော |
| ဆ | မမ၊ မယှံ၊ အမှံ၊ မမံ၊ မေ | အမှာကံ၊ အသ္မာကံ၊ အမှံ၊ နော |
| သ | မယိ | အမှေသု၊ အသ္မေသု |

**သဗ္ဗနာမ်ပုဒ် – ၂၈**

သဗ္ဗံ ကတရံ ကတမံ၊ ဥဘယံ ဣတရမ္ပိစ။
အညံ အညတရံ အည–တမံ ပုဗ္ဗံ ပရာ-ပရံ။
ဒက္ခိဏု-တ္တရာ-ဓရံ ယံ တံ၊ ဧတိ-မာ-မု ကိမေက စ။
ဥဘ ဒွိတိ စတု ပဉ္စ၊ တုမှာ-မှာ-တျဋ္ဌဝီသတိ။

**ဥပသာရပုဒ် – ၂၀**

ပ ပရာ နိ နီ ဥ ဒု သံ၊ ဝိ အဝ-နု ပရိ အဓိ။
အဘိ ပတိ သု အာ အတိ၊ အပိ အပ-ပ ဝီသတိ။

ပတိ ပရိ မန္တာ-ဘိ-တိ၊ စတုရော ဩပသဂ္ဂိကာ။
အာဒိမှိပိ ပဒါနံ ဝေ၊ အန္တေပိစ ပဝတ္တရေ။

သေသာ သောဠသ သဗ္ဗေပိ၊ အာဒိမှိယေဝ ဝတ္တရေ။
နေဝ ကဒါစိ တေ အန္တေ၊ ဣတိ နီတိ မနေကရေ။ (နီတိသုတ္တ၊
၃၆၉)

http://www.dhammadownload.com



## နိပါတ်ပုဒ်များ

စ ဝါ ဟေ အဟေ ရေ အရေ၊ သုဝေ သွေ-ဓ္ဓ ယထာ တထာ။
ယာဝတာ ယာဝ တာဝ-န္တော၊ တိရော-ရုံ ပါရုံ ဟေဋ္ဌု-ပရိ။
အပ္ပေဝနာမ အဟောဝတ၊ နူန ယန္နူန စေ ယဒိ။
သစေ ကိဉ္စာပိ ကာမဉ္စ၊ သက္ကာ လဗ္ဘာ ကိန္နု နနု။
ကိစ္စိန နာမာ-တုဗ္ဗာ-ဒိကာ၊ နေပါတိကာ အနပ္ပကာ။

---

## လိင်ဝုစ်မတူသည့် အချက်များ

ဝစနသိလိင္ဂတ္တေ ပန သတိ ဝိသဒိသလိင်္ဂဝစနာနမ္ပိ ပဒါနံ အညမည သံယောဂေါ ဟောတိ။ (နိရုတ္တိ၊ ၁၄၁)

၁။ စတ္တာရော သတိပဋ္ဌာနာ။
၂။ စတ္တာရော သမ္မပ္ပဓာနာ။
၃။ တယော မဟာဘူတာ။
၄။ တယော မဟာဘူတေ။
၅။ သဗ္ဗေ မာလာ ဥပေန္တိ မံ။
၆။ သဗ္ဗေ ကညာ ဥပေန္တိ မံ။
၇။ သဗ္ဗေ ရတနာ ဥပေန္တိ မံ။
၈။ သဗ္ဗေ ယာနာ ဥပေန္တိ မံ။
၉။ အဝိဇ္ဇာယ သတိ သင်္ခါရာ ဟောန္တိ။
၁၀။ သင်္ခါရေသု သတိ ဝိညာဏံ ဟောတိ။

ဂါထာသု ဝိပလ္လာသာပိ ဗဟုလံ ဒိဿန္တိ။

၁။ အညေ ဓမ္မာနိ ဒေသေန္တိ။
၂။ ဧဝံ ဓမ္မာနိ သုတွာန။
၃။ သတဉ္စ ဓမ္မာနိ သုကိတ္တိတာနိ သုတွာ။

http://www.dhammadownload.com



၄။ အတ္ထာနိ စိန္တယိတွာန ။
၅။ ဥတ္တမတ္ထာနိ တယိ လဘိမှာ ။
၆။ ကိံ တွံ အတ္ထာနိ ဇာနာသိ ။
၇။ ဣစ္ဆေယျာမိ ဘန္တေ သတ္တ ပုတ္တာနိ ။
၈။ သိဝိ ပုတ္တာနိ အဝှယ ။
၉။ ပုတ္တဒါရာနိ ပေါသေန္တိ ။
၁၀။ ဗလိဗဒ္ဒါနိ သောဌသ ။

နာမကဏ္ဍ ပြီး၏။

http://www.dhammadownload.com



## ၃။ ကာရကကဏ္ဍ
(အခြေခံပိုင်း)

**ကာရက**။ ။ ကရောတိ ကြိယံ အဘိနိပ္ဖာဒေတီတိ ကာရကံ၊ ကြိယာကိုပြီးစေတတ်သောအနက်(သတ္တိ)သည် "ကာရက"မည်၏၊ ကရောတိ အနေနာတိ ကာရကံ၊ ကြိယာ၏ပြီးကြောင်းကိုလည်း "ကာရက"ဟုခေါ်၏။ သာဓေတီတိ သာဓကံ၊ ကြိယာကိုပြီးစေတတ်သောကြောင့် ယင်းကာရကကို "သာဓက"ဟုလည်းခေါ်သေး၏။ [ကာရကံ သာဓကံ ကြိယာနိပ္ဖတ္တိယာ ကာရဏမုစ္စတေ။ (ရူ၊ ၁၃၉)]

**နိုယံ**။ ။ ပြီးစေတတ်က၊ ပြီးကြောင်းရှ၍၊ ကရဏ ဟေတု၊ ကာရကကို ဝိဂ္ဂြိုဟ်ပြု။ (ဘုရားကြီး၊ ၁၆၃)

ထိုကာရကသည် -- ၁။ ကတ္တုကာရက
၂။ ကမ္မကာရက
၃။ ကရဏကာရက
၄။ သမ္ပဒါနကာရက
၅။ အပါဒါနကာရက
၆။ သြကာသကာရက-ဟူ၍ ၆မျိုးရှိ၏။

ကာရကဟူသည် နာမ်ဝိဘတ်တို့၏အနက်တည်း၊ "ပုရိသော ဂစ္ဆတိ၊ မဂ္ဂံ ဂစ္ဆတိ၊ ပါဒေန ဂစ္ဆတိ" စသည်တို့၌ သိဝိဘတ်, အံဝိဘတ်, နာဝိဘတ် စသည်တို့သည် ဂစ္ဆတိစသောကြိယာနှင့်တွဲဖက်သည့်အခါ "သည်၊ ကို၊ ဖြင့်" စသည်ဖြင့် သူ့ဆိုင်ရာဆိုင်ရာ ကတ္တု, ကမ္မ, ကရဏစသောအနက်များကို ပြီးစေကြ, ထွန်းပြကြသည်။

http://www.dhammadownload.com



ဆက်ဦးအံ့၊ ပုရိသော ဂစ္ဆတိ၌ ပုရိသောကို ကတ္တုကာရကဟုဆို၏၊ အမှန်အားဖြင့် သွားစွမ်းနိုင်သော သတ္တိသည်သာ မုချအားဖြင့် ကာရကမည်၏၊ ယောက်ျားဒြပ်သည် သတ္တိ၏တည်ရာဖြစ်သောကြောင့် ဥာန္ဓျူပစာအားဖြင့် ကာရကမည်၏၊ ပုရိသသဒ္ဒါသည်ကား အနက်ကိုအကြောင်းပြု၍ ကာရဏူပစာအားဖြင့် ကာရကမည်၏၊ ဤသို့ ဘေဒစိန္တာစသည်၌ မိန့်ဆို၏။

ကာရကတ္တာ ကြိယာယေဝ၊ သတ္တိ မုချေန ကာရကံ။
ဒဗ္ဗံ ဥာန္ဓျူပစာရေန၊ တဿာ အာဓာရဘာဝတော။
သဒ္ဒေါပိ အတ္ထဒွါရေန၊ ကာရကောတိ ပဝုစ္စတိ။

ကြိယာယ–ကြိယာကို၊ ကာရကတ္တာ–ပြုလုပ်တတ် ဖြစ်စေတတ်သည်၏ အဖြစ်ကြောင့်၊ သတ္တိဧဝ–သတ္တိသည် သာလျှင်၊ မုချေန–မုချအားဖြင့်၊ ကာရကံ–ကာရကမည်၏၊ ဒဗ္ဗံ–ဒြပ်သည်၊ တဿာ–ထိုသတ္တိ၏၊ အာဓာရဘာဝတော–တည်ရာ၏အဖြစ်ကြောင့်၊ ဥာန္ဓျူပစာရေန–ဥာန္ဓျူပစာရ်အားဖြင့်၊ ကာရကံ–ကာရကမည်၏၊ သဒ္ဒေါပိ–သဒ္ဒါကိုလည်း၊ အတ္ထဒွါရေန–အနက်ကိုအကြောင်းပြုသဖြင့်၊ ကာရကောတိ–ကာရကဟူ၍၊ ပဝုစ္စတိ–ဆိုအပ်၏။ (ကစ္စာယနဘေဒ)

အထက်ပါစကားများအရ သတ္တိကာရက, ဒဗ္ဗကာရက, သဒ္ဒကာရက–ဟူ၍ ကာရက ၃မျိုးရှိကြောင်း သိရပေသည်။

**ဆောင်** ၁။ ကတ္တုကမ္မ၊ ကရဏနှင့်၊ သမ္ပဒါနာ၊ အပါဒါ၊ ဩကာ ကာရက။
၂။ ဝိဘတ်နက်များ၊ အစားစား၊ ခေါ်ကြား ကာရက။
၃။ ကတ်ကံတည်ရှိ၊ ကြိယာပြီးစေ၊ သတ္တိတွေ၊ ခေါ်လေ ကာရက။
၄။ သတ္တိမုချ၊ ဒဗ္ဗဥာန္ဓျူ၊ သဒ္ဒါမူ၊ ကာရဏူကာရက။

**ဝိဘတ်**။ ။ ကေမ္ပိ အတ္ထံ ကမ္မာဒိဝသေန ကေတ္တာဒိဝသေနစ ဝိဘဇန္တီတိ ဝိဘတ္တိယော (ရူ၊၁၃၇)။ သိ ယော အံ ယောအစရှိသော ဝိဘတ်တို့သည် တစ်ခုတည်းသောအနက်ကိုပင် ကံ ကရိဏ်း သမ္ပဒါန်စသော အပြားအားဖြင့်

http://www.dhammadownload.com



လည်းကောင်း၊ ကေဝုစ် ဗဟုဝုစ်အပြားအားဖြင့်လည်းကောင်း ကွဲပြားအောင် ခွဲခြားတတ်ကြ၏။

ချဲ့ဦးအံ့၊ "ပုရိသ"ဟူသောလိင်၌ ဝိဘတ်မသက်ရသေး၊ ယောကျ်ားဟူသော အနက်သာထွက်၏၊ အံဝိဘတ်သက်၍ "ပုရိသံ"ဟုရုပ်ပြီးသည့်အခါ "ယောကျ်ားကို"ဟု ကမ္မသတ္တိအနက်ထွက်၏၊ တတိယာဝိဘတ်သက်သော် "ယောကျ်ားဖြင့်"ဟု ကရဏသတ္တိအနက်ထွက်၏၊ စတုတ္ထီဝိဘတ်သက်သော် "ယောကျ်ားအား"ဟု သမ္ပဒါနသတ္တိအနက်ထွက်၏၊ ပဉ္စမီဝိဘတ်သက်သော် "ယောကျ်ားမှ"ဟု အပါဒါနသတ္တိအနက်ထွက်၏၊ ဆဋ္ဌီဝိဘတ်သက်သော် "ယောကျ်ား၏"ဟု သမ္ဗန္ဓသတ္တိအနက်ထွက်၏၊ သတ္တမီဝိဘတ်သက်သော် "ယောကျ်ား၌"ဟု ဩကာသသတ္တိအနက်ထွက်၏။

ကေဝုစ်ဝိဘတ်သက်သော် "သည်၊ ကို"စသည်ဖြင့် ကေဝုစ်အနက်ထွက်၏၊ ဗဟုဝုစ်သက်သော် "တို့သည်၊ တို့ကို"စသည်ဖြင့် ဗဟုဝုစ်အနက်ထွက်၏၊ ဤသို့လျှင် အံ–စသောနာမ်ဝိဘတ်တို့သည် အနက်အမျိုးမျိုးကို ကွဲပြားအောင် ခွဲခြားတတ်ကြပေသည်။ [စိတ္တကညာစသော နာမ်ဂိုဏ်းလာ အနက်များကိုလည်း ဤနည်းတူပင် ကွဲပြားအောင်ခွဲခြားတတ်ကြ၏။]

**အမှာ**။ ။ ဤကာရကပိုင်းကို အခြေခံပိုင်း, အဆင့်မြင့်ပိုင်းဟု နှစ်ပိုင်းခွဲကာ ပြသွားပါမည်၊ အခြေခံပိုင်းကို ရှင်းလင်းကျေလည်စွာ နားလည်ထားသင့်ပါသည်၊ ထို့ပြင် ပါဠိအရေးအသားအစီအကုံး လေ့ကျင့်ရာ၌ စာစပ်ပါ နားလည်ပါမှ မှန်ကန်စွာစီကုံး ရေးသားနိုင်ပါလိမ့်မည်၊ ထို့ကြောင့် စာစပ်ကိုပါ တွဲဖက်ပြသွားပါမည်၊ ဤနေရာကပင် စာစပ်၏သဘောကို အတန်ငယ်ပြောပြပါမည်။

## စာစပ်

ရာဇတုလျာ ကြိယာ နာမ၊ အမစ္စာ ဝိယ ကာရကာ။
တသ္မာ ဆ ကာရကာ ကြိယံ၊ ပါပုဏန္တိ ယထာရဟံ။

http://www.dhammadownload.com



ကာရကာ အမစ္စာ နာမ၊ ရဋ္ဌိကာဝ အကာရကာ။
တသ္မာ အကာရကာ ဆသု၊ ကာရကေသု ယထာရဟံ။

ကြိယာနာမ–အာချာတ်ကြိယာ, ကိတ်ကြိယာတို့မည်သည်၊ ရာဇတုလျာ–ပြည့်ရှင်မင်း အိမ်ရှေ့မင်းနှင့်တူကုန်၏၊ ကာရကာ–ကာရကဖြေပါးတို့သည်၊ အမစ္စာဝိယ–အမတ်ကြီး ဖြေယောက်တို့နှင့်တူကုန်၏၊ တသ္မာ–ထို့ကြောင့်၊ ဆ ကာရကာ–ကာရကဖြေပါးတို့သည်၊ ကြိယံ–အာချာတ်ကြိယာ ကိတ်ကြိယာသို့၊ ယထာရဟံ–ဆိုက်စပ်သင့်သည်အားလျော်စွာ၊ ပါပုဏန္တိ–ရောက်ကုန်၏။

ကာရကာ–ကာရကဖြေပါးတို့သည်၊ အမစ္စာနာမ–အမတ်ကြီး ဖြေယောက်တို့မည်၏၊ အကာရကာ–သဟယောဂစသော အကာရကတို့သည်၊ ရဋ္ဌိကာဝ–တိုင်းသူ ပြည်သားတို့နှင့်တူကုန်၏၊ တသ္မာ–ထို့ကြောင့်၊ အကာရကာ–သဟယောဂစသော အကာရကတို့သည်၊ ကာရကေသု–ကာရက ဖြေပါးတို့၌၊ ယထာရဟံ–ဆိုက်စပ်သင့်သည်အားလျော်စွာ၊ ဟောန္တိ–ဖြစ်ကုန်၏။ [သုဒ္ဓါနာမကို ရဋ္ဌိကာဝဟု ပြင်ထား၏။]

၁။ အာချာတ်ကြိယာသည် ပြည့်ရှင်မင်းနှင့်တူ၏။
၂။ ကိတ်ကြိယာသည် အိမ်ရှေ့မင်းနှင့်တူ၏။
၃။ ကာရက ဖြေပါးသည် အမတ်ကြီး ဖြေယောက်နှင့်တူ၏။
၄။ သဟယောဂစသော အကာရကတို့သည် တိုင်းသူပြည်သားများနှင့် တူ၏။

ပါဠိပိဋကတ် ကျွမ်းကျင်တတ်မြောက်ရေး၌ စာစပ်အရေးကြီးပုံ အသုံးဝင်ပုံကို ရှေးဆရာတော်ကြီးများသည် ဤကဲ့သို့ ဥပမာများဖြင့် နှိုင်းခိုင်းတော်မူခဲ့ကြသည် ၊ထို့ကြောင့် စာစပ်ကိုပါ တပါတည်းအားခဲ၍ လေ့လာကြပါလေ။ [ကံ ကတ္တားခွဲစဉ်ကလည်း အတန်ငယ်ပြခဲ့ပါပြီ။]

http://www.dhammadownload.com



## ဝိဘတ် ၇-သွယ်စာစပ်

၁။ ပုရိသော ဂစ္ဆတိ။ (ကတ္တား + ကြိယာစပ်)
၂။ မဂ္ဂံ ဂစ္ဆတိ ။ (ကံ + ကြိယာစပ်)
၃။ ပါဒေန ဂစ္ဆတိ ။ (ကရိုဏ်း + ကြိယာစပ်)
၄။ ဘိက္ခုဿ ဒေတိ ။ (သမ္ပဒါန် + သမ္ပဒါနီစပ် )
၅။ ဂါမာ အပေတိ ။ (အပါဒါန် + အပါဒါနီစပ်)
၆။ ဘိက္ခုဿ စီဝရံ ။ (သမ္ဗန် + သမ္ဗန္ဓီစပ် )
၇။ ဝိဟာရေ ဝသတိ ။ (အာဓာရ + အာဓေယျစပ် )
၈။ ဘောပုရိသ ဂစ္ဆ ။ (သဇီဝအာလုပ် )
ဘောပါသာဏ ဂစ္ဆ ။ (နိဇ္ဇီဝအာလုပ် )

ဤအထက်ပါပုံစံများကို ပါဠိဖတ်, အနက်ပေး, စာစပ်ပါ၊ နောက် သက်ဆိုင်ရာအခန်းများ၌လည်း ပြသွားပါမည်။

၁။ ပုရိသောကား "သည်"ဟူ၍အနက်ပေးသောကြောင့် ဂစ္ဆတိ၌ ဂမုဓာတ် အ, ပစ္စည်း တိဝိဘတ်ဟုဆိုအပ်သော အာချာတ်ကြိယာဝါစကသည် ဟောအပ်သော ဝုတ္တကတ္တား၊ ဂစ္ဆတိကား ထိုကတ္တား၏ကြိယာ၊ ဝါ-ထိုကတ္တားကို ဟောသော အာချာတ်ကြိယာဝါစကတည်း။

၂။ မဂ္ဂံကား "ကို"ဟူ၍အနက်ပေးသောကြောင့် ဂစ္ဆတိ၌ ဂမုဓာတ် အ, ပစ္စည်း တိဝိဘတ်ဟုဆိုအပ်သော အာချာတ်ကြိယာဝါစကသည် မဟော အပ်သော အဝုတ္တကံ၊ ဂစ္ဆတိကား ထိုကံ၏ကြိယာ၊ ဝါ-ထိုကံကိုမဟောသော အာချာတ်ကြိယာဝါစကတည်း။

၃။ ပါဒေနကား "ဖြင့်"ဟူ၍အနက်ပေးသောကြောင့် ဂစ္ဆတိ၌ကရိုဏ်း၊ ဂစ္ဆတိကား ကရဏီ (ထိုကရိုဏ်း၏ကြိယာ)။

http://www.dhammadownload.com



၄။ ဘိက္ခုသကား "အား"ဟူ၍အနက်ပေးသောကြောင့် ဒေတိ၌ သမ္ပဒါန်၊ ဒေတိကား သမ္ပဒါနိ (ထိုသမ္ပဒါန်၏ကြိယာ)။

၅။ ဂါမာကား "မှ"ဟူ၍အနက်ပေးသောကြောင့် အပေတိ၌ အပါဒါန်၊ အပေတိကား အပါဒါနိ (ထိုအပါဒါန်၏ကြိယာ)။

၆။ ဘိက္ခုသကား "၏"ဟူ၍အနက်ပေးသောကြောင့် စီဝရံ၌ သမ္ဗန်၊ စီဝရံကား သမ္ဗန္ဓီ။

၇။ ဝိဟာရေကား "၌"ဟူ၍အနက်ပေးသောကြောင့် ဝသတိ၌ အာဓာရ၊ ဝသတိကား အာဓေယျ (ထိုအာဓာရ၏ကြိယာ)။

၈။ ဘောပုရိသကား သဗ္ဗဝအာလုပ်ပုဒ်တည်း၊ (တစ်နည်းကား) ဘောပုရိသကား "အို ယောကျ်ား"ဟူ၍အနက်ပေးသောကြောင့် ဂစ္ဆ၌ သဗ္ဗဝဗဟိဒ္ဓကြိယာဝိသေသန၊ ဂစ္ဆကား သဗ္ဗဝဗဟိဒ္ဓကြိယာဝိသေသျ။

ဘောပါသာဏကား နိဗ္ဗဝအာလုပ်ပုဒ်တည်း၊ (တစ်နည်းကား) ဘောပါသာဏကား "အို ကျောက်ခဲ"ဟူ၍အနက်ပေးသောကြောင့် ဂစ္ဆ၌ နိဗ္ဗဝဗဟိဒ္ဓကြိယာဝိသေသန၊ ဂစ္ဆကား နိဗ္ဗဝဗဟိဒ္ဓကြိယာဝိသေသျ။

အောက်ပါ ဝါကျကို အနက်ပေး၍ စာစပ်ကြည့်ပါ။

ဘောန္တော ပုရိသာ ဘိက္ခူ ပုဗ္ဗဏှသမယံ ဝိဟာရတော နိက္ခမိတွာ ပိဏ္ဍာယ ပါဒေန ဂါမံ ဂစ္ဆန္တိ။

http://www.dhammadownload.com



## ၁။ ပထမာဝိဘတ်အခြေခံ

**လိင်္ဂတ္ထေ ပထမာ။** ။လိင်္ဂတ္ထာဘိဓာနမတ္တေ ပထမာဝိဘတ္တိ ဟောတိ၊ လိင်အနက်ကို ဟောကာမျှဖြစ်သောသဒ္ဒါ၌ ပထမာဝိဘတ်သက်၏။

**အာလပနေ စ။** ။ အာလပနတ္ထာဓိကေ လိင်္ဂတ္ထာဘိဓာနမတ္တေ စ ပထမာဝိဘတ္တိ ဟောတိ၊အာလုပ်အနက်ပိုလာရာ၌လည်း ပထမာဝိဘတ်ပင်သက်၏။

အထက်ပါ သတ်မှတ်ချက်များအပြင် ကတ္တားဟောဝါကျ, ကံဟောဝါကျ အားလျော်စွာ ဝုတ္တကတ္တား, ဝုတ္တကံအနက်များ၌လည်း ပထမာဝိဘတ်ပင် သက်ရသည်။

**၁။ လိင်အနက်။** ။ ပုရိသသည် လိင်၊ယင်း ပုရိသလိင်နောင် သိသက် ညြပ္ပ၍ရုပ်ပြီးက ပုရိသောဟုဖြစ်၏၊ ပုရိသော၌ ပထမာသိဝိဘတ်သည် "သည်"ဟူသောကတ္တားအနက်ကိုမဟော၊ "ယောက်ျား"ဟူသော ပုရိသသဒ္ဒါ၏ လိင်အနက်လောက်ကိုသာ ဟော၏။

၁။ ပုရိသော–ယောက်ျား၊ စိတ္တံ–စိတ်၊ ကညာ–သတို့သမီး။

၂။ တိဿော–တိဿ။ ဒတ္တော–ဒတ္တ။

၃။ အာယသ္မာ တိဿော–အရှင်တိဿ။

၄။ သာမဏေရော ဒတ္တော–ဒတ္တသာမဏေ (ကိုရင်ဒတ္တ)။

**၂။ အာလုပ်အနက်။** ။ ရှေ့ရှုခေါ်ဝေါ်ခြင်း, ပြန်၍ထူးခြင်းသည် အာလုပ်မည်၏၊အာလုပ်သည် သက်ရှိဝတ္ထုကိုခေါ်သည့် သဇီဝအာလုပ်၊သက်မဲ့ဝတ္ထုကိုခေါ်သည့် နိဇ္ဇီဝအာလုပ်ဟု နှစ်မျိုးရှိ၏။

ဘောပုရိသ–အို ယောက်ျား၊ဘောန္တော ပုရိသာ–အို ယောက်ျားတို့။

ဘောတိ ကညေ–အိုသတို့သမီး၊ဘောတိယော ကညာယော–အို သတို့သမီးတို့။

ဘောသတ္ထ–အို ဆရာ၊ ဘောန္တော သတ္ထာရော–အို ဆရာတို့။

http://www.dhammadownload.com



ဘောတိ ဣတ္ထိ–အိုမိန်းမ၊ ဘောတိယော ဣတ္ထိယော–အို မိန်းမတို့။–စသည်တို့သည် သက်ရှိသတ္တဝါကိုခေါ်သည့် သဇီဝအာလုပ်တို့တည်း။

ဘောပါသာဏ–အို ကျောက်ခဲ၊ ဘောန္တော ပါသာဏာ–အို ကျောက်ခဲတို့။

ဘောပဗ္ဗတ– အို တောင်၊ ဘောန္တော ပဗ္ဗတာ–အို တောင်တို့။

ဘောဝိဟာရ–အို ကျောင်း၊ ဘောန္တော ဝိဟာရာ–အို ကျောင်းတို့။

ဘော ဂေဟ–အို အိမ်၊ ဘောန္တာနိ ဂေဟာနိ –အို အိမ်တို့။–စသည်တို့သည် သက်မဲ့အရာဝတ္ထုကိုခေါ်သည့် နိဇ္ဇီဝအာလုပ်တို့တည်း။

အာဝုသော(ငါ့ရှင်)ဟုခေါ်ရာ၌ ဘန္တေ (အရှင်ဘုရား)ဟု ပြန်ထူးခြင်းသည်လည်း အာလုပ်ပင်တည်း။

ပါဠိဝါကျ စီကုံးရေးသားရာ၌ အာလုပ်ပုဒ်ကို အများအားဖြင့် တစ်ပုဒ်နောင်ထားလေ့ရှိ၏၊ အမြဲသတ်မှတ်ချက်ကား မရှိပေ၊ တခါတရံ ဝါကျအစ၌လည်းကောင်း၊ ၂ပုဒ် ၃ပုဒ်စသည်နောက်၌လည်းကောင်း၊ ဝါကျအဆုံး၌လည်းကောင်း ထားသည်ကိုတွေ့ရတတ်၏၊ အောက်ပါဝါကျများသည် ဓမ္မပဒအဋ္ဌကထာ စက္ခုပါလထေရ်ဝတ္ထုလာ ဝါကျများချည်းဖြစ်၏။

၁။ တာတ မဟလ္လကဿ ဟိ အတ္တနော ဟတ္ထပါဒါပိ အနဿဝါ ဟောန္တိ။

၂။ ဘန္တေ ဣမသ္မိံ သာသနေ ကတိ ဓုရာနိ။

၃။ အာဝုသော ဣမံ တေမာသံ ကတိဟိ ဣရိယာပထေဟိ ဝီတိနာမေဿထာတိ။ စတူဟိ ဘန္တေတိ။

၄။ ကိံ တုမှေ ပန ဘန္တေတိ။ အဟံ တီဟိ ဣရိယာပထေဟိ ဝီတိနာမေဿာမိ၊ ပိဋ္ဌိံ န ပသာရေဿာမိ အာဝုသောတိ။ သာဓု ဘန္တေ အပ္ပမတ္တာ ဟောထာတိ။

၅။ အက္ခီနိ မေ အာဝုသော ဝါတာ ဝိဇ္ဈန္တီတိ။ နနု ဘန္တေ ဝေဇ္ဇေန ပဝါရိတမှာ၊ တဿ ကထေမာတိ။

၆။ ဝဒေဟိ တာဝ အာဝုသော ပါလိတ၊ တွံ ကိံ အက္ခီနိ ဩလောကေဿသိ၊ ဥဒါဟု ဗုဒ္ဓသာသနံ။

http://www.dhammadownload.com



အထက်ပါဝါကျများကို ကြည့်သောအားဖြင့် အာလုပ်ပုဒ်၏ ဝါကျအစ စသည်တို့၌နေပုံ (အနေမမြဲပုံ) ကို သိနိုင်လောက်ပါသည်။

ဤအာလုပ်ပုဒ်ကို ကြိယာတစ်ခုခုနှင့် တွဲစပ်ရန်မလိုပါ။ ထို့ကြောင့် အာလုပ်သည် ကာရကအမည်ကိုမရ၊ အကာရကအမည်ကိုသာ ရပေသည်။ [အာမန္တနသမယေ ကြိယာယောဂါဘာဝတော ဣဒံ ကာရကဝေါဟာရံ န လဘတိ။ (ရူ၊ ၁၃၉)]

ထို့ပြင် ဤအာလုပ်ပုဒ်ကို "ဘောပုရိသ၊ ဘောန္တောပုရိသာ"စသည်ဖြင့် "ဘော"သဒ္ဒါနှင့် တွဲဖက်ကာသုံးလေ့ရှိ၏၊ ထိုဘော၏ဌာနများကို သဒ္ဒနီတိ၌ အောက်ပါအတိုင်း သတ်မှတ်ပြ၏။

၁။ ပုဂ္ဂလအာလုပ် (ပုဂ္ဂိုလ်သတ္တဝါကို ခေါ်ရာဌာန)၊ ဘောစသည်။

၂။ ဓမ္မအာလုပ် (ဓမ္မသဘောကို ခေါ်ရာဌာန)၊ အစ္ဆရိယံ ဝတ ဘော- အံ့သြဖွယ်ရှိစွတကား၊ အနတ္တာကိရ ဘော-အနတ္တဆိုပါတကား။ [ဓမ္မအာလုပ်ဟူသည် သမ္မုခီဘူတ (မျက်မှောက်အခေါ်ခံ) ပုဂ္ဂိုလ် မရှိ၊ အန္တောဇပ္ပန (ခေါ်သူ၏စိတ်ထဲမှာသာ ပြောဆိုခြင်း) သဘော သာတည်း။]

၃။ နိန္ဒိတအာလုပ် (သက်မဲ့ဝတ္ထုကို ခေါ်ရာဌာန)၊ ဥမ္မုဇ္ဇ ဘော ပုထုသိလေ၊ ပရိပ္လဝ ဘော ပုထုသိလေ (ဣတ္ထိလိင်)။ အို... ကျောက်ထုကြီး ငုပ်နစ်လော့၊ အို... ကျောက်ထုကြီး ပေါ်လော့။

ပုဂ္ဂလာလပနေ စေဝ၊ ဓမ္မဿာလပနေ ပိစ။
နိန္ဒိတာလပနေ စာပိ၊ ဘောသဒ္ဒေါ တီသု ဒိဿတိ။

ပုဂ္ဂလာလပနေစေဝ-ပုဂ္ဂိုလ်ကိုခေါ်ခြင်း၌လည်းကောင်း၊ ဓမ္မဿ-တရားကို၊ အာလပနေပိစ-ခေါ်ခြင်း၌လည်းကောင်း၊ နိန္ဒိတာလပနေစ-သက်မဲ့ဝတ္ထုကို ခေါ်ခြင်း၌လည်းကောင်း၊ ဣတိ-ဤသို့၊ တီသု-သုံးပါးသောအရာတို့၌၊ ဘောသဒ္ဒေါ-ဘောသဒ္ဒါသည်၊ ဒိဿတိ-ထင်၏။ (နီတိပဒ၊ ၂၂၈)

http://www.dhammadownload.com



**၃-၄။ ဝုတ္တကတ္တား၊ ဝုတ္တကံ။** ။ ဝုတ္တကတ္တား, ဝုတ္တကံအနက်၌ ပထမာဝိဘတ်သက်ရပုံကို "ပုရိသော မဂ္ဂံ ဂစ္ဆတိ၊ ပုရိသေန မဂ္ဂေါ ဂစ္ဆီယတေ"စသည်ဖြင့် ကတ္တားဟောဝါကျ ကံဟောဝါကျခွဲစဉ်ကပင် ပြခဲ့ပြီးပါပြီ။

## လိင်ဝုစ်ကွဲရန် အခြေခံ

ပုရိသော-ယောကျ်ား၊ ပုရိသာ-ယောကျ်ားတို့။
ကညာ-သတို့သမီး၊ ကညာ ကညာယော-သတို့သမီးတို့။
စိတ္တံ-စိတ်၊ စိတ္တာ စိတ္တာနိ-စိတ်တို့။

အယံ ပုရိသော-ဤယောကျ်ား၊ ဣမေ ပုရိသာ-ဤယောကျ်ားတို့။
အယံ ကညာ-ဤသတို့သမီး ၊ ဣမာ ကညာယော-ဤသတို့သမီး တို့။
ဣဒံ စိတ္တံ-ဤစိတ်၊ ဣမာနိ စိတ္တာနိ-ဤစိတ်တို့။

သော ပုရိသော-ထိုယောကျ်ား၊ တေ ပုရိသာ-ထိုယောကျ်ားတို့။
သာ ကညာ-ထိုသတို့သမီး၊ တာယော ကညာယော-ထိုသတို့သမီးတို့။
တံ စိတ္တံ-ထိုစိတ်၊ တာနိ စိတ္တာနိ-ထိုစိတ်တို့။

ဧသော ပုရိသော-အဲဒီယောကျ်ား၊ ဧတေ ပုရိသာ-အဲဒီယောကျ်ားတို့။
ဧသာ ကညာ-အဲဒီသတို့သမီး၊ ဧတာ ကညာယော-အဲဒီသတို့သမီးတို့။
ဧတံ စိတ္တံ-အဲဒီစိတ်၊ ဧတာနိ စိတ္တာနိ-အဲဒီစိတ်တို့ ။

သဗ္ဗော ပုရိသော-အလုံးစုံသောယောကျ်ား၊ သဗ္ဗေ ပုရိသာ-တို့ ။
သဗ္ဗာ ကညာ-အလုံးစုံသောသတို့သမီး၊ သဗ္ဗာ ကညာယော-တို့ ။
သဗ္ဗံ စိတ္တံ-အလုံးစုံသောစိတ်၊ သဗ္ဗာနိ စိတ္တာနိ-တို့ ။

ဧကော, ဧကာ, ဧကံ-တစ်ခု၊ ဒွေ-နှစ်ခုတို့ ။
တိဿော, တယော, တီဏိ - သုံးခုတို့ ။
စတဿော, စတ္တာရော, စတ္တာရိ-လေးခုတို့ ။

http://www.dhammadownload.com



ပဥ္စ–ငါးခုတို့၊ ဆ–ခြောက်ခုတို့၊ သတ္တ–ခုနစ်ခုတို့၊ အဋ္ဌ–ရှစ်ခုတို့၊ နဝ–ကိုးခုတို့၊ ဒသ–ဆယ်ခုတို့။

ဧကော ပုရိသော–ယောကျ်ားတစ်ယောက်၊ ဧကာ ကညာ–သတို့သမီးတစ်ယောက်၊ ဧကံစိတ္တံ–စိတ်တစ်ခု။

ဒွေ ပုရိသာ–ယောကျ်ားနှစ်ယောက်တို့၊ ဒွေ ကညာယော–သတို့သမီးနှစ်ယောက်တို့၊ ဒွေစိတ္တာနိ–စိတ်နှစ်ခုတို့။

တိဿော ကညာယော၊ တယော ပုရိသာ၊ တီဏိ စိတ္တာနိ။
စတဿော ကညာယော၊ စတ္တာရော ပုရိသာ၊ စတ္တာရိ စိတ္တာနိ။
[တိစတုနှ့်စသောသုတ်အရ တွဲစပ်ပြပါသည်။]

ပဥ္စ ကညာယော၊ ပဥ္စ ပုရိသာ၊ ပဥ္စ စိတ္တာနိ။
(ဆ–မှစ၍ အဋ္ဌာရသအထိ လိင်မကွဲ၊ အတူတူပင်ဖြစ်သည်။)

ကော ပုရိသော–အဘယ် ယောကျ်ားနည်း၊ ကေ ပုရိသာ–တို့နည်း။
ကာ ကညာ–အဘယ်သတို့သမီးနည်း၊ ကာယော ကညာယော–တို့နည်း။
ကံ စိတ္တံ–အဘယ်စိတ်နည်း၊ ကာနိ စိတ္တာနိ–တို့နည်း။

ကောနာမော–၊ ကိံ နာမော–အဘယ်သူ အမည်ရှိသနည်း။
ကေ နာမာ၊ ကိံ နာမာ–အဘယ်သူတို့ အမည်ရှိသနည်း။
ကာ နာမာ၊ ကိံ နာမာ–အဘယ်သူမ အမည်ရှိသနည်း။
ကာယော နာမာ၊ ကိံ နာမာ–အဘယ်သူမတို့ အမည်ရှိသနည်း။
ကံ နာမံ၊ ကိံ နာမံ–အဘယ်စိတ် အမည်ရှိသနည်း။
ကာနိ နာမာနိ၊ ကိံ နာမာနိ–အဘယ်စိတ်တို့ အမည်ရှိသနည်း။

http://www.dhammadownload.com



## တုလျတ်၊ လိင်္ဂတ်

ဝါကျတစ်ခု၌ အာချာတ်ကြိယာ ကိတ်ကြိယာမပါဘဲ အရတူနာမ်ပုဒ် နှစ်ခုသက်သက်သာ ပါရှိသောဝါကျမျိုးကို တုလျတ်လိင်္ဂတ်ဝါကျဟုခေါ်၏။

**တုလျတ်**။ ။ တုလသဿ + ဘာဝေါ–တုလျံ (တူသည်၏အဖြစ်)၊ တုလျော အတ္ထော ယဿာတိ တုလျတ္ထံ(တူသောအနက်ရှိသောပုဒ်)၊ ပုဒ်နှစ်ပုဒ်တို့ အနက်အဓိပ္ပါယ်အရ မကွဲပြားဘဲ တူမျှသောသဘောကို "တုလျတ္ထ= တုလျတ်" ဟုဆိုလိုသည်။

**လိင်္ဂတ်**။ ။ လိင်္ဂဿ + အတ္ထော–လိင်္ဂတ္ထော၊ လိင်၏အနက်သည်သာ လိင်္ဂတ္ထမည်၏၊ လိင်္ဂတ္ထော ယဿ အတ္ထီတိ လိင်္ဂတ္ထံ၊ လိင်၏အနက်သာရှိသော ပုဒ်သည် "လိင်္ဂတ္ထ=လိင်္ဂတ်"မည်၏။

ကမ္မာဒိသံသဂ္ဂရဟိတော ။ ပ ။ သဒ္ဒတ္ထော လိင်္ဂတ္ထောနာမ၊ ကံ အစရှိသော အနက်တို့နှင့် ရောယှက်မှုမရှိသည့် သဒ္ဒါ၏အနက်သည် လိင်္ဂတ္ထမည်၏။

**သော (မေ) သတ္ထာ**။ ။ သော–ဤသူသည်၊ မေ–ငါ၏၊ သတ္ထာ–ဆရာတည်း ။ဤပုံစံ၌ ကြိယာမပါရှိ၊ နာမ်ပုဒ်များသာဖြစ်၏၊ သော၏အရသည် သတ္ထာနှင့်၊ သတ္ထာ၏အရလည်း သောနှင့်တူ၏၊ ထို့ကြောင့် နှစ်ပုဒ်လုံး တုလျတ္ထအမည်ကိုရ၏၊ ထို့ပြင် ကံ ကရိုဏ်းစသောအနက်ထူးလည်း မပါရှိ၊ လိင်အနက်သက်သက်ချည်းသာဖြစ်၏၊ ထို့ကြောင့် နှစ်ပုဒ်လုံးလိင်္ဂတ္ထ အမည်ကိုရ၏၊ ဤသို့ နှစ်ပုဒ်လုံးက နှစ်နာမည်ရကြသော်လည်း နာမည်ချင်းကွဲပြားအောင် ရှေ့ပုဒ်ကို "တုလျတ်"ဟုလည်းကောင်း , နောက်ပုဒ်ကို "လိင်္ဂတ်" ဟုလည်းကောင်း ခွဲခြားသတ်မှတ်ရပေသည်။

**ဆောင်**။ ။ ကြိယာမသတ်၊ တုလျတ်၊ လိင်္ဂတ် မြဲမှတ်ပါ ။

တုလျတ် – လိင်္ဂတ်၊ စပ်လိုက၊ မသတ် ကြိယာ။

**စာစပ်**။ ။ သောကား "သည်"ဟူ၍အနက်ပေးသောကြောင့် သတ္ထာ၌ တုလျတ်၊ သတ္ထာကား လိင်္ဂတ်။

http://www.dhammadownload.com



## လေ့ကျင့်ခန်း

၁။ ရူပံ ရူပက္ခန္ဓော။

၂။ ဝေဒနာ ဝေဒနာက္ခန္ဓော။

၃။ သညာ သညာက္ခန္ဓော။

၄။ သေသစေတသိကာ သင်္ခါရက္ခန္ဓော။

၅။ စိတ္တံ ဝိညာဏက္ခန္ဓော။

၆။ နိဗ္ဗာနံ ခန္ဓနိဿဋံ။

၇။ လောဘော အကုသလံ။

၈။ ဒေါသော အကုသလံ။

၉။ မောဟော အကုသလံ။

၁၀။ အလောဘော ကုသလာဗျာကတံ။

၁၁။ အဒေါသော ကုသလာဗျာကတံ။

၁၂။ အမောဟော ကုသလာဗျာကတံ။

---

## သညီ (နာမီ) + သညာ (နာမ)

**သညာ (နာမ)**။ ။ သမ္မာ ဉာယတိ ဧတာယာတိ သညာ၊ ကောင်းစွာသိကြောင်းဖြစ်သော အမှတ်အသား သင်္ကေတ (အမည်နာမ) သည် "သညာ" မည်၏၊ အမည်မှည့်သောပုဒ်သည် "သညာ" မည်၏၊ "နာမ" ဟုလည်းခေါ်၏။

**သညီ (နာမီ)**။ ။ သညာ ယဿ အတ္ထီတိ သညီ၊ နာမံ ယဿ အတ္ထီတိ နာမီ၊ အမည်သညာရှိသောပုဒ်ကို "သညီ" ဟုလည်းကောင်း "နာမီ" ဟုလည်းကောင်းခေါ်၏၊ အမည်မှည့်ခံရသောပုဒ်ဟု ဆိုလို၏။

ရှေ့ကပြအပ်ခဲ့သည့် တုလျတ်လိင်္ဂတ်နှင့်တွဲ၍ သညီနာမီဖြစ်သော တုလျတ်၊ သညာနာမဖြစ်သော လိင်္ဂတ်ဟု စာစပ်ရ၏။

http://www.dhammadownload.com



**စာစပ်**။ ။ လောဘော အကုသလံ နာမ။ လောဘော–လောဘ သည်၊ အကုသလံနာမ–အကုသိုလ်မည်၏။ လောဘောကား "သည်"ဟူ၍ အနက်ပေးသောကြောင့် အကုသလံနာမ၌ သညီနာမ်ိတုလျတ်၊ အကုသလံ နာမကား သညာနာမလိင်္ဂတ်။

**လေ့ကျင့်ခန်း**

၁။ လောဘော အကုသလံ နာမ။
၂။ ဒေါသော အကုသလံ နာမ။
၃။ မောဟော အကုသလံ နာမ။
၄။ အလောဘော ကုသလံ နာမ။
၅။ အဒေါသော ကုသလံ နာမ။
၆။ အမောဟော ကုသလံ နာမ။

ကြိယာပါသောဝါကျများ၌ကား (ပကတိ ဝိကတိသဘော မသက်ဝင် စေဘဲ) သညီနာမ်ဝုတ္တကတ္တား၊ သညာနာမဝုတ္တကတ္တား–ဟုဆို၍ စာစပ်ရ၏။

၁။ လောဘော အကုသလံ နာမ ဟောတိ။
၂။ ဒေါသော အကုသလံ နာမ ဟောတိ။
၃။ မောဟော အကုသလံ နာမ ဟောတိ။
၄။ အလောဘော ကုသလံ နာမ ဟောတိ။
၅။ အဒေါသော ကုသလံ နာမ ဟောတိ။
၆။ အမောဟော ကုသလံ နာမ ဟောတိ။

**စာစပ်**။ ။ လောဘောကား "သည်"ဟူ၍အနက်ပေးသောကြောင့် ဟောတိ၌ သညီနာမ်ဝုတ္တကတ္တား၊ အကုသလံနာမကား "မည်သည်"ဟူ၍ အနက်ပေးသောကြောင့် ဟောတိ၌ သညာနာမဝုတ္တကတ္တား၊ ဟောတိကား ထိုကတ္တားနှစ်မျိုးကိုဟောသော အာချာတ်ကြိယာဝါစကတည်း။ [ကတ္တား တစ်မျိုးစီခွဲပြီး အသီးသီးလည်း စပ်နိုင်ပါသည်။]

http://www.dhammadownload.com



## တုလျာဓိကရဏဝိသေသန + ဝိသေသျ

**တုလျာဓိကရဏဝိသေသန**။ ။တုလျံ အဓိကရဏံ အတ္ထော ယဿာတိ တုလျာဓိကရဏံ။ ယဿ–အကြင်ဝိသေသနဝိသေသျ ပုဒ်နှစ်ပါး အပေါင်း၏၊ တုလျံ–တူသော၊ အဓိကရဏံ အတ္ထော–တည်ရာအနက်သည်၊ အတ္ထိ–ရှိ၏၊ ဣတိ–ထို့ကြောင့်၊ တံ–ထိုပုဒ်နှစ်ပါးအပေါင်းသည်၊ တုလျာဓိကရဏံ–တုလျာဓိကရဏမည်၏။ တုလျာဓိကရဏံ စ + တံ + ဝိသေသနဉ္စာတိ တုလျာဓိကရဏဝိသေသနံ၊ တူသောတည်ရာအနက်ရှိသော ဝိသေသန ။

"မဟာပုရိသော"ပုံစံ၌ မဟန္တ အရ ယောကျ်ားဒြပ်ရ၏၊ ပုရိသအရလည်း ယောကျ်ားဒြပ်ပင်ရ၏၊ ဤသို့ အရတူ (အရမကွဲ) သောကြောင့် "တုလျာဓိကရဏဝိသေသန"မည်၏ ။ [တုလျ= ဝိသေသနဝိသေသျတို့ အနက်ရပုံ တူသော၊ အဓိကရဏ=တည်ရာအနက်၊ ဝိသေသန=အထူးပြု ။]

လိင်တူ ဝုစ်တူ ဝိဘတ်တူသည့်ပုဒ် အနည်းဆုံးနှစ်ပုဒ်ရှိနေပါက ရှေ့ရှေ့ ပုဒ်ကို ဝိသေသန၊ နောက်ဆုံးပုဒ်ကို ဝိသေသျဟုယူရ၏၊ အောက်ပါ ပုံစံ များကိုကြည့်ပါ ။

၁။ မဟန္တော ပုရိသော၊–ကြီးသော (မြတ်သော) ယောကျ်ား ။
၂။ မဟန္တီ ကညာ၊– ကြီးသော (မြတ်သော) သတို့သမီး ။
၃။ မဟန္တံ စိတ္တံ၊– ကြီးသော (မြတ်သော) စိတ် ။

ဤပုံစံများ၌ လိင်ချင်း ဝုစ်ချင်း ဝိဘတ်ချင်းတူညီကြ၏၊ ထို့ကြောင့် ရှေ့ပုဒ်သည် တုလျာဓိကရဏဝိသေသန၊ နောက်ပုဒ်သည် တုလျာဓိကရဏ ဝိသေသျမည်၏၊ ရှေ့ဝိသေသနပုဒ်ကို "သော၊ ကုန်သော"ဟု ကေဝုစ် ဗဟု ဝုစ်အားလျော်စွာ အနက်ပေးရ၏၊ ဤတုလျာဓိကရဏဝိသေသန + ဝိသေသျ အဖြစ်ဖြင့်စပ်ခြင်းကို ဝိဘတ် ၇သွယ်လုံး၌ရ၏၊ မဟန္တံ ပုရိသံ၊ မဟတာ ပုရိသေန–စသည်ဖြင့် နာမ်ဂိုဏ်းကို နည်းမှီ၍သိပါ ။

http://www.dhammadownload.com



**စာစပ်**။ ။ မဟာန္တော၁ကား "သော"ဟူ၍အနက်ပေးသောကြောင့် ပုရိသော၌ တုလျာဓိကရဏဝိသေသန၊ ပုရိသောကား တုလျာဓိကရဏ ဝိသေသျ။

အချို့ဝါကျများ၌ ဝိသေသနတစ်ပုဒ်သာမကဘဲ ၂ပုဒ်၃ပုဒ်စသည် ပါရှိတတ်၏၊ ထိုသို့ ၂ပုဒ်၃ပုဒ်စသည်ပါရှိရာ၌ ဝိသေသနအများပါရှိကြောင်း ထင်ရှားစေရန် "သောသော-ဟူ၍အနက်ပေးသောကြောင့်"ဟု ဆိုရိုးပြုပါ။

၁။ ဧကော မဟန္တော ပုရိသော။

၂။ ဧကာ မဟန္တီ ကညာ။

၃။ ဧကံ မဟန္တံ စိတ္တံ။

ဧကော မဟန္တော၁တို့ကား "သောသော"ဟူ၍အနက်ပေးသောကြောင့် ပုရိသော၌ တုလျာဓိကရဏဝိသေသန၊ပုရိသောကား တုလျာဓိကရဏဝိသေသျ။

ထို့ပြင် လိင်ဝုစ်မတူသည့် ဝိသေသန ,ဝိသေသျများလည်း ရှိသေး၏၊ဝိသေသန ဝိသေသျနှစ်ပုဒ်တို့သည် လိင်ဝုစ်ပင်မတူစေကာမူ ဝိဘတ်မူကား တူရမြဲဖြစ်၏၊(သင်္ဂဟိတေန သင်္ဂဟိတံ-ကဲ့သို့) အနည်းငယ်သောပုဒ်မှတစ်ပါး ဝိဘတ်ကွဲပြားမှုမရှိစေရပေ။

**ဝီသတိ စိတ္တာနိ**။ ။ ဝီသတိ-နှစ်ဆယ်သော၊စိတ္တာနိ-စိတ်တို့တည်း၊ဤပုံစံ၌ ဝီသတိဟူသောဝိသေသနပုဒ်သည် ဣတ္ထိလိင်ဧကဝုစ်ဖြစ်၏၊ စိတ္တာနိဟူသောဝိသေသျပုဒ်သည် နပုံလိင် ဗဟုဝုစ်ဖြစ်၏၊ဝိဘတ်ကား ပဌမာ ဝိဘတ်ချည်းသာတည်း။

**နိယံ**။ ။ ဝိသေသန၊ဝိသေသျ၊ပဒနှစ်ပါး၊လိင်ဝုစ်ပြားလည်း၊ဝိဘတ်ကားမူ၊ တူမြဲဟူ၏။ (ရှေး)

http://www.dhammadownload.com



## လေ့ကျင့်ခန်း

၁။ ပါပကော လုဗ္ဘနလက္ခဏော ဓမ္မော လောဘော။

၂။ ပါပကော ဒုဿနလက္ခဏော ဓမ္မော ဒေါသော။

၃။ ပါပကော မုယှနလက္ခဏော ဓမ္မော မောဟော။

၄။ သုန္ဒရော အလဂ္ဂတာလက္ခဏော ဓမ္မော အလောဘော။

၅။ သုန္ဒရော အစဏ္ဍိက္ကလက္ခဏော ဓမ္မော အဒေါသော။

၆။ သုန္ဒရော ပဇာနနလက္ခဏော ဓမ္မော အမောဟော။

၇။ သုန္ဒရာ သမ္ပသာဒနလက္ခဏာ ဓမ္မဇာတိ သဒ္ဓါ။

၈။ သုန္ဒရာ သာရဏလက္ခဏာ ဓမ္မဇာတိ သတိ။ (အပိလာပနလက္ခဏာ)

၉။ သုန္ဒရာ ပါပတော ဇိဂုစ္ဆနလက္ခဏာ ဓမ္မဇာတိ ဟိရီ။

၁၀။ သုန္ဒရံ ပါပတော ဥတ္တာသလက္ခဏံ ဓမ္မဇာတံ ဩတ္တပ္ပံ။

ဤနေရာ၌ ပုဒ်တစ်ပုဒ်၏လိင်အနေအထားကို ပြောပြပါမည်၊ ဥပမာ အနည်းဆုံး လိင်နှစ်လိင်ဆက်ဆံနေသော ပုဒ်တစ်ပုဒ်သည် လိင်မတူပုဒ်နှစ်ပုဒ်တို့၏အလယ်၌ တည်ရှိနေပါက ရှေ့ပုဒ်၏လိင်သို့လိုက်ရမည်လော၊ သို့မဟုတ် နောက်ပုဒ်၏လိင်သို့လိုက်ရမည်လော–ဟု တွေးတောဖွယ်ရှိ၏၊ ဤတွင် တစ်ပုဒ်ပုဒ်သို့လိုက်ရန် ဆုံးဖြတ်ချက်ချရပေမည်၊ အောက်ပါပုံစံများကိုကြည့်ပါ။

၁။ (က) ယော လောဘော၊ တံ အကုသလံ။

(ခ) ယံ အကုသလံ၊ သော လောဘော။

၂။ (က) ယာ သဒ္ဓါ၊ တံ ကုသလံ။

(ခ) ယံ ကုသလံ၊ သာ သဒ္ဓါ။

၃။ (က) ယံ ဩတ္တပ္ပံ၊ တံ ကုသလံ။

(ခ) ယံ ကုသလံ၊ တံ ဩတ္တပ္ပံ။

ယောလောဘော–အကြင်လောဘသည်၊ (အတ္ထိ–ရှိ၏၊) တံ–ထိုလောဘသည်၊ အကုသလံ–အကုသိုလ်တည်း။ ယံအကုသလံ–အကြင်အကုသိုလ်သည်၊

http://www.dhammadownload.com



(အတ္တိ–ရှိ၏၊) သော–ထိုအကုသိုလ်သည်၊ လောဘော–လောဘတည်း၊ (ကျန်ဝါကျများကိုလည်း ဤနည်းအတိုင်း အနက်ပေးပါ။)

အထက်ပါဝါကျများ၌ နိယမဝါကျ, အနိယမဝါကျဟု နှစ်ဝါကျစီရှိ၏၊ ထိုနှစ်ဝါကျတို့တွင် ပထမဝါကျ၌ လောဘသည် ပုံလိင်တည်း၊ ဒုတိယဝါကျ၌ တံအရ လောဘကိုပင်ရ၍ သော–ဟုပုံလိင်ဖြင့်ထားသင့်သော်လည်း နောက်က အကုသလံဟူသော နပုံလိင်ပုဒ်ကိုငဲ့၍ "တံ" ဟုနပုံလိင်ဖြင့်ထားရသည်၊ ဤကဲ့သို့ နှစ်ဝါကျရှိရာ၌ နိယမတသဒ္ဒါသည် ရှေ့ပုဒ်လိင်သို့မလိုက်ရဘဲ နောက်ပုဒ်လိင်သို့လိုက်ရသည်၊ ကျန်ပုံစံများ၌လည်း ဤနည်းတူပင်၊ ဤကဲ့သို့သော ပုဒ်အနေအထားမျိုးများကို ပါဠိတော်အဋ္ဌကထာ၌ မြောက်များစွာတွေ့ရပါလိမ့်မည်။ [သမာသ်ဝါကျခင်းရာ၌ကား ရှေ့ပုဒ်လိင်သို့လိုက်ရသည်၊ သမာသ်အဆင့်မြင့်ခန်းကျမှ ပြပါမည်။]

**နိယံ။** ။ သမာသ်၌ တ၊ ရှေ့လိုက်ရ၊ ဝါကျ နောက်လိုက်မြဲ။

အောက်ပါ မြန်မာကို ပါဠိစီကုံးခဲ့ပါ။

၁။ အကြင်တရားသည် ကြံစည်တတ်၏ (ဝိတက္ကေတိ)၊ ထိုတရားသည် ဝိတက်တည်း။

၂။ အကြင်တရားသည် စိစစ်တတ်၏ (ဝိစရတိ)၊ ထိုတရားသည် ဝိစာရတည်း။

၃။ အကြင်တရားသည် ဆုံးဖြတ်တတ်၏ (ဝိနိစ္ဆိနာတိ)၊ ထိုတရားသည် အဓိမောက္ခတည်း။

၄။ အကြင်တရားသည် အားထုတ်တတ်၏ (အာရဘတိ)၊ ထိုတရားသည် ဝီရိယတည်း။

၅။ အကြင်တရားသည် နှစ်သက်တတ်၏ (ပီဏာယတိ)၊ ထိုတရားသည် ပီတိတည်း။

http://www.dhammadownload.com



၆။ အကြောင်းတရားသည် အလိုရှိတတ်၏ (ဣစ္ဆတိ၊ ကာမေတိ)၊ ထိုတရားသည် ဆန္ဒတည်း။

---

## န၊ နု၊ နနု–ဝါကျများ အသုံးပြုပုံ

**ဆောင်။**　　။ ကြိယာတစ်ခု၊ နနှင့်နု၊ နနု သုံးမျိုးတွဲ။
န–ကို ရှေ့ပြု၊ နောက်မှာနု၊ နနု နှစ်မျိုးတွဲ။
ကြိယာငါးဖြာ၊ ရေးနည်းလာ၊ မှတ်ပါ အသည်းစွဲ။

န–သံယုတာ နုသံယုတာ၊ နနု ဝါ န–နုသံယုတာ။
န–နနုသံယုတာ စာတိ၊ ဣမာ ပဉ္စ ကြိယာ မတာ။

ဤနေရာ၌ န, နု, နနုဝါကျများရေးပုံကို နားလည်အောင်လေ့ကျင့်ရပါမည်၊ ခက်ခဲလှသည်မဟုတ်ပါ၊ ပုံစံကြည့်ရုံမျှဖြင့် နားလည်နိုင်ပါသည်။

၁။ န–သဒ္ဒါသည် "မ"ဟူသော ပဋိသေဓအနက်ကို ဟော၏။

၂။ နုသဒ္ဒါသည် "လော"ဟူသော ပုစ္ဆာအနက်ကို ဟော၏။

၃။ နနုသဒ္ဒါသည် "မ, လော"ဟူသော အထက်ပါနှစ်နက်ကို ဟော၏။

ဤသဒ္ဒါများကို သင့်လျော်သောကြိယာတစ်ခုခုနှင့် တွဲစပ်အသုံးပြုရသည်၊ စီကုံး ရေးသားရသည်။

### လေ့ကျင့်ခန်း

၁။ လောဘော ဥပ္ပဇ္ဇတိ၊–လောဘ ဖြစ်၏။

၂။ လောဘော နဥပ္ပဇ္ဇတိ၊–လောဘ မဖြစ်။

၃။ လောဘော ဥပ္ပဇ္ဇတိနု၊–လောဘ ဖြစ်သလော။

၄။ လောဘော ဥပ္ပဇ္ဇတိနနု၊–လောဘဖြစ်သည် မဟုတ်လော။

၅။ လောဘော နဥပ္ပဇ္ဇတိနု၊–လောဘ မဖြစ်ဘူးလော။

၆။ လောဘော နဥပ္ပဇ္ဇတိနနု၊–လောဘ မဖြစ်သည် မဟုတ်လော။

http://www.dhammadownload.com



ဂစ္ဆတိ , အာဂစ္ဆတိ , ပစတိ , ဘုဉ္ဇတိ , သယတိ , နှာယတိ , ဝဒတိ , ဝန္ဒတိ , ဒေသေတိ–ကြိယာများနှင့်လည်း တွဲစပ်လေ့ကျင့်ပါ ။

အောက်ပါ မြန်မာကို ပါဠိစီကုံးခဲ့ပါ ။

၁။ သင်သည် တိဿဖြစ်သည်မဟုတ်လော ။
၂။ မှန်ပါ ၊ တပည့်တော်သည် တိဿဖြစ်ပါသည် ။ (အာမ–မှန်ပါ။)
၃။ ငါ့ရှင်တိဿ ! ဒတ္တရှိသလော ။
၄။ အရှင်ဘုရား ! ဒတ္တမရှိပါ ။
၅။ ဒတ္တရှိသည် မဟုတ်လော ။
၆။ ငါ့ရှင် တိဿ ! ဒတ္တမရှိဘူးလော ။
၇။ ဒတ္တရှိပါသည်ဘုရား ။
၈။ လောဘသည် ကုသိုလ်မဟုတ်လော ။
၉။ လောဘသည် ကုသိုလ်မဟုတ်ပါ ၊ အကုသိုလ်ဖြစ်ပါသည် ။
၁၀။ အကြင်တရားသည် သဒ္ဓါဖြစ်၏ ၊ ထိုတရားသည် ကုသိုလ်မဟုတ်ဘူးလော ။

---

## ၂ ။ ဒုတိယာဝိဘတ် အခြေခံ

**ကမ္မတ္ထေ ဒုတိယာ** ။ ။ ကမ္မတ္ထေ ဒုတိယာဝိဘတ္တိ ဟောတိ ၊ အဝုတ္တကံအနက်၌ ဒုတိယာဝိဘတ်သက်ရ၏ ၊ ဂါဝံ ဟနတိ ၊ ဝီဟယော လုနာတိ ၊ ဆတ္တံ ကရောတိ ၊ ဃဋံ ကရောတိ ၊ ရထံ ကရောတိ ၊ ဓမ္မံ သုဏာတိ ၊ ဗုဒ္ဓံ ပူဇေတိ ၊ ဝါစံ ဘာသတိ ၊ တဏ္ဍုလံ ပစတိ ၊ စောရံ ဃာတေတိ ။

**သတ္တိ** ။ ။ ကမ္မကာရကသည် ကြိယာပါပုဏနသတ္တိရှိ၏ ၊ သွားခြင်း , ချက်ခြင်း စသော ကြိယာဖြင့်ရောက်အပ်၏ ။

http://www.dhammadownload.com



**တစပ်**။ ။ ဂါဝံ–နွားကို၊ ဟနတိ–သတ်၏။ ဂါဝံကား "ကို"ဟူ၍ အနက်ပေးသောကြောင့် ဟနတိ၌ ဟနဓာတ် အပစ္စည်း တိဝိဘတ်ဟုဆိုအပ်သော အာချာတ်ကြိယာဝါစကသည် မဟောအပ်သော အဝုတ္တကံ၊ ဟနတိကား ထိုကံ၏ကြိယာ၊ ဝါ–ထိုကံကိုမဟောသော အာချာတ်ကြိယာ ဝါစကတည်း။

## လေ့ကျင့်ခန်း

၁။ တုမှေ အာဝုသော ! ကိံ နာမာ။

၂။ မယံ ဘန္တေ ! တိဿဒတ္တာ နာမ။

၃။ တုမှေ အာဝုသော ! ကိံ ဂန္ထံ ဥဂ္ဂဏှထ။

၄။ မယံ ဘန္တေ ! သင်္ဂဟဂန္ထံ ဥဂ္ဂဏှာမ။

၅။ အဟော ! သင်္ဂဟဂန္ထံ ဥဂ္ဂဏှထ။ (သြ... သင်္ဂြိုဟ်ကို သင်ကြသကိုး။)

၆။ အာမ ဘန္တေ ! သင်္ဂဟဂန္ထံ ဥဂ္ဂဏှာမ။

၇။ သာဓု သာဓု အာဝုသော !။

**တစပ်**။ ။ (၁) အာဝုသောကား သဗ္ဗောဓနအာလုပ်ပုဒ်တည်း။ (၂) ဘန္တေကား သဗ္ဗောဓနအာလုပ်ပုဒ်တည်း။ (၃) ကိံသဒ္ဒါကား ပုစ္ဆာဝါစကတ္ထဇောတက နိပါတ်ပုဒ်တည်း။ (၅) အဟောသဒ္ဒါကား ပသံသနတ္ထဇောတက နိပါတ်ပုဒ်တည်း။ (၆) အာမသဒ္ဒါကား သမ္ပဋိစ္ဆနတ္ထဇောတကနိပါတ်ပုဒ်တည်း။ (၇) သာဓုသဒ္ဒါကား ပသံသနတ္ထဇောတကနိပါတ်ပုဒ်တည်း။

အောက်ပါ မြန်မာကို ပါဠိပြန်ကိုးခဲ့ပါ။

၁။ ငါ့ရှင် ! သင် အဘယ်အမည်ရှိသနည်း။

၂။ အရှင်ဘုရား ! တပည့်တော် တိဿအမည်ရှိပါသည်။

၃။ ငါ့ရှင် ! သင် အဘယ်ကျမ်းဂန်ကို သင်ယူသနည်း။

၄။ အရှင်ဘုရား ! တပည့်တော် သဒ္ဒါကျမ်းဂန်ကို သင်ယူပါသည်။

http://www.dhammadownload.com



၅။ ဩ. . .သဒ္ဒါကျမ်းဂန်ကို သင်ယူသကိုး။

၆။ မှန်ပါဘုရား ! ၊သဒ္ဒါကျမ်းဂန်ကို သင်ယူပါသည်။

၇။ ငါ့ရှင် ! ကောင်းတယ် ကောင်းတယ်။

**လေ့ကျင့်ခန်း**

၁။ ကော အာဝုသော ! ကုသလံ ကရောတိ။

၂။ ပဏ္ဍိတော ဘန္တေ ! ကုသလံ ကရောတိ။

၃။ ကေ အာဝုသော ! အကုသလံ ကရောန္တိ။

၄။ ဗာလာ ဘန္တေ ! အကုသလံ ကရောန္တိ။

၅။ ကတမေ အာဝုသော ! စတ္တာရော ပရမတ္ထဓမ္မာ၊ တေ ဂဏှာဟိ။ (ဂဏှေတွာ ပကာသေဟိ။)

၆။ စိတ္တံ စေတသိကံ ရူပံ နိဗ္ဗာနန္တိ၊ ဣမေ ဘန္တေ ! စတ္တာရော ပရမတ္ထဓမ္မာ။

၇။ သာဓု သာဓု အာဝုသော ! ၊သစ္စံ သစ္စံ အာဝုသော ! ။

**စာစပ်**။ ။ စိတ္တံ စေတသိကံ ရူပံ နိဗ္ဗာနံတို့ကား "လည်းကောင်း လည်းကောင်း"ဟူ၍အနက်ပေးသောကြောင့် ဣတိဒ္ဓ နိဒဿေတဗ္ဗ၊ ဣတိကား နိဒဿန ။

အောက်ပါ မြန်မာကို ပါဠိစီကုံးခဲ့ပါ။

၁။ ငါ့ရှင် ! အဘိဓမ္မာကို အဘယ်ပုဂ္ဂိုလ် ဟောသနည်း။

၂။ အရှင်ဘုရား ! အဘိဓမ္မာကို မြတ်စွာဘုရား ဟောပါသည်။

၃။ ငါ့ရှင် ! အဘိဓမ္မတ္ထသင်္ဂဟကျမ်းကို အဘယ်ပုဂ္ဂိုလ် ရေးသားသနည်း။

၄။ အရှင်ဘုရား ! အရှင်အနုရုဒ္ဓါထေရ် ရေးသားပါသည်။

၅။ ငါ့ရှင် ! စိတ်ဘယ်နှစ်မျိုး ရှိသနည်း။

၆။ အရှင်ဘုရား ! စိတ်လေးမျိုးရှိပါသည်။

http://www.dhammadownload.com



၇။ ရေတွက်ပြစမ်းပါ ငါ့ရှင် !။ (ရေတွက်လိုက်စမ်းပါ။)

၈။ ကာမစိတ်, ရူပစိတ်, အရူပစိတ်, လောကုတ္တရာစိတ်။

၉။ ကောင်းတယ် ကောင်းတယ် ငါ့ရှင် !၊ မှန်ပါပေတယ် မှန်ပါပေတယ် ငါ့ရှင် !။

---

## ၃။ တတိယာဝိဘတ်အခြေခံ

**ကရဏေ တတိယာ**။ ။ ကရဏကာရကေ တတိယာဝိဘတ္တိ ဟောတိ၊ ကရိဏ်းအနက်၌ တတိယာဝိဘတ်သက်ရ၏။ အဂ္ဂိနာ ကုဋိံ ဈာပေတိ၊ မနသာ စေ ပဒုဋ္ဌေန၊ မနသာ စေ ပသန္နေန၊ ကာယေန ကမ္မံ ကရောတိ။

**သတ္တိ**။ ။ ကရဏကာရကသည် ကြိယာသာဓကတမသတ္တိရှိ၏၊ သွားခြင်း, ချက်ခြင်းစသောကြိယာကို အထူးသဖြင့် ပြီးစေတတ်၏။

**စာစပ်**။ ။ အဂ္ဂိနာ–မီးဖြင့်၊ ကုဋိံ–တဲကုဋ်ကို၊ ဈာပေတိ–လောင်ကျွမ်းစေ၏။ အဂ္ဂိနာကား "ဖြင့်"ဟူ၍အနက်ပေးသောကြောင့် ဈာပေတိ၌ ကရိဏ်း၊ ဈာပေတိကား ကရဏီ(ထိုကရိဏ်း၏ကြိယာ)။

### လေ့ကျင့်ခန်း

၁။ တယော သာမဏေရာ ပါဒေန ဝိဟာရလယံ အာဂစ္ဆန္တိ။

၂။ အာစရိယော အာဟ "အာဂစ္ဆတ္တ၊ သာမဏေရာ သန္တိ ဋ္ဌြယေနာ"တိ။

၃။ ဝိသဇ္ဇေန္တု၊ သာမဏေရာ၊ အဟံ တုမှေ ပုစ္ဆာမိ။

၄။ ပုစ္ဆထ ဘန္တေ !၊ မယံ ဇာနန္တာ ဝိသဇ္ဇေမ။

၅။ အဟေတုကစိတ္တာနိ ကိတ္တကေဟိ သင်္ယုန္တေ။

၆။ အဋ္ဌာရသဟိ ဘန္တေ ! အဟေတုကစိတ္တာနိ သင်္ယုန္တေ။

http://www.dhammadownload.com



၇။ ကိတ္တကေဟိ အာဝုသော ! အကုသလဝိပါကစိတ္တာနိ သင်္ဂယှန္တေ ။

၈။ သတ္တဟိ ဘန္တေ ! သင်္ဂယှန္တေ ။

၉။ တာနိ သတ္တ ဝါစာယ ဂဏေထ ။

၁၀။ စက္ခုဝိညာဏံ , သောတဝိညာဏံ , ဃာနဝိညာဏံ , ဇိဝှာဝိညာဏံ , ကာယဝိညာဏံ , သမ္ပဋိစ္ဆနံ , သန္တီ ရဏာန္တိ ။

အောက်ပါ မြန်မာတို့ကို ပါဠိစီကုံးခဲ့ပါ။

၁။ သာမဏေတို့သည် မော်တော်ကားဖြင့် စာသင်ခန်းသို့ လာကြသည်။

၂။ "ငြိမ်သက်သောလ္လေန္တေတို့ဖြင့် သင်တို့လာကြ"ဟု ဆရာကပြော၏။

၃။ ငါ့ရှင်တို့ ! ယောက်ျားသည် မျက်စိဖြင့် ဘာကိုကြည့်သနည်း။

၄။ အရှင်ဘုရား ! ယောက်ျားသည် မျက်စိဖြင့် ရူပါရုံတို့ကို ကြည့်ပါသည်။

၅။ ငါ့ရှင် ! မိန်းမသည် နားဖြင့် ဘာကိုနားထောင်သနည်း။

၆။ အရှင်ဘုရား ! မိန်းမတို့သည် နားဖြင့် အသံတို့ကို နားထောင်ကြပါသည်။

၇။ ငါ့ရှင် ! သတို့သမီးသည် နှာခေါင်းဖြင့် ဘာကို နမ်းရှူသနည်း။

၈။ အရှင်ဘုရား ! သတို့သမီးတို့သည် နှာခေါင်းဖြင့် အနံ့တို့ကို နမ်းရှူကြပါသည် ။

၉။ ငါ့ရှင် ! သာမဏေသည် လျှာဖြင့် ဘာကို သာယာသနည်း။

၁၀။ အရှင်ဘုရား ! သာမဏေသည် လျှာဖြင့် အရသာကို သာယာပါသည်။

၁၁။ ငါ့ရှင်တို့ ! သင်တို့သည် ကိုယ်ဖြင့် ဘာကို တွေ့ထိကြသနည်း။

၁၂။ အရှင်ဘုရား ! တပည့်တော်တို့သည် ကိုယ်ဖြင့် ဖောဋ္ဌဗ္ဗာရုံကိုတွေ့ထိကြပါသည် ။

**ယော ကရောတိ သ ကတ္တာ** ။ ။ ယော ကရောတိ ၊ သော ကတ္တု သညော ဟောတိ ၊ ကိုယ်တိုင်ပြုတတ်သော ကာရကသည် (အဝုတ္တ) ကတ္တားမည်၏ ။

http://www.dhammadownload.com



အပဟိနာ ဒဏ္ဍော နရော၊ ဂရုဠေန ဟတော နာဂေါ၊ ဗုဒ္ဓေန ဇိတော မာရော၊ ဥပဂုတ္တေန မာရော ဗဒ္ဓေါ။

**သတ္တိ**။ ။ကတ္တုကာရကသည် ကြိယာဘိနိပ္ဖာဒနသတ္တိရှိ၏၊ သွားခြင်း ချက်ခြင်းစသောကြိယာကို ပြီးစေတတ်၏။

**စာစပ်**။ ။အပဟိနာ–မြွေသည်၊နရော–လူကို၊ဒဏ္ဍော–ကိုက်အပ်၏။ အပဟိနာကား "သည်"ဟူ၍အနက်ပေးသောကြောင့် ဒဏ္ဍော၌ ဒံသဓာတ် တ,ပစ္စည်းဟုဆိုအပ်သော ကိတ်ကြိယာဝါစကသည် မဟောအပ်သော အဝုတ္တကတ္တား၊ဒဏ္ဍောကား ထိုကတ္တား၏ကြိယာ၊ဝါ–ထိုကတ္တားကိုမဟောသော ကိတ်ကြိယာဝါစကတည်း။နရောကား "ကို"ဟူ၍အနက်ပေးသောကြောင့် ဒဏ္ဍော၌ ဒံသဓာတ် တ,ပစ္စည်းဟုဆိုအပ်သော ကိတ်ကြိယာဝါစကသည်ဟောအပ်သော ဝုတ္တကံ၊ဒဏ္ဍောကား ထိုကံ၏ကြိယာ၊ဝါ–ထိုကံကိုဟောသော ကိတ်ကြိယာဝါစကတည်း။

## လေ့ကျင့်ခန်း

၁။ အာဝုသော တိဿ ! အဟံ တံ ပုစ္ဆာမိ။

၂။ ပုစ္ဆထ ဘန္တေ !၊ဇာနန္တော ဝိဿဇ္ဇေမိ။

၃။ ဥဂ္ဂယှတေန တယာ သဒ္ဒဂန္ထော။

၄။ န မယာ ဘန္တေ !သဒ္ဒဂန္ထော ဥဂ္ဂယှတေ။

၅။ ဥဂ္ဂယှတေ နနု အဘိဓမ္မတ္ထသင်္ဂဟပကရဏံ။

၆။ အာမ ဘန္တေ !ဥဂ္ဂယှတေ။

၇။ ကိတ္တကာနိ အာဝုသော !အကုသလစိတ္တာနိ။

၈။ ဒွါဒသ ဘန္တေ !အကုသလစိတ္တာနိ။

၉။ တယာ တာနိ ဂဏီယန္တု။

http://www.dhammadownload.com



၁၀။ အဋ္ဌ လောဘမူလစိတ္တာနိ, ဒွေ ဒေါသမူလစိတ္တာနိ, ဒွေ မောဟမူလ စိတ္တာနီတိ ဒွါဒသ အကုသလစိတ္တာနိ။

၁၁။ ဧဝံ ဧဝံ အာဝုသော !။

အောက်ပါ မြန်မာတို့ကို ပါဠိစီကုံးခဲ့ပါ။

၁။ ငါ့ရှင် ! အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းကို အရှင်ကစ္စည်းထေရ် ရေးသား အပ်သလော။

၂။ အရှင်ဘုရား ! အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းကို အရှင်ကစ္စည်းထေရ် ရေးသားအပ်သည် မဟုတ်ပါ။

၃။ အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းကို အရှင်အနုရုဒ္ဓါထေရ် ရေးသားအပ် ပါသည်။

၄။ ငါ့ရှင် ! အဟိတ်စိတ် ၁၇–ပါး ဟုတ်သလော။

၅။ အရှင်ဘုရား ! ၁၇–ပါး မဟုတ်ပါ၊ ၁၈–ပါးဖြစ်ပါသည်။

၆။ ထို ၁၈–ပါးတို့ကို သင် ရေတွက်အပ်လော။

၇။ အကုသလဝိပါက် ၇–ပါး၊ ကုသလဝိပါက် ၈–ပါး၊ အဟိတ် ကြိယာ၃–ပါး၊ ပေါင်း အဟိတ်စိတ် ၁၈–ပါး။

၈။ မှန်တယ် မှန်တယ် ငါ့ရှင် !။

## ၄။ စတုတ္ထီဝိဘတ်အခြေခံ

**ဆောင်။** ။ စ ရှိသိလာဃ၊ ဒါရုစ္စနှင့်၊ ဓရ ခမ၊ ဆဒ ဓာတ်နှော၊ နမောအယှဉ်၊ စသည်တွင်၊ သက်ဝင် စတုတ္ထီ။

**သမ္ပဒါနေ စတုတ္ထီ။** ။ သမ္ပဒါနကာရကေ စတုတ္ထီဝိဘတ္တိ ဟောတိ၊ သမ္ပဒါန်အနက်၌ စတုတ္ထီဝိဘတ်သက်ရ၏။ ဗုဒ္ဓဿ ဝါ ဓမ္မဿ ဝါ သံဃဿ ဝါ ဒါနံ ဒေတိ၊ ဒါတာ ဟောတိ သမဏဿ ဝါ ဗြာဟ္မဏဿ ဝါ။

http://www.dhammadownload.com



**သတ္တိ**။ ။သမ္ပဒါနကာရကသည် ဝတ္ထုပဋိဂ္ဂါဟကသတ္တိရှိ၏၊ ပေးအပ်သော ဝတ္ထုကိုခံယူတတ်၏။

**စာစပ်**။ ။ဗုဒ္ဓဿဝါ–ဘုရားအားလည်းကောင်း၊ဓမ္မဿဝါ–တရားအားလည်းကောင်း၊သံဃဿဝါ–သံဃာအားလည်းကောင်း၊ဒါနံ–အလှူကို၊ ဒေတိ–ပေးလှူ၏။ ဗုဒ္ဓဿ(ဓမ္မဿ သံဃဿ–တို့)ကား "အား" ဟူ၍ အနက်ပေးသောကြောင့် ဒေတိ၌ သမ္ပဒါန်၊ဒေတိကား သမ္ပဒါနီ(ထိုသမ္ပဒါန်၏ကြိယာ)။ ဝါ,သဒ္ဒါတို့ကား သမုစ္စယတ္ထဇောတကနိပါတ်ပုဒ်တို့တည်း။

## လေ့ကျင့်ခန်း

၁။ တိဿသာမဏေရော အာစရိယဿ အဘိဓမ္မတ္ထသင်္ဂဟပေါတ္ထကံ ဒေတိ။

၂။ တွံ အာဝုသော!ကမ္မံ ပေါတ္ထကံ ကဿ ဒေသိ။
အဟံ ဘန္တေ!ကမ္မံ ပေါတ္ထကံ တုမှာကံ ဒေမိ။

၃။ နနု တွံ အာဝုသော!ကမ္မံ ပေါတ္ထကံ ဒတ္တဿ ဒေသိ။
အဟံ ဘန္တေ!ဒတ္တဿပိ ဒဿာမိ။

၄။ လောဘော အာဝုသော!လုဒ္ဓဿ အကုသလဝိပါကံ ဒေတိ။

၅။ အလောဘော ဘန္တေ!အလုဒ္ဓဿ ကံ ဝိပါကံ ဒေတိ။
နနု အာဝုသော!အလုဒ္ဓဿ ကုသလဝိပါကံ ဒေတိ။

၆။ ဒေါသော အာဝုသော!ဒုဋ္ဌဿ ကံ ဝိပါကံ ဒေတိ။

၇။ အဒေါသော ဘန္တေ!အဒုဋ္ဌဿ ကံ ဝိပါကံ ဒေတိ။
နနု အာဝုသော!အဒေါသော အဒုဋ္ဌဿ ကုသလဝိပါကံ ဒေတိ။

၈။ မောဟော ဘန္တေ!မုဠှဿ ကံ ဝိပါကံ ဒေတိ။
မောဟော အာဝုသော!မုဠှဿ အကုသလဝိပါကံ ဒေတိ။

၉။ အမောဟော ဘန္တေ!အမုဠှဿ ကံ ဝိပါကံ ဒေတိ။
အမောဟော အာဝုသော!အမုဠှဿ ကုသလဝိပါကံ ဒေတိ။

http://www.dhammadownload.com



အောက်ပါ မြန်မာတို့ကို ပါဠိစီကုံးခဲ့ပါ။

၁။ ကုသိုလ်ကံ အကုသိုလ်ကံဟု ကံနှစ်မျိုးရှိသည်။

၂။ ကုသိုလ်စေတနာ ၂၁-ပါးသည် ကုသိုလ်ကံမည်၏။

၃။ အကုသိုလ်စေတနာ ၁၂-ပါးသည် အကုသိုလ်ကံမည်၏။

၄။ ကုသိုလ်ကံသည် ထိုကံပြုသူအား (တံ ကမ္မံ ကရောန္တဿ)ကောင်းသောအကျိုး (ကုသလဝိပါက်) ကို ပေးသည်။

၅။ အကုသိုလ်ကံသည် ထိုကံကိုပြုသူအား မကောင်းသောအကျိုး(အကုသလဝိပါက်)ကို ပေးသည်။

၆။ အမြတ်စား (ဥက္ကဋ္ဌ)ကုသိုလ်ကံသည် ထိုကုသိုလ်ကိုပြုသူအား အမြတ်စားအကျိုးကို ပေးသည်။

၇။ အလတ်စား (မဇ္ဈိမ)ကုသိုလ်ကံသည် ထိုကုသိုလ်ကိုပြုသူအား အလတ်စားအကျိုးကို ပေးသည်။

၈။ အညံ့စား (ဟီန)ကုသိုလ်ကံသည် ထိုကုသိုလ်ကံကိုပြုသူအား အညံ့စားအကျိုးကို ပေးသည်။

၁။ အာစရိယော သိဿဿ သိလာဃတေ။ (ချီးမွမ်း၏။)

၂။ တွံ မမ ဟနုသေ။ (သင်သည် ငါ့အား လိမ်ညာ၏။)

၃။ သော တုယှံ သပတေ။ (ယုံကြည်စေရန် သစ္စာပြု၏။)

၄။ ရုစ္စတေနု တဝ မမ ကိရိယာ။
တဝ ကိရိယာ မမ န ရုစ္စတေ။

၅။ (က) ဉာဏာယိကော ဉာဏသာမိကဿ သတံ ဉာဏံ ဓာရယတေ။ (ပေးဆပ်၏။)
(ခ) မယံ တဿ ရညော သတံ သုဝဏ္ဏံ ဓာရယာမ။ (ဆက်သကြ၏။)
(ဂ) တွံ အာစရိယဿ ဆတ္တံ ဓာရယသိ။ (ဆောင်းမိုး၏။)

၆။ ဉာဒံ ကမ္မံ ယဿ နက္ခမတိ၊ သော ဘာသေယျ။
ဉာဒံ ကမ္မံ ခမတိ သံဃဿ၊ တသ္မာ တုဏှီ။

http://www.dhammadownload.com



၇။ ဘတ္တ - မဿ ဆာဒေတိ။ (ဒန်ပူခဲသော ထိုရဟန်းအား အစာသည် ဖုံးလွှမ်း၏။ (ဆာ၏၊ ထမင်းမြိန်၏။)

၈။ ဆာဒယတိနု တဝ ဘတ္တံ။ (သင် ထမင်း ဆာသလား။)

နစ္ဆာဒယတိ မမ ဘတ္တံ။ (ငါ ထမင်း မဆာပါ။)

၉။ နမော ဗုဒ္ဓဿ၊ နမော ဓမ္မဿ၊ နမော သံဃဿ။

၁၀။ နမ-တ္ထု ဗုဒ္ဓါနံ နမ-တ္ထု ဗောဓိယာ။

နမော ဝိမုတ္တာနံ နမော ဝိမုတ္တိယာ။

[ဘုရားရှင်တို့အား ရှိခိုးပါ၏၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်အား ရှိခိုးပါ၏၊ အရဟတ္တဖိုလ်ဝိမုတ္တိဖြင့် ကိလေသာတို့မှ လွတ်မြောက်တော်မူကြသော ဘုရားရှင်တို့အား ရှိခိုးပါ၏၊ ဘုရားရှင်တို့၏ ဝိမုတ္တိငါးပါးအား ရှိခိုးပါ၏။]

## ၅။ ပဉ္စမီဝိဘတ်အခြေခံ

**ဆောင်။** ။ ဖဲကြောက် သင်ရှူး၊ စဖြစ် တုန်းနှင့်၊ ရှောင်ပုန်း စောင့်ရှောက်၊ နီးဝေးလျှောက်၊ သက်ရောက်ပဉ္စမီ။

**အပါဒါနေ ပဉ္စမီ။** ။ အပါဒါနကာရကေ ပဉ္စမီဝိဘတ္တိ ဟောတိ၊ အပါဒါန်အနက်၌ ပဉ္စမီဝိဘတ်သက်ရ၏။ ပါပါ စိတ္တံ နိဝါရယေ၊ အဗ္ဘာ မုတ္တောဝ စန္ဒိမာ၊ ဘယာ မုစ္စတိ သော နရော။

**သတ္တိ။** ။ အပါဒါနကာရကသည် ကြိယာပဂမနသတ္တိရှိ၏၊ ရှာ, ခိုးသူစသောဒြပ်သည် ဖဲခွာခြင်း, ကြောက်ခြင်းစသောကြိယာကို ပြီးစေတတ်၏။

**စာစပ်။** ။ ပါပါ-မကောင်းမှုမှ။ စိတ္တံ-စိတ်ကို၊ နိဝါရယေ-တားမြစ်ရာ၏။ ပါပါကား "မှ"ဟူ၍အနက်ပေးသောကြောင့် နိဝါရယေ၌အပါဒါန်၊ နိဝါရယေကား အပါဒါနီ (ထိုအပါဒါန်၏ကြိယာ)။

http://www.dhammadownload.com



## လေ့ကျင့်ခန်း

၁။ တယော သာမဏေရာ ကုတော အပေန္တိ ။

တယော သာမဏေရာ သကင္ဂါနတော အပေန္တိ ၊ ဝိဇ္ဇာလယံ အာဂစ္ဆန္တိ ။

၂။ တွံ အာဝုသော ဒတ္တ ! ကုတော ဘာယသိ ။

အဟံ ဘန္တေ ! အဘိဓမ္မတ္ထသင်္ဂဟတော ဘာယာမိ ။

၃။ မိတ္တော ပန ကုတော ဘာယတိ ။

အဟံ ဘန္တေ ! သဒ္ဒဂန္ထတော ဘာယာမိ ။ (ကစ္စာယနဂန္ထတော)

၄။ တိဿော ပန ကုတော ဘာယတိ ။

အဟံ ပန ဘန္တေ ! ကေဟိစိပိ န ဘာယာမိ ။

၅။ မာ ဘာယထ အာဝုသော ! အဘိဓမ္မတ္ထသင်္ဂဟတော ဝါ သဒ္ဒဂန္ထတော ဝါ ။

အောက်ပါ မြန်မာတို့ကို ပါဠိစီကုံးခဲ့ပါ ။

၁။ ငါ့ရှင်တိဿ ! သင်သည် အကုသိုလ်မှ ဖဲခွာလော ။

၂။ မှန်ပါဘုရား ! ၊ တပည့်တော်သည် အကုသိုလ်မှ ဖဲခွာပါမည် ။

၃။ ငါ့ရှင်ဒတ္တ ! သင်သည် လောဘမှ မကြောက်ဖူးလော ။

၄။ အရှင်ဘုရား ! တပည့်တော်သည် လောဘမှလည်းကောင်း , ဒေါသမောဟတို့မှလည်းကောင်း ကြောက်ပါသည် ။

၅။ လူမိုက်တို့သည် လောဘဒေါသမောဟတို့မှ မကြောက်ကုန် ။

၆။ ပညာရှိတို့သည် အကုသိုလ်တို့မှ ကြောက်ကုန်၏ ။

၇။ လူလိမ္မာတို့သည် ကုသိုလ်တို့မှ မကြောက်ကုန် ။

၁။ တုမှေ အာဝုသော ! ကုတော သိပ္ပံ ဥဂ္ဂဏှထ ။

မယံ ဘန္တေ ! အာစရိယတော သိပ္ပံ ဥဂ္ဂဏှာမ ။

http://www.dhammadownload.com



၂။ အညတိတ္ထိယာ ဘန္တေ ! ကုတော ပရာဇေန္တိ ။
အညတိတ္ထိယာ အာဝုသော ! ဗုဒ္ဓသ္မာ ပရာဇေန္တိ ။
၃။ ယာနိ ကာနိစိ ဘယာနိ ကုတော ဥပ္ပဇ္ဇန္တိ ။
ယာနိ ကာနိစိ ဘယာနိ ဗာလတော ဥပ္ပဇ္ဇန္တိ ၊ နော ပဏ္ဍိတတော ။
၄။ ကုလပုတ္တော ကုတော ပဋိဝိရတော ။
ကုလပုတ္တော အသဒ္ဓမ္မာ ပဋိဝိရတော ။
၅။ သိဿော ကုတော အန္တရဓာယတိ ။
သိဿော ဥပဇ္ဈာယာ အန္တရဓာယတိ ။
၆။ ပုတ္တော ကုတော အန္တရဓာယတိ ။
ပုတ္တော မာတာပိတူဟိ အန္တရဓာယတိ ။
၇။ သာမဏေရော သီလဝိပတ္တိယာ ရက္ခေယျ ။
၈။ တုမှာကံ ဂါမော နဂရတော ကီဝအာသန္နော ။
အမှာကံ ဂါမော နဂရတော အစ္စာသန္နော ၊ နာတိဒူရော ။

---

## ၆ ။ ဆဋ္ဌီဝိဘတ် အခြေခံ

**သာမိသ္မိံ ဆဋ္ဌီ ။** ။ သာမိသ္မိံ ဆဋ္ဌီဝိဘတ္တိ ဟောတိ၊ အကာရက သာမိအနက်၌ ဆဋ္ဌီဝိဘတ်သက်ရ၏ ။ တဿ ဘိက္ခုနော ပဋိဝီသော၊ တဿ ဘိက္ခုနော ပတ္တော၊ တဿ ဘိက္ခုနော စီဝရံ၊ အတ္တနော မုခံ။ [ဆဋ္ဌီဝိဘတ် သည် ကြိယာနှင့်ဆက်သွယ်မှု မရှိသောကြောင့် ကာရကအမည်ကိုမရပေ။ တွေ စ ကြိယာဘိသမ္ဗန္ဓာဘာဝါ န ကာရကတာ သမ္ဘဝတိ။ (ရူ၊၁၆၆)]

**စာစပ်** ။ ။ တဿ ဘိက္ခုနော–ထိုရဟန်း၏၊ ပဋိဝီသော–အဖို့ ။ တဿဘိက္ခုနောကား “၏”ဟူ၍အနက်ပေးသောကြောင့် ပဋိဝီသော၌ သမ္ဗန်၊ ပဋိဝီသောကား သမ္ဗန္ဓီ ။

http://www.dhammadownload.com



## လေ့ကျင့်ခန်း

၁။ အယံ အာဝုသော ! ကဿ ဝိပါကော။
အယံ ဘန္တေ ! ကုသလဿ ဝိပါကော။

၂။ ဣဒံ (အနိဋ္ဌာရမ္မဏံ) ကဿ ဝိပါကံ။
ဣဒံ (အနိဋ္ဌာရမ္မဏံ) အကုသလဿ ဝိပါကံ။

၃။ သတ္တာ အကုသလဝိပါကာ ကဿ သန္တကာ။
သတ္တာ အကုသလဝိပါကာ ဗာလဿ သန္တကာ။

၄။ အဋ္ဌ ကုသလဝိပါကာ ကေသံ သန္တကာ။
အဋ္ဌ ကုသလဝိပါကာ ပဏ္ဍိတာနံ သန္တကာ။

အောက်ပါ မြန်မာတို့ကို ပါဠိစီကုံးခဲ့ပါ။

၁။ ငါ့ရှင် ! လောဘသည် လူမိုက်၏ ဥစ္စာမဟုတ်လော။

၂။ အရှင်ဘုရား ! လောဘသည် လူမိုက်၏ ဥစ္စာဖြစ်ပါသည်။

၃။ ငါ့ရှင် ! ဒေါသမောဟတို့သည်လည်း လူမိုက်တို့၏ ဥစ္စာတို့ပင် မဟုတ်ကြလော။

၄။ မှန်ပါဘုရား !၊ ဒေါသမောဟတို့သည်လည်း လူမိုက်တို့၏ ဥစ္စာတို့ပင် ဖြစ်ကြပါသည်။

၅။ ငါ့ရှင် ! လူလိမ္မာတို့၏ ဥစ္စာကား အဘယ်နည်း။

၆။ အရှင်ဘုရား ! လူလိမ္မာတို့၏ ဥစ္စာကား အလောဘဖြစ်ပါသည်။

၇။ ငါ့ရှင် ! အဒေါသ အမောဟတို့သည် မည်သူတို့၏ ဥစ္စာတို့နည်း။

၈။ အရှင်ဘုရား ! အဒေါသ အမောဟတို့သည် လူလိမ္မာတို့၏ ဥစ္စာများ ဖြစ်ကြပါသည်။

http://www.dhammadownload.com



# ၇။ သတ္တမီဝိဘတ် အခြေခံ

**ဩကာသေ သတ္တမီ**။ ။ဩကာသကာရကေ သတ္တမီဝိဘတ္တိ ဟောတိ၊ဩကာသအနက်၌ သတ္တမီဝိဘတ်သက်ရ၏ ။ ဂမ္ဘီရေ ဩဒကန္တိကေ၊ ပါပသို့ ရမတိ မနော၊ဘဂဝတိ ဗြဟ္မစရိယံ ဝုဿတိ ကုလပုတ္တော။

**သတ္တိ**။ ။ဩကာသကာရကသည် ကြိယာပတိဋ္ဌာနသတ္တိရှိ၏ ၊ နေခြင်း , ထိုင်ခြင်းစသောကြိယာ၏ တည်ရာဖြစ်၏။

**စာစပ်**။ ။ ဂမ္ဘီရေ–နက်သော၊ဩဒကန္တိကေ–ရေ၏အနီးဖြစ်သော တွင်း၌၊နိဓိံ–ရွှေအိုးကို၊နိဓေတိ–မြှုပ်၏။ ဩဒကန္တိကေကား "၌"ဟူ၍ အနက်ပေးသောကြောင့် နိဓေတိ၌ အာဓာရ၊နိဓေတိကား အာဓေယျ။

## လေ့ကျင့်ခန်း

၁။ အဘိဓမ္မပိဋကေ သတ္တ ပကရဏာနိ သန္တိ ။

၂။ အဘိဓမ္မတ္ထသင်္ဂဟဂန္ထေ နဝ ပရိစ္ဆေဒါ ဟောန္တိ။

၃။ တေသု စိတ္တပရိစ္ဆေဒေ ဧကူနနဝုတိ စိတ္တာနိ ဒဿိတာနိ ။

၄။ ဧကူနနဝုတိယာ စိတ္တေသု ဒွါဒသ အကုသလစိတ္တာနိ။

၅။ ဒွါဒသသု အကုသလစိတ္တေသု အဋ္ဌ လောဘမူလစိတ္တာနိ၊ ဒွေ ဒွေ ဒေါသမောဟမူလစိတ္တာနိ။

၆။ ကဿ အာဝုသော ! သန္တာနေ လောဘော ဥပ္ပဇ္ဇတိ ။
ဗာလဿ ဘန္တေ ! သန္တာနေ လောဘော ဥပ္ပဇ္ဇတိ ။

၇။ ကေသံ အာဝုသော ! သန္တာနေ ဒေါသမောဟာ ဥပ္ပဇ္ဇန္တိ ။
ဗာလာနံ ဘန္တေ ! သန္တာနေ ဒေါသမောဟာ ဥပ္ပဇ္ဇန္တိ ။

၈။ သောတာပတ္တိမဂ္ဂဋ္ဌဿ သန္တာနေ သောတာပတ္တိမဂ္ဂစိတ္တံ ဥပ္ပဇ္ဇတိ ။

http://www.dhammadownload.com



အောက်ပါ မြန်မာတို့ကို ပါဠိစီကုံးခဲ့ပါ။

၁။ လူလိမ္မာ၏သန္တာန်၌ အလောဘဖြစ်၏။
၂။ လူလိမ္မာတို့၏သန္တာန်၌ အဒေါသအမောဟတို့ ဖြစ်ကုန်၏။
၃။ သောတာပန်ပုဂ္ဂိုလ်၏သန္တာန်၌ အဘယ်စိတ်ဖြစ်သနည်း။
၄။ သောတာပန်ပုဂ္ဂိုလ်၏သန္တာန်၌ သောတာပတ္တိဖိုလ်စိတ်ဖြစ်၏။
၅။ သကဒါဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၏သန္တာန်၌ သကဒါဂါမိမဂ်စိတ်ဖြစ်၏။
၆။ ရဟန္တာပုဂ္ဂိုလ်၏သန္တာန်၌ အကုသိုလ်စိတ်ဖြစ်သလော။
၇။ ရဟန္တာပုဂ္ဂိုလ်၏သန္တာန်၌ အကုသိုလ်စိတ်မဖြစ်ပါ၊ ကုသိုလ်စိတ်လည်းမဖြစ်ပါ။
၈။ မကောင်းမှုကို ပြုသူတို့သည် အပါယ်လေးဘုံတို့၌ ဖြစ်ကြရလိမ့်မည်။
၉။ ကောင်းမှုကို ပြုသူတို့သည် သုဂတိဘုံ၌ ဖြစ်ကြလိမ့်လတ္တံ့။
၁၀။ ငါတို့သည် ကောင်းမှုကိုပြုကြ၍ သုဂတိဘုံတို့၌ ဖြစ်ကြကုန်အံ့။

---

## လက္ခဏ လက္ချ

**ဆောင်**။ ။ကတ္တား ဟောရာ၊ ကတ္တားမှာ၊ ကံမှာ ကံ၌ သတ္တမီ။
ကတ်ကံ နှစ်ခု၊ ကြိယာစု၊ သက်မှု သတ္တမီ။
ကတ္တား အန္တ၊ ကံ မာန၊ ကြိယာ ပြောင်းရသည်။
လက္ခဏ လက္ချ၊ ပုဒ်ဝါကျ၊ ရေးရ အဆင့်မီ။

**လက္ခဏ၊ လက္ချ**။ ။လက္ခဏ လက္ချဝါကျ၌ စကားနှစ်ရပ်ရှိ၏၊ ရှေ့စကားရပ်ဖြင့် နောက်စကားရပ်ကို မှတ်ပြ၏၊ ထိုသို့ မှတ်ပြခြင်းကို "လက္ခဏ လက္ချ"ဟုခေါ်၏၊ "သော်၊ လတ်သော်"ဟု အနက်ပေးရ၏၊ လက္ခဏ လက္ချဝါကျကို ရေးသားလိုသူသည် ကတ္တားဟောဝါကျ, ကံဟောဝါကျများကို နားလည်ထားပြီးသူဖြစ်ရ၏၊ ရိုးရိုး ကတ္တားဟောဝါကျ, ကံဟောဝါကျများကို တည်ဆောက်ထားရ၏။

http://www.dhammadownload.com



က = ယောက်ျားသည် ရွာသို့သွား၏။ ခ = မိန်းမသည် ထမင်းကိုချက်၏။
က = ပုရိသော ဂါမံ ဂစ္ဆတိ။ ခ = ဣတ္ထီ ဩဒနံ ပစတိ။

ဤကတ္တားဟောဝါကျ၌ (က)ဝါကျကို လက္ခဏဝါကျလုပ်လိုက ကတ္တားဟောဖြစ်သောကြောင့် ကတ္တားပုဒ်နှင့်ကြိယာပုဒ်ကို နာမ်သတ္တမီဝိဘတ်ဖြင့်ပြင်ပေးရ၏၊ ပုရိသောကို ပုရိသေ၊ ဂစ္ဆတိကို အန္တပစ္စည်းဖြင့် ဂစ္ဆန္တေ–ဟုပြင်ရ၏၊ မဟောသည့် အဝုတ္တကံပုဒ် ဂါမံကိုကား ပြင်ဖို့မလို၊ သူ့အတိုင်းထားရ၏၊ နောက် (ခ) ဝါကျကိုလည်း ပြင်ဖို့မလိုပေ။

ပုရိသေ ဂါမံ ဂစ္ဆန္တေ ဣတ္ထီ ဩဒနံ ပစတိ။–ယောက်ျားသည် ရွာသို့သွားလတ်သော် မိန်းမသည် ထမင်းကို ချက်၏။–ဟု လက္ခဏ လက္ခဝါကျဖြစ်၏၊ တစ်ဝါကျတည်းလည်း ဖြစ်သွား၏။

**အနက်**။ ။ ပုရိသေ–ယောက်ျားသည်၊ ဂါမံ–ရွာသို့၊ ဂစ္ဆန္တေ–သွားလတ်သော်၊ ဣတ္ထီ–မိန်းမသည်၊ ဩဒနံ–ထမင်းကို၊ ပစတိ–ချက်၏။

**စာစပ်**။ ။ ဂစ္ဆန္တေကား "သော်"ဟူ၍အနက်ပေးသောကြောင့် ပစတိ၌ လက္ခဏ၊ ပစတိကား လက္ခ၊ (မြင်လွယ်အောင် ကြိယာချင်း အရင်စပ်ပြသည်။) ပုရိသေကား "သည်"ဟူ၍အနက်ပေးသောကြောင့် ဂစ္ဆန္တေ၌ လက္ခဏဝန္တ ဝုတ္တကတ္တား၊ ဂစ္ဆန္တေကား ထိုလက္ခဏဝန္တဝုတ္တကတ္တား၏ ကြိယာ။ (ပုရိသေသည် ပုရိသောဟူသောပထမာရုပ်မှ ပြောင်းလွဲလာသောကြောင့် ဝုတ္တကတ္တားဖြစ်၏။) မဂ္ဂံကား "ကို"ဟူ၍အနက်ပေးသောကြောင့် ဂစ္ဆန္တေ၌ လက္ခဏဝန္တ အဝုတ္တကံ၊ ဂစ္ဆန္တေကား ထိုလက္ခဏဝန္တ အဝုတ္တကံ၏ ကြိယာ။

ဣတ္ထီကား "သည်"ဟူ၍အနက်ပေးသောကြောင့် ပစတိ၌ လက္ခဝန္တ ဝုတ္တကတ္တား၊ ပစတိကား ထိုလက္ခဝန္တဝုတ္တကတ္တား၏ ကြိယာ။ ဩဒနံကား "ကို"ဟူ၍အနက်ပေးသောကြောင့် ပစတိ၌ လက္ခဝန္တ အဝုတ္တကံ၊ ပစတိကား ထိုလက္ခဝန္တ အဝုတ္တကံ၏ ကြိယာ။

http://www.dhammadownload.com



က=ပုရိသေန ဂါမော ဂစ္ဆိယတေ၊ ခ=ဣတ္ထိ ဩဒနံ ပစတိ။

ဤ ကံဟောဝါကျ၌ ကံဟောဖြစ်သောကြောင့် ကံပုဒ်နှင့်ကြိယာပုဒ်ကို နာမ်သတ္တမီဝိဘတ်ဖြင့် ပြင်ပေးရ၏၊ ဂါမောကို ဂါမေ၊ ဂစ္ဆိယတေကို မာန ပစ္စည်းဖြင့် ဂစ္ဆိယမာနေ-ဟု ပြင်ရ၏၊ မဟောသည့် အဝုတ္တကတ္တား ပုရိသေန ကိုကား ပြင်ဖို့မလို၊ သူ့အတိုင်းထားရ၏။

ပုရိသေန ဂါမေ ဂစ္ဆိယမာနေ ဣတ္ထိ ဩဒနံ ပစတိ။ ယောကျ်ားသည် ရွာသို့ သွားအပ်သည်ရှိသော် မိန်းမသည် ထမင်းကိုချက်၏။-ဟု လက္ခဏ လက္ချဝါကျဖြစ်၏၊ တစ်ဝါကျတည်းလည်း ဖြစ်သွား၏။

**အနက်**။ ။ ပုရိသေန-ယောကျ်ားသည်၊ ဂါမေ-ရွာသို့၊ ဂစ္ဆိယမာ နေ-သွားအပ်သည်ရှိသော်၊ ဣတ္ထိ-မိန်းမသည်၊ ဩဒနံ-ထမင်းကို၊ ပစတိ- ချက်၏။

**စာစပ်**။ ။ ဂစ္ဆိယမာနေကား "သော်"ဟူ၍အနက်ပေးသောကြောင့် ပစတိ၌ လက္ခဏ၊ ပစတိကား လက္ချ။ (မြင်လွယ်အောင် ကြိယာချင်းပင် အရင်စပ်ပြသည်။) ပုရိသေနကား "သည်"ဟူ၍အနက်ပေးသောကြောင့် ဂစ္ဆိ ယမာနေ၌ လက္ခဏဝန္တ အဝုတ္တကတ္တား၊ ဂစ္ဆိယမာနေကား ထိုလက္ခဏဝန္တ အဝုတ္တကတ္တား၏ ကြိယာ။ ဂါမေကား "သို့"ဟူ၍အနက်ပေးသောကြောင့် ဂစ္ဆိယမာနေ၌ လက္ခဏဝန္တ ဝုတ္တကံ၊ ဂစ္ဆိယမာနေကား ထိုလက္ခဏဝန္တ ဝုတ္တ ကံ၏ ကြိယာ၊ (ဂါမေသည် ဂါမောဟူသောပဌမာရုပ်မှ ပြောင်းလွဲလာသော ကြောင့် ဝုတ္တကံ ဖြစ်၏။) နောက် လက္ချဝါကျ ဣတ္ထိ ဩဒနံ ပစတိကိုကား ရှေ့ကအတိုင်းစပ်။

ကြိယာကိုပြင်ရာ၌ ကတ္တားဟောကြိယာကို အန္တပစ္စည်းဖြင့်၊ ကံဟော ကြိယာကို မာနပစ္စည်းဖြင့် ပြင်ရ၏၊ ဧကဝုစ်ဝါကျ၌ ဧကဝုစ်သ္မိံဝိဘတ်ဖြင့်၊ ဗဟုဝုစ်ဝါကျ၌ ဗဟုဝုစ် သုဝိဘတ်ဖြင့် ပြင်ရ၏။

ပုရိသာ ဂါမံ ဂစ္ဆန္တိ-ကို ပုရိသေသု ဂစ္ဆန္တေသု-ဟုပြင်ရ၏။

ပုရိသေန ဂါမာ ဂစ္ဆိယန္တေ-ကို ဂါမေသု ဂစ္ဆိယမာနေသု-ဟုပြင်ရ၏။

http://www.dhammadownload.com



## လေ့ကျင့်ခန်း

၁။ ဗုဒ္ဓေါ ဓမ္မံ ဒေသေတိ၊ ဘိက္ခူ ဘာဝနံ ဘာဝေန္တိ။
ဗုဒ္ဓေ ဓမ္မံ ဒေသေန္တေ ဘိက္ခူ ဘာဝနံ ဘာဝေန္တိ။
၂။ ဘိက္ခူ ဘာဝနံ ဘာဝေန္တိ၊ ဗုဒ္ဓေါ ဓမ္မံ ဒေသေတိ။
ဘိက္ခူသု ဘာဝနံ ဘာဝေန္တေသု ဗုဒ္ဓေါ ဓမ္မံ ဒေသေတိ။
၃။ ဗုဒ္ဓေန ဓမ္မော ဒေသီယတေ၊ ဘိက္ခူ ဘာဝနံ ဘာဝေန္တိ။
ဗုဒ္ဓေန ဓမ္မေ ဒေသီယမာနေ ဘိက္ခူ ဘာဝနံ ဘာဝေန္တိ။
၄။ ဘိက္ခူဟိ ဘာဝနာ ဘာဝီယတေ၊ ဗုဒ္ဓေါ ဓမ္မံ ဒေသေတိ။
ဘိက္ခူဟိ ဘာဝနာယံ ဘာဝီယမာနာယံ ဗုဒ္ဓေါ ဓမ္မံ ဒေသေတိ။

သတ္တမီဝိဘတ်ဖြင့် လက္ခဏ လက္ခဏဝါကျရေးရာ၌ ရှေ့ဝါကျနှင့် နောက်ဝါကျ ကတ္တား မတူစေရ၊ ကတ္တား ကွဲစေရမည်၊ ကတ္တား တူနေပါက သတ္တမီဝိဘတ်ဖြင့်မရေးရ၊ ပဌမာဝိဘတ်ဖြင့်သာ ရေးရသည်။

အောက်ပါ ဝါကျများကို ရှုပါ။

၁။ ပုရိသော ဂါမံ ဂစ္ဆန္တော ရုက္ခမူလမုပါဂမိ။ ယောက်ျားသည် ရွာသို့ သွားလတ်သော် သစ်ပင်အောက်သို့ ကပ်ရောက်ပြီ။
၂။ ဗုဒ္ဓေါ ဓမ္မံ ဒေသေန္တော ဗြဟ္မစရိယံ ပကာသေတိ။ မြတ်စွာဘုရားသည် တရားကို ဟောတော်မူလတ်သော် ဗြဟ္မစရိယကို ပြတော်မူ၏။
၃။ ဘိက္ခူ ပိဏ္ဍာယ စရန္တာ ကမ္ဗဋ္ဌာနံ မနသိ ကရောန္တိ။ ရဟန်းတို့သည် ဆွမ်းခံလှည့်လည်ကုန်လတ်သော် (ကုန်စဉ်) ကမ္မဋ္ဌာန်းကို နှလုံးသွင်းကြ၏။
၄။ ဣတ္ထီ ဩဒနံ ပစန္တီ ဂီတံ ဂါယတိ။ မိန်းမသည် ထမင်းချက်လတ်သော် (ချက်နေရင်း) သီချင်း ဆို၏။

http://www.dhammadownload.com



၅။ ကညာယော မာလံ ဩစိနန္တိယော ဂီတံ ဂါယန္တိ။ သတို့သမီးတို့သည် ပန်းခူးကုန်လတ်သော် သီချင်း ဆိုကြ၏။

၆။ သော ဘိက္ခု ဘိက္ခူဟိ ဝုစ္စမာနော တထေဝ ပဋိဇ္ဇော့ယျ။ ထိုရဟန်းသည် ရဟန်းတို့က ပြောဆိုအပ်သော် ထိုရှေးနည်းအတူ ချီးမြှောက်ငြားအံ့။

၇။ တေ ဘိက္ခူ ဘိက္ခူဟိ ဝုစ္စမာနာ တထေဝ ပဋိဇ္ဇော့ယျုံ။

အောက်ပါ ကတ္တားဟောဝါကျများကို လက္ခဏ လကျ္ခဝါကျပြင်ရေးပါ။

၁။ ဗုဒ္ဓေါ လောကေ ဥပ္ပဇ္ဇတိ၊ သတ္တာ ဒီဃာယုကာ ဟောန္တိ။

၂။ ဓမ္မော လောကေ ဥပ္ပဇ္ဇတိ၊ သတ္တာ နိဒ္ဒေါသာ ဟောန္တိ။

၃။ သံဃော လောကေ ဥပ္ပဇ္ဇတိ၊ သတ္တာ သုခိတာ ဟောန္တိ။

၄။ သတ္ထာ ဓမ္မံ ဒေသေတိ၊ ဘိက္ခူ ဓမ္မံ သုဏန္တိ။

၅။ ဘိက္ခူ ဓမ္မံ သုဏန္တိ၊ သတ္ထာ ဓမ္မံ ဒေသေတိ။

၆။ မာတာ ပုတ္တံ ဝိဇာယတိ၊ ပိတာ ပမောဒတိ။

၇။ ပိတာ ပုတ္တံ ရက္ခတိ၊ မာတာ ပမောဒတိ။

၈။ ကညာ မာလံ ပိဠန္ဓတိ၊ ယုဝါ ဂီတံ ဂါယတိ။

၉။ ယုဝါ ဂီတံ ဂါယတိ၊ ကညာ မာလံ ပိဠန္ဓတိ။

အောက်ပါ ကံဟောဝါကျများကို လက္ခဏ လကျ္ခဝါကျ ပြင်ရေးပါ။

၁။ သတ္ထာရာ ဓမ္မော ဒေသီယတေ၊ ဘိက္ခူ ဓမ္မံ သုဏန္တိ။

၂။ ဘိက္ခူဟိ ဓမ္မော သုဏီယန္တေ၊ သတ္ထာရော ဓမ္မံ ဒေသေန္တိ။

၃။ မာတုယာ ပုတ္တော ဝိဇာယီယတေ၊ ပိတာ ပမောဒတိ။

၄။ ပိတရာ ပုတ္တော ရက္ခီယတေ၊ မာတရော ပမောဒန္တိ။

၅။ ကညာယ မာလာ ပိဠန္ဓီယတေ၊ ယုဝါနော ဂီတံ ဂါယန္တိ။

၆။ ယုဝေန ဂီတံ ဂါယတေ၊ ကညာယော မာလံ ပိဠန္ဓန္တိ။

http://www.dhammadownload.com



၇။ ဣတ္ထိယာ ဩဒနေ ပစီယတေ၊ ပုရိသော ကမ္မံ ကရောတိ။
၈။ လောကေန ဂုဏဝါ ပသီယတေ၊ ဂုဏဝန္တော ဂုဏံ လဘန္တိ။
၉။ ရညာ စောရော ဟနီယတေ(ဟညတေ)၊ စောရာ ဂါမာ အပေန္တိ။

အောက်ပါ မြန်မာကို ရိုးရိုး ပါဠိဝါကျစီကုံး ရေးသားပါ။
ထို့နောက် လက္ခဏာ လက္ခဏဝါကျ ပြင်ရေးပါ။

၁။ ငါသည် ရွာသို့ သွား၏၊ သင်သည် မြို့သို့ သွား၏။
၂။ သင်တို့သည် မြို့သို့ သွားကြ၏၊ ငါတို့သည် ရွာသို့ သွားကြ၏။
၃။ လူလိမ္မာသည် ကုသိုလ်ကိုပြုလုပ်၏၊ လူမိုက်သည် အကုသိုလ်ကို ပြုလုပ်၏။
၄။ ရဟန်းသည် ဘာဝနာကို ပွား၏၊ ကိုရင်သည် ကမ္မဋ္ဌာန်းကို အားထုတ်၏။
၅။ မထေရ်သည် ယာဂုကို သောက်၏၊ ကိုရင်တို့သည် ယာဂုကို ကျို ချက်ကုန်၏။
၆။ ကိုရင်တို့သည် ပါဠိကို သင်ယူကုန်၏၊ ရဟန်းတို့သည် ပါဠိကို မသင်ယူကုန်။
၇။ ပညာရှိသည် စိတ်ကို ဆုံးမအပ်၏၊ လူမိုက်တို့သည် စိတ်ကို မဆုံး မအပ်။
၈။ တုတ်ရှိသူသည် တုတ်ဖြင့် နွားတို့ကို ရိုက်အပ်ကုန်၏၊ ခွေးတို့သည် တောသို့ ပြေးအပ်၏။
၉။ ဂုဏ်ရှိသူသည် ဂုဏ်ကို စောင့်ရှောက်အပ်၏၊ သတိရှိသူတို့သည် သီလကို ဆောက်တည်အပ်၏။
၁၀။ ရောဂါရှိသူသည် ရောဂါကို ဆေးကုအပ်၏၊ ကျန်းမာသူသည် ချမ်းသာကို ခံစားအပ်၏။

http://www.dhammadownload.com



၁၁။ ချမ်းသာသူသည် မိတ်ဆွေတို့ကို ရအပ်ကုန်၏၊ ဆင်းရဲသူသည် ဒါနကို ပေးလှူအပ်၏။

၁၂။ ဘီလူးမသည် မိတ်ဆွေမကို ခဲစားအပ်၏၊ ပုဏ္ဏေးမသည် ကျွန်မကို ရိုက်အပ်၏။

---

## အနာဒရ အနာဒရိယ

**ဆောင်။** ။ "စဉ်"အနက်ပေး၊ မလေးမစား၊ ရေးမထား၊ ခေါ်ငြား အနာဒရ။ လက္ခဏ လက္ခ၊ ဝါကျတစ်မူ၊ နည်းကိုယူ၊ တူစွာ ရေးသားရ။

**အနာဒရ။** ။ အရေးမစိုက်သည့်သဘောကို "အနာဒရ"ဟုခေါ်၏၊ မလေးမစားလုပ်သူသည် "အနာဒရ"မည်၏၊ မလေးမစား အလုပ်ခံရသူသည် "အနာဒရိယ"မည်၏၊ လက္ခဏ လက္ခဝါကျဥ္စကဲ့သို့ ဤအနာဒရဥ္စလည်း စကားနှစ်ရပ်ရှိ၏၊ ဆဋ္ဌီ, သတ္တမီဝိဘတ်တို့ဖြင့် ရေးရ၏၊ "စဉ်"ဟု အနက်ပေး မြန်မာပြန်ရ၏။

(က) ကလေးသည် ငိုနေ၏။ (ခ) အဖသည် ရဟန်းပြုသွား၏။

(က) ဒါရကော ရုဒတိ။ (ခ) ပိတာ ပဗ္ဗဇတိ။

အနာဒရဝါကျပြင်က —

ဒါရကဿ ရုဒတော ပိတာ ပဗ္ဗဇတိ။ (ဆဋ္ဌီ)

ဒါရကေ ရုဒန္တသ္မိံ ပိတာ ပဗ္ဗဇတိ။ (သတ္တမီ) – ဟုဖြစ်၏။

ကလေးသည် ငိုနေစဉ် အဖသည် ရဟန်းပြုသွား၏၊ ကလေးငိုနေတာ တောင် ဂရုမစိုက်၊ ရဟန်းပြုသွားသည်ဟု ဆိုလိုသည်။

http://www.dhammadownload.com



**အနက်**။ ။ဒါရကဿ–ကလေးသည်၊ရုဒတော–ငိုနေစဉ်၊ပိတာ–အဖသည်၊ပဗ္ဗဇတိ – ရဟန်းပြု၏။

**စာစပ်**။ ။ရုဒတောကား "စဉ်"ဟူ၍ အနက်ပေးသောကြောင့် ပဗ္ဗဇတိ၌ အနာဒရိယ၊ပဗ္ဗဇတိကား အနာဒရ။ (မြင်လွယ်အောင် ကြိယာချင်း အရင်စပ်ပြသည်။) ဒါရကဿကား "သည်"ဟူ၍ အနက်ပေးသောကြောင့် ရုဒတော၌ အနာဒရိယဝန္တ ဝုတ္တကတ္တား၊ရုဒတောကား ထိုအနာဒရိယဝန္တ ဝုတ္တကတ္တား၏ အနာဒရိယကြိယာ။ (ဝုတ္တကတ္တားဖြစ်ပုံကို (က)ဝါကျ၌ ဒါရကောကိုကြည့်၍ သိပါ။) ပိတာကား "သည်"ဟူ၍အနက်ပေးသောကြောင့် ပဗ္ဗဇတိ၌ အနာဒရဝန္တ ဝုတ္တကတ္တား၊ ပဗ္ဗဇတိကား ထိုအနာဒရဝန္တ ဝုတ္တကတ္တား၏ အနာဒရကြိယာ။

## လေ့ကျင့်ခန်း

၁။ မမ ဩဝါဒံ ဒဒန္တဿ တံ တွံ န သုဏောသိ။
မယိ ဩဝါဒံ ဒဒမာနေ တံ တွံ န သုဏောသိ။
၂။ အာစရိယဿ နိပဇ္ဇန္တဿ သိဿာ ကီဠန္တိ။
အာစရိယေ နိပဇ္ဇန္တေ သိဿာ ကီဠန္တိ။
၃။ အာကောဋယန္တော တေ နေတိ၊သိဝိရာဇဿ ပေက္ခတော။
မစ္ဆုံ ဂဏ္ဍတိ အာဒါယ၊ပေက္ခမာနေ မဟာဇနေ။

အောက်ပါ မြန်မာကို ရိုးရိုး ပါဠိဝါကျစီကုံးပါ။
ထို့နောက် အနာဒရဝါကျ ပြင်ရေးပါ။
၁။ အဖသည် အိပ်နေ၏၊ကလေးတို့သည် ဆော့နေကြ၏။
၂။ အမိသည် တရားထိုင်နေ၏၊ သားသမီးတို့သည် စကားပြောနေကြ၏။ (ကမ္မဋ္ဌာနံ မနသိ ကရောတိ–တရားထိုင်နေ၏။)
၃။ သားသမီးတို့သည် ငိုနေကြ၏၊အမိသည် ထမင်းချက်နေ၏။

http://www.dhammadownload.com



၄။ ဘုရားရှင်သည် သိက္ခာပုဒ်ကို ပညတ်တော်မူ၏၊ သာမဏေသည် သိက္ခာပုဒ်ကို လွန်ကျူး၏။

၅။ ဆရာသည် သာမဏေကို ရွာထဲသို့မသွားရန် တားမြစ်၏၊ သာမဏေသည် ရွာထဲသို့သွား၏။

---

## နိဒ္ဓါရဏ

**ဆောင်။** ။ အပေါင်းထဲမှ၊ ခွဲထုတ်ကမူ၊ အနက်ဟူ၊ ခေါ်ယူ နိဒ္ဓါရဏ။
သာသနာသုံး၊ မှတ်လေအုံး၊ ခေါ်ထုံး ဥဗ္ဗာဟန။
အနက်ဗဟုစ်၊ တို့တွင်ထုတ်၊ ကေဝုစ် နည်းလေစွ။
ဇာတ် ဂုဏ် ကြိယာ၊ နာမပါ၊ လေးဖြာ နိဒ္ဓါရဏ။

**နိဒ္ဓါရဏ။** ။ အပေါင်းထဲမှ အစိတ်ကိုခွဲထုတ်ခြင်းသည် "နိဒ္ဓါရဏ" မည်၏၊ အများထဲမှ ထူးသည့်ပုဂ္ဂိုလ်, ထူးသည့်အချက်ကို ဖော်ထုတ် လိုရာ၌ နိဒ္ဓါရဏဝါကျဖြင့် ရေးရ၏၊ သတ္တမီဗဟုဝုစ်ဝိဘတ်ဖြင့် ရေးရ၏၊ ဆဋ္ဌီဝိဘတ်ဖြင့်လည်း ရေးနိုင်၏၊ ကေဝုစ် သို့်ဝိဘတ်ဖြင့် အရေးနည်း၏၊ "တို့တွင်"ဟု အနက်ထွက်၏၊ ဇာတ်, ဂုဏ်, ကြိယာ, အမည် လေးမျိုးတို့ဖြင့် ခွဲထုတ်နိုင်၏၊ ဤနိဒ္ဓါရဏကို သာသနာတော်ကျမ်းစာများ၌ "ဥဗ္ဗာဟန"ဟု ခေါ်ဝေါ် သုံးနှုန်း၏။

**အနက်။** ။ မနုဿေသု–လူတို့တွင်၊ ခတ္တိယော–မင်းမျိုးသည်၊ သူရတမော–အလွန်ရဲရင့်၏။

**စာစပ်။** ။ မနုဿေသုကား "တို့တွင်"ဟူ၍အနက်ပေးသောကြောင့် ခတ္တိယော၌ နိဒ္ဓါရဏသမုဒါယ၊ ခတ္တိယောကား နိဒ္ဓါရဏီယ။

http://www.dhammadownload.com



## လေ့ကျင့်ခန်း

၁။ မနုဿေသု ခတ္တိယော သူရတမော။ လူတို့တွင် မင်းဇာတ်ရှိသော သူသည်(မင်းမျိုးသည်)အလွန်ရဲရင့်၏။ (ဇာတ်အားဖြင့်ခွဲထုတ်သည်။)

၂။ နာရီသု သာမာ ဒဿနီယတမာ။ မိန်းမတို့တွင် ဝါဝင်းသော အဆင်းရှိသောမိန်းမသည် အလွန်ကြည့်ရှုဖွယ်ရှိ၏။(ဂုဏ်အားဖြင့် ခွဲထုတ်သည်။)

၃။ ပထိကေသု ဓာဝန္တော သီဃတမော။ ခရီးသွားသူတို့တွင် ပြေးသွားသူသည် အလွန်လျင်မြန်၏။ (ကြိယာအားဖြင့် ခွဲထုတ်သည်။)

၄။ အရဟတံ အာနန္ဒော ပညဝါ။ ရဟန္တာတို့တွင် အရှင်အာနန္ဒာသည် ပညာရှိ၏။ (အမည်အားဖြင့် ခွဲထုတ်သည်။)

၅။ ဒွီသု သာမဏေရေသု တိဿော ဉာဏသမ္ပန္နော အဝိရိယော၊ ဒတ္တော ဉာဏဝိကလော ဝီရိယဝါ။ (ဉာဏသမ္ပန္နော–ဉာဏ်နှင့်ပြည့်စုံ၏၊ ဉာဏ်ရှိ၏၊ဉာဏ်ကောင်း၏။ ဉာဏဝိကလော–ဉာဏ်မှချို့တဲ့၏၊ ဉာဏ်မရှိ၊ဉာဏ်မကောင်း။)

၆။ ဒွီသု ဣတ္ထီသု ဧကာ အဘိရူပါ,ဧကာ သီလဝတီ။

၇။ ဒွီသု ရုက္ခေသု ဧကော ဖလိတော,ဧကော ပုပ္ဖိတော။ (တစ်ပင်သည် အသီးရှိ၏၊တစ်ပင်သည် အပွင့်ရှိ၏။)

၈။ ဒွီသု ကုလေသု ဧကံ သမ္မာဒိဋ္ဌိကံ,ဧကံ မိစ္ဆာဒိဋ္ဌိကံ။

၉။ ဗဟူသု မနုဿေသု ကေစိ အပ္ပာယုကာ, ကေစိ ဒီဃာယုကာ၊ ကေစိ ဗဝှာဗာဓာ, ကေစိ အပ္ပာဗာဓာ၊ကေစိ ဒုဗ္ဗဏ္ဏာ, ကေစိ ဝဏ္ဏဝန္တော၊ ကေစိ အပ္ပေသက္ခာ, ကေစိ မဟေသက္ခာ၊ ကေစိ အပ္ပဘောဂါ,ကေစိ မဟာဘောဂါ၊ ကေစိ နီစကုလီနာ, ကေစိ ဥစ္စကုလီနာ၊ကေစိ ဒုပ္ပညာ, ကေစိ ပညဝန္တော။

http://www.dhammadownload.com



အောက်ပါ မြန်မာကို ပါဠိစီကုံးပါ။

၁။ ရဟန်းလေးပါးတို့တွင် နှစ်ပါးသည် ဉာဏ်ကောင်းကြ၏, ဝီရိယ မရှိကြ၊ ကျန်နှစ်ပါးသည် ဉာဏ်မကောင်းကြ, ဝီရိယရှိကြ၏။

၂။ သတို့သမီးလေးယောက်တို့တွင် သုံးယောက်သည် အဆင်းလှကြ၏၊ ကျန်တစ်ယောက်သည် အဆင်းမလှ, သီလရှိ၏။

၃။ သစ်ပင်သုံးပင်တို့တွင် နှစ်ပင်သည် အသီးမရှိကြ, အပွင့်ရှိကြ၏၊ တစ်ပင်သည် အပွင့်ရှိ၏၊ အသီးမရှိ။

၄။ ငါတို့ သုံးယောက်တို့တွင် ငါသည် အသက်ရှည်၏, အဆင်းလှ၏၊ သင်သည် အသက်တို၏, ရောဂါများ၏၊ သူသည် ဘုန်းတန်ခိုး ကြီး၏, စည်းစိမ်များ၏။

၅။ ကလေးနှစ်ယောက်တို့တွင် တစ်ယောက်သည် အမျိုးယုတ်ညံ့၏, ပညာရှိ၏၊ တစ်ယောက်သည် အမျိုးမြင့်မြတ်၏, ပညာမရှိ။

---

## အစ္စန္တသံယောဂ

**ဆောင်။** ။ တိုင်တိုင် ပတ်လုံး၊ မပြတ်သုံး၊ ခေါ်ထုံး အစ္စန္တ ။
ဒြပ် ဂုဏ် ကြိ၊ သုံးစီရှိ၊ ကွဲဘိ ကာလ – အဒ္ဓါန ။

**အစ္စန္တသံယောဂ ။** ။ အပိုင်းအခြားမရှိ, တစ်ဆက်တည်းဖြစ်ခြင်းကို ( အန္တံ + အတိက္ကန္တံ – အရ) "အစ္စန္တ"ဟုခေါ်၏၊ ထိုတို့နှင့်ယှဉ်ခြင်းကို (အစ္စန္တံ = နိရန္တရံ + သံယောဂေါ – အရ) "အစ္စန္တသံယောဂ"ဟုခေါ်၏၊ အချိန်အခါ (ကာလ), ခရီး အကွာအဝေး (အဒ္ဓ) တို့နှင့်ပတ်သက်၍ အသုံးပြုရ၏၊ ကာလအစ္စန္တသံယောဂ, အဒ္ဓအစ္စန္တသံယောဂ–ဟုခေါ်၏၊ ထိုနှစ်မျိုး၌ ဒြပ်, ဂုဏ်, ကြိယာဟု သုံးမျိုးစီရှိပြန်သောကြောင့် အစ္စန္တသံယောဂ ၆–မျိုးရှိ၏၊ ဒုတိယာဝိဘတ်ဖြင့် ရေးရ၏၊ "ပတ်လုံး၊ တိုင်တိုင်" ဟု မြန်မာပြန်ရ၏။

http://www.dhammadownload.com



**ကာလအနက်**။ ။ မာသံ–တစ်လပတ်လုံး၊ မံသောဒနော–သားပြွမ်းထမင်း။

**စာစပ်**။ ။ မာသံကား "ပတ်လုံး"ဟူ၍အနက်ပေးသောကြောင့် မံသောဒနော၌ (ကာလဒဗ္ဗ)အစ္စန္တသံယောဂ၊ မံသောဒနောကား (ကာလဒဗ္ဗ) အစ္စန္တသံယောဂဝန္တ။ [ဂုဏ,ကြိယာ ၂–ပုံစံကိုလည်း နည်းတူစပ်ပါ။]

**အဒ္ဓအနက်**။ ။ ယောဇနံ–တစ်ယူဇနာတိုင်တိုင်၊ ဝနရာဇိ–တောရေးတောတန်း။

**စာစပ်**။ ။ ယောဇနံကား "တိုင်တိုင်"ဟူ၍အနက်ပေးသောကြောင့် ဝနရာဇိ၌ (အဒ္ဓဒဗ္ဗ)အစ္စန္တသံယောဂ၊ ဝနရာဇိကား (အဒ္ဓဒဗ္ဗ) အစ္စန္တသံယောဂဝန္တ။ [ဂုဏ,ကြိယာ ၂–ပုံစံကိုလည်း နည်းတူစပ်ပါ။]

## လေ့ကျင့်ခန်း

၁။ မာသံ မံသောဒနော။ တစ်လပတ်လုံး သားပြွမ်းထမင်း။(ကာလဒဗ္ဗ)

၂။ သရဒံ ရမဏီယာ နဒီ။ သရဒဥတုပတ်လုံး မြစ်သည် မွေ့လျော်ဖွယ်ကောင်း၏။ (ကာလဂုဏ)

၃။ မာသံ သဇ္ဈာယတိ။ တစ်လပတ်လုံး သရဇ္ဈာယ်၏။(ကာလကြိယာ)

၄။ ယောဇနံ ဝနရာဇိ။ တစ်ယူဇနာတိုင်တိုင် တောရေးတောတန်း။ (အဒ္ဓဒဗ္ဗ)

၅။ ယောဇနံ ဒီဃော ပဗ္ဗတော။ တစ်ယူဇနာတိုင်တိုင် ရှည်သောတောင်။ (အဒ္ဓဂုဏ)

၆။ ကောသံ သဇ္ဈာယတိ။ တစ်ကောသတိုင်တိုင် သရဇ္ဈာယ်၏။ (အဒ္ဓကြိယာ)

http://www.dhammadownload.com



အောက်ပါ မြန်မာကို ပါဠိစီကုံးပါ။

၁။ ငါတို့၏ကျောင်း၌ ငါးရက်တို့ပတ်လုံး သစ်သီးဆွမ်း။ (ဖလဘောဇနံ)

၂။ သင်တို့၏ကျောင်း၌ လေးရက်ပတ်လုံး သရက်ဖျော်ရည်။ (အမ္ဗပါနံ)

၃။ ငါတို့၏ကျောင်းသည် တစ်နှစ်ပတ်လုံး မွေ့လျော်ဖွယ်ကောင်း၏။

၄။ သင်တို့ရွာသည် တစ်ရက်ပတ်လုံး ပျင်းစရာကောင်း၏။ (န ရမဏီယော)

၅။ ငါသည် တစ်နှစ်ပတ်လုံး ကျမ်းစာကို သင်ယူ၏။

၆။ သင်တို့သည် တစ်နေ့ပတ်လုံး ကျမ်းစာကို မသင်ယူကြ။

၇။ နှစ်မိုင်တိုင်တိုင် မြို့။

၈။ တစ်မိုင်တိုင်တိုင် ရွာ။

၉။ ငါတို့မြို့သည် နှစ်မိုင်တိုင်တိုင် ကျယ်ဝန်း၏။

၁၀။ သင်တို့ရွာသည် တစ်မိုင်တိုင်တိုင် ကျယ်ဝန်း၏။

၁၁။ ရဟန်းတို့သည် ၁၀–မိုင်တိုင်တိုင် ဝိနည်းကို ရွတ်အံကြ၏။

၁၂။ သာမဏေတို့သည် ၉–မိုင်တိုင်တိုင် အဘိဓမ္မာကို သရဇ္ဈာယ်ကြ၏။

---

## သဟာဒိယောဂ

**ဆောင်။** ။သဟနှင့်ပင်၊ တိုက်ရိုက်ယှဉ်၊ ရေးလျှင် သဟယောဂ။
သဒ္ဓိံ နာနာ၊ ဝိနာ သဒိသ၊ ယောဂ မိဿံ၊ သမ္ဗယုတ္တံနှင့်၊
အလံ ကိံ တုလျ၊ သမာန၊ ရေးက သဟာဒိယောဂ။
သဒ္ဒါ သဟ၊ မပါကလည်း၊ သဟ အနက်၊ ထည့်ကာစွက်၊
အနက်ဖော်ရ သဟတ္ထယောဂ။

**သဟာဒိယောဂ။** ။"တယာ–သင်နှင့်၊ သဟ–အတူတကွ"ဤသို့ သဟသဒ္ဒါနှင့်တွဲဖက်ရသည့် "တယာ"ပုဒ်မျိုးကို "သဟယောဂ"ဟုခေါ်၏၊

http://www.dhammadownload.com



တတိယာဝိဘတ်ဖြင့်ရေးရ၏၊သဟနှင့်အလားတူသည့် သဒ္ဓိံ , နာနာစသော ပုဒ်များနှင့် တွဲဖက်ရသည့်ပုဒ်များကို "သဟာဒိယောဂ"ဟုခေါ်၏၊ ထိုသဟ သဒ္ဒါနှင့် သဒ္ဓိံ , နာနာစသောပုဒ်များကိုကား "သဟယောဂဝန္တ ၊သဟာဒိယောဂ ဝန္တ"ဟုခေါ်၏၊သဟစသောသဒ္ဒါတို့မပါဘဲ "တယာ–သင်နှင့်တကွ"ဟု သဟ အနက်ဖော်၍ပေးရသောပုဒ်ကို "သဟတ္ထယောဂ"ဟုခေါ်၏၊ အဆင့်မြင့်ပိုင်း၌ အကျယ်သိရလတ္တံ့။

## လေ့ကျင့်ခန်း

**သဟ ယောဂ**

၁။ တွံ ကေန သဟ ဝိဟရသိ။

၂။ အဟံ ဗုဒ္ဓေန သဟ ဝိဟရာမိ။

၃။ ဝသထန္နု တုမှေ အာဝုသော ! ဂိဟီဟိ သဟ ။

၄။ န ဝသာမ ဘန္တေ ! မယံ ဂိဟီဟိ သဟ ။

၅။ ဝိဟရထန္နု တုမှေ အာဝုသော ! ဗုဒ္ဓေန သဟ ။

၆။ အာမ ဘန္တေ ! မယံ ဗုဒ္ဓေန သဟ ဝိဟရာမ ။

**သဟာဒိယောဂ**

၁။ တုမှေ အာဝုသော ! ကေဟိ သဒ္ဓိံ ဝသထ ။

၂။ မယံ ဘန္တေ ! ပဏ္ဍိတေဟိ သဒ္ဓိံ ဝသာမ ။

၃။ သာမဏေရာ အာဝုသော ! ကေန ဝိနာ အာဂစ္ဆန္တိ ။

၄။ သာမဏေရာ ဘန္တေ ! ဗာလေန ဝိနာ အာဂစ္ဆန္တိ ။

၅။ ဘောတိ ကညေ ! တွံ ကေန သဒိသာ ။

၆။ ဘော ပုရိသ ! အဟံ မာတရာ သဒိသာ ။

၇။ ဘော ပုရိသ ! တွံ ကေန သဒိသော ။

၈။ ဘောတိ ကညေ ! အဟံ ပိတရာ သဒိသော ။

http://www.dhammadownload.com



၉။ ဝေဒနာက္ခန္ဓော အာဝုသော ! ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သမ္ပယုတ္တော။

၁၀။ ဝေဒနာက္ခန္ဓော ဘန္တေ ! တီဟိ ခန္ဓေဟိ ဧကေနာယတနေန သတ္တဟိ ဓာတူဟိ သမ္ပယုတ္တော။

**သဟတ္ထယောဂ**

၁။ ဂေါဏေန ဂေါဏော သံဝသတိ။

၂။ သမဏေန သမဏော သံဝသတိ။

၃။ ဒုက္ခော ဗာလေဟိ သံဝါသော။

**သဟယောဂအနက်**။ ။ တွံ-သင်သည်၊ ဧကေန-အဘယ်သူနှင့်၊ သဟ-အတူတကွ၊ ဝိဟရသိ-နေသနည်း။

**စာစပ်**။ ။ ဧကေနကား "နှင့်"ဟူ၍ အနက်ပေးသောကြောင့် သဟ၌ သဟယောဂ၊ သဟကား သဟယောဂဝန္တ။

**သဟာဒိယောဂ စာစပ်**။ ။ ဧကေဟိကား "တို့နှင့်"ဟူ၍ အနက်ပေးသောကြောင့် သဒ္ဓိံ၌ သဟာဒိယောဂ၊ သဒ္ဓိံကား သဟာဒိယောဂဝန္တ။

**သဟတ္ထယောဂ စာစပ်**။ ။ ဂေါဏေနကား "နှင့်တကွ" ဟူ၍ အနက်ပေးသောကြောင့် သံဝသတိ၌ သဟတ္ထယောဂ၊ သံဝသတိကား သဟတ္ထယောဂဝန္တ။

အောက်ပါ မြန်မာကို ပါဠိစီကုံးပါ။

၁။ သင်သည် မည်သူနှင့်အတူ အိပ်သနည်း။

၂။ ငါသည် အမေနှင့်အတူ အိပ်၏။

၃။ သူတို့သည် မည်သူတို့နှင့်အတူ တိုင်ပင်ကြသနည်း။

၄။ သူတို့သည် မိတ်ဆွေတို့နှင့်အတူ တိုင်ပင်ကြ၏။

၅။ ငါ့ရှင် ! သင်သည် မာတုဂါမနှင့်အတူ သွားသလော။

http://www.dhammadownload.com



၆။ အရှင်ဘုရား ! တပည့်တော် မာတုဂါမနှင့်အတူ မသွားပါ။

၇။ ငါ့ရှင် ! သာမဏေတို့သည် ဆရာနှင့်အတူ မနေကြဘူးလော။

၈။ အရှင်ဘုရား ! သာမဏေတို့သည် ဆရာနှင့်အတူ နေကြပါသည်။

၉။ ငါ့ရှင် ! စက္ခုဝိညာဏစိတ်သည် အဘယ်မျှသော ခန္ဓာအာယတန ဓာတ်တို့နှင့် ယှဉ်သနည်း။

၁၀။ အရှင်ဘုရား ! စက္ခုဝိညာဏစိတ်သည် ခန္ဓာသုံးပါးတို့နှင့်သာ ယှဉ်ပါသည်၊ အာယတနဓာတ်တို့နှင့် မယှဉ်ပါ။

---

## ဝိသေသန

**ဆောင်**။ ။ ကြိယာ နာမ်ပုဒ်၊ ထူးအောင်လုပ်၊ သမုတ် ဝိသေသန။
ကြိယာဝိသေ၊ နာမ်ဝိသေ၊ နှစ်ထွေ မှတ်လေကြ။
ကြိဝိ ရေးရာ၊ ဝိဘတ်မှာ၊ သက်ပါ ပ ဒု တ။
လျော့က်လျက် အားဖြင့်၊ သဖြင့် ၍ စွာ၊ ရကားမှာ၊
မှတ်ပါ အနက်ပြ။

**ဝိသေသန**။ ။ အခြားပုဒ်တစ်ပုဒ်ကို ထူးလာအောင်, အဆင့်မြင့်လာအောင် ထောက်ကူပေးသောပုဒ်ကို "ဝိသေသန" ဟုခေါ်၏၊ ဝိသေသနသည် နာမ်ပုဒ်ကိုအထူးပြုသော နာမဝိသေသန, ကြိယာပုဒ်ကိုအထူးပြုသော ကြိယာဝိသေသနဟု ၂-မျိုးရှိ၏။

နာမဝိသေသနဟူသည် ဤနေရာ၌ တတိယာဝိဘတ်ဖြင့်အထူးပြုသည့် တတိယာနာမဝိသေသနတည်း။ ကြိယာကိုအထူးပြုရာ၌ ပဌမာ ဒုတိယာ တတိယာဝိဘတ်တို့ဖြင့် အထူးပြု၏၊ ယင်း ကြိယာဝိသေသနကို ဓာတုဝိသေ

http://www.dhammadownload.com



သနပုလည်းကောင်း , ဘာဝနပုံးပုလည်းကောင်း ခေါ်သေး၏။ "လျောက်၊ လျက်၊ အားဖြင့်၊ သဖြင့်၊ ၍၊ စွာ၊ ရကား" စသည်ဖြင့် အရာဌာနအလိုက် အနက်မြန်မာပြန်ရ၏။

၁။ ဂေါတ္တေန ဂေါတမော နာထော။ မြတ်စွာဘုရားသည် အနွယ်တော်အားဖြင့် ဂေါတမအနွယ်တည်း။ (နာမဝိသေသန)

၂။ ဩဒနော မုဒုံ ပစ္စတိ။ ထမင်းသည် နူးနူးနပ်နပ် ကျက်၏။ (မုဒုံသည် ပထမာကြိယာဝိသေသန)

၃။ ဒါရကော သုခံ သယတိ။ ကလေးသည် ချမ်းသာစွာ အိပ်၏။ (သုခံသည် ဒုတိယာကြိယာဝိသေသန)

၄။ သမေန ဓာဝတိ။ ညီညွတ်သဖြင့် ပြေး၏။ (တတိယာကြိယာဝိသေသန)

**စာစပ်**။ ။ ဂေါတ္တေနကား "အားဖြင့်" ဟူ၍ အနက်ပေးသောကြောင့် ဂေါတမော၌ ဘိန္နာဓိကရဏဝိသေသန၊ ဂေါတမောကား ဘိန္နာဓိကရဏဝိသေသျ။

## လေ့ကျင့်ခန်း

**တတိယာနာမဝိသေသန**

၁။ အမှာကံ ဗုဒ္ဓေါ ဂေါတ္တေန ဂေါတမောနာမ ဟောတိ။

၂။ သုဝဏ္ဏေန အဘိရူပေါ။

၃။ တပသာ ဥတ္တမော။

၄။ ဇာတိယာ သတ္တဝဿိကော။ (မွေးဖွားခြင်းအားဖြင့်)

၅။ ဇာတိယာ ခတ္တိယော။ (အမျိုးဇာတ်အားဖြင့်)

၆။ နာမေန သိဒ္ဓတ္ထောနာမ ကုမာရော။

၇။ ပကတိယာ အဘိရူပေါ။

http://www.dhammadownload.com



၈။ ဝယသာ ဧကူနတိံသော ဟောတိ။
၉။ အလံ တေ ဣဒ ဝါသေန။

အောက်ပါ မြန်မာကို ပါဠိပြန်စီကုံးပါ။

၁။ ငါတို့သည် အနွယ်အားဖြင့် ကဿပမည်၏။
၂။ သင်တို့သည် အကျင့်အားဖြင့် မမြတ်ကြ။
၃။ ကိုရင်သံကိစ္စသည် အဆင်းအားဖြင့် မည်းနက်၏။
၄။ ကိုရင်ပဏ္ဍိတသည် အမျိုးအားဖြင့် မြတ်၏။
၅။ ကိုရင်သောပါကသည် ပင်ကိုယ်အားဖြင့် သီလရှိ၏။
၆။ ဤကိုရင်သည် အမည်အားဖြင့် ရေဝတမည်၏။
၇။ ဤကိုရင်သည် အရွယ်အားဖြင့် ၁၆-နှစ်ရှိ၏။

## ဒုတိယာကြိယာဝိသေသန

၁။ ဒွေ သာမဏေရာ စီဝရံ ပရိမဏ္ဍလံ နိဝါသေန္တိ ပါရုပန္တိ။
၂။ တေ သန္တိန္ဒြိယာ ဂန္ဓကုဋိံ သဏိကံ သဏိကံ အာဂစ္ဆန္တိ။
၃။ တိဿော ဗုဒ္ဓံ သက္ကစ္စံ ဝန္ဒတိ။
၄။ ဒတ္တော ဓမ္မံ သာဓုကံ သုဏာတိ။
၅။ တေ ဂန္ဓကုဋိယံ ဧကမန္တံ နိသီဒန္တိ။

**မှတ်ချက်။** ။ သေခိယဥ္စပါသော ပရိမဏ္ဍလံ၊ သုပ္ပဋိစ္ဆန္နော၊ ကာယပ္ပစာလကံ၊ ဗာဟုပ္ပစာလကံ၊ သီသပ္ပစာလကံ၊ သက္ကစ္စံ၊ သမသူပကံ၊ သမတိတ္တိကံ၊ သပဒါနံ၊ ပိဏ္ဍုက္ခေပကံ၊ ကဗဠာဝစ္ဆေဒကံ၊ အဝဂဏ္ဍကာရကံ၊ ဟတ္ထနိဒ္ဓုနကံ၊ သိတ္ထာဝကာရကံ၊ ဇိဝှာနိစ္ဆာရကံ၊ စပုစပုကာရကံ၊ သုရုသုရုကာရကံ၊ ဟတ္ထနိလ္လေဟကံ၊ ပတ္တနိလ္လေဟကံ၊ ဩဋ္ဌနိလ္လေဟကံ။ တတိယာဝိဘတ်ဖြင့် ဥက္ကုဋိကာယ၊ ပလ္လတ္ထိကာယ-ပုဒ်များသည် ကြိယာဝိသေသနပုဒ်များဖြစ်၏။

http://www.dhammadownload.com



**စာစပ်**။ ။ ပရိမဇ္ဇလံကား "စွာ"ဟူ၍အနက်ပေးသောကြောင့် နိဝါသေန္တိ ပါရုပန္တိတို့၌ (ဒုတိယာ)ကြိယာဝိသေသန၊ နိဝါသေန္တိ ပါရုပန္တိ တို့ကား ကြိယာဝိသေသျ။

ထို့ပြင် သင်္ဂြိုဟ်၌ပါသော ယထာရုဟံ၊ ယထာယောဂံ၊ ယထာက္ကမံ၊ ယထာ သမ္ဘဝံ၊ ပစ္စေကံ၊ အဗ္ဘောစ္ဆိန္နံ၊ ဝိသုံဝိသုံ–စသောပုဒ်တို့သည်လည်း ကြိယာဝိသေ သနပုဒ်များပင်ဖြစ်၏။

အောက်ပါ မြန်မာကို ပါဠိစီကုံးပါ။

၁။ ငါ့ရှင် ! သင်သည် ဦးခေါင်းကို လှုပ်၍လှုပ်၍ မသွားပါနှင့်။

၂။ မှန်ပါ ! တပည့်တော် ဦးခေါင်းကို လှုပ်၍လှုပ်၍ မသွားပါ။

၃။ သာမဏေသည် လျှာကိုထုတ်၍ ဆွမ်းကို မစားရာ။

၄။ ငါ့ရှင် ! သာမဏေတို့သည် ရိုသေလေးစားစွာ ဆွမ်းကို ခံယူကြ၏လော။

၅။ မှန်ပါ ! သာမဏေတို့သည် ရိုသေလေးစားစွာ ဆွမ်းကို ခံယူကြပါသည်။

**တတိယာကြိယာဝိသေသန**

၁။ ဒွိဒေါဏေန ဓညံ ကိဏာတိ။

၂။ သဟဿေန အဿကေ ကိဏာတိ။

၃။ ဓမ္မေန သမေန ရဇ္ဇံ ကာရေတိ။

၄။ အဟံ သုခေန သုခိတော ဟောမိ။

၅။ တွံ ပါမောဇ္ဇေန ပမုဒိတော အသိ။

၆။ ဘိက္ခု အတ္တနာဝ အတ္တာနံ သမ္မန္နတိ။
(မိမိကိုယ်တိုင်ပင် မိမိကို သမုတ်၏။)

**စာစပ်**။ ။ ဒွိဒေါဏေနကား "ဖြင့်"ဟူ၍ အနက်ပေးသောကြောင့် ကိဏာတိ၌ (တတိယာ)ကြိယာဝိသေသန၊ ကိဏာတိကား ကြိယာဝိသေသျ။

http://www.dhammadownload.com



အောက်ပါ မြန်မာကို ပါဠိပြန်စီကုံးပါ။

၁။ ပညာရှိတို့သည် တရားနှင့်အညီ နေကြသည်။

၂။ လူမိုက်တို့သည် တရားနှင့်အညီ မနေကြ။

၃။ ကိုရင်သည် တစ်ဆယ်ကျပ်ဖြင့် သပိတ်ကို ဝယ်၏။

၄။ သင်တို့သည် ချမ်းသာသဖြင့် နေကြရ၏လော။

---

## ဟေတု = ဟိတ်

**ဆောင်**။　　။ အကျိုးဖြစ်ကြောင်း၊ နက်အပေါင်း၊ အကြောင်း ဟိတ် ဟေတု။
တတိယာ ပဉ္စမီ၊ သတ္တမီ၊ သုံးလီ ဟိတ် ဟေတု။

**ဟေတု**။　　။ အကျိုးကိုဖြစ်စေတတ်သော အနက်အပေါင်းသည် "ဟေတု–အကြောင်း"မည်၏၊ အကျိုးကိုပြလိုရာ၌ ထိုအကျိုး၏အကြောင်းကိုလည်း ထုတ်ပြရ၏၊ ထိုအကြောင်းပြပုဒ်ကို တတိယာဝိဘတ်ဖြင့် ရေးရ၏၊ ပဉ္စမီ သတ္တမီဝိဘတ်တို့ဖြင့်လည်း ရေးနိုင်၏။

### တတိယာဟိတ်

၁။ ကမ္မကာရော အန္နေန ကမ္မံ ကရောတိ။

၂။ ယောဂီ ဓမ္မေန ဗြဟ္မသ္မိံ ဒေသေ ဝသတိ။

၃။ သာမဏေရော ဝိဇ္ဇာယ ဂန္ထံ ဥဂ္ဂဏှာတိ။

၄။ ဘိက္ခု သက္ကာရေန ဓမ္မံ ဒေသေတိ။

၅။ အာယုက္ခယေန ဝါ ကမ္မက္ခယေန ဝါ ဥဘယက္ခယေန ဝါ ဥပစ္ဆေဒက ကမ္မုနာ ဝါ သတ္တာ စဝန္တိ။

**တစပ်**။　　။ အန္နေနကား "ကြောင့်"ဟူ၍အနက်ပေးသောကြောင့် ကရောတိ၌ အကြောင်းဖြစ်သောဟိတ်၊ ကရောတိကား အကျိုးဖြစ်သောဖိုလ်။

http://www.dhammadownload.com



အောက်ပါ မြန်မာကို ပါဠိဝါကျစီကုံးပါ။

၁။ ငါ့ရှင် ! သင်သည် အစာကြောင့် ဤကျောင်းတိုက်၌ နေသလော။

၂။ တပည့်တော်သည် အစာကြောင့် နေသည်မဟုတ်ပါ၊ အတတ်ပညာကြောင့်နေပါသည်။

၃။ သတ္တဝါတို့သည် တဏှာကြောင့် ဆင်းရဲကြရသည်။

၄။ လူတို့သည် ကုသိုလ်ကံကြောင့် သုဂတိသို့ ရောက်ကြရသည်။

၅။ တိရစ္ဆာန်တို့သည် အကုသိုလ်ကံကြောင့် ဒုဂ္ဂတိသို့ ရောက်ကြရသည်။

**ပဉ္စမိဟိတ်**

၁။ တွံ အာဝုသော ! ကသ္မာ ဂန္ထံ န သဇ္ဈာယသိ။

၂။ မမ ဘန္တေ ! ရောဂေါ ဥပ္ပန္နော၊ တသ္မာ ဂန္ထံ န သဇ္ဈာယာမိ။

၃။ သီလတော နံ ပသံသန္တိ၊ န ပသံသန္တိ ပညတော။

၄။ အဝိဇ္ဇာပစ္စယာ သင်္ခါရာ ဟောန္တိ။

၅။ အာယုက္ခယာဝါ ကမ္မက္ခယာဝါ ဥဘယက္ခယာဝါ ဥပစ္ဆေဒကကမ္မုနာဝါ သတ္တာ စဝန္တိ။

**စာစပ်**။ ။ကသ္မာကား "ကြောင့်"ဟူ၍အနက်ပေးသောကြောင့် သဇ္ဈာယသိ၌ အကြောင်းဖြစ်သောဟိတ်၊သဇ္ဈာယသိကား အကျိုးဖြစ်သောဖိုလ်။

အောက်ပါ မြန်မာကို ပါဠိဝါကျစီကုံးပါ။

၁။ သင်တို့သည် အဘယ့်ကြောင့် ကျမ်းစာကို မသင်ယူကြသနည်း။

၂။ တပည့်တော်တို့သည် မကျန်းမာသောကြောင့် ကျမ်းစာကို မသင်ယူကြပါ။

၃။ ငါသည် သင့်ကို သီလကြောင့် ချီးမွမ်းပါ၏။

http://www.dhammadownload.com



၄။ လူတို့သည် ရဟန်းကို ပညာကြောင့် မချီးမွမ်းကြကုန်။
၅။ ဤလူသည် ကံကုန်သောကြောင့် သေ၏။
၆။ ဖသကြောင့် ဝေဒနာဖြစ်၏။

## သတ္တမီဟိတ် (နိမိတ်)

၁။ ဒီပိ စမ္မေသု ဟညတေ။ သစ်သတ္တဝါကို အရေတို့ကြောင့် သတ်အပ်၏။

ကုဉ္ဇရော ဒန္တေသု ဟညတေ။ (ကံဟောဝါကျ)

၂။ ဒီပိံ စမ္မေသု ဟနတိ။

ကုဉ္ဇရံ ဒန္တေသု ဟနတိ။ (ကတ္တားဟောဝါကျ)

၃။ အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ။
၄။ သမ္ပဇာနမုသာဝါဒေ ပါစိတ္တိယံ။
၅။ သရေ ပရေ ပုဗ္ဗော သရော လောပံ ပပ္ပေါတိ။

**စာစပ်။** ။ စမ္မေသုကား "တို့ကြောင့်"ဟူ၍အနက်ပေးသောကြောင့် ဟညတေ၌ နိမိတ်၊ ဟညတေကား နိမိတ္တဝန္တ။

အောက်ပါ မြန်မာကို ပါဠိဝါကျစီကုံးပါ။

၁။ နောက်သရကြောင့် အေက္ခရာကို ယ, ပြု။
၂။ နောက်သရကြောင့် ဩဥအက္ခရာတို့ကို ဝ, ပြု။
၃။ နောက်သရကြောင့် တိသဒ္ဒါကို စ, ပြု။
၄။ နောက်သရကြောင့် ဓအက္ခရာကို ဒ, ပြု။
၅။ နောက်သရကြောင့် ဣဝဏ်ကို ယ, ပြု။
၆။ နောက်ဗျည်းကြောင့် ရှေ့သရကို ဒီဃပြု။

http://www.dhammadownload.com



၇။ နောက်ဖျည်းကြောင့် ရှေ့သရကို ရသပြု။
၈။ နောက်ဖျည်းကြောင့် နိဂ္ဂဟိတ်ကို အံပြု။
၉။ အေက္ခရာ, ဟအက္ခရာကြောင့် နိဂ္ဂဟိတ်ကို ဉပြု။
၁၀။ နောက်ဖျည်းကြောင့် ဩအက္ခရာ လာ၏။

---

ဝိဘတ် ၇-သွယ်အခြေခံ ပြီး၏။

ကာရကကဏ္ဍ (အခြေခံပိုင်း) ပြီး၏။

[အဆင့်မြင့်ပိုင်းကို ဆက်လက်လေ့လာပါ။]

http://www.dhammadownload.com



# ၄။ သန္ဓိကဏ္ဍ

**မပါလျှင် မပြီးသောသန္ဓိ။** ။ သန္ဓိကိစ္စံ နာမ လောကာရူပနံ ဝိယ သဗ္ဗဗျဉ္ဇနေသု, သဗ္ဗကမ္မိကအမစ္စော ဝိယ စ သဗ္ဗရာဇကိစ္စေသု သဗ္ဗတ္ထ ဣစ္ဆိတဗ္ဗံ ဟောတိ။ (နီတိသုတ္တ၊၂)

ပါဠိဘာသာကို သင်ယူလေ့လာသူသည် ပုဒ်တို့၏စပ်ထားပုံ, ဖြတ်ထားပုံကို သိရပေမည်၊ ပုဒ်တို့၏အစပ်အဖြတ်ကို မသိပါက ပါဠိဘာသာ၌ ပြည့်စုံလုံလောက်ပြီးသူဟု မဆိုထိုက်သေးပေ၊ ပါဠိစာစီစာကုံးနည်းကို ပြရာ၌လည်း သန္ဓိ (ပုဒ်စပ်, ပုဒ်ဖြတ်) မပါလျှင် မပြည့်စုံမလုံလောက်သေး၊ သန္ဓိ (ပုဒ်စပ်, ပုဒ်ဖြတ်) ပါမှသာလျှင် ပြည့်စုံလုံလောက်၏။

ဆားနှင့်ဇီယာ ကရဝေးစသော အခိုးအထုံများသည် ကောင်းမွန်စွာ ချက်ပြုတ်အပ်သည့် ဟင်းလျာဟူသမျှ၌ မပါလျှင်မပြီးသကဲ့သို့ လည်းကောင်း၊ အမတ်ချုပ်ကြီးသည် မင်းမှုကိစ္စအဝဝ၌ မပါလျှင်မပြီးသကဲ့သို့လည်းကောင်း ပုဒ်တို့ကိုစပ်ဟပ်ခြင်းဟုဆိုအပ်သော သန္ဓိသည်လည်း အရာခပ်သိမ်း မပါလျှင် မပြီးချေ။ မှန်၏၊ သန္ဓိဆက်စပ်မှုကို သုဒ္ဓနာမ်, သမာသ်နာမ်, တဒ္ဓိတ်နာမ်, ကိတ်နာမ်များ၌သာမက အာချာတ်ပုဒ်များ၌ပင်လျှင် အများအပြားတွေ့ရပေသည်၊ ပါဠိစာစီစာကုံးတစ်ပုဒ် ရေးသားရာ၌ သန္ဓိအဆက်အစပ်ပါပါမှ အဆင့်မြင့်သော စာစီစာကုံးတစ်ပုဒ် ဖြစ်ပေမည်။

**သန္ဓိစပ်ခြင်း၏ ရည်ရွယ်ချက်။** ။ သန္ဓိစပ်ခြင်း၏ မူလရည်ရွယ်ချက်မှာ ပုဒ်တို့ကိုကျဉ်းကျုံ့စေရန်နှင့် ပုဒ်အနေအထား ပြေပြစ်ညက်ညော ချောမောစေရန်ဖြစ်၏၊ ထို့ပြင် ရူပသိဒ္ဓိဆရာထုတ်ပြအပ်သည့် "ဆန္ဒာနုရက္ခဏာသုခုစ္စာရဏတ္ထံ"ဟူသောစကားအရ ဆန်းဂိုဏ်းညီစေရန်နှင့် ရွတ်ဖတ်လွယ်ကူစေရန်ဟူသော အချက်နှစ်ချက်သည်လည်း သန္ဓိစပ်ခြင်း၏ ရည်ရွယ်ချက်ပင်ဖြစ်၏၊ ဤသို့လျှင် သန္ဓိစပ်ခြင်း၏ရည်ရွယ်ချက်သည် —

http://www.dhammadownload.com



၁။ ပုဒ်တို့ကို ကျဉ်းကျုံ့စေလိုခြင်း၊

၂။ ပုဒ်အနေအထား ပြေပြစ်ညက်ညော ချောမောစေလိုခြင်း၊

၃။ ဆန်းဂိုဏ်း ညီညွတ်စေလိုခြင်း၊

၄။ ရွတ်ဖတ် လွယ်ကူစေလိုခြင်း – ဟု ၄–မျိုးရှိ၏။

**သန္ဓိစပ်ခြင်းအကျိုး**။ ။အထက်ပါ ရည်ရွယ်ချက် ၄–မျိုးအတိုင်း သန္ဓိစပ်လိုက်သဖြင့် –

၁။ ပုဒ်အနေအထား ကျဉ်းကျုံ့သွားခြင်း၊

၂။ ပုဒ်အနေအထား ပြေပြစ်ညက်ညော ချောမောသွားခြင်း၊

၃။ ဆန်းဂိုဏ်း ညီညွတ်ခြင်း၊

၄။ ရွတ်ဖတ်လွယ်ကူခြင်း – ဟူသော အကျိုး ၄–မျိုးလည်း ပေါ်ထွက်လာပေသည်၊ ထို့ကြောင့် ဤသန္ဓိကဏ္ဍကိုလည်း ဆက်လက်လေ့လာရပေမည်။

ယခုပြမည့် သန္ဓိကဏ္ဍ၌ ၁–သညာဝိဓာန၊ ၂–သရသန္ဓိ၊ ၃–ဗျဉ္ဇနသန္ဓိ၊ ၄–ပကတိသန္ဓိ၊ ၅–နိဂ္ဂဟီတသန္ဓိ၊ ၆–အာဂမသန္ဓိ၊ ၇–နိဂ္ဂဟီတလောပသန္ဓိ၊ ၈–အာဒေသသန္ဓိဟု အပိုင်း ၈–ပိုင်းခွဲကာ ပြဆိုပါမည်။

---

http://www.dhammadownload.com



# ၁။ သညာဝိဓာန

## အက္ခရာ–၄၁

၁။ ပိဋကတ္တယမ္ပိ ပတ္ဝာ နက္ခရန္တိ န ခီယန္တိ, န ထဒ္ဓန္တိတိ အက္ခရာ။

ပိဋကတ်သုံးပုံ၊ ရောက်ပါတုံ၊ မကုန်အက္ခရာ၊ ၄၁–လုံးသာ။

မမာ မကျော၊ လိုက်လျောညီထွေ၊ အဆင်ပြေ၊ ကျင့်ပေအက္ခရာ။

| | | | | | | | |
|---|---|---|---|---|---|---|---|
| အ | အာ | ဣ | ဤ | ဥ | ဦ | ဧ | ဩ |
| | က | ခ | ဂ | ဃ | င | | |
| | စ | ဆ | ဇ | ဈ | ဉ | | |
| | ဋ | ဌ | ဍ | ဎ | ဏ | | |
| | တ | ထ | ဒ | ဓ | န | | |
| | ပ | ဖ | ဗ | ဘ | မ | | |
| ယ | ရ | လ | ဝ | သ | ဟ | ဠ | အံ။ |

## သရ–၈

၂။ ပရံ အနိဿာယ သရန္တိ ဂစ္ဆန္တိ ပဝတ္တန္တီတိ သရာ။

သူတစ်ပါးကို၊ မမှီခို၊ ရွတ်ဆိုသရပါ၊ ၈–လုံးသာ။

## ရဿ–၃

၃။ ရဿကာလေ နိယုတ္တာတိ ရဿာ။

အ ဣ ဥကို၊ သံတိုတို၊ ရွတ်ဆို တစ်မတြာ၊ ၃–လုံးသာ။

## ဒီဃ–၅

၄။ ဒီဃကာလေ နိယုတ္တာတိ ဒီဃာ။

အာ ဤ ဦ ဧ ဩ၊ သံရှည်မျော၊ ရွတ်လော နှစ်မတြာ၊ ၅–လုံးသာ။

http://www.dhammadownload.com



**ဗျည်း-၃၃**

၅။ ဗျဉ္ဇီယတိ အတ္ထော ဧတေဟီတိ ဗျဉ္ဇနာ။

နက်ကိုပြတတ်၊ ကြောင်းစွဲမှတ်၊ ခေါ်လတ်ဗျဉ္ဇနာ။

၆။ က, မှအစ၊ နိဂ္ဂဟိတ်ကျ၊ ခေါ်ထ ဗျဉ္ဇနာ၊ ၃၃-လုံးသာ။

၇။ ဗျည်းချည်းသက်သက်၊ ရွတ်ဆိုချက်၊ ထက်ဝက် မတြာ။

၈။ ရဿနှင့်တွဲ၊ ရွတ်ရမြဲ၊ အခွဲ တစ်မတြာ။

၉။ ဒီဃနှင့်တွဲ၊ ရွတ်ရမြဲ၊ အခွဲ နှစ်မတြာ။

၁၀။ နိဂ္ဂဟိတ်မှာ၊ ပုဗ္ဗာသဿ၊ ကြွင်းဗျည်းက၊ မည်ရ ပရာသဿာ။

၁၁။ ရှစ်လုံး သရ၊ နိဿယ၊ ဗျည်းက နိဿိတာ။

**ဝဂ်-၂၅၊ အဝဂ်-၈**

၁၂။ ဂုမ္ဗံ ဂုမ္ဗံ ကတွာ ဝဂ္ဂီယန္တေ ဥစ္စာရီယန္တေတိ ဝဂ္ဂါ။

န ဝဂ္ဂါ အဝဂ္ဂါ။

၅-လုံး ၅-စု၊ ရွတ်ဆိုမှု၊ ခေါ်ပြု ဝဂ်ဟုသာ၊ ၂၅-လုံးသာ။

၁၃။ ယ, စ အံဆုံး၊ ကျန် ၈-လုံး၊ ခေါ်ထုံး အ, ဝဂ်သာ။

**နိဂ္ဂဟိတ်**

၁၄။ ကရဏံ နိဂ္ဂဟေတွာ အဝိဝဋေန မုခေန ဂယှတိ ဥစ္စာရီယတီတိ နိဂ္ဂဟိတံ။

ကရိုဏ်းကိုနှိပ်၊ ပိတ်သည့်ခံတွင်း၊ ရွတ်ဆိုခြင်းပြု၊ သရာနုဂံ၊ ဗိန္ဒု မှန်၊ ခေါ်ရန် နိဂ္ဂဟိတ်သာ။

**ဃောသ-၂၁၊ အဃောသ-၁၁**

၁၅။ ဃောသော ဧတေသံ အတ္ထီတိ ဃောသာ။

နတ္ထိ ဃောသော ဧတေသန္တိ အဃောသာ။

ဝဂ်တွင် တ, စ၊ ပဉ္စမနှင့်၊ ယရလဝ၊ ဟ, ဠ, မှ၊ ဃောသ ကော်ဝီသာ။

http://www.dhammadownload.com



၁၆။ ဝဂ် ပ,ဒု,သ၊ဆယ့်တစ်ဝ၊မည်ရ အဃောသာ။
၁၇။ ပြင်းပြင်းရွတ်သံ၊ဃောသမှန်၊လျော့သံ အဃောသာ။

| ဃောသအက္ခရာ–၂၁ | | | အဃောသအက္ခရာ–၁၁ | |
|---|---|---|---|---|
| ဂ | ဃ | င | က | ခ |
| ဇ | ဈ | ဉ | စ | ဆ |
| ဍ | ဎ | ဏ | ဋ | ဌ |
| ဒ | ဓ | န | တ | ထ |
| ဗ | ဘ | မ | ပ | ဖ |
| ယ ရ လ ဝ ဟ ဠ။ | | | သ | |

**သဝဏ္ဏ(သရူပ)–၆၊ အသဝဏ္ဏ(အသရူပ)–၂**

၁၈။ သမာနာ ဝဏ္ဏာ သဝဏ္ဏာ၊သမာနော ဝဏ္ဏော ယေသန္တိ သဝဏ္ဏာ။
န သဝဏ္ဏာ အသဝဏ္ဏာ။
ရူပယတီတိ ရူပံ၊သမာနံ ရူပံ ယေသန္တိ သရူပါ။
န သရူပါ အသရူပါ။
အ ဣ ဥဝဏ်၊ဤခြောက်တန်၊သဝဏ် သရူပါ။
၁၉။ ဧဩ နှစ်တန်၊အ,သဝဏ်၊မှတ်ရန် အသရူပါ။

**သိထိလ–၁၀၊ ဓနိတ–၁၀**

၂၀။ မုဒုနာ ဝစီပယောဂေန ဝတ္တဗ္ဗာ သိထိလာ။
ထဒ္ဓေန ဝစီပယောဂေန ဝတ္တဗ္ဗာ ဓနိတာ။
လျော့လျော့ သိထိ၊ပြင်းထန်ဘိ၊မှတ်သိ ဓနိတာ။
၂၁။ ဝဂ်တွင် ပ,တ၊သိထိလ၊ဒု,စ ဓနိတာ။

**သိထိလ**။ ။က ဂ စ ဇ ဋ ဍ တ ဒ ပ ဗ။
**ဓနိတ**။ ။ခ ဃ ဆ ဈ ဌ ဎ ထ ဓ ဖ ဘ။

http://www.dhammadownload.com



## ဌာန်, ကရိုဏ်း, ပယတ်

**ဌာန်-၇**

၂၂။ ကဏ်တာမုဒ်ဒန်၊ ဩဋ္ဌ်နာသံ၊ ဥရံ ဌာန်ခုနစ်။

၂၃။ လည်အာ အာသွား၊ နှုတ်နှာထား၊ ရင်များ သူတို့ဖြစ်။

၂၄။ အဝဏ် ကဝဂ်၊ ဟ, အက္ခရာ၊ ရှစ်လုံးမှာ၊ ဖြစ်ရာ ကဏ္ဌဇံ။

၂၅။ ဣဝဏ် စဝဂ်၊ ယ, အက္ခရာ၊ ရှစ်လုံးမှာ၊ ဖြစ်ရာ တာလုဇံ။

၂၆။ ဋဝဂ်နှင့်ရ၊ ဠ, အက္ခရာ၊ ခုနစ်ဖြာ၊ ဖြစ်ရာ မုဒ္ဓဇံ။

၂၇။ တ, ဝဂ်နှင့်လ၊ သ, အက္ခရာ၊ ခုနစ်ဖြာ၊ ဖြစ်ရာ ဒန္တဇံ။

၂၈။ ဥဝဏ်ဒွယ၊ ပ, ဝဂ္ဂ၊ သတ္တ ဩဋ္ဌဇံ။

၂၉။ ဧ, အက္ခရ၊ ဌာန်ဒွယ၊ ကဏ္ဌ တာလုဇံ။

၃၀။ ဩ, အက္ခရ၊ ဌာန်ဒွယ၊ ကဏ္ဌ ဩဋ္ဌဇံ။

၃၁။ ဝ, အက္ခရ၊ ဌာန်ဒွယ၊ ဒန္တ ဩဋ္ဌဇံ။

၃၂။ နိဂ္ဂဟီတ၊ ဗိန္ဒုပ၊ ဌာန နာသိကံ။

၃၃။ င, ဉ, ဏ, န၊ မ, ငါးဝ၊ သက နာသိဌာန်။

၃၄။ ဝဂ္ဂန် အန္တဋ္ဌ၊ ဟ, ယှဉ်က၊ ဌာန ဩရသံ။

**ကရိုဏ်း-၄**

၃၅။ လျှာလယ် မဇ္ဈိ၊ လျှာ၏အပါး၊ လျှာဖျားတစ်တန်၊ သကဌာန်၊ မှတ်ရန် ကရိုဏ်းလေး။

၃၆။ တာလုဇာန်၊ ကရဏ်၊ မဇ္ဈံ ဇိဝှာရေး။

၃၇။ မုဒ္ဓဇာန်၊ ကရဏ်၊ ပဂ္ဂံ ဇိဝှောရေး။

၃၈။ ဒန္တဇာန်၊ ကရဏ်၊ အဂ္ဂံ ဇိဝှာရေး။

၃၉။ ဆယ့်ကိုး သေသ၊ ကရဏ၊ သကဌာနရေး။

http://www.dhammadownload.com



**ပယတ်–၄**

၄၀။ ပိတ်ဖွင့် ထိခြင်း၊ စဉ်းငယ်သွင်း၊ မယွင်း လေးပယတ်။

၄၁။ သံဝုဋ္ဌမှန်၊ ပယတန်၊ မှတ်ရန် အ, သရ။

၄၂။ ဝိဝဋ္ဌမှန်၊ ပယတန်၊ သေသံ သရ၊ သ, ဟ ချ။

၄၃။ ဖုဋ္ဌမှာဝဂ်၊ ဤသံထွက်၊ မိန့်မြွက် ယ, ရ, လ, ဝ။

၄၄။ ဌာနအပိုင်း၊ ကရိုဏ်းပယတ်၊ ယင်းသုံးရပ်၊ ခဲကတ် လွန်ရှုပ်ထွေး။
မခဲကတ်အောင်၊ နှုတ်တက်ဆောင်၊ ဖောင်ဖောင်ကျက်ကြလေး။
သိန္ဓောမြင်းစိုင်း၊ မဆုတ်ဆိုင်း၊ ပုဒ်တိုင်း ဒိုင်းဒိုင်းပြေး။

**ဧကဇ, ဒွိဇအခွဲ**

၄၅။ ဧ, ဩ ဝဂ္ဂန်၊ ဝ, ရှစ်တန်၊ မှတ်ရန် ဌာန်ဒွိဇ။
ကျန် သုံးဆယ့်သုံး၊ အကုန်လုံး၊ မှတ်အုံး ဧကဇ။

| ဧကဇ (တစ်ဌာန်၌ဖြစ်) | | ဒွိဇ ( နှစ်ဌာန်၌ဖြစ်) |
|---|---|---|
| ၁။ သရ | အ, အာ, ဣ, ဤ, ဥ, ဦ = ၆ ။ | ဧ, ဩ = ၂။ |
| ၂။ ဝဂ် | တစ်ဝဂ် တစ်ဝဂ်တွင် – အစလေးလုံးစီ = ၂၀ ။ | င, ဉ, ဏ, န, မ = ၅။ |
| ၃။ အဝဂ် | ယ, ရ, လ, သ, ဟ, ဠ, အံ = ၇။ | ဝ ။ |

http://www.dhammadownload.com



## ၂။ သရသန္ဓိ

### သရာ သရေ လောပ်

၄၆။ ရှေ့သရချေ ၊သရာ သရေ၊နောက်နေ သရကြောင့်။

နောက်သရကြောင့် ရှေ့သရကို ချေရ၏၊လောက + အဂ္ဂပုဂ္ဂလောဥ္ဓ နောက် အ,သရကြောင့် ရှေ့ က,အက္ခရာမှ အ ,သရကိုချေ၊က်–ကို နောက် အ,သရသို့ကပ်၊ လောကဂ္ဂပုဂ္ဂလောဖြစ်၏။

| | | |
|---|---|---|
| လောက + အဂ္ဂပုဂ္ဂလော | = | လောကဂ္ဂပုဂ္ဂလော |
| ယဿ + ဣန္ဒြိယာနိ | = | ယဿိန္ဒြိယာနိ |
| တေန + ဥပသင်္ကမိ | = | တေနုပသင်္ကမိ |
| သဒ္ဓါ + ဣန္ဒြိယံ | = | သဒ္ဓိန္ဒြိယံ |
| သဗ္ဗာ + ဤတိယော | = | သဗ္ဗီတိယော |
| ပရိသုဒ္ဓါ+ ဧတ္ထ + အာယသ္မန္တော | = | ပရိသုဒ္ဓေတ္ထာယသ္မန္တော |
| အဝိဇ္ဇာ + ဩဃော | = | အဝိဇ္ဇောဃော |
| ဒိဋ္ဌိ + ဥပါဒါနံ | = | ဒိဋ္ဌုပါဒါနံ |
| ပဉ္စဟိ + ဥပါလိ | = | ပဉ္စဟုပါလိ |
| နောဟိ + ဧတံ | = | နောဟေတံ |
| ဣတ္ထီ + အယံ | = | ဣတ္ထာယံ |
| သမေတု + အာယသ္မာ | = | သမေတာယသ္မာ |
| မာတု + ဥပဋ္ဌာနံ | = | မာတုပဋ္ဌာနံ |
| အဘိဘူ + အာယတနံ | = | အဘိဘာယတနံ |
| ဓနာမေ + အတ္ထိ | = | ဓနာမတ္ထိ |
| တယော + အဿု | = | တယဿု |
| အသန္တော + ဧတ္ထ | = | အသန္တေတ္ထ |

http://www.dhammadownload.com



## လေ့ကျင့်ခန်း

၁။ အမှာကံ ဗုဒ္ဓေါ လောကဂ္ဂပုဂ္ဂလော ဟောတိ။
၂။ ယဿိန္ဒြိယာနိ ဝိပ္ပသန္နာနိ ဟောန္တိ။
၃။ ယေန ဘဂဝါ၊ တေနုပသင်္ကမိ။
၄။ မမ သဒ္ဓိန္ဒြိယံ ဝိပ္ပသန္နံ ဟောတိ။
၅။ တုမှာကံ သဗ္ဗီတိယော ဝိနဿန္တု။
၆။ သဗ္ဗေ သတ္တာ အဝိဇ္ဇောဃေန သြတ္ထဋာ ဟောန္တိ။
၇။ ယုတ္တံ နု အာဝုသော သာမဏေရေန ပါပံ ကာတုံ၊ နော ဟောတံ ဘန္တေ။

## ပါဠိစီပါ

၁။ ငါသည် လောက၌ အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်၏။
၂။ ထိုသူ၏ ဣန္ဒြေသည် အထူးကြည်လင်၏။
၃။ အကြင်အရပ်၌ သင်ရှိ၏၊ ထိုအရပ်သို့ ငါသည် ချဉ်းကပ်ပြီ။
၄။ သာမဏေတို့၏ ဝီရိယိန္ဒြေသည် အထူးကြည်လင်၏။
၅။ ငါ့အား အလုံးစုံသော ဘေးရန်တို့သည် ပျောက်ပျက်ပါစေကုန်။
၆။ ပညာရှိကို ဒိဋ္ဌုပါဒါန်သည် မလွှမ်းမိုးအပ်။
၇။ ငါ့ရှင်!သာမဏေတို့သည် ကောင်းမှုကို မပြုခြင်းငှာ သင့်ပါ့မလား၊ မသင့်ပါဘုရား။

[ ဤကဲ့သို့ ဤအခန်းပါသန္ဓိပုဒ်များဖြင့် မြန်မာဝါကျတည်ဆောက်ပြီး ပါဠိစီပါ၊ နောက်နောက်အခန်းများ၌လည်း ဤကဲ့သို့ လေ့ကျင့်ပါ၊ အနက် အဓိပ္ပါယ်ကို ဆရာက ပြောပြပါလိမ့်မည်။]

http://www.dhammadownload.com



## ဝါ ပရော အသရူပါ

၄၇။ နောက်သရချေ၊ဝါပရေ၊ရုပ်နေ ကွဲသောကြောင့်။

ရှေ့သရမှ နောက်ဖြစ်သောသရကို ချေရ၏ (နောက်သရကို ချေရ၏)၊ နောက်သရကိုချေရာ၌ အ, အာချင်း မချေရ၊ ဣ, ဤချင်း မချေရ၊ ဥ, ဦချင်း မချေရ၊ ယင်းတို့ကို အသွင်တူ သဝဏ္ဏဟုခေါ်၏၊အသွင်မတူမှ ချေရသည်။

| | |
|---|---|
| ဣတိ + အပိ | = ဣတိပိ |
| အသာမဏီ + အသိ | = အသာမဏီသိ |
| အကတညူ + အသိ | = အကတညူသိ |
| ဝန္ဒေ + အဟံ | = ဝန္ဒေဟံ |
| သော + အဟံ | = သောဟံ |
| မောဂ္ဂလ္လာနော + အာသိ | = မောဂ္ဂလ္လာနောသိ |
| ယဿ + ဣဒါနိ | = ယဿဒါနိ |
| ဆာယာ + ဣဝ | = ဆာယာဝ |
| ကိန္နု + ဣမာဝ | = ကိန္နုမာဝ |
| စက္ခု + ဣန္ဒြိယံ | = စက္ခုန္ဒြိယံ |
| အာကာသေ + ဣဝ | = အာကာသေဝ |
| စတ္တာရော + ဣမေ | = စတ္တာရောမေ |
| ကထာ + ဧဝ | = ကထာဝ |
| ပါတော + ဧဝ | = ပါတောဝ |

### လေ့ကျင့်ခန်း

၁။ ဣတိပိ သော ဘဂဝါ အရဟံ ဟောတိ။

၂။ ဘောတိ အယျေ ! တွံ အသာမဏီသိ။

၃။ အဟံ အယျေ ! သာမဏီမှိ၊တွံ အကတညူသိ။

၄။ ဝန္ဒေဟံ တံ ဘဂဝန္တံ ။

http://www.dhammadownload.com



၅။ ဘောတိ ဗာလေ ! ကိန္နုမာဝ သမဏိယော။

၆။ တတော နံ သုခမန္ဝေတိ၊ ဆာယာဝ အနုပါယိနီ။

၇။ အာကာသေဝ သကုန္တာနံ၊ ပဒံ တဿ ဒုရန္နယံ။

[လူ၏အရိပ်သည် လူသွားရာလိုက်သကဲ့သို့ သုစရိုက်ကိုကျင့်ခြင်း ကြောင့် ထိုသူသို့ ချမ်းသာသည် အစဉ်လိုက်၏။ ကောင်းကင်၌ ငှက်တို့၏ခြေရာကို သိနိုင်ခဲသကဲ့သို့ ရဟန္တာပုဂ္ဂိုလ်၏ (ဘဝတို့၌သွားကြောင်း) ခြေရာကို သိနိုင်ခဲ၏ ။]

အထက်ပါ ပါဠိဝေါဟာရတို့ကိုယူ၍ စာစီစာကုံးတစ်ပုဒ်ရေးပါ ။

ကော ဘိက္ခုနီ ဣတရံ ဘိက္ခုနိံ ဝေမာဟ "ဘောတိ အယျေ ! ကေန ကာရဏေန ဘဂဝါ အရဟံ ဟောတီ"တိ။ ဣတိပိ သော ဘဂဝါ အရဟံ၊ တွံ ဧတ္တကမတ္တမ္ပိ ကာရဏံ န ဇာနာသိ၊ တွံ အဗုဒ္ဓဓိတာ အဿမဏီသီတိ။ အဟံ အယျေ ! ဗုဒ္ဓဓိတာ သမဏီမှိ၊ တွမေဝ အကတညူသီတိ။ အဟံ အယျေ ! ကတညူမှိ၊ ဝန္ဒေဟံ တံ ဘဂဝန္တံ၊ အညာပိ ဘိက္ခုနိယော ဝန္ဒန္တီတိ။ ဘောတိ ဗာလေ ! မယမ္ပိ ဝန္ဒာမ၊ ကိန္နုမာဝ သမဏိယော၊ မယံ ပန အဿမဏိယောတိ။

---

## ကွစာသဝဏ္ဏံ လုတ္တေ

၄၈။ ရှေ့ချေပြီးက၊ နောက်မှနေပြန်၊ ဣ ဥ ဝဏ်၊ အမှန် ဧဩပြု ။

ရှေ့သရကိုချေပြီးသော် နောက်သရကို ဧဩပြုရ၏၊ ဣဤကို ဧပြု၊ ဥဦကို ဩပြု၊ ဧဩ အသဝဏ်ပြုသည်–ဟု ခေါ်၏။

| | | |
|---|---|---|
| ဗန္ဓုဿ + ဣဝ | = | ဗန္ဓုဿေဝ |
| ဥပ + ဣက္ခတိ | = | ဥပေက္ခတိ |
| ဥပ + ဣတော | = | ဥပေတော |
| အဝ + ဣစ္စ | = | အဝေစ္စ |

http://www.dhammadownload.com



| | |
|---|---|
| ဓိန + ဤရိတံ | = ဓိနေရိတံ |
| န + ဥပေတိ | = နောပေတိ |
| စန္ဒ + ဥဒယော | = စန္ဒောဒယော |
| ဝိ + ဥဒကံ | = ဝေါဒကံ |
| ဝါမ + ဥရူ | = ဝါမောရူ |
| ဧက + ဥနသတံ | = ဧကောနသတံ |

## လေ့ကျင့်ခန်း

၁။ ပဏ္ဍိတာနံ သဟဝါသော၊ ဗန္ဓုသေဝ သမာဂမော။

၂။ ပဏ္ဍိတော သာမဏေရော ဓမ္မံ ဉာဏေန ဥပေက္ခတိ။

၃။ ဥပေတော ဒမသစ္စေန၊သ ဝေ ကာသာဝ-မရဟတိ။

၄။ မဟာပဇာပတိ ဂေါတမီ ဗုဒ္ဓေ အဝေစ္စပ္ပသာဒေန သမန္နာဂတာ။

၅။ ဣဒံ ဗြဟ္မဇာလသုတ္တန္တံ ဓိနေရိတံ။

၆။ သတဍ္ဍ ဓမ္မော ဇရံ နောပေတိ။

၇။ ကတ္တိကပုဏ္ဏမာယံ စန္ဒောဒယော ဟောတိ။

၈။ ပတ္တံ ဓောဝိတွာ ဝေါဒကံ ကတွာ မုဟုတ္တံ ဥဏှေ ဩတာပေတဗ္ဗော။

၉။ အယံ ဣတ္ထီ ဝါမောရူ ဟောတိ။

၁၀။ အမှာကံ ဝိဟာရေ ဘိက္ခူနံ ဧကောနသတံ ဟောတိ။

[(၄) အဝေစ္စပသာဒေန–သက်ဝင်ကြည်ညိုခြင်းနှင့်၊ဝါ–အတိအကျသိ၍ ကြည်ညိုခြင်းနှင့်။ အဝေစ္စ–သက်ဝင်၍၊အဝပုဗ္ဗဣဓာတ်၊ပါပုဏာနတ္ထ။ ဝါ–အတိအကျသိ၍၊ဗုဇ္ဈနတ္ထ။ (၉) ဝါမောရူ–တင့်တယ်သောပေါင်ရှိသူမ၊ ဝါမသဒ္ဒါသည် သုန္ဒရ, ရုစိသဒ္ဒါတို့၏ ပရိယာယ်။ (၁၀)ဧကောနသတံ– တစ်ခုဖြင့်ယုတ်လျော့သောတစ်ရာ၊ဝါ–ကိုးဆယ့်ကိုး (၉၉)၊]

http://www.dhammadownload.com



## စာစီစာကုံး ရေးပါ

ဣမသ္မိံ လောကေ ဗာလော စ ပဏ္ဍိတော စာတိ ဒွေ ပုဂ္ဂလာ သံဝိဇ္ဇန္တိ၊ တေသု ဗာလော ဒုစ္စရိတံ စရတိ၊ ပဏ္ဍိတော သုစရိတံ။ ဗာလော ဒုစ္စရိတေ နိယောဇေတိ၊ ပဏ္ဍိတော သုစရိတေ။ ဗာလေဟိ သဒ္ဓိံ သံဝါသော နာမ ဒုက္ခော, ဝေရိသောဝ သမာဂမော၊ ပဏ္ဍိတေဟိ သဒ္ဓိံ သံဝါသော သုခေါ, ဗန္ဓုသောဝ သမာဂမော။ တသ္မာ အယံ ပုဂ္ဂလော ဗာလော နုခေါတိဝါ ပဏ္ဍိတော နုခေါတိဝါ ဉာဏစက္ခုနာ ဥပေက္ခိတဗ္ဗော။

ဗာလော စ ဒုက္ခသံဝါသော၊ ဝေရီနံ-ဝ သမာဂမော။
ဓီရော စ သုခသံဝါသော၊ ဉာတီနံ-ဝ သမာဂမော။

---

## ဒီဃံ

၄၉။ ရှေ့မှသရ၊ ချေပြီးက၊ နောက်ကရဿ ဒီဃပြု။

ရှေ့သရကို ချေပြီးသော် နောက်သရကို ဒီဃပြုရ၏။

| | |
|---|---|
| ဗုဒ္ဓ + အနုဿတိ | = ဗုဒ္ဓါနုဿတိ |
| သ + အတ္ထိကာ | = သာတ္ထိကာ |
| ပညဝါ + အဿ | = ပညဝါဿ |
| ကုဒါနိ + အဟံ | = ကုဒါနာဟံ |
| ယောပိ + အယံ | = ယောပါယံ |
| မနသိ + အကာသိ | = မနသာကာသိ |
| သစေ + အယံ | = သစာယံ |
| အပ္ပဿုတော + အယံ | = အပ္ပဿုတာယံ |
| အတိ + ဣတော | = အတီတော |
| သဒ္ဓါ + ဣဓ | = သဒ္ဓီဓ |

http://www.dhammadownload.com



| | |
|---|---|
| ယာနိ + ဣဓေဘူတာနိ | = ယာနီဓေဘူတာနိ |
| မဓု + ဥဒကံ | = မဓူဒကံ |
| ဗဟု + ဥပကာရံ | = ဗဟူပကာရံ |
| အနာဂါရေဟိ စ + ဥဘယံ | = အနာဂါရေဟိ စူဘယံ |

## လေ့ကျင့်ခန်း

၁။ တိဿော သာမဏေရော ဗုဒ္ဓါနုဿတိံ ဘာဝေတိ။

၂။ ဗုဒ္ဓါနုဿတိဘာဝနာ နာမ သာတ္ထိကာ ဟောတိ။

၃။ ဒတ္တောပိ သာမဏေရော ဓမ္မာနုဿတိံ မနသာကာသိ။

၄။ သဗ္ဗေပိ သာမဏေရာ သံဃာနုဿတိံ ဘာဝေန္တိ။

၅။ ဘာဝေဟိ ဗုဒ္ဓါ-နုဿတိံ၊ ဘာဝနာန-မနုတ္တရံ။
ဣမံ သတိံ ဘာဝယိတွာ၊ ပူရယိဿသိ မာနသံ။

[ဗုဒ္ဓါနုဿတိံ နေရာ၌ ဓမ္မာနုဿတိံ, သံဃာနုဿတိံဟု ပြောင်းလွဲ ရွတ်ဆိုပါ။]

## ပါဠိစိပါ

၁။ ငါ့ရှင် ! သင် ဘယ်ဘာဝနာကို ပွားများသလဲ။

၂။ အရှင်ဘုရား ! တပည့်တော် ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများပါသည်။

၃။ ကောင်းတယ် ကောင်းတယ်ငါ့ရှင် ! ဓမ္မာနုဿတိဘာဝနာကိုလဲ နှလုံးသွင်းပါ။

၄။ မှန်ပါ၊ တပည့်တော် ယခု ဓမ္မာနုဿတိဘာဝနာကိုလဲ ပွားများပါသည်၊ သံဃာနုဿတိဘာဝနာကိုလဲ ရှေးကနှလုံးသွင်းခဲ့ပါသည်။

၅။ သာမဏေသည် ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများလျက် သာသနာတော်၌ ပညာရှိဖြစ်ရာ၏။

http://www.dhammadownload.com



## စာစီစာကုံး ရေးပါ

သစာ-ယံ သာမဏေရော ဗုဒ္ဓါနုဿတိံ ဘာဝေယျ၊ ပညဝါ-ဿ။ ယော ပါ-ယံ သာမဏေရော ဓမ္မာနုဿတိံ ဘာဝေတိ၊ သောပိ ပညဝါ-ဿ။ ဗုဒ္ဓါနုဿတိဘာဝနာ ဟိ ဗဟူပကာရာ။ ဣမသ္မိံ သာသနေ သဒ္ဓါသမ္ပန္နော ဘဝေယျ၊ "သဒ္ဓီ-ဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ"န္တိ ဟိ ဘဂဝတာ ဝုတ္တံ။ အာရဒ္ဓဝီရိယောပိ ဘဝေယျ၊ န ဟီနဝီရိယော။ ဟီနဝီရိယော ဟိ အပ္ပဿုတော ဟောတိ၊ န ဗဟုဿုတော။

အပ္ပဿုတာ-ယံ ပုရိသော၊ ဗလီဗဒ္ဒေါ-ဝ ဇီရတိ။
မံသာနိ တဿ ဝဍ္ဎန္တိ၊ ပညာ တဿ န ဝဍ္ဎတိ။

---

## ပုဗ္ဗော စ

၅၀။ နောက်မှ သရ၊ ချေပြီးက၊ ရှေ့ကရသာ ဒီဃပြု။

နောက်သရကို ချေပြီးသော် ရှေ့သရကို ဒီဃပြုရ၏။

| | | |
|---|---|---|
| လောကဿ + ဣတိ | = | လောကဿာတိ |
| သံဃာဋိ + အပိ | = | သံဃာဋီပိ |
| ဝိ + အတိနာမေန္တိ | = | ဝီတိနာမေန္တိ |
| ဝိ + အတိပတန္တိ | = | ဝီတိပတန္တိ |
| ဝိဇ္ဇု + ဥဒ | = | ဝိဇ္ဇူဒ |
| ကိံသု + ဣဓ | = | ကိံသူဓ |
| သာဓု + ဣတိ | = | သာဓူတိ |

## လေ့ကျင့်ခန်း

၁။ အရိယသာဝကော သံဃံ အနုဿရတိ "ဘဂဝတော သာဝက
သံဃော အနုတ္တရံ ပုညက္ခေတ္တံ လောကဿာ"တိ။

http://www.dhammadownload.com



၂။ အတ္တိ နု ခေါ အာဝုသော ! တဝ သံဃာဋိပိ ပတ္တောပိ ကာယဗန္ဓနမ္ပိ။

၃။ အမှာကံ ဝိဟာရေ ဘိက္ခူစ သာမဏေရာစ သဇ္ဈာယနေန ဝီတိနာမေန္တိ ။ [အချိန်ကို လွန်စေကုန်၏ ။]

၄။ ဗောဓိသတ္တံ သုဝဏ္ဏဒဏ္ဍာ ဝီတိပတန္တိ စာမရာ။ [ရွှေအရိုးတပ်စာမရီသားမြီးယပ်တို့သည် ဘုရားလောင်းကို တလွဲလွဲယပ်ကုန်၏ (ယပ်ခတ်ကုန်၏)။]

၅။ တဝ ပညာ ဝိဠ္ဍူ-ဝ ပဇ္ဇောတတာ။

၆။ ကိံသူ-ဝ ဝိတ္တံ ပုရိသဿ သေဋ္ဌံ၊ ကိတ္တိ ပုစ္ဆတိ။

သဒ္ဓီ-ဝ ဝိတ္တံ ပုရိသဿ သေဋ္ဌံ၊ ကိတ္တိ ဝိဿဇ္ဇတိ။

၇။ ဒေဝမနုဿာ "သာဓု သာဓူ"တိ သာဓုကာရ-မကံသု။

## စာစီစာကုံး ရေးပါ

အမှာကံ ဗောဓိသတ္တော ပဓာန-မနုယုဉ္ဇတိ၊ နိစ္စကာလမေ-ဝ သမာပတ္တိယာ ဝီတိနာမေတိ၊ အပရဘာဂေ သမ္မာသမ္ဗုဒ္ဓေါ အဟောသိ၊ ဒေဝမနုဿာ တံ ဥပသင်္ကမိတွာ ဓမ္မံ သုဏန္တိ၊ အညေ ဒေဝါ ဝါဠဗီဇနိယာ ဝီတိပတန္တိ၊ ဘဂဝတော သရီရတော ဆဗ္ဗဏ္ဏရသ္မိယော ဝိဠ္ဍူ-ဝ နိဿဇ္ဇာ။ တေန ဘဂဝတာ ဘိက္ခူနံ ပတ္တော အနုညာတော၊ သံဃာဋိပိ အနုညာတာ။ "ကိံသူ-ဝ ဝိတ္တံ ပုရိသဿ သေဋ္ဌ"န္တိ ပဉ္စ ဝိဿဇ္ဇိတာ၊ ပုစ္ဆန္တော စ အာဠဝကော ယက္ခော "သာဓု သာဓူ"တိ သာဓုကာရ-မကာသိ။ သော ဘဂဝါ အာသီတိဝဿိ ကောဝ ပရိနိဗ္ဗုတော၊ အဟော သတ္တာနံ အာယု ဝိဠ္ဍူ-ဝ ပရိတ္တံ။

[ဝိဠ္ဍူဝ နိဿဇ္ဇာ−လျှပ်စစ်ရောင်ကဲ့သို့ ထွက်ကုန်၏၊ ဝိဠ္ဍူဝ ပရိတ္တံ−လျှပ်စီးလက်သကဲ့သို့ တိုတောင်း၏။]

http://www.dhammadownload.com



## ယ - မေ - ဒန္တ သဿ - ဒေသော

၅၁။ မေ တေ ယေ ကေ၊ ပဗ္ဗတေ၊ အစိတ် ရှေ့၊ ယ, ကိုပြု။

အေကာရကို ယ, ပြုရ၏၊ ထိုသို့ ပြုရာ၌ မေ, တေ, ယေ, ကေ, ပဗ္ဗတေ သဒ္ဒါတို့၏အစိတ် အေကာရကိုသာ ယ, ပြုရ၏။

| | |
|---|---|
| မေ + အယံ | = မျာယံ |
| တေ + အဟံ | = တျာဟံ |
| ယေ + အဿ | = ယျဿ (ယျာဿ၊ ယဿ) |
| ကေ + အဿ | = ကျဿ (ကျာဿ) |
| ပဗ္ဗတေ + အဟံ | = ပဗ္ဗတျာဟံ |

### လေ့ကျင့်ခန်း

၁။ အဓိဂတော ခေါ မေ အယံ ဓမ္မော။

၂။ ပုတ္တော တေ အဟံ မဟာရာဇ အမှို။

၃။ ကေ အဿ ဝိပ္ပဋိသာရတော ဇာတာ ဒုက္ခာ။

၄။ ယေ အဿ ဝိပ္ပဋိသာရတော ဇာတာ သင်္ကပ္ပာ မာနသာ၊ တေ ဒုက္ခာ။

၅။ ပဗ္ဗတေ အဟံ ဂန္ဓမာဒနေ ဝသာမိ။

### စာစီစာကုံး ရေးပါ

ကတ္ထ တွံ ဝသသိ၊ ပဗ္ဗတျာဟံ သိနေရုမှိ ဝသာမိ၊ ကော-သိ တွံ၊ ပုတ္တော တျာဟံ သိဒ္ဓတ္ထော။ ကိံ ပန တွံ "ဗုဒ္ဓေါ"တိ ပဋိဇာနာသီတိ။ အာမ ပဋိဇာနာမိ၊အဓိဂတော ဟိ မျာယံ ဓမ္မောတိ။ ယျာဿ တေ ဓမ္မာ အဓိဂတာ၊ကျာဿ တေ ဓမ္မာတိ။ စတုသစ္စဓမ္မာ မဟာရာဇ မေ အဓိဂတာတိ။ [အဿတေ–ထိုသင်သည်၊ယေဓမ္မာ–တို့ကို၊ အဓိဂတာ–သိအပ်ရအပ်ကုန်ပြီ၊ အဿတေ–ထိုသင်၏၊ တေဓမ္မာ–တို့သည်၊ကေ–အဘယ်တရားတို့နည်း ။]

http://www.dhammadownload.com



## ဝ-မော-ဒု-ဒ-န္တာဒနံ

၅၂။ က , ခ , တ , ထ ၊ ဒ , န , ယ , နှင့် ၊ သ , ဟ , ကိုးထွေ ၊ ယှဉ်တွဲနေ ၊
နှစ်ထွေ ဩ ဥ ၊ ဝ , ကိုပြု။

ဩအက္ခရာ ဥအက္ခရာတို့ကို ဝ , ပြုရ၏ ၊ ထိုသို့ပြုရာ၌ က , ခ , တ , ထ , ဒ , န , ယ , သ , ဟ–အက္ခရာ ၉–လုံးတို့၏အစိတ် ဩဥတို့ကိုသာ ဝ , ပြုရ၏။

| | |
|---|---|
| ကော + အတ္ထော | = ကွတ္ထော |
| ယာဝတကော + အဿ | = ယာဝတကွဿ |
| အထခေါ + အဿ | = အထခွဿ |
| စက္ခု + အာပါတံ | = စက္ခွာပါတံ |
| ပါတု + အကာသိ | = ပါတွာကာသိ |
| န တု + ဇေဝ | = န တွေဝ |
| ယတော + အဓိကရဏံ | = ယတွာဓိကရဏံ |
| ဝတ္ထု + ဧတ္ထ | = ဝတ္ထွေတ္ထ |
| ဒု + အာကာရေ | = ဒွါကာရေ |
| အနု + အဒ္ဓမာသံ | = အန္ဒ္ဓမာသံ |
| အနု + အာဂန္တွာန | = အန္ဒွာဂန္တွာန |
| ယော + အဟံ | = ယွာဟံ |
| သု + အာဂတံ | = သွာဂတံ |
| သု + အာကာရေ | = သွာကာရေ |
| သော + အဿ | = သွဿ |
| ဗဟု + အာဗာဓော | = ဗဟွာဗာဓော |
| ဗဟု + အက္ခရံ | = ဗဟွက္ခရံ |

### လေ့ကျင့်ခန်း

၁။ ကွတ္ထော တေ က္လစ ဝါသေန။

၂။ ယာဝတကွဿ ကာယော ၊ တာဝတကွဿ ဗျာမော။

http://www.dhammadownload.com



၃။ အထေခွသ တေဒဟောသိ "အဟံ သိက္ခံ သိက္ခိဿာမိ"တိ။
၄။ ရူပါရမ္မဏံ စက္ခာပါတ-မာဂစ္ဆတိ။
၅။ အာယသ္မာ မဟာမောဂ္ဂလ္လာနော ဂိဇ္ဈကူဋာ ပဗ္ဗတာ ဩရောဟန္တော အညတရသ္မိံ ပဒေသေ သိတံ ပါတွာကာသိ။
၆။ ယဒိ သမဏော ဂေါတမော မဟိဒ္ဓိကော မဟာနုဘာဝေါ၊ န တွေဝ စ ခေါ အရဟာ ယထာ အဟံ။
၇။ အဒ္ဒသာ ခေါ ဘဂဝါ ဗုဒ္ဓစက္ခုနာ လောကံ ဝေါလောကေန္တော သတ္တေ သွာကာရေ ဒွါကာရေ။

[(၂)အသ—ထိုဘုရားလောင်း၏၊ကာယော—ကိုယ်သည်၊ယာဝတကော—အကြင်မျှအတိုင်းအရှည်ရှိ၏၊အသ—၏၊ဗျာမော—အလံသည်၊တာဝတကော—ထိုမျှအတိုင်းအရှည်ရှိ၏။ (အလံအရပ် ရှုတိုင်းဟပ်၏–ဟူလို) (၆)အဟံ ယထာ—ငါကဲ့သို့၊ န တွေဝ စ ခေါ အရဟာ—ရဟန္တာကား မဟုတ်သေးရာ။ (၇)သွာကာရေ—ကောင်းသောအခြင်းအရာရှိကုန်သော၊ဒွါကာရေ—မကောင်းသောအခြင်းအရာရှိကုန်သော။]

## ပါဠိစီပါ

၁။ မကောင်းသောအနိဋ္ဌာရုံတို့သည် စက္ခု၏ရှေ့ရှုကျခြင်းသို့ ရောက်လာကြသည်။
၂။ သင်တို့သည် ငါ့နောက်သို့ အစဉ်လိုက်၍ နေကြပါ။
၃။ အကြင်ငါ့ကို သင်သည် မေးအပ်ပြီ၊ထိုငါသည် သင့်ကို ဖြေဆို၏။
၄။ သင်၏လာခြင်းသည် ကောင်းသောလာခြင်းပါတည်း။
၅။ ရဟန်းတို့သည် လခွဲတိုင်း လခွဲတိုင်း ပါတိမောက်ကို ရွတ်ပြအပ်၏။
၆။ သင်တို့သည် အနာရောဂါ များကုန်၏။

http://www.dhammadownload.com



## သဗ္ဗော စန္တိ

၅၃။ အတိ ပတိ၊ ဣတိဒ္ဓပါ၊ တိကိုသာ၊နှောင်းရာသရ၊ စ,ပြုကြ။
အတိဿစန်၊ တားမြစ်ဟန်၊ ဣဝဏ်နှောင်းက၊ မပြုရ။

တိအက္ခရာကို စ,ပြုရ၏၊ထိုသို့ပြုရာ၌ အတိ,ပတိ,ဣတိသဒ္ဒါတို့၏ အစိတ်တိအက္ခရာကိုသာ စ,ပြုရ၏၊နောက်မှ သရလည်းရှိရ၏။ သို့သော် အတိဿစန္တ ဿသုတ်၏ တားမြစ်ချက်ကြောင့် ဣဝဏ်ရှိက မပြုရချေ၊ ထို့ကြောင့် သရ ၈–လုံးတို့တွင် ဣ,ဤမှတစ်ပါး ကျန် ၆–လုံးသာ နောက်မှ ရှိနေရ၏။

| | |
|---|---|
| အတိ + အန္တံ | = အစ္စန္တံ |
"ပဉ္စိန္ဒြိယာနိ"၌ သဒ္ဒါစသော ဣန္ဒြေ ၅-ပါးသည် ပင်ကိုယ်ကပင် ကွဲပြားနေ၏၊သမာသ်ပြီးသည့်အခါလည်း ကွဲပြားမြဲပင် ကွဲပြား၏၊ ဤကဲ့သို့ တစ်ပေါင်းတည်း မပေါင်းစုဘဲ ကွဲပြားမြဲအတိုင်း ပြသောသမာသ်သည် "အသမာဟာရဒိဂု"သမာသ် မည်၏၊လိင်သုံးပါး, ဝုစ်နှစ်ပါးဖြင့်ရှိနိုင်၏။

ဧကပုဂ္ဂလော၊ ဧကဓမ္မော၊ ဧကပုတ္တော။
တိဘဝါ၊ စတုဒ္ဒိသာ၊ ပဉ္စိန္ဒြိယံ (ပဉ္စိန္ဒြိယာနိ)။
ဒသသဟဿ စက္ကဝါဠာနိ။

http://www.dhammadownload.com



# ၄။ တပ္ပုရိသ်သမာသ်

**ဆောင်** ၁။ နောက် ပထမာ၊ ရှေ့ အမာ၊ ကျေကာ ရမတူ။
၂။ နောက်ပုဒ် ဖုံးလွှမ်း၊ နက်ပြဋ္ဌာန်း၊ ခေါ်မှန်း တပ္ပုရှု။
၃။ ဥဘော, အမာဒိ၊ နှစ်မျိုးရှိ၊ မှတ်သိ သူ့အမှု။

တပ္ပုရိသ်သမာသ်သည် ဥဘောတပ္ပုရိသ်, အမာဒိတပ္ပုရိသ်ဟု ၂-မျိုး ရှိ၏၊ ဥဘောတပ္ပုရိသ်မှာ ကမ္မဓာရည်း ဒိဂုတို့နည်းတူပင်ဖြစ်၏၊ အမာဒိတပ္ပု ရိသ်၌ (၁) ရှေ့ပုဒ်၌ ဒုတိယာစသော ဝိဘတ် ၆-သွယ် တစ်သွယ်သွယ်ကျေ ရခြင်း၊ (၂) နောက်ပုဒ်၌ ပထမာဝိဘတ်သာ ကျေရခြင်း-ဟု အင်္ဂါ ၂-ပါး ရှိ၏၊ ဥဘောတပ္ပုရိသ်ကို မိဿကတပ္ပုရိသ်, အမာဒိတပ္ပုရိသ်ကို သုဒ္ဓတပ္ပု ရိသ်ဟုလည်း ခေါ်၏၊ အမာဒိတပ္ပုရိသ်၌ ဒုတိယာတပ္ပုရိသ်စသောအားဖြင့် ၆-မျိုးရှိ၏။

## ဒုတိယာတပ္ပုရိသ်

သရဏဂတော၊ အရညဂတော၊ ဘူမိဂတော၊ ဓမ္မနိဿိတော၊ အတ္ထ နိဿိတော။

ဘဝါတိဂတော၊ ကာလာတိတော၊ ပမာဏာတိက္ကန္တံ၊ လောကာတိက္ကန္တံ။

သုခပ္ပတ္တော၊ ဒုက္ခပ္ပတ္တော၊ သောတာပန္နော၊ နိရောဓသမာပန္နော၊ ရထာ ရုဠှော၊ သဗ္ဗရတ္တိသောဘနော၊ မုဟုတ္တသုခံ။

ကမ္မကာရော၊ ကုမ္ဘကာရော၊ အတ္ထကာမော၊ ဓမ္မကာမော၊ ဓမ္မဓရော၊ ဝိနယဓရော၊ သစ္စဝါဒီ။

## တတိယာတပ္ပုရိသ်

ဗုဒ္ဓဘာသိတော၊ ဇိနဘာသိတော၊ သတ္ထုဝဏ္ဏိတော၊ ဝိညုဂရဟိတော၊ ဝိညုပ္ပသတ္ထော၊ ဣဿရကတံ၊ သယံကတံ၊ သုကာဟတံ၊ ရာဇဟတော၊ ရောဂပီဠိတော။

http://www.dhammadownload.com



အဂ္ဂိဒမှော၊ သပ္ပဒဋ္ဌော၊ သလ္လဝိဒ္ဓေါ၊ ဣဿာပကတော၊ သီလသမ္ပန္နော၊ သုခသဟဂတံ၊ ဉာဏသမ္ပယုတ္တံ၊ မိတ္တသံသဂ္ဂေါ၊ ပိယဝိပ္ပယောဂေါ၊ ဇာတိတ္ထဒ္ဓေါ၊ ဂုဏဟီနော၊ ဂုဏဝမှော။ (ကိတ ပစ္စယန္တ ပုံစံ – ၂၂)

စတုဝဂ္ဂကရဏီယံ၊ စတုဝဂ္ဂါဒိကတ္တဗ္ဗံ၊ ကာကပေယျာ။ (ကိစ္စပစ္စယန္တ ပုံစံ – ၃)

ဉရဂေါ၊ ပါဒပေါ၊ မာသပုဗ္ဗော၊ မာတုသဒိသော၊ ပိတုသမော၊ ဧကူနဝီသတိ၊ သီလဝိကလော၊ အသိကလဟော၊ ဝါစာနိပုဏော။

ယာဝကာလိကသမ္ဘိဿံ၊ ဝါစာသခိလော၊ သတ္ထုကပ္ပော၊ ပုညတ္ထိကော၊ ဂုဏာဓိကော၊ ဂုဠောဒနော၊ ခီရောဒနော၊ အဿရထော။

မဂ္ဂစိတ္တံ၊ ဇမ္ဗုဒီပေါ၊ ကောဒသ၊ ဇစ္စန္ဓော၊ ပကတိမေဓာဝီ။

## စတုတ္ထီတပ္ပုရိသ်

ကထိနဒုဿံ၊ စီဝရဒုဿံ၊ စီဝရမူလျံ၊ ယာဂုတဏ္ဍုလာ၊ ဘတ္တတဏ္ဍုလာ၊ သံဃဘတ္တံ၊ အာဂန္တုကဘတ္တံ၊ ဂမိကဘတ္တံ၊ ပါသာဒဒဗ္ဗံ။

ဘိက္ခုသံဃတ္ထော၊ ယဒတ္ထော၊ တဒတ္ထော၊ ဧတဒတ္ထော၊ ကိမတ္ထံ၊ အတ္တတ္ထံ၊ ပရတ္ထံ၊ သံဝရတ္ထာယ၊ သမာဓတ္ထာယ၊ ဝိရာဂတ္ထာယ၊ ဝိမုတ္တတ္ထာယ။

လောကဟိတော၊ ဗုဒ္ဓဒေယျံ၊ သံဃဒေယျံ။

## ပဉ္စမီတပ္ပုရိသ်

မေထုနာပေတော၊ ပလာပါပဂတော၊ နဂရနိဂ္ဂတော၊ ပိဏ္ဍပါတပဋိက္ကန္တော၊ ဂါမနိက္ခန္တံ၊ ရုက္ခဂ္ဂပတိတော၊ သာသနစုတော၊ အာပတ္တိဝုဋ္ဌာနံ၊ ဓရဏိတလုဂ္ဂတော၊ သဗ္ဗဘဝနိဿဋော။

http://www.dhammadownload.com



ရာဇဘယံ၊ စောရဘယံ၊ အမနုဿဘယံ၊ အဂ္ဂိဘယံ၊ ပါပဘီတော၊ ပါပဘီရုကော။

အကတ္တဗ္ဗဝိရတိ၊ ကာယဒုစ္စရိတဝိရတိ၊ ဝစီဒုစ္စရိတဝိရတိ။

ဗန္ဓနမုတ္တော၊ ဝနမုတ္တော၊ ဗန္ဓနမောက္ခော။

ကမ္မသမုဋ္ဌိတံ။ ဥက္ကဋ္ဌုက္ကဋ္ဌံ၊ ဩမကောမကံ။

ကမ္မဇံ၊ စိတ္တဇံ၊ ဥတုဇံ၊ အာဟာရဇံ။

## ဆဋ္ဌီတပ္ပုရိသ်

ရာဇပုတ္တော၊ ရာဇပုရိသော၊ အာစရိယပူဇကော၊ ဗုဒ္ဓသာဝကော၊ ဗုဒ္ဓရူပံ၊ ဇိနဝစနံ၊ သမုဒ္ဒဃောသော။

ဧရာသိ၊ ပုပ္ဖဂန္ဓော၊ ဖလရသော၊ ကာယလဟုတာ၊ မရဏဿတိ၊ ရုက္ခမူလံ။

အယောပတ္တော၊ သုဝဏ္ဏကဋာဟံ၊ ပါနီယထာလကံ၊ သပ္ပိကုမ္ဘော၊ ဒေဝရာဇာ၊ ဒေဝသခါ။

ပုလ္လိင်္ဂ၊ ပုမ္ဘာဝေါ၊ ဟတ္ထိပဒံ၊ ဣတ္ထိရူပံ၊ ဘိက္ခုနိသံဃော၊ ဇမ္ဗုသာခါ၊ ဂုရုကုလံ၊ သာဝကသံဃော။

## သတ္တမီတပ္ပုရိသ်

ရူပသညာ၊ ရူပသဉ္စေတနာ၊ သံသာရဒုက္ခံ၊ စက္ခုဝိညာဏံ၊ ဓမ္မရတော၊ ဓမ္မာဘိရတိ၊ ဓမ္မရုစိ၊ ဓမ္မဂါရဝေါ၊ ဓမ္မနိရုတ္တိ၊ ဒါနာ-ဓိမုတ္တိ။

ဘဝန္တရကတံ၊ ဒဿနဿာဒေါ၊ အရညဝါသော၊ ဝိကာလဘောဇနံ၊ ကာလဝဿံ။

ဝနပုပ္ဖံ၊ ဝနမဟိံသော၊ ဂါမသူကရော၊ သမုဒ္ဒမစ္ဆော၊ အာဝါဋကစ္ဆပေါ၊ အာဝါဋမဏ္ဍူကော၊ ကူပမဏ္ဍူကော။

http://www.dhammadownload.com



တိတ္ထနာဝါ၊ ဣတ္ထိစုတ္တော၊ အက္ခစုတ္တော၊ ဆာယာသုက္ခော၊ အင်္ဂါရ ပက္ကံ၊ စာရကဗဒ္ဓေါ။

ဝနစရော၊ ကုစ္ဆိသယော၊ ထလဋ္ဌော၊ ဇလဋ္ဌော၊ ပဗ္ဗတဋ္ဌော၊ မဂ္ဂဋ္ဌော၊ ပက်ဓံ၊ သိရောရုဟံ။ (နိစ္စသမာသ်များ)

## အမာဒိပရတပ္ပုရိသ်

**ဒုတိယာ**။ ။အစ္စန္တံ၊ အတိဝေလော၊ အတိမာသော၊ ပတ္တဇီဝိကော၊ အာပန္နဇီဝိကော၊ ပစ္စက္ခံ၊ အန္ဝတ္ထံ။

**တတိယာ**။ ။အဝကောကိလံ၊ အဝမယူရံ။

**စတုတ္ထီ**။ ။ပရိယဇ္ဈယနော၊ အလံကမ္မော၊ အလံဝစနော။

**ပဥ္စမီ**။ ။နိဗ္ဗာနံ၊ နိက္ကိလေသော၊ နိရင်္ဂဏော၊ နိက္ကောသမ္ဗိ၊ နိဗ္ဗနော၊ ပါစရိယော၊ ပယျကော၊ ပရဟိယျော၊ ပရောသဟဿံ၊ ပရော သတံ၊ ပရောပဏ္ဏာသံ။

**ဆဋ္ဌီ**။ ။ဥပရိဂင်္ဂ၊ ဟေဋ္ဌာနဒီ၊ အန္တောသမာပတ္တိ၊ ရာဇဟံသော (ဟံသရာဇာ)၊ အဒ္ဓမာသံ(မာသဒ္ဓံ)၊ အဒ္ဓါမလကံ(အာမလကဒ္ဓံ)၊ အဒ္ဓ ကဟာပဏံ၊ အမုမာသကံ၊ အမုရတ္တံ၊ ပုဗ္ဗရတ္တံ၊ ပစ္ဆာရတ္တံ၊ ပုဗ္ဗဏှံ၊ သာယန္ဟံ၊ အပရဏှံ၊ အဍ္ဎနှံ၊ မဇ္ဈန္ဟိကံ။

## အလုတ္တတပ္ပုရိသ်

သမာသ်စပ်ပြီးသော်လည်း ရှေ့ပုဒ်၌ ဝိဘတ်မကျေသော သမာသ်ကို "အလုတ္တသမာသ်" ဟု ခေါ်၏။

ပဘင်္ကရော၊ အမတန္ဒဒေါ၊ ရဏဥ္ဇဟော၊ ဇုတိန္ဓရော။

သဟသာကတံ၊ ဘယတူပဋ္ဌာနံ။ ပရတောဃောသော။

ပရဿပဒံ၊ အတ္တနောပဒံ၊ ဂဝံပတိတ္ထေရော။

http://www.dhammadownload.com



မနသိကာရော၊ ပုဗ္ဗေနိဝါသော၊ ပုဗ္ဗေနိဝါသာနုဿတိ၊ မဇ္ဈေကလျာဏံ၊ အန္တေဝါသီ၊ အန္တေဝါသိကော၊ ဇနေသုတော၊ ဥရသိလောမော၊ ကဏ္ဌေကာဠော၊ သရသိဇံ။

**ဆောင်။** ။ဂတ နိဿိ၊ တီတာ တိက္ကန်၊ ပတ္တာပန်နှင့်၊ အာရုဠ္ဍှနော၊ သောဘာ နောဟု၊ သုခ သဒ္ဒါ၊ ဒုတိယာ တပ္ပုရိသ်။ ကိတ် ပစ္စယ၊ ပုဗ္ဗသဒ္ဒါ၊ သမာဥုန၊ ဝိကလနှင့်၊ ကလဟာနိပု၊ ပေါင်းစု မိဿ၊ သခိလကပ္ပါ၊ အတ္ထိကာ ဓိက၊ ဩဒနနှင့်၊ ရထ စိတ္တာ၊ ဒီပါ ဒသ၊ အန္န မေဓာဝီ၊ စသည်များစွာ၊ တတိယာမှတ်။ တဒတ္ထနှင့်၊ အတ္ထဟိတ၊ ဒေယျ စသည်၊ စတုတ္ထီတည့်။ ကြိယာပဂမန၊ ဘယဝိရတော၊ မောစနတ် သမုဋ္ဌ၊ ဥဩ စသည်၊ ပဉ္စမီမှတ်။ ဆဋ္ဌနှင့် သတ်ကား၊ မပိုင်းခြားသည်၊ မှတ်သား တပ္ပုရိသ်သဘောတည်း။

---

## ၅။ ဗဟုဗ္ဗီဟိသမာသ်

**ဆောင်** ၁။ သမာသ် ပုဒ်တွင်၊ မပါဝင်၊ ခေါ်တွင် အညပုဒ်။
အညပုဒ်ဆန်း၊ သူပြဋ္ဌာန်း၊ မှတ်စမ်း ဗဟုဗ် – သမာသ်ပုဒ်။

၂။ ပထမာ စသား၊ ခုနစ်ပါး၊ မှတ်သား ဗဟုဗ္ဗီ။
တဂ္ဂုဏာ - တဂ္ဂုဏ၊ ထိုနှစ်ဝ၊ ပြားထ ဗဟုဗ္ဗီ။
တုလျ ဘိန္န၊ ဒွိပဒနှင့်၊ တိန သဟာ၊ ဥပမာသချိုး၊ ဒိသန္တ ဗျတိ၊ ကိုးမျိုးရှိ၊ မှတ်ဘိ ဗဟုဗ္ဗီ။

၃။ သမာသ်ပြုလုပ်၊ ထိုနှစ်ပုဒ်၊ အညပုဒ်၏ဂုဏ်။
ယင်းဂုဏ်နှစ်ဝ၊ တဂ္ဂုဏ၊ ခေါ်ရ မှတ်လေကုန်။
တဂ္ဂုဏနှင့်၊ တကွသိစေ၊ မသိစေ၊ နှစ်ထွေ ထူးခြားပုံ။

http://www.dhammadownload.com



ဗဟုဗ္ဗီဟိသမာသ်၌ (၁)အညပုဒ်အနက် ပြဋ္ဌာန်းခြင်း၊ (၂)အညပုဒ်၌ ဝိဘတ် ၇–သွယ် တစ်သွယ်သွယ် ကျေရခြင်း–ဟု အင်္ဂါ ၂–ပါးရှိ၏၊ သမာသ် ပြီးသည့်အခါ သမာသ်ပုဒ်များ၏ အနက်ကိုမရ၊အခြားပုဒ်၏အနက်ကိုသာ ရ၏၊ "အညပဒတ္ထ" ဟု ခေါ်၏၊ယင်း အညပုဒ်အနက်ကို "ယ, တ, တေ, ဏ္ဍမ" ဟူသော သဗ္ဗနာမ်ပုဒ်များက ညွှန်ပြ၏။

ပထမာဗဟုဗ္ဗီဟိ စသောအားဖြင့် ၇–မျိုးရှိ၏၊ တဂ္ဂုဏသံဝိညာဏ, အတဂ္ဂုဏသံဝိညာဏ–ဟု ၂–မျိုးရှိ၏၊ဒွိပဒတုလျာဓိကရဏ–စသောအားဖြင့် ၉–မျိုးရှိ၏။

## အခြေခံ ပထမာဒိဗဟုဗ္ဗီဟိ

သဝိတက္ကော၊ အာဂတသမဏော၊ ဇိတိန္ဒြိယော၊ ဒိန္နသုင်္ကော၊ နိဂ္ဂတ ဇနော၊ ဆိန္နဟတ္ထော၊ သမ္ပန္နသဿော။

## တဂ္ဂုဏ၊အတဂ္ဂုဏဗဟုဗ္ဗီဟိ

အညပုဒ်အနက်ထဲ၌ သမာသ်ပုဒ်အနက်လည်းပါဝင်သော ဗဟုဗ္ဗီဟိသည် "တဂ္ဂုဏသံဝိညာဏ" ဗဟုဗ္ဗီဟိမည်၏၊အညပုဒ်အနက်ထဲ၌ သမာသ်ပုဒ်အနက် မပါဝင်သော ဗဟုဗ္ဗီဟိသည် "အတဂ္ဂုဏသံဝိညာဏ" ဗဟုဗ္ဗီဟိမည်၏။

လမ္ဗကဏ္ဏ-မာနယ၊ ဗဟုဓန-မာနယ။

ဗုဒ္ဓပ္ပမုခေါ၊ နီလပဋော။

## (၁) ဒွိပဒတုလျာဓိကရဏ ဗဟုဗ္ဗီဟိ

အရတူနှစ်ပုဒ်ကို ဗဟုဗ္ဗီဟိစပ်ထားသော သမာသ်သည် "ဒွိပဒတုလျာ ဓိကရဏ" ဗဟုဗ္ဗီဟိ မည်၏။

**ဒုတိယာ**။ ။အာဂတသမဏော၊ ပဋိပန္နဒ္ဓိကော၊ အဘိရူဠှဝါဏိဇာ။

http://www.dhammadownload.com



**တတိယာ**။ ။ဇိတိန္ဒြိယော၊ ဒိဋ္ဌဓမ္မော၊ ပတ္တဓမ္မော၊ ကတကိစ္စော၊ ဇိတမာရော၊ ပဋိဝိဒ္ဓသဗ္ဗဓမ္မော။

**စတုတ္ထီ**။ ။ဒိန္နသုင်္ကော၊ ဉပနီတဘောဇနော၊ ဉပဟာတဗလိ။

**ပဉ္စမီ**။ ။နိဂ္ဂတဇနော၊ နိရယော၊ နိက္ကိလေသော၊ အပေတဝိညာဏော၊ အပေတဘယဘေရဝေါ။

**ဆဋ္ဌီ**။ ။ဆိန္နဟတ္ထော၊ ပရိပုဏ္ဏသင်္ကပ္ပော၊ ခီဏာသဝေါ၊ ဝီတရာဂေါ၊ ဒွိပဒေါ၊ ဒွိဟတ္ထော၊ တေဝိဇ္ဇော၊ စတုပ္ပဒေါ၊ ပဉ္စစက္ခု၊ ဆ အဘိညော၊ နဝင်္ဂံ၊ ဒသဗလော။

အနန္တဉာဏော၊ တိဒသာ၊ ဣဒ္ဓပ္ပစ္စယာ၊ ကိံပဘာဝေါ၊ ဝိမလော၊ သုဂန္ဓံ၊ သုသီလော၊ သုမုခေါ၊ ဒုဂ္ဂန္ဓံ၊ ဒုမ္မနော၊ ဒုဿီလော၊ ဒုမ္မုခေါ။

တပေါဓနော၊ ခန္တိဗလော၊ ဣန္ဒနာမော၊ ဆန္ဒဇာတော (ဇာတဆန္ဒော)၊ သဉ္ဇာတပီတိသောမနဿော (ပီတိသောမနဿ သဉ္ဇာတော)၊ မာသဇာတော (ဇာတမာသော)၊ ဆိန္နဟတ္ထော (ဟတ္ထစ္ဆိန္နော)။

ဒီဃဇင်္ဃော၊ ပဟူတဇိဝှော၊ မဟာပညော၊ အစိရပဗ္ဗဇိတော၊ အစိရပက္ကန္တော၊ သတ္တာဟပရိနိဗ္ဗုတော၊ ခမာဓနော၊ သဒ္ဓါဓုရော၊ သဒ္ဓါပကတိကော၊ ပညာပကတိကော၊ ပညာဝိသုဒ္ဓိကော။

ဗဟုဒါသိကော၊ ဗဟုကုမာရိကံ၊ ဂါဏ္ဍီဝဓန္ဝာ၊ ပစ္စက္ခဓမ္မော၊ သဟာဿထာမနေ၊ ပစ္စက္ခဓမ္မော၊ ဝိဒိတဓမ္မော။

**သတ္တမီ**။ ။သမ္ပန္နသဿော၊ သုလဘပိဏ္ဍော၊ အာကိဏ္ဏမနုဿော၊ ဗဟုတာပသော၊ ဉပစိတမံသလောဟိတံ၊ ဗဟုဿာမိကံ၊ ဗဟုနဒိကော၊ ဗဟုဇမ္ဗုကံ၊ ဗဟုကတ္တုကော၊ ဗဟုဘတ္တုကော။

http://www.dhammadownload.com



## (၂) ဒွိပဒဘိန္နာဓိကရဏ ဗဟုဗ္ဗီဟိ

အရမတူသော ပုဒ်နှစ်ပုဒ်ကို ဗဟုဗ္ဗီဟိစပ်ထားသော သမာသ်သည် "ဒွိပဒဘိန္နာဓိကရဏ" ဗဟုဗ္ဗီဟိ မည်၏။

ကေရတ္တိဝါသော၊ သမာနဝါသော၊ ဥဘတောဗျဉ္ဇနကော၊ ဆတ္တပါဏိ၊ ဒဏ္ဍပါဏိ၊ သတ္ထပါဏိ၊ ဝဇိရပါဏိ။

ခဂ္ဂဟတ္ထော၊ သတ္ထဟတ္ထော၊ ဒါန-ဇ္ဈာသယော၊ ဒါနာ-ဓိမုတ္တိကော၊ ဗုဒ္ဓဘတ္တိကော၊ သဒ္ဓမ္မဂါရဝေါ။

## (၃) တိပဒဗဟုဗ္ဗီဟိ

နာမ်ပုဒ်သုံးပုဒ်ကို ဗဟုဗ္ဗီဟိစပ်ထားသော သမာသ်သည် "တိပဒ" ဗဟုဗ္ဗီဟိသမာသ် မည်၏။

ပရက္ကမာ-ဓိဂတသမ္ပဒါ၊ ဓမ္မာ-ဓိဂတဘောဂါ၊ ဩဏီတပတ္တပါဏိ၊ သီဟပုဗ္ဗဒ္ဓကာယော၊ မတ္တဗဟုမာတင်္ဂံ။

## (၄) န နိပါတဗဟုဗ္ဗီဟိ

န နိပါတ်ပုဒ်ဖြင့် ဗဟုဗ္ဗီဟိစပ်ထားသော သမာသ်သည် "န နိပါတ" ဗဟုဗ္ဗီဟိသမာသ် မည်၏။

အသမော၊ အပ္ပဋိပုဂ္ဂလော၊ အပုတ္တကော၊ အဟေတုကော၊ အသံဝါသော။

အဝုဋ္ဌိကော၊အဘိက္ခုကော၊ အနုတ္တရော၊ အနန္တံ၊ အနာသဝါ။

## (၅) သဟပုဗ္ဗဗဟုဗ္ဗီဟိ

သဟပုဒ်ဖြင့် ဗဟုဗ္ဗီဟိစပ်ထားသော သမာသ်သည် "သဟပုဗ္ဗ" ဗဟုဗ္ဗီဟိသမာသ် မည်၏။

http://www.dhammadownload.com



သဝိတက္ကော၊ သဟေတုကော၊ သပ္ပီတိကာ၊ သပ္ပစ္စယာ၊ သကိလေသော။ သဥပါဒါနော၊ သပရိဝါရော၊ သမူလုဒ္ဓတော။

## (၆) ဥပမာနပုဗ္ဗပဒဗဟုဗ္ဗီဟိ

ရှေ့ပုဒ်၌ "ကာဝ"စသော ဥပမာနပုဒ်ထည့်၍ ဗဟုဗ္ဗီဟိစပ်ထားသော သမာသ်သည် "ဥပမာနပုဗ္ဗပဒ"ဗဟုဗ္ဗီဟိသမာသ် မည်၏။

**ပထမာအနက်**။ ။နိဂြောဓပရိမဏ္ဍလော၊ သင်္ခပဏ္ဍရော၊ ကာကသူရော၊ စက္ခုဘူတော၊ ဉာဏဘူတော၊ ဓမ္မဘူတော၊ ဗြဟ္မဘူတော၊ အန္ဓဘူတော၊ မုဋ္ဌပဗ္ဗဇာဘူတာ၊ တန္တာကုလကဇာတာ။

[ဤပုံစံများ၌ ဆရာအဆက်ဆက် ပထမာဝိဘတ်အနက် မနှစ်သက်ကြဘဲ ဥပမာပုဗ္ဗပဒကမ္မဓာရည်းတွဲပြီး ဆဋ္ဌီဗဟုဗ္ဗီပြုခြင်းကိုသာ နှစ်သက်တော်မူကြ၏။]

**ဆဋ္ဌီအနက်**။ ။သုဝဏ္ဏဝဏ္ဏော၊ နာဂဂတိ၊ သီဟဂတိ၊ နာဂဝိက္ကမော၊ သီဟဝိက္ကမော၊ သီဟဟနု၊ ဧဏိဇင်္ဃော၊ သီဟပုဗ္ဗဒ္ဓကာယော၊ ဗြဟ္မဿရော။

## (၇) သင်္ချာဘယ ဗဟုဗ္ဗီဟိ

သင်္ချာပုဒ် နှစ်ပုဒ်ကို ဗဟုဗ္ဗီဟိစပ်ထားသော သမာသ်သည် "သင်္ချာဘယ"ဗဟုဗ္ဗီဟိသမာသ် မည်၏။

ဒွတ္တိပ္ပတ္တာ၊ ဒွီဟတီဟံ၊ ဆပ္ပဉ္စဝါစာ၊ သတ္တဋ္ဌမာသာ၊ ဧကယောဇနဒွိယောဇနာနိ။

http://www.dhammadownload.com



## (၈) ဒိသန္တရာဠတ္ထ ဗဟုဗ္ဗီဟိ

အရပ်မျက်နှာဟောပုဒ်များကို ဗဟုဗ္ဗီဟိစပ်ထားသော သမာသ်သည် "ဒိသန္တရာဠတ္ထ" ဗဟုဗ္ဗီဟိသမာသ် မည်၏။

ပုဗ္ဗဒက္ခိဏာ၊ ပုဗ္ဗုတ္တရာ၊ အပရဒက္ခိဏာ၊ ပစ္ဆိမုတ္တရာ။

## (၉) ဗျတိဟာရလက္ခဏ ဗဟုဗ္ဗီဟိ

တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် ပုတ်ခတ်ခြင်းစသည့် အမှတ်အသား ပါရှိသော သမာသ်သည် "ဗျတိဟာရလက္ခဏ" ဗဟုဗ္ဗီဟိသမာသ် မည်၏။

ကေသာကေသိ၊ ဒဏ္ဍာဒဏ္ဍိ၊ မုဋ္ဌာမုဋ္ဌိ။

## ဗာဟိရတ္ထ , အဗာဟိရတ္ထ ဗဟုဗ္ဗီဟိ

သမာသ်ပုဒ်တစ်စိတ်ကို အညပုဒ်၏ဝိသေသနအဖြစ်ဖြင့် ယူရသော သမာသ်ကို "ဗာဟိရတ္ထ ဗဟုဗ္ဗီဟိ" သမာသ်ဟု ခေါ်၏၊ သမာသ်ပုဒ်တစ်စိတ်ကို အညပုဒ်၏ဝိသေသနမလုပ်ဘဲ သမာသ်ပုဒ်အချင်းချင်း ဝိသေသန + ဝိသေသျ လုပ်ရသော သမာသ်ကို "အဗာဟိရတ္ထ ဗဟုဗ္ဗီဟိ" သမာသ်ဟု ခေါ်၏။

သတ္တာဟပရိနိဗ္ဗုတော၊ အစိရပရိနိဗ္ဗုတော၊ အစိရပဗ္ဗဇိတော၊ အစိရပက္ကန္တော။

သတ္တာဟံ + ပရိနိဗ္ဗုတဿ + ယဿ သောယံ သတ္တာဟပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်စံတော်မူသော မြတ်စွာဘုရားအား ၇–ရက်ရှိ၏၊ (ဗာဟိရတ္ထ)။

သတ္တာဟံ + ပရိနိဗ္ဗာနံ + ယဿာတိ သတ္တာဟပရိနိဗ္ဗုတော၊ ၇–ရက် ပရိနိဗ္ဗာန်စံခြင်းရှိတော်မူသော မြတ်စွာဘုရား၊ (အဗာဟိရတ္ထ)။ [သမာသ်ပုဒ်နှစ်ခုတို့ ဝိဘတ်တူ–အရတူသောကြောင့် "အဘိန္နာဓိကရဏဗဟုဗ္ဗီဟိ" ဟုလည်း ခေါ်၏။]

http://www.dhammadownload.com



အစိရံ + ပရိနိဗ္ဗုတသဿ + ယဿ သောယံ အစိရပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန် စံတော်မူသော မြတ်စွာဘုရားအား မကြာမြင့်သေးသော ကာလရှိ၏၊ (ဗာဟိရတ္ထ)။ အစိရံ+ပရိနိဗ္ဗာနံ+ယဿာတိ အစိရပရိနိဗ္ဗုတော၊ မကြာမြင့်သေးသော ပရိနိဗ္ဗာန်စံခြင်းရှိတော်မူသော မြတ်စွာဘုရား၊ (အဗာဟိရတ္ထ)။ [သမာသ်ပုဒ် နှစ်ခုတို့ ဝိဘတ်တူ–အရမတူသောကြောင့် "ဘိန္နာဓိကရဏဗဟုဗ္ဗီဟိ" ဟုလည်း ခေါ်၏။

အစိရံ + ပဗ္ဗဇိတဿ + မမ သောဟံ အစိရပဗ္ဗဇိတော၊ ရဟန်းပြုသောငါ့အား မကြာမြင့်သေးသော ကာလရှိ၏၊ (ဗာဟိရတ္ထ)။ အစိရံ + ပဗ္ဗဇ္ဇံ + မမ သောဟံ အစိရပဗ္ဗဇိတော၊ မကြာမြင့်သေးသော ရဟန်းပြုခြင်းရှိသောငါ၊ (အဗာဟိရတ္ထ)။ [ရှင်အဿဇိက ရှင်သာရိပုတ္တရာလောင်း ပရိဗိုဇ်ကို ပြောသောစကား။]

အစိရံ + ပက္ကန္တဿ + ယဿ သောယံ အစိရပက္ကန္တော၊ ဖဲသွားသော မြတ်စွာဘုရားအား မကြာမြင့်သေးသော ကာလရှိ၏၊ (ဗာဟိရတ္ထ)။ အစိရံ + ပက္ကမနံ + ယဿာတိ အစိရပက္ကန္တော၊ မကြာမြင့်သေးသော ဖဲသွားခြင်းရှိတော် မူသော မြတ်စွာဘုရား၊ (အဗာဟိရတ္ထ)။

---

## ၆။ ဒွန်သမာသ်

**ဆောင်** ၁။ ရှေ့နောက် နှစ်ဖြာ၊ ပထမာ၊ ကျေကာ ရကွဲသည်။
သမုစ္စယ၊ စ , နက်ရ၊ ဒွန္ဒ သမာသ်မည်။
၂။ သမာဟာရ၊ အသမ၊ ဟာရ ဒွန်နှစ်ဖြာ။
အပေါင်းကိုငဲ့၊ သမာကွဲ့၊ စိတ်ငဲ့ အ , သမာ။
အ , သမာကို၊ တစ်နည်းဆို၊ မှတ်သို ဣတရီတရာ။

အနက်အစုံလိုက်ရသော သမာသ်ကို "ဒွန်သမာသ်" ဟုခေါ်၏၊ အစုံလိုက် ရပုံကို စ , သဒ္ဒါက ညွှန်ပြ၏၊ ဤဒွန်သမာသ်၌ (၁)ရှေ့ပုဒ် နောက်ပုဒ် နှစ်ပုဒ်

http://www.dhammadownload.com



လုံး၌ ပထမာဝိဘတ်ကျေ၍ အရကွဲရခြင်း၊ (၂)စ, သဒ္ဒါ၏ သမုစ္စည်းအနက်ပြဌာန်းခြင်း–ဟု အင်္ဂါနှစ်ပါးရှိ၏၊သမာဟာရဒွန်, အသမာဟာရဒွန်–ဟု ၂–မျိုးရှိ၏ ။

ဒွန်သမာသ်တွဲစပ်ရာ၌ တထာ ဒွန္ဒေ ပါဏိတူရိယ–စသောသုတ်, ဝိဘာသာရုက္ခတိဏပသု–စသောသုတ်တို့၌ သတ်မှတ်ထားသည့်အတိုင်း သတ္တဝါ၏ အစိတ်အင်္ဂါချင်းချင်း၊ တူရိယာ၏ အစိတ်အင်္ဂါချင်းချင်း၊ယာဉ်, စစ်သည်, သေးငယ်သောသတ္တဝါ, အထူးထူးအပြားပြား ဆန့်ကျင်ဘက်, သဘောမတူသောတရား, လိင်ကွဲပုဒ်, သချ်ာပုဒ်, အမျိုးညှဲ့သူ–စသောပုဒ် ချင်းချင်းသာ တွဲစပ်ရ၏၊ထို့ပြင် သစ်ပင်, မြက်, သားကောင်, ဥစ္စာ, စပါး, ဇနပုဒ်, ပဋိပက္ခတရား, ငှက်သတ္တဝါဟောပုဒ်များကိုလည်း တွဲစပ်ရသေး၏။

## သမာဟာရဒွန်

အရာဝတ္ထုပေါင်းများစွာကို တစ်ခုတည်းဖြစ်အောင် စုပေါင်းလိုက်သကဲ့သို့ အနက်ပေါင်းများစွာကို တစ်နက်တည်းဖြစ်အောင် စုပေါင်းပေးသောဒွန်သည် "သမာဟာရဒွန်" မည်၏၊ ဤသမာဟာရဒွန်၌ အပေါင်းပြဌာန်းသောကြောင့် ဧကဝုစ်ဖြင့်သာ ရုပ်ရှိစေရ၏၊ဗဟုဝုစ်ဖြင့် ရုပ်မရှိစေရ။

## ပါဏျင်္ဂဒွန်

စက္ခုသောတံ၊ မုခနာသိကံ၊ ဟနုဂီဝံ၊ ကဏ္ဏနာသံ၊ ပါဏိပါဒံ၊ ဆဝိမံသလောဟိတံ ။

## တူရိယင်္ဂဒွန်

ဂီတဝါဒိတံ၊ သမ္မတာဠံ၊ သင်္ခပဏဝဋိဏ္ဍိမံ ။

## ယောဂ္ဂင်္ဂဒွန်

ဖာလပါစနံ၊ ယုဂနင်္ဂလံ ။

http://www.dhammadownload.com



## သေနင်္ဂွန်

ဟတ္ထိအသံ၊ ရထပတ္တိကံ၊ အသိစမ္မံ၊ ဓနုကလာပံ။

## ခုဒ္ဒဇန္တုကဒွန်

ဍံသမကသံ၊ ကုန္ထကိပိလ္လိကံ၊ ကီဋပဋင်္ဂံ၊ ကီဋသရီသပံ။

## ဝိဝိဓဝိရုဒ္ဓဒွန်

အဟိနကုလံ၊ ဗိဠာရမူသိကံ၊ ကာကောလူကံ၊ သပ္ပမဏ္ဍူကံ၊ ဂရုဠသပ္ပံ။

## ဝိသဘာဂဒွန်

သီလပညာဏံ၊ သမထဝိပဿနံ၊ နာမရူပံ၊ ဟိရောတ္တပ္ပံ၊ သတိသမ္ပဇညံ။

လောဘမောဟံ၊ ဒေါသမောဟံ၊ အဟိရိကအနောတ္တပ္ပံ၊ ထိနမိဒ္ဓံ၊ ဥဒ္ဓစ္စကုက္ကုစ္စံ။

## အညောညလိင်္ဂဒွန်

ဒါသိဒါသံ၊ ဣတ္ထိပုမံ၊ ပတ္တစီဝရံ၊ သာခါပလာသံ၊

## သဉ်္ဇာပရိမာဏဒွန်

ဧကကဒုကံ၊ ဒုကတိကံ၊ တိကစတုက္ကံ၊ စတုက္ကပဉ္စကံ၊ ဒီဃမဇ္ဈိမံ။

## ပစနစဏ္ဍာလဒွန်

ဩရဗ္ဘိကသူကရိကံ၊ သာကုဏိကမာဂဝိကံ၊ သပါကစဏ္ဍာလံ၊ ပုက္ကုသဆဝဍ္ဍာဟကံ၊ ဝေနရထကာရကံ။

http://www.dhammadownload.com



## ဒိသတ္တဒွန်

ပုဗ္ဗာ-ပရံ၊ ပုရတ္ထိမပစ္ဆိမံ၊ ဒက္ခိဏ-တ္တရံ၊ အဓရု-တ္တရံ။

## ရုက္ခဒွန်

အဿတ္ထကပိတ္ထံ၊ အမ္ဗပနသံ၊ ခဒိရပလာသံ၊ ဓဝ-ဿကဏ္ဏကံ။

## တိဏဒွန်

ဥသီရဗီရဏံ၊ မုဉ္ဇပဗ္ဗဇံ၊ ကာသကုသံ။

## ပသုဒွန်

အဇေဠကံ၊ ဟတ္ထိဂဝ-ဿဝဠဝံ၊ ဂေါမဟိံသံ၊ ဧဏေယျဝရာဟံ၊ သီဟဗျဂ္ဃတရစ္ဆံ။

## ဓနဒွန်

ဟိရညသုဝဏ္ဏံ၊ ဇာတရူပရဇတံ၊ မဏိမုတ္တသင်္ခဝေဠုရိယံ။

## ဓညဒွန်

သာလိယဝံ၊ တိလမုဂ္ဂမာသံ။

## ဇနပဒဒွန်

ကာသိကောသလံ၊ ဝဇ္ဇိမလ္လံ၊ အင်္ဂမဂဓံ။

## အညောညပဋိပက္ခဒွန်

ကုသလာ-ကုသလံ၊ သာဝဇ္ဇာ-နဝဇ္ဇံ၊ ဟီနပဏီတံ၊ ကဏှသုက္ကံ၊ သုခဒုက္ခံ။

http://www.dhammadownload.com



ပဋိဃာနုနယံ၊ ဆာယာ-တပံ၊ အာလောကန္ဓကာရံ၊ ရတ္တိန္ဒိဝံ၊ အဟောရတ္တံ။

## သကုဏဒွန်

ဟံသဗကံ၊ ကာရဏ္ဍဝစက္ကဝါကံ၊ မယူရကောဉ္စံ၊ သုကသာလိကံ။

## အသမာဟာရဒွန်

ဤအသမာဟာရဒွန်၌ အစိတ်ပြဋ္ဌာန်းသောကြောင့် ဗဟုဝုစ်ဖြင့်သာ ရုပ်ရှိစေရ၏၊ ဧကဝုစ်ဖြင့် ရုပ်မရှိစေရ။

"သာရိပုတ္တမောဂ္ဂလ္လာနာ" ကဲ့သို့ တစ်ပုဒ်နှင့်တစ်ပုဒ် ကင်းကွာလို့မရ၊ အပြန်အလှန် ယှဉ်ဖော်ယှဉ်ဖက်ဖြစ်၏၊ထို့ကြောင့် "ဣတရီတရယောဂဒွန်" ဟုလည်းခေါ်၏။

သာရိပုတ္တမောဂ္ဂလ္လာနာ၊ သမဏဗြာဟ္မဏာ၊ ဗြာဟ္မဏဂဟပတိကာ၊ ခတ္တိယဗြာဟ္မဏာ၊ ဒေဝမနုဿာ။

စန္ဒိမသူရိယာ၊ မာတာပိတရော၊ ပိတာပုတ္တာ၊ တုဒံပတီ၊ ဇာနိပတီ၊ ဇယမ္ပတိကာ၊ စန္ဒသူရိယာ။

နိဂမဇနပဒါ၊ အဂ္ဂိရူမာ၊ ဓာတုလိင်္ဂါနိ။

အတ္ထဓမ္မာ၊ အတ္ထသဒ္ဒါ၊ သဒ္ဒတ္ထာ။

---

## ဝါဒကွဲသမာသ်များ

အောက်ပါပုံစံများကို ရူပသိဒ္ဓိက ကမ္မဓာရည်းသမာသ်၌ ထည့်သွင်းထား၏၊ သဒ္ဒနီတိက တပ္ပုရိသ်သမာသ်ဟု မိန့်ဆို၏။

ဒိဋ္ဌပုဗ္ဗော(တထာဂတံ)၊ သုတပုဗ္ဗော(ဓမ္မံ)၊ ဂတပုဗ္ဗော(မဂ္ဂံ)။ ဒိဋ္ဌပုဗ္ဗာ(ဒေဝါ)၊ သုတပုဗ္ဗာ(ဓမ္မာ)၊ ဂတပုဗ္ဗာ(ဒိသာ)။

ပဟာရော၊ ပရာဘဝေါ၊ ဝိဟာရော၊ အာဟာရော၊ ဥပဟာရော။

http://www.dhammadownload.com



## ဒွါဓိပ္ပါယိကသမာသ်

သမာသ်နှစ်မျိုးတွဲစပ်၍ အဓိပ္ပါယ်နှစ်မျိုး ယူနိုင်သောသမာသ်သည် "ဒွါဓိပ္ပါယိကသမာသ်" မည်၏၊ သီတဉ္စ + တံ ဥဏှဉ္စာတိ = သီတုဏှံ၊ အေးလည်းအေး ပူလည်းပူသောအစာ (ကမ္မဓာရည်း)၊ သီတဉ္စ + ဥဏှဉ္စ = သီတုဏှံ၊ အအေး အပူ (ဒွန်)၊ ကတာကတံ၌လည်း နည်းတူ၊ ကျန်ပုံစံများ၌ ကမ္မဓာရည်းနှင့် ဗဟုဗ္ဗီဟိသမာသ် နှစ်မျိုးစီရ၏။

သီတုဏှံ၊ ကတာကတံ၊ ကုဒါရာ၊ ကုပုတ္တာ၊ ကုဒါသာ၊ ဒုပုတ္တာ၊ ကုဇနာ။

ကာလဝဏ္ဏံ၊ ကာပုပ္ဖံ။

---

## ဗဟုဗ္ဗီဟိသမာသ်ပုဒ်ကြီးများ

သယံ ပတိတ ပဏ္ဏ ပုပ္ဖ ဖလ ဝါယု တောယာဟာရာ။

အလိုလိုသာလျှင် ကြွေကျကုန်သော အရွက်, အပွင့်, အသီး, လေ, ရေ–ဟု ဆိုအပ်ကုန်သော အာဟာရတို့ရှိသော ရသေ့တို့။

နာနာ ဒုမ ပတိတ ပုပ္ဖ ဝါသိတ သာနု ။

အထူးထူး အပြားပြားကုန်သော သစ်ပင်တို့မှ ကြွေကျကုန်သော ပန်းတို့ဖြင့် ထုံအပ်ကုန်သော တောင်အပြင်တို့ရှိသော ဟိမဝန္တာတောင်မင်း။

ဗျာလမ္ဗ-မ္ဗုဓရဗိန္ဒု စုမ္ဗိတ ကူဋော။

အထူးထူး အပြားပြားအားဖြင့် တွဲရရွဲဆွဲအပ်သော မိုးတိမ်၏ မိုးပေါက်တို့သည် စုပ်အပ် (စိမ့်ဝင်အပ်) သော အထွတ်ရှိသော ဟိမဝန္တာတောင်မင်း။

http://www.dhammadownload.com



အမိတ ဗလ ပရက္ကမ ဇုတိ ။

မနှိုင်းယှဉ်အပ်ကုန်သော အား , လုံ့လ , တန်ခိုးတို့ ရှိတော်မူသော မြတ်စွာဘုရား ။

ပီဏော-ရ-ကွံ-သ ဗာဟု ။

ပြည့်ဖြိုးကုန်သော ရင် , ညှပ်ရိုး , ပခုံး , လက်မောင်းတို့ ရှိတော်မူသော မြတ်စွာဘုရား ။

ပီဏ ဂဏ္ဍ ဝဒန ထနူ-ရု ဇဃနာ ။

ပြည့်ဖြိုးကုန်သော ပါး , နှုတ်ခမ်း , သားမြတ် , ပေါင် , တင်ပါး–တို့ ရှိသော မိဖုရား ။

ပဝရ သုရာ-သုရ ဂရုဠ မနုဇ ဘုဇဂ ဂန္ဓဗ္ဗ မကုဋ ကူဋ စုမ္ဗိတ သေလ သံဃဋ္ဋိတ စရဏော ။

မြတ်ကုန်သော နတ် , အသုရာ , ဂဠုန် , လူ , နဂါး , ဂန္ဓဗ္ဗနတ်–တို့၏ မကိုဋ်တို့၏ အထွတ်တို့၌ တပ်အပ်ကုန်သော ကျောက်ပတ္တမြားတို့သည် ထိခိုက်အပ်ကုန်သော ခြေတော်တို့ရှိတော်မူသော မြတ်စွာဘုရား ။

အနန္တ ဉာဏော ။

အဆုံးအပိုင်းအခြားမရှိသော ဉာဏ်တော်ရှိတော်မူသော မြတ်စွာဘုရား ။

အမိတ ဃန သရီရော ။

မနှိုင်းယှဉ်အပ်သော တစ်ခဲနက်သာလျှင်ဖြစ်သော ကိုယ်တော်ရှိတော်မူသော မြတ်စွာဘုရား ။

အမိတ ဗလ ပရက္ကမပတ္တော ။

မနှိုင်းယှဉ်အပ်သည်သာလျှင်ဖြစ်ကုန်သော အား , လုံ့လတို့ကို ရအပ်ရောက်အပ်သော မြတ်စွာဘုရား ။

http://www.dhammadownload.com



မတ္တ ဘမရ ဂဏ စုမ္ဗိတ ဝိကသိတ ပုပ္ဖ ဝလ္လိ နာဂ ရုက္ခောပသောဘိတ ကန္ဒရော ။

ယစ်မူးသည်သာလျှင်ဖြစ်ကုန်သော ပျားပိတုန်းတို့၏ အပေါင်းတို့သည် စုပ်အပ်ကုန်သော ပွင့်သည်သာလျှင် ဖြစ်ကုန်သော ပန်းရှိကုန်သော နွယ်, ကံ့ကော်ပင်တို့ဖြင့် တင့်တယ်ကုန်သော ချောက်တို့ရှိသော ဟိမဝန္တာတောင်မင်း ။

နာနာ ရုက္ခ တိဏ ပတိတ ပုပ္ဖော-ပသောဘိတ ကန္ဒရော ။

အထူးထူး အပြားပြားသာလျှင်ဖြစ်ကုန်သော သစ်ပင်, မြက်တို့မှ ကြွေကျကုန်သော ပန်းတို့ဖြင့် တင့်တယ်ကုန်သော ချောက်တို့ရှိသော ဟိမဝန္တာ တောင်မင်း ။

နာနာ မုသလ ဖာလ ပဗ္ဗတ တရု ကလိင်္ဂရသရ ဓနု ဂဒါ-သိ တောမရဟတ္ထာ။

လက်တို့၌ အထူးထူး အပြားပြားသာလျှင် ဖြစ်ကုန်သော ကျည်ပွေ့, ထယ်သွား, တောင်, သစ်ပင်, ထင်းတုံး, မြား, လေး, ချွန်း, သံလျက်, လှံတို့ရှိသော မာရ်နတ်စစ်သည်အပေါင်းတို့။

သမာသ်စပ်လျက်၊ ဝါကျနက်၊ မပျက် "ဂမကတ်"။

---

http://www.dhammadownload.com



## သမာသ် အချုပ်

ပုဗ္ဗု-တ္တရ-ဘယ-ညတ္ထ – ပ္ပဓာနတ္တာ စတုဗ္ဗိဓော။
သမာသောယံ ဒိဂုကမ္မ – ဓာရယေဟိ စ ဆဗ္ဗိဓော။
ဒုဝိဓော အဗျယီဘာဝေါ၊ နဝဓာ ကမ္မဓာရယော။
ဒိဂု ဒုဓာ တပ္ပုရိသော၊ အဋ္ဌဓာ နဝဓာ ဘဝေ။
ဗဟုဗ္ဗီဟိ ဒွိဓာ ဒွန္ဒော၊ သမာသော စတုရ-ဋ္ဌဓာ။

## လိင် ဝုစ် သတ်မှတ်ချက်

၁။ အဗျယီဘာဝ၊ သမာဟာရ၊ ဒိဒွန္ဒတ်၊ ကေတ် နပုံလိင်။
၂။ အသမာဟာ၊ ဒိဂုနှင့်ဒွန်၊ ကမ် တပ္ပုရုသ်၊ နှစ်ပါးဝုစ်၊ သမုတ် အဆုံးလိင်။
၃။ ဗဟုဗ္ဗီကား၊ ဝုစ်နှစ်ပါး၊ မှတ်သား အညလိင်။

သမာသ် ပြီး၏။

http://www.dhammadownload.com



# တဒ္ဓိတ်

ဆောင်   ၁။ သုဒ္ဓ သမာသာ၊ တဒ္ဓိတာဟု၊ သုံးဖြာ နာမ၊ တကွ ဖြစ်ငြား၊
ပစ္စည်းများ၊ မှတ်သား တဒ္ဓိတ်ခေါ်။
၂။ နာမ်ပုဒ် သုံးထွေ၊ အနက် တွေကို၊ တိုးစေ ပွားစေ၊
ပစ္စည်းတွေ၊ မှတ်လေ တဒ္ဓိတ်ခေါ်။

သုဒ္ဓနာမ်, သမာသ်နာမ်, တဒ္ဓိတ်နာမ်ဟူသော လိင်သုံးပါးနှင့်တကွ ဖြစ်သော, ထိုလိင်သုံးပါးနောက်၌သက်ရသော ဏ, စသောပစ္စည်းများကို "တဒ္ဓိတ်"ဟုခေါ်၏၊ တစ်နည်းအားဖြင့် နာမ်ပုဒ်တို့၏ အစီးအပွားဖြစ်သော ဏ, စသောပစ္စည်းများကို "တဒ္ဓိတ်" ဟုခေါ်၏။

## တဒ္ဓိတ်အပြား

ဆောင်   ၁။ သာမဉ် ဘာဝ၊ အဗျယ၊ မှတ်ကြတဒ္ဓိ သုံးမျိုးရှိ။
၂။ သာမညမှာ၊ ပစ္စာနေကတ်၊ အဿတ် သင်္ချာ၊ ဤလေးဖြာ၊
ထပ်ကာ ကွဲလေ၏။
၃။ သာမဉ် လေးဖြာ၊ ဘာဝါဗျယ၊ ပေါင်းလေက၊ ခြောက်ဝတဒ္ဓိ
အပြားရှိ။

တဒ္ဓိတ်သည် သာမည, ဘာဝ, အဗျယ–ဟု သုံးမျိုးရှိ၏၊ ထိုတွင် သာမညတဒ္ဓိတ်၌ အပစ္စ, အနေကတ္ထ, အဿတ္ထိ, သင်္ချာတဒ္ဓိတ်–ဟု ၄–မျိုး ထပ်၍ပြား၏၊ ဘာဝနှင့်အဗျယကား အပြားမရှိ၊ ဤသို့လျှင် တဒ္ဓိတ်သည် အကျဉ်း ၃–မျိုး အကျယ် ၆–မျိုးရှိ၏။

## ၁။ အပစ္စတဒ္ဓိတ်

ဆောင်   ၁။ သားသမီး မြေးမြစ်၊ ဖြစ်သမျှ ပွားတိုး၊ အမျိုး အနွယ်၊
ဆက်ကာနွယ်၊ ခေါ်ဖွယ် အပစ္စ။

http://www.dhammadownload.com



၂။ ဏ ဏာယန၊ ဏာန ဏေယျော၊ ဏိ ဏိကောနှင့်၊
ဏျော ဏဝ၊ ဏေရ ပစ္စယာ၊ ဤကိုးဖြာ၊ သက်ပါ အပစ္စ။

န ပတတိ န ဆိဇ္ဇတိ ဝံသော ဧတေနာတိ = အပစ္စံ၊ သား သမီး မြေး မြစ် တပည့်တပန်းစသော အဆက်အနွယ်ကို အပစ္စသဒ္ဒါကဟော၏၊ ထို အပစ္စ အနက်၌ ဏ, စသောပစ္စည်း ၉–မျိုးသက်၏။

**ဏ ပစ္စည်းအနက်။** ။ဝါသိဋ္ဌော, ဝါသိဋ္ဌီ, ဝါသိဋ္ဌံ၊ ဘာရဒွါဇော၊ ဝေသာမိတ္တော၊ ဂေါတမော၊ ဝါသုဒေဝေါ၊ ဗာလဒေဝေါ။

**ဏာယန၊ ဏာန။** ။ဝစ္ဆာယနော, ဝစ္ဆာနော၊ ကစ္စာယနော, ကစ္စာနော၊ မောဂ္ဂလ္လာယနော, မောဂ္ဂလ္လာနော၊ အဂ္ဂိဝေဿာယနော, အဂ္ဂိဝေဿာနော၊ ကဏှာယနော, ကဏှာနော၊ သာကဋာယနော, သာကဋာနော၊ မုဉ္ဇာယနော, မုဉ္ဇာနော၊ ကုဉ္ဇာယနော, ကုဉ္ဇာနော။

**ဏေယျပစ္စည်း။** ။ကတ္တိကေယျော၊ ဝေနတေယျော၊ ရောဟိဏေယျော၊ ဂင်္ဂေယျော၊ ဘာဂိနေယျော၊ နာဒေယျော၊ အန္တေယျော၊ အာဟေယျော၊ ကာမေယျော၊ (ကာပေယျော)၊ သောစေယျော၊ ဗာလေယျော။

**ဏိပစ္စည်း။** ။ဒက္ခိ၊ ဒေါဏိ၊ ဝါသဝိ၊ သကျပုတ္တိ၊ နာဋပုတ္တိ၊ ဒါသပုတ္တိ၊ ဒါသရထိ၊ ဝါရုဏိ၊ ကဏှိ၊ ဗာလဒေဝိ၊ ပါဝကိ၊ ဇေနဒတ္တိ၊ သုဒ္ဓေါဒနိ၊ အာနုရုဒ္ဓိ။

**ဏိကပစ္စည်း။** ။သကျပုတ္တိကော၊ သကျပုတ္တိယော၊ နာဋပုတ္တိကော၊ ဇေနဒတ္တိကော၊ ဝေမာတိကော။

**ဏျပစ္စည်း။** ။အာဒိစ္စော၊ ဒေစ္စော၊ ကောဏ္ဍညော၊ ကောရဗျော၊ ဘာတဗျော။

**ဏဝပစ္စည်း။** ။ဩပဂဝေါ၊ မာနဝေါ၊ ဘဂ္ဂဝေါ၊ ပဏ္ဍဝေါ၊ ဩပဝိန္ဒဝေါ။

http://www.dhammadownload.com



**ဏေရပစ္စည်း**။ ။ဝေဓဝေရော၊ ဗန္ဓုကေရော၊ သာမဏေရော၊ နာဠိကေရော။

---

## ၂။ အနေကတ္ထတဒ္ဓိတ်

**ဆောင်** ၁။ ဏိကနှင့်ဏ၊ ဏေယျ ဏေယျကာ၊ ဣမာ-ယိ-က၊ ကိယ ယ ဏျာ၊ ကဏ် , ဏ တာနှင့်၊ အာယိတတ္တာ၊ ဣယ လ, က၊ တ္တက အာလု၊ ဝန္တု မယ၊ ကေဝီသာ၊ ပစ္စယာ၊ သက်ပါ နေကတ္ထ။

၂။သံသဋ္ဌနှင့်၊ တရ စရ၊ ဝဟ ဂမု၊ မှတ်ရှု အဓီတေ၊ တေန ကတာဒိ၊ သန္နိဓာန၊ နိယုတ္တတည့်၊ သိပ္ပ ဘဏ္ဍ၊ ဇီဝိတမှတ်၊ ဟတ ဗဒ္ဓါ၊ ကီတာ ဒိဗ္ဗ၊ အာဝုဓနှင့်၊ အာဗာဓ ပသန္န၊ သန္တ က ပရိမာဏံ၊ တစ်ဖန် ရာသိ၊ အရဟတိ သီလ၊ ဇာတ ဝသတိ၊ ဝိဒိတမှန်၊ သံဝတ္တာ-ဂတ၊ သမ္ဘူတနှင့်၊ ပယောဇန၊ သကတ္ထ ဘတ္တိကာ၊ များစွာ အနက်၊ ဏိက သက်သည်၊ အနက်ပေါင်း ရုံး၊ သုံးဆယ့်သုံး။

### ဏိကပစ္စည်း အနက်များ

**သံသဋ္ဌ**။ ။တေဠိကံ၊ ဂေါလိကံ၊ ဃာတိကံ၊ ဒါဓိကံ၊ မာရိစိကံ၊ လောဏိကံ။

**တရတိ**။ ။နာဝိကော၊ ဩဠုမ္ပိကော၊ ကုလ္လိကော၊ ဂေါပုစ္ဆိကော။

**စရတိ**။ ။သာကဋိကော၊ ပါဒိကော၊ ဒဏ္ဍိကော၊ ဓမ္မိကော။

**ဝဟတိ**။ ။သီသိကော၊ အံသိကော၊ ခန္ဓိကော၊ ဟတ္ထိကော၊ အင်္ဂုလိကော။

http://www.dhammadownload.com



**ဂစ္ဆတိ။** ။ပါရဒါရိကော၊ ပထိကော။

**အစိတော။** ။ဝေနယိကော၊ သုတ္တန္တိကော၊ အာဘိဓမ္မိကော၊ ဝေယျာကရဏိကော၊ နေယျာယိကော၊ တက္ကိကော၊ ဝေဒိကော၊ နေမိတ္တိကော။

**တေနကတာဒီ။** ။ကာယိကံ၊ ဝါစသိကံ၊ မာနသိကံ၊ ထေရိကာ၊ ပဉ္စသတိကာ၊ သတ္တသတိကာ။

**သန္နိဓာန။** ။သာရီရိကာ၊ မာနသိကာ။

**နိယုတ္တ။** ။ဒေါဝါရိကော၊ ဘဏ္ဍာဂါရိကော၊ နာဂရိကော၊ နဝကမ္မိကော၊ ဝနကမ္မိကော၊ အာဒိကမ္မိကော၊ ဩဒရိကော၊ ရထိကော၊ ပထိကော၊ ဩပါယိကော၊ စေတသိကော။

**သိပ္ပ။** ။ဝေဏိကော၊ ပါဏဝိကော၊ မောဒိင်္ဂိကော၊ ဝံသိကော။

**ဘဏ္ဍ။** ။ဂန္ဓိကော၊ တေလိကော၊ ဂေါဠိကော၊ ပူဝိကော၊ ပဏ္ဏိကော၊ တမ္ဗူလိကော၊ လောဏိကော။

**ဇီဝိက။** ။ဩရဗ္ဘိကော၊ မာဂဝိကော၊ သူကရိကော၊ သာကုဏိကော၊ မစ္ဆိကော။

**ဟတ။** ။ဇာလိကော၊ ဗာဠိသိကော၊ ဝါကရိကော။

**ဗဒ္ဓ။** ။သုတ္တိကော၊ ဝါရတ္တိကော။

**ကီတ။** ။ဝတ္ထိကံ၊ ကုမ္ဘိကံ၊ ဖာလိကံ၊ သောဝဏ္ဏိကံ၊ သာတိကံ။

**ဒိဗ္ဗ။** ။အက္ခိကော၊ သာလာကိကော၊ တိန္ဒုကိကော၊ အမ္ဗဖလိကော၊ ကပိဋ္ဌဖလိကော၊ နာဠိကေရိကော။

http://www.dhammadownload.com



**အာဝုဓ**။ ။စာပိကော၊ တောမရိကော၊ မုဂ္ဂရိကော၊ မောသလိကော။

**အာဗာဓ**။ ။ဝါတိကော၊ သေမှိကော၊ ပိတ္တိကော။

**ပသန္န၊သန္တက**။ ။ဗုဒ္ဓိကော၊ ဓမ္မိကော၊ သံဃိကော။

**ပရိမာဏ**။ ။ကုမ္ဘိကံ၊ ခါရိကံ၊ ဒေါဏိကံ။

**ရာသိ၊အရဟတိ**။ ။ကုမ္ဘိကော၊ ဒေါဏိကော၊ အဍ္ဎမာသိကော၊ ကဟာပဏိကော။

**အရဟတိ**။ ။အာသီတိကာ၊ နာဝုတိကာ၊ သာတိကံ၊ သာဟဿိကံ၊ သန္ဒိဋ္ဌိကော၊ ဧဟိပဿိကော။

**သီလ**။ ။ပံသုကူလိကော၊ တေစီဝရိကော၊ ကောသနိကော၊ ရုက္ခမူလိကော၊ အာရညိကော၊ သောသာနိကော။

**ဇာတ**။ ။အာပါယိကော၊ နေရယိကော၊ သာမုဒ္ဒိကော၊ ဝဿိကော၊ သာရဒိကော၊ ဟေမန္တိကော၊ ဝါသန္တိကော၊ စာတုဒ္ဒသိကော။

**ဇာတ၊ဝသတိ၊အာဂတ**။ ။ရာဇဂဟိကော၊ မာဂဓိကော၊ သာဝတ္ထိကော၊ ကာပိလဝတ္ထိကော၊ ဝေသာလိကော၊ ပါဋလိပုတ္တိကော၊ နာဂရိကော၊ ဇာနပဒိကော၊ ဂါမိကော။

**ဝိဒိတ၊သံဝတ္တ**။ ။လောကိကော။

**သံဝတ္တ**။ ။ပေါနောဘဝိကော၊ သောဝဂ္ဂိကော။

**အာဂတ**။ ။မာတိကံ၊ ပေတ္တိကံ။

**သမ္ဘူတ**။ ။မတ္တိကံ၊ ပေတ္တိကံ။

http://www.dhammadownload.com



**ပယောဇနံ။** ။ဩပမိကံ။

**သကတ္ထ။** ။အသင်္ခါရိကံ၊ သသင်္ခါရိကံ၊ နာမိကံ၊ အာချာတိကံ၊ ဩပသဂ္ဂိကံ၊ နေပါတိကံ။

**ဘတ္တိက။** ။စာတုမဟာရာဇိကာ။

---

## ဏပစ္စည်း အနက်များ

**ဆောင်။** ။တေန ရတ္တံ၊ တသေ့ဒံတည့်၊ ဝိဒူရံ ဘဝါ၊ ဇာတာ-ဂတ၊ နိဝါသနှင့်၊ ဣဿရ ယုတ္တာ၊ ဒေဝတာ-မိတေ၊ ဝိသယေ ဒေသ၊ နိဗ္ဗတ္တ-ရဟာ၊ ဝိကာရာနှင့်၊ ပရိမာဏာ၊ နက်အတ္ထ၊ သက်ရ ဏပစ္စည်း။

**တေနရတ္တံ။** ။ကာသာဝံ၊ ကာသာယံ၊ ကောသုမ္ဘံ၊ ဟာလိဒ္ဒံ၊ ပတ္တင်္ဂံ၊ မဉ္ဇိဋ္ဌံ၊ ကုင်္ကုမံ၊ နီလံ၊ ပီတံ။

**တသီဒံ။** ။မာဟိံသံ၊ သူကရံ,သောကရံ၊ ကစ္စာယနံ၊ သောဂတံ၊ အာရိယံ၊ အာသဘံ၊ အာသဘီ။

**အဝိဒူရ။** ။ဝေဒိသော၊ ဩဒုမ္ဗရံ။

**ဘဝ။** ။မာနသံ၊ သာရသော၊ ဩရသော၊ မေတ္တာ,မေတ္တီ၊ ပေါရီ။

**ဇာတ။** ။ပါဝုသော၊ သာရဒေါ၊ သိသိရော၊ ဟေမန္တော၊ ဝသန္တော၊ ဂိမှော။

**ဇာတ၊အာဂတ၊နိဝါသ၊ဣဿရ။** ။မာထုရော၊ ရာဇဂဟော၊ သာဂလော၊ ပါဋလိပုတ္တော၊ ဝေသာလော၊ ကောသိနာရော၊ သာကေတော၊ ကောသမ္ဗော၊ ဣန္ဒပတ္တော၊ ကပိလ္လော၊ ဘာရုကစ္ဆော၊ နာဂရော၊ ဇာနပဒေါ။

http://www.dhammadownload.com



အင်္ဂေါ်,အင်္ဂကော၊ မာဂဓော,မာဂဓကော၊ ကောသလော၊ ဝေဒေဟော၊ ကမ္ဗောဇော၊ ဂန္ဓာရော၊ သောဝီရော၊ သိန္ဓဝေါ၊ အဿကော၊ ကာလိင်္ဂေါ၊ ပဏ္ဍလော၊ သက္ကော၊ သောရဋ္ဌော၊ မဟာရဋ္ဌော။

---

## ယုတ္တ (၁၂-လ အမည်များ)

စိတ္တော ဝေသာခေါ ဇေဋ္ဌော စ၊ အာသဠှော သာဝဏောပိ စ။
ဘဒြော အဿယုဇော စ၊ ကတ္တိကော မာဂသိရကော။
ဖုဿော မာဃော ဖဂ္ဂုနော စ၊ မာသာ ဒွါဒသဓာ သိယုံ။

**အဿဒေဝတာ**။ ။ဗုဒ္ဓေါ၊ သောဂတော၊ မာဟိန္ဒော၊ ယာမော၊ သောမော၊ ဘဒ္ဒေါ၊ မာရော၊ ဝေဿဝဏော၊ နာရာယနော။

**အစ္စိတော**။ ။ဝေယျာကရဏော၊ မောဟုတ္တော၊ နေမိတ္တော၊ အင်္ဂဝိဇ္ဇော၊ ဝတ္ထုဝိဇ္ဇော။

**ဝိသယ**။ ။ဝါသာတော၊ သာကုန္တော၊ အာတိသာရော။

**ဒေသ**။ ။သြဒုမ္ဗရော။

**နိဗ္ဗတ္တ**။ ။သာဟဿီ၊ ပါယာသံ၊ သာဂရော။

**အရဟတိ**။ ။သာဟဿီ။

**ဝိကာရ**။ ။အာယသော၊ သောဝဏ္ဏော။

**ပရိမာဏ**။ ။ပေါရိသံ။

http://www.dhammadownload.com



## ဏေယျ၊ ဏေယျက ပစ္စည်း အနက်များ

**ဆောင်။** ။တတ္ထ ဇာတ၊ တတ်ဝသနှင့်၊ တဿ ဟိတံ၊ တံ အရဟတိ၊ အစရှိ၊ သက်ဘိ ဏေယျ ဏေယျက။

**ဇာတ၊ ဝသတိ။** ။ဗာရာဏသေယျော, ဗာရာဏသေယျကော၊ စမ္ပေယျော, စမ္ပေယျကော၊ သာဂလေယျော, သာဂလေယျကော၊ မိထိလေယျော, မိထိလေယျကော၊ ဂင်္ဂေယျော, ဂင်္ဂေယျကော၊ သေလေယျံ, သေလေယျကံ (ပုပ္ဖံ)၊ ကောလေယျော, ကောလေယျကော၊ ဝါနေယျံ, ဝါနေယျကံ (ပုပ္ဖံ)၊ ပဗ္ဗတေယျာ, ပဗ္ဗတေယျကာ (နဒီ)။

**ဟိတ။** ။ပါထေယျံ၊ သာပတေယျံ၊ ပဒီပေယျံ၊ မတ္တေယျံ၊ ပေတ္တေယျံ။

**အရဟတိ။** ။ဒက္ခိဏေယျော။

---

## ဣမိယိက၊ ကိယ၊ ယ၊ ဏျပစ္စည်း အနက်များ

**ဆောင်** ၁။ဇာတ နိယုတ္တ၊ တဒဿတ္ထိ၊ တတ်ဘဝ၊ ဣမိယိကသက်။

၂။နိယုတ္တ ဣဒံ၊ ဤနှစ်တန်၊ အမှန် ကိယသက်။

၃။သာဓု ဟိတံ၊ ဘဝံ ဇာတ၊ နက်အတ္ထ၊ ယနှင့် ဏျသက်။

## ဣမ၊ ဣယ၊ ဣက

**ဇာတ။** ။ပစ္ဆိမော၊ အန္တိမော၊ မဇ္ဈိမော၊ ပုရိမော၊ ဥပရိမော၊ ဟေဋ္ဌိမော၊ ပစ္စန္တိမော၊ ဂေါပ္ဖိမော၊ ဂန္ဓိမော။ မနုဿဇာတိယော၊ အဿဇာတိယော၊ ဟတ္ထိဇာတိယော၊ ဗောဓိသတ္တဇာတိယော၊ ဒဗ္ဗဇာတိယော၊ သမာနဇာတိယော၊ လောကိယော။

http://www.dhammadownload.com



**နိယုတ္တ**။ ။အန္တိမော၊ အန္တိယော၊ အန္တိကော။

**တဒဿတ္ထိ**။ ။ပုတ္တိမော၊ ပုတ္တိယော၊ ပုတ္တိကော၊ ကပ္ပိယော၊ ဇင္ဃိယော၊ ဟာနဘာဂိယော၊ ဌိတိဘာဂိယော။

**တဗ္ဘာဝ**။ ။ဗောဓိပက္ခိယာ၊ ပဋ္ဌဝဂ္ဂိယာ၊ ဆဗ္ဗဂ္ဂိယာ၊ ဥဒရိယံ၊ အတ္တနိယံ။

---

## ကိယ၊ ယ၊ ဏျ

**နိယုတ္တ**။ ။ဇာတိကိယော၊ အန္ဓကိယော၊ ဇစ္စန္ဓကိယော။

**ဣဒံ**။ ။သကိယော၊ ပရကိယော။

**သာဓု**။ ။ကမ္မညံ၊ သဘ္ဘံ၊ ပါရိသဇ္ဇော။

**ဟိတ**။ ။မေဇ္ဈံ၊ ပဇ္ဇံ၊ ရဋ္ဌာ၊ သာမညာ၊ ဗြဟ္မညာ။

**ဘာဝ**။ ။ဂမ္မော၊ ဂဗျံ၊ ကဗျံ၊ ဒိဗျာ၊ အာရုပ္ပာ။

**ဇာတ**။ ။ထညံ၊ ခညံ။

---

## ကဏ်၊ ဏ၊ တာ ပစ္စည်း အနက်များ

**ဆောင်** ၁။ ကဏ်နှင့် ဏတာ၊ ပစ္စယာ၊ သက်ပါ သမူဟ။
၂။ တာပစ္စည်းမှာ၊ သကတ္ထာ၊ ရံခါ သက်လေရ။

အပေါင်းအစုဟူသော သမူဟအနက်၌ "ကဏ်, ဏ, တာ" ပစ္စည်းများ သက်ရ၏၊ ထို့ပြင် သကတ္ထ (သွတ္ထ) အနက်၌ "တာ" ပစ္စည်း သက်ရ၏။

**သမူဟ**။ ။ရာဇပုတ္တကော, ရာဇပုတ္တော၊ မာနုဿကော, မာနုဿော၊ မာထုရကော, မာထုရော၊ ပေါရိသကော, ပေါရိသော၊ ဝုဒ္ဓကော, ဝုဒ္ဓေါ၊ မာယူရကော, မာယူရော။

http://www.dhammadownload.com



ကာပေါတော၊ ကောကိလော၊ မာဟိံသကော, မာဟိံသော၊ သြဋ္ဌကော၊ သြရဗ္ဘကော၊ အဇ္ဇကော၊ ရာဇကော၊ ဘိက္ခော၊ သိက္ခော။

ဒွယံ၊ တယံ၊ ဂါမတာ၊ ဇနတာ၊ ဗန္ဓုတာ၊ သဟာယတာ၊ နာဂရတာ။

**သကတ္ထ (သွတ္ထ)**။ ။ဒေဝတာ။

---

## ဏ္ယ၊ အာယိတတ္တ၊ လ ပစ္စည်း အနက်များ

**ဆောင်** ၁။ တဒဿဌာန၊ ဟိတတ္ထ၊ ဏ္ယ ပစ္စည်းသက်။
၂။ နက် ဥပမာ၊ လိုသောခါ၊ အာယိတတ္တသက်။
၃။ တန္နိဿိတာ၊ တံဌာနာ၊ နက်မှာ လ, ကိုသက်။

၁။ ယစ်မူးခြင်းစသည်၏ တည်ရာအကြောင်း (ယစ်မူးစရာ) ဟူသော တံဌာန၊ ထို၏ အစီးအပွားဟူသော ဟိတအနက်များ၌ "ဏ္ယ" ပစ္စည်းသက်၏။

၂။ နှိုင်းယှဉ်ကြောင်း ဥပမာအနက်၌ "အာယိတတ္တ" ပစ္စည်းသက်၏။

၃။ ထိုအရာကို မှီ၏ဟူသော တန္နိဿိတ၊ ထိုအရာသည် ထို၏တည်ရာဟူသော တံဌာန အနက်များ၌ "လ" ပစ္စည်းသက်၏။

**ဌာန**။ ။မဒနိယံ၊ ဗန္ဓနိယံ၊ မုစ္ဆနိယံ၊ ရဇနိယံ၊ ဂမနိယံ၊ ဒဿနိယံ၊ ဥပါဒါနိယံ၊ ပသာဒနိယံ၊ ကမ္ပနိယံ၊ ဒုဿနိယံ။

**ဟိတ**။ ။ဥပါဒါနိယာ။

**ဥပမာ**။ ။ဓူမာယိတတ္တံ၊ တိမိရာယိတတ္တံ။

**နိဿိတ၊ ဌာန**။ ။ဒုဋ္ဌုလ္လံ၊ ဝေဒလ္လံ။

---

http://www.dhammadownload.com



## အာလု၊ က ပစ္စည်း အနက်များ

**ဆောင်** ၁။ ထိုသူ့ ထိုတရား၊ လွန်များပြား၊ နက်ကား အာလုသက်။
၂။ ပဋိဘာဂ၊ ကုစ္ဆိတ သညာ၊ နုကမ္ပာ၊ နက်မှာ က, ကိုသက်။

၁။ ထိုသူ့အား ထိုတရားများ၏-ဟူသော(တဗ္ဗဟုလ)အနက်၌ "အာလု" ပစ္စည်းသက်။

၂။ အလားတူ-ဟူသော(ပဋိဘာဂ)အနက်၊ စက်ဆုပ်အပ်, ကဲ့ရဲ့အပ်-ဟူသော (ကုစ္ဆိတ)အနက်၊ အမည်နာမဟူသော(သညာ)အနက်၊ သနားစဖွယ်-ဟူသော(အနုကမ္ပ)အနက်များ၌ "က" ပစ္စည်းသက်၏။

**တဗ္ဗဟုလ**။ ။အဘိဇ္ဈာလု၊ သီတာလု၊ ဓဇာလု၊ ဒယာလု၊ အဘိဇ္ဈာလုကော၊ သီတာလုကော၊ ဓဇာလုကော၊ ဒယာလုကော။
ဟီနကော၊ ပေါတကော၊ ကုမာရကော၊ မာဏဝကော၊ မုဒုကော၊ ဥဇုကော၊ အပ္ပမတ္တကံ၊ ဩရမတ္တကံ၊ သီလမတ္တကံ။

**ပဋိဘာဂ**။ ။ဟတ္ထိကာ၊ အဿကာ။

**ကုစ္ဆိတ**။ ။သမဏကော၊ ဗြာဟ္မဏကော၊ မုဏ္ဍကော၊ ပဏ္ဍိတကော၊ ဝေယျာကရဏကော။

**သညာ**။ ။ကတကော၊ ဘဋကော။

**အနုကမ္ပ**။ ။ပုတ္တကော။

---

## တ္တက၊ ဝန္တု၊ မယ ပစ္စည်း အနက်များ

**ဆောင်** ၁။ ကိံ ယ တေ-တ၊ သဒ္ဒနောက်ရှိ၊ ပရိမာဏ၊ အနက်ပြ၊ တ္တက, ဝန္တုသက်။
၂။ တပ္ပကတျတ္ထ၊ နိဗ္ဗတ္တ၊ သကအနက် မယသက်။

http://www.dhammadownload.com



၁။ကိံ, ယ, တ, ဧတ–သဒ္ဒါတို့၏နောက် ပရိမာဏ (အတိုင်းအတာ) အနက်၌ "တ္တက" ပစ္စည်း, "ဝန္တု" ပစ္စည်းသက်၏။

၂။ဝိကာရ (ပြုပြင် ပြောင်းလွဲခြင်း) အနက်ရှိသော တပ္ပကတိသဒ္ဒါ၏ အနက်, နိဗ္ဗတ္တအနက်, သကတ်အနက်များ၌ "မယ" ပစ္စည်းသက်၏။

**ပရိမာဏ**။ ။ကိတ္တကံ၊ ယတ္တကံ၊ တတ္တကံ၊ ဧတ္တကံ၊ ယာဝါ၊ တာဝါ၊ ဧတာဝါ။

**တပ္ပကတိ**။ ။သုဝဏ္ဏမယံ၊ ရူပိယမယံ၊ ရဇတမယံ၊ ဇတုမယံ၊ ဒါရုမယံ၊ မတ္တိကာမယံ၊ ကဋ္ဌကာမယံ၊ အယောမယံ၊ ဂေါမယံ။

**နိဗ္ဗတ္တ**။ ။ကုဒ္ဓိမယံ၊ မနောမယာ။

**သကတ္တ**။ ။ဒါနမယံ၊ သီလမယံ။

## ဝိဘေဒတဒ္ဓိတ်

**ဆောင်** ၁။ကောင်းဆိုး နှစ်တန်၊ ကဲသာလွန်၊ ထူးချွန် ဝိသေသ်ဆို။
၂။တရ တမ – သိက-ိယိဋ္ဌ၊ ဤငါးဖြာ၊ လျော်စွာသက်သကို။

ကောင်းဂုဏ် မကောင်းဂုဏ်အားဖြင့် သူတစ်ပါးထက် ထူးကဲသာလွန် ထူးချွန်ခြင်းကို "ဝိသေသန" ဟုခေါ်၏၊ ထိုဝိသေသနအနက်ကို သုံးစွဲလိုရာ၌ တရ, တမ, ဣသိက, ဣယ, ဣဋ္ဌပစ္စည်းများ သက်ရ၏၊ တရထက် တမက သာလွန်၏၊ ဣသိက, ဣယ, ဣဋ္ဌပစ္စည်းများကား ရိုးရိုးဝိသေသန အနက်ကိုသာ ဟော၏။

ပါပတရော၊ ပါပတမော၊ ပါပိသိကော၊ ပါပိယော၊ ပါပိဋ္ဌော။

http://www.dhammadownload.com



ပဉ္စတရော၊ ပဉ္စတမော၊ ပဋိသိကော၊ ပဋိယော၊ ပဋိဋ္ဌော။

ဝရတရော၊ ဝရတမော၊ ဝရိသိကော၊ ဝရိယော၊ ဝရိဋ္ဌော။

ပဏီတတရော၊ ပဏီတတမော။ ဇေယျော၊ ဇေဋ္ဌော(ဝုဍ္ဎသဒ္ဒါ)။ သေယျော၊ သေဋ္ဌော၊ ဇေယျော၊ ဇေဋ္ဌော(ပသတ္ထသဒ္ဒါ)။

နေဒိယော၊ နေဒိဋ္ဌော။ သာဓိယော၊ သာဓိဋ္ဌော၊

ကဏိယော၊ ကဏိဋ္ဌော၊ ကနိယော၊ ကနိဋ္ဌော။

ဂုဏိယော၊ ဂုဏိဋ္ဌော။ သတိယော၊ သတိဋ္ဌော။ မေဓိယော၊ မေဓိဋ္ဌော။

**အမှာ**။ ။ဤဝိသေသတဒ္ဓိတ်ကား အစဉ်ပြအပ်ခဲ့သည့် တဒ္ဓိတ် ၆–မျိုးတွင် မပါဝင်၊ထို ၆–မျိုး၌ ထည့်သွင်းသော် အဿတ္ထိတဒ္ဓိတ်၌ သက်ဝင်၏၊ရူပသိဒ္ဓိ၌ သီးခြားထုတ်ပြအပ်သောကြောင့် ဤ၌လည်း သီးခြား ထုတ်ပြလိုက်ပါသည်။

---

## ၃။ အဿတ္ထိတဒ္ဓိတ်

**ဆောင်**

၁။အဿတ္ထိမှာ၊ မေဓာဒိက၊ ဝီနှင့်သ၊ လ္လ, ဝ, အာလ။
၂။တပါဒိ သီ၊ ဒဏ္ဍာဒီ၊ သက်ပြီ ဤ, ဣက။
၃။မဓွာဒိရ၊ ဂုဏ ဝန္တု၊ သတိရှု၊ မန္တုပစ္စယ။
၄။သဒ္ဓါ ပညာ၊ စသည်မှာ၊ သက်ပါ ပစ္စည်းဏ။
၅။သဒ္ဒါကား ခွန်၊ ပစ္စည်းမှန်၊ ဝေဖန် ဆယ့်နှစ်ရ။

အဿတ္ထိအနက်၌ မေဓာစသော သဒ္ဒါအသီးသီးနောင် “ဝီ”စသော ပစ္စည်းအသီးသီး သက်ရ၏၊ပဓာနဦးတည်ချက် သဒ္ဒါမှာ ၇–မျိုးရှိ၍ ပစ္စည်းမှာ ၁၂–ပစ္စည်းရှိ၏။

**ဝီပစ္စည်း**။ ။မေဓာဝီ၊ မာယာဝီ။

http://www.dhammadownload.com



**သောပစ္စည်း**။ ။သုမေဓသော၊ လောမသော။

**ဿလပစ္စည်း**။ ။ပိစ္ဆိလော၊ ဖေနိလော၊ တုဏ္ဍိလော၊ ဇဋိလော။

**ဝ,ပစ္စည်း**။ ။ကေသဝေါ။

**အာလပစ္စည်း**။ ။ဝါစာလော။

**သီပစ္စည်း**။ ။တပဿီ၊ တေဇဿီ၊ ယသဿီ၊ မနဿီ၊ ပယဿီ။

**ဣက၊ဤ**။ ။ဒဏ္ဍိကော,ဒဏ္ဍီ၊ မာလိကော,မာလီ၊ ဆတ္တိကော, ဆတ္တီ၊ ရူပိကော,ရူပီ၊ ကေသိကော,ကေသီ၊ သံဃီ၊ ဉာဏီ၊ ဟတ္ထီ။

**ရ,ပစ္စည်း**။ ။မဓုရော၊ ကုဉ္ဇရော၊ မုခရော၊ သုသိရော၊ ရုစိရော၊ နဂရော၊ သုဘရော၊ သုစိရော။

**ဝန္တုပစ္စည်း**။ ။ဂုဏဝါ၊ ကုလဝါ၊ ယသဝါ၊ ဓနဝါ၊ ဘဂဝါ၊ ဂဏဝါ။

**မန္တုပစ္စည်း**။ ။သတိမာ၊ ဓိတိမာ၊ ဂတိမာ၊ ဇုတိမာ၊ ရုစိမာ၊ သုစိမာ၊ ထုတိမာ၊ မတိမာ၊ ဘာဏုမာ၊ ဂေါမာ၊ အာယသ္မာ။

**ဏ,ပစ္စည်း**။ ။သဒ္ဓေါ၊ ပညော၊ အမစ္ဆရော၊ ဗုဒ္ဓေါ။

---

## မောဂ္ဂလာန်လာ "ဣတ" ပစ္စည်း

**ဆောင်** ၁။ပစ္စည်း ဣတ၊ သဉ္ဇာတ၊ မှတ်ကြ အနက်ဖော်။
ကစ္စည်း မပါ၊ မောဂ္ဂလာန်လာ၊ မှတ်ပါ "ဣတ" နော်။

မောဂ္ဂလာန် "သဉ္ဇာတံ တာရကာဒိတွိတော" သုတ်လာ "ဣတ" ပစ္စည်းများကို နားလည် မှတ်သားသင့်၏၊ ဤဣတပစ္စယန္တပုဒ်များကို

http://www.dhammadownload.com



ကစ္စည်းနှင့်ရူပသိဒ္ဓိတို့က မပြသော်လည်း ပါဠိတော်အဋ္ဌကထာများ၌ အတော်များများ တွေ့ရ၏။

တာရကိတံ(ဂဂန်)၊ ပုပ္ဖိတော(ရုက္ခော)၊ ပလ္လဝိတာ(လတာ)၊ ဖလိတော၊ ဖုလ္လိတော၊ ဝိကသိတော။

ဥပ္ပိလာဝိတာ၊ အဝဿာဝိတံ၊ ဗုဘုက္ခိတော၊ ပိပါသိတော၊ သုခိတော၊ ဒုက္ခိတော။

ရောဂိတော၊ ဗျာဓိတော၊ တန္ဒိတော၊ ဥက္ကဏ္ဍိတော။

အာမောဒိတာ၊ ပမောဒိတာ၊ ပမုဒိတာ၊ မုစ္ဆိတာ၊ တသိတာ၊ ဗျထိတံ (ဗျထိတမာနသာ)။

တာရကာ + သဉ္ဇာတာ + အဿာတိ – တာရကိတံ၊ဖြစ်သော ကြယ်တာရာရှိသော ကောင်းကင်။ သဉ္ဇာတံ + ဥပ္ပိလာဝံ + ယေသန္တိ – ဥပ္ပိလာဝိတာ၊ဖြစ်သောပေါ်လွင်တက်ကြွသော စိတ်ရှိသော ရဟန်းတို့။ သဉ္ဇာတော + အဝဿဝေါ + ယဿာတိ – အဝဿာဝိတံ၊ ဖြစ်သော ထမင်းရည်ငှဲ့ခြင်းရှိသော ထမင်း။ သဉ္ဇာတော + ဗျထော + အဿာတိ – ဗျထိတံ၊ဖြစ်သော ဆင်းရဲခြင်းရှိသောစိတ်။ (ဗျထိတံ + မာနသံ + ယေသန္တိ – ဗျထိတမာနသာ – ဟုဆက်၊ဖြစ်သော ဆင်းရဲခြင်းရှိသော စိတ်ရှိသူတို့။)

http://www.dhammadownload.com



# ၄။ သင်္ချာတဒ္ဓိတ်

**ဆောင်** ၁။ မ, ထ, ဌနှင့်၊ တိယ ဤငါး၊ ပစ္စည်းများ၊ သက်ကြား ပူရဏ။
၂။ က, ပစ္စည်းမှာ၊ နေကတ္တာ၊ သင်္ချာတဒ္ဓိတ်ပြ။

သင်္ချာတို့၏ပြည့်ကြောင်း ပူရဏအနက်၌ မ, ထ, ဌ, တိယ, ဤပစ္စည်းများသက်ရ၏၊ အနေကအနက်၌ က, ပစ္စည်းသက်ရ၏၊ ဤ၌ အနေကတ္တ ဟူသည် သကတ်အနက်, ပရိမာဏ–စသော အနက်များကိုဆိုလို၏။

**မ, ပစ္စည်း။** ။ပဉ္စမော၊ ပဉ္စမံ၊ ပဉ္စမီ၊ ပဉ္စမာ၊ သတ္တမော၊ သတ္တမံ၊ သတ္တမီ၊ သတ္တမာ၊ အဋ္ဌမော၊ အဋ္ဌမံ၊ အဋ္ဌမီ၊ အဋ္ဌမာ၊ နဝမော၊ နဝမံ၊ နဝမီ၊ နဝမာ၊ ဒသမော၊ ဒသမံ၊ ဒသမီ၊ ဒသမာ။

**ထပစ္စည်း။** ။စတုတ္ထော၊ စတုတ္ထံ၊ စတုတ္ထီ၊ စတုတ္ထာ။

**ဌပစ္စည်း။** ။ဆဋ္ဌော၊ ဆဋ္ဌံ၊ ဆဋ္ဌီ၊ ဆဋ္ဌာ၊ ဆဋ္ဌမော။

**တိယပစ္စည်း။** ။ဒုတိယော၊ ဒုတိယာ၊ ဒုတိယံ၊ တတိယော၊ တတိယာ၊ တတိယံ။

**ဤပစ္စည်း။** ။ကောဒသီ၊ ဒွါဒသီ၊ တေရသီ၊ စတုဒ္ဒသီ၊ စာတုဒ္ဒသီ၊ ပဉ္စဒသီ၊ ပန္နရသီ။

**က, ပစ္စည်း။** ။ဒွိကံ၊ တိကံ၊ စတုက္ကံ၊ ပဉ္စကံ၊ ဆက္ကံ၊ သတ္တကံ၊ အဋ္ဌကံ၊ နဝကံ၊ ဒသကံ၊ ပဏ္ဏာသကံ၊ သတကံ၊ သဟဿကံ။

---

http://www.dhammadownload.com



## အမှ ( အခွဲ ) သင်္ချာများ

**ဆောင်** ၁။ အမှုစတုတ္ထ၊ အမှုမှ၊ ပြုရ သုံးခုခွဲ။
၂။ အမှုဒုတိယ၊ ဒိ၀မှ၊ ဒိယမှ တစ်ခုခွဲ။
၃။ အမှုတတိယ၊ အမှုတိယ၊ ပြုရ နှစ်ခုခွဲ။

အမှုစတုတ္ထသဒ္ဒါကို အမှုမှုပြုရ၏၊ အမှုဒုတိယသဒ္ဒါကို ဒိ၀မှ, ဒိယမှ ပြုရ၏၊ အမှုတတိယသဒ္ဒါကို အမှုတိယပြုရ၏။

အမှုမှော– အခွဲဖြင့်လေးခု၊ ၀ါ–သုံးခုခွဲ။
ဒိ၀မှော၊ ဒိယမှော– အခွဲဖြင့် နှစ်ခု၊ ၀ါ–တစ်ခုခွဲ။
အမှုတိယော– အခွဲဖြင့် သုံးခု၊ ၀ါ–နှစ်ခုခွဲ။
[ အမှေန + စတုတ္ထော = အမှုမှော၊ အမှေန + ဒုတိယော = ဒိ၀မှော, ဒိယမှော၊ အမှေန + တတိယော = အမှုတိယော။ ]

---

## အနုက္ကမသင်္ချာ

**ဆောင်** ရောလျှင် မိဿက၊ မြှောက်က ဂုဏိ၊ စပ်၏ သမ္ဗန်၊
မှတ်ဟန် သင်္ကေ၊ များချေ အနေက၊ သတ်မှတ်ရသည်၊
ငါး၀ သင်္ချာ အထူးတည်း။

**၁။ မိဿကသင်္ချာ။** ။( ကောဒသဥ္စ ကေနှင့်ဒသကို ) ရောနှော၍ ယူရသောသင်္ချာမျိုးသည် " မိဿကသင်္ချာ " မည်၏။

**ဂုဏိတသင်္ချာ။** ။( ဒွိသတံဥ္စ သတကို ဒွိဖြင့် ) မြှောက်ယူရသော သင်္ချာမျိုးသည် " ဂုဏိတသင်္ချာ " မည်၏။

**၃။ သမ္ဗန္ဓသင်္ချာ။** ။( အဍ္ဍသဋ္ဌိသတသဟဿုဗ္ဗေဓော၌ ) သဟဿ ကိုတည်၍ ထိုသဟဿကိုပင် သတ, သဋ္ဌိ, အဍ္ဍ–တို့ဖြင့် အသီးသီးမြှောက်

http://www.dhammadownload.com



ပြီးမှ ရလဒ်သုံးခုကို) ဆက်စပ်ယူရသော သချ်ာမျိုးသည် "သမ္ဗန္ဓသချ်ာ" မည်၏။ (တစ်သိန်း, ခြောက်သောင်း, ရှစ်ထောင် ။)

**၄။ သင်္ကေတသချ်ာ။** ။ (ဧက, ဒွိ, တိ စသည်၌) မရောရ, မမြှောက်ရ, မဆက်စပ်ရသော သချ်ာမျိုးသည် "သင်္ကေတသချ်ာ" မည်၏။

**၅။ အနေကသချ်ာ။** ။ (သဟဿရံသိ စသည်၌) တစ်ထောင် အတိအကျမဟုတ်ဘဲ ထောင်ပေါင်းများစွာဟူသော အနက်ကိုထွန်းပြသော သချ်ာမျိုးသည် "အနေကသချ်ာ" မည်၏။

---

## သင်္ကေတသချ်ာ

ဧက ၊ ဒွိ ၊ တိ ၊ စတု ၊ ပဉ္စ ၊ ဆ ၊ သတ္တ ၊ အဋ္ဌ ၊ နဝ ၊ ဒသ ၊ ဝီသတိ, ဝီသံ ၊ တိံသတိ, တိံသံ ၊ စတ္တာလီသံ ၊ ပဏ္ဏာသံ ၊ သဋ္ဌိ ၊ သတ္တတိ ၊ အသီတိ ၊ နဝုတိ ၊ သတံ ။

၁။ သတံ သဟဿံ နိယုတံ ၊ လက္ခံ ကောဋိ ပကောဋိ စ။
ကောဋိပကောဋိ နဟုတံ ၊ တထာ နိန္နဟုတမ္ပိ စ။

၂။ အက္ခောဘိနိတ္ထိယံ ဗိန္ဒု ၊ အဗ္ဗုဒံ စ နိရဗ္ဗုဒံ ။
အဟဟံ အဗဗဉ္စေဝ – ဋဋံ သောဂန္ဓိကု-ပ္ပလံ ။

၃။ ကုမုဒံ ပုဏ္ဍရီကဉ္စ ၊ ပဒုမံ ကထာနမ္ပိ စ ။
မဟာကထာနာ-သင်္ချေယျ – မိစ္စေတာသု သတာဒိ စ ။

၄။ ကောဋျာဒိကံ ဒသဂုဏံ ၊ သတလက္ခဂုဏံ ကမာ ။
စတ္တာလီသသတံ သုညံ ၊ အသင်္ချေယျန္တိ ဝုစ္စတိ ။

http://www.dhammadownload.com



## သချာသဒ္ဒါတို့၏ လိင်ဝုစ်

သချာ ကော၊ လိင်သုံး၀၊ နိစ္စ ကေဝုစ်။
တိနှင့် စတု၊ သုံးလိင်ရှု၊ မြဲမှု ဗဟုဝုစ်။
ဒွိပဉ် ဌာရည်၊ အ,လိင်မှတ်၊ မြဲလတ် ဗဟုဝုစ်။
ဝီသတျာဒိ၊ နဝုတိ၊ ဣတ္ထိ ကေဝုစ်။
သတံ စအုံး၊ သင်္ချေဆုံး၊ နပုံး ကေဝုစ်။
ကောဋိ သုံးလီ၊ ခေါဘိနီ၊ ဣတ္ထီ ကေဝုစ်။
အစု ကွဲပုံ၊ အလုံးစုံ၊ မှတ်တုံ ဗဟုဝုစ်။

---

## ၅။ ဘာဝတဒ္ဓိတ်

**ဆောင်** ၁။ ဏျ,တ္တ,တာ၊ တ္တနာနှင့်၊ ဏေယျာ ဏ,ကဏ်၊ ခုနစ်တန်၊
သက်ရန် ဘာဝ–စာဒ္ဓိတ်ပြ။

၂။ ဓာတ်ဂုဏ် ကြိယံ၊ ဒြပ်နာမ်၊ ငါးတန် ဘာဝပြား။
သဒ္ဒါ ဖြစ်ရိပ်၊ အကြောင်းဟိတ်၊ နိမိတ် ဘာဝငါး။

အသိဉာဏ်နှင့်သဒ္ဒါတို့၏ ဖြစ်ခဲ့ရာအကြောင်းဟုဆိုအပ်သော သဒ္ဒပ္ပဝတ္တိနိမိတ်အနက်၌ ဏျ တ္တ တာ တ္တန ဏေယျ ဏ ကဏ်–ပစ္စည်းများသက်ရ၏၊ ဆဋ္ဌီဝိဘတ်အဆုံးရှိသော လိင်နောင် သက်ရသည်။

အလသဿ + ဘာဝေါ = အာလသျံ။ အလသဿ–အလသသဒ္ဒါ၏၊ ဘာဝေါ–ဖြစ်ကြောင်းဖြစ်ရာတည်း၊ အာလသျံ– အလသသဒ္ဒါ၏ဖြစ်ကြောင်းဖြစ်ရာ၊ ဝါ–ပျင်းရိသူ၏ဖြစ်ကြောင်းဖြစ်ရာ၊ ဤသို့ အနက်ပေးရ၏။

**ဏျပစ္စည်း**။ ။အာလသျံ၊ အာရောဂျံ၊ ဩဒဂျံ၊ သချံ၊ အာဏဏျံ၊ ဝေဓေဗျံ၊ ဒုဗ္ဗလျံ၊ ဗာလျံ၊ စာပလျံ၊ ဝေယျတ္တိယံ၊ မစ္ဆရိယံ၊ ဣဿရိယံ၊ အာလသိယံ၊ မုဏ္ဍိယံ၊ မုဋ္ဌိယံ၊ ပဏ္ဍိစ္စံ၊ ကာပည်။

http://www.dhammadownload.com



ဗာဟုသစ္စံ၊ ပေါရောဟိစ္စံ၊ အာဓိပစ္စံ၊ မုဋ္ဌသစ္စံ၊ ကောသလ္လံ၊ ဝေပုလ္လံ၊ သာမညံ၊ ဂေလညံ၊ သောဝဟာနံ၊ ဝေသာရဇ္ဇံ၊ ကောသဇ္ဇံ၊ ပေါရိသံ၊ သောမနဿံ၊ ဒေါမနဿံ၊ သောဝစဿံ၊ ဒေါဝစဿံ။

နေပက္ကံ၊ အာဓိက္ကံ၊ ဒေါဘဂ္ဂံ၊ ဝါဏိဇ္ဇံ၊ ရဇ္ဇံ၊ သာရပ္ပံ၊ ဩပမ္မံ၊ သောခုမ္မံ၊ တစ္ဆံ၊ ဒုမ္မေဇ္ဈံ၊ သာမညံ၊ ဗြာဟ္မညံ၊ နေပုညံ။

**တ္တ၊တာပစ္စည်း။** ။ပံသုကူလိကတ္တံ၊ ပံသုကူလိကတာ၊ တေစီဝရိကတ္တံ၊ တေစီဝရိကတာ၊ ဩဒရိကတ္တံ၊ ဩဒရိကတာ၊ မနုဿတ္တံ၊ မနုဿတာ၊ နီလတ္တံ၊ နီလတာ၊ ယာစကတ္တံ၊ ယာစကတာ၊ ဒက္ခိတ္တံ၊ ဒက္ခိတာ။

သစ္စဝါဒိတာ၊ ပါရမိတာ၊ ကတညုတာ၊ သဗ္ဗညုတာ၊ အပ္ပိစ္ဆတာ၊ အသံသဂ္ဂတာ၊ ဘဿာရာမတာ၊ နိဒ္ဒါရာမတာ၊ လဟုတာ၊ မုဒုတာ၊ ကမ္မညတာ။

**တ္တနပစ္စည်း။** ။ပုထုဇ္ဇနတ္တနံ၊ ဝေဒနတ္တနံ၊ ဇာယတ္တနံ၊ ဇာရတ္တနံ။

**ဏေယျပစ္စည်း။** ။သောစေယျံ၊ အာဓိပတေယျံ၊ ကာဝေယျံ၊ ထေယျံ။

**ဏျာဒိပစ္စည်း။** ။ဝီရိယံ၊ ပါရိဘဇ္ဇံ၊ ပါရိဘဇ္ဇတာ၊ သောဝစဿတာ၊ ဘေသဇ္ဇံ၊ ဝေယျာဝစ္စံ၊ သာဌေယျံ၊ ယထာဘုစ္စံ၊ ကာရညံ၊ ပတ္တကလ္လံ၊ အာကာသာနဉ္စံ၊ ကာယပါဂုညတာ၊ စိတ္တပါဂုညတာ။

**ဏာဒိပစ္စည်း။** ။ဝေသမံ၊ ဝိသမတ္တံ၊ ဝိသမတာ။ သောစံ၊ သုစိတ္တံ၊ သုစိတာ။ ဂါရဝေါ၊ ဂရုတ္တံ၊ ဂရုတာ။ ပါဋဝံ၊ ပဋုတ္တံ၊ ပဋုတာ။

အဇ္ဇဝံ၊ ဥဇုတာ။ မဒ္ဒဝံ၊ မုဒုတာ။ အာရိသျံ၊ အာသဘံ၊ ကောမာရံ၊ ယောဗ္ဗနံ၊ ပါရမီ၊ သာမဂ္ဂီ။

http://www.dhammadownload.com



**ကဏ်ဒီပစ္စည်း။** ။ရာမဏိယကံ၊ ရမဏိယတံ၊ ရမဏိယတာ၊ မာနုညကံ၊ မနုညတ္တံ၊ မနုညတာ၊ ပိယရူပကံ၊ ပိယရူပတ္တံ၊ ပိယရူပတာ။

ကလျာဏကံ၊ ကလျာဏတ္တံ၊ ကလျာဏတာ၊ စောရကံ၊ စောရိကာ၊ စောရတ္တံ၊ စောရတာ၊ အမုကံ၊ အမုတ္တံ၊ အမုတာ။

---

## ၆။ အဗျယတဒ္ဓိတ်

**ဆောင်** ၁။ အကြိမ် နက်ကောက်၊ သင်္ချာနောက်၊ သက်ရောက် က္ခတ္တုံ။

၂။ ဓာ ဓ္ဈ သောမှာ၊ ဝိဘာဂါ၊ နက်မှာ သက်လေကုန်။

၃။ ထာ ထံ ထတ္တာ၊ ပကာရာ၊ နက်မှာ သက်လေကုန်။

၄။ ဣမ နောက်ဓ္ဓ၊ သမာနနှင့်၊ အပရနောက်၊ ဇ္ဇုရောက်၊ မဖောက် မှတ်ကြကုန်။

၅။ သွဓ္ဓ ပုရာ၊ ဟိယျာ နိပါတ်၊ ဘဝတ္ထ၊ တန သက်အပ်တုံ။

၁။ အလှည့် အကြိမ်ဟူသောအနက်(ဝါရတ္ထ)၌ ကေစသော သင်္ချာသဒ္ဒါနောင် က္ခတ္တုံပစ္စည်းသက်ရ၏။

၂။ ခွဲခြားဝေဖန်အပ်သော အဖို့အစုဟူသောအနက်(ဝိဘာဂတ္ထ)၌ ကေစသောသင်္ချာသဒ္ဒါနောင် ဓာပစ္စည်း၊ ကေ, ဒွိသဒ္ဒါတို့နောင် ဓ္ဈပစ္စည်း၊ သုတ္တစသောသဒ္ဒါနောင် သောပစ္စည်းသက်ရ၏။

၃။ သာမညအနက်ကို ကွဲပြားအောင် ခွဲခြားတတ်သည့် အပြားဟူသော အနက်(ပကာရတ္ထ)၌ သဗ္ဗနာမ်ပုဒ်များနောင် ထာပစ္စည်း, ထတ္တာပစ္စည်း, ထံပစ္စည်းသက်ရ၏။

၄။ ဣမသဒ္ဒါနောင် ဓ္ဓပစ္စည်း၊ သမာနနှင့် အပရသဒ္ဒါတို့နောင် ဇ္ဇုပစ္စည်း သက်ရ၏။

http://www.dhammadownload.com



၅။ သွေ အစ္စ ပုရာ ဟိယျော–စသော နိပါတ်ပုဒ်များနောင် ဘ၀အနက်၌ တန ပစ္စည်းသက်ရ၏။

**က္ခတ္တုံပစ္စည်း။** ။ကေက္ခတ္တုံ၊ ဒွိက္ခတ္တုံ၊ တိက္ခတ္တုံ၊ စတုက္ခတ္တုံ၊ ပဥ္စက္ခတ္တုံ၊ ဆက္ခတ္တုံ၊ သတ္တက္ခတ္တုံ၊ အဋ္ဌက္ခတ္တုံ၊ နဝက္ခတ္တုံ၊ ဒသက္ခတ္တုံ၊ သတက္ခတ္တုံ၊ သဟဿက္ခတ္တုံ၊ ဗဟုက္ခတ္တုံ၊ ကတိက္ခတ္တုံ။

**ဓာပစ္စည်း။** ။ဧကဓာ၊ ဒွိဓာ၊ ဒုဓာ၊ ဒွေဓာ၊ တိဓာ၊ တေဓာ၊ စတုဓာ၊ ပဥ္စဓာ၊ ဆဓာ၊ သတ္တဓာ၊ အဋ္ဌဓာ၊ နဝဓာ၊ ဒသဓာ၊ သတဓာ၊ သဟဿဓာ၊ ကတိဓာ၊ ဗဟုဓာ။

**ဇ္ဈံပစ္စည်း။** ။ဧကဇ္ဈံ၊ ဒွေဇ္ဈံ။

**သောပစ္စည်း။** ။သုတ္တသော၊ ဗျဉ္ဇနသော၊ ပဒသော၊ အတ္ထသော၊ ဗဟုသော၊ သဗ္ဗသော၊ ဥပါယသော၊ ဟေတုသော၊ ဌာနသော၊ ယောနိသော။

**ထာပစ္စည်း။** ။ယထာ၊ ထထာ၊ သဗ္ဗထာ၊ အညထာ၊ ဣတရထာ၊ ဥဘယထာ။

**ထတ္တာပစ္စည်း။** ။ယထတ္တာ၊ တထတ္တာ၊ အညထတ္တာ။

**ထံပစ္စည်း။** ။ကထံ၊ ဣတ္ထံ။

**ဓပစ္စည်း။** ။အဓ။

**ဓုပစ္စည်း။** ။သဓု၊ အပရဓု။

**တနပစ္စည်း။** ။အဇ္ဇတနံ၊ အဇ္ဇတနီ၊ သွာတနံ၊ ပုရာတနံ၊ ဟိယျတ္တနံ၊ ဟိယျတ္တနီ၊ သနန္တနော၊ စိရန္တနော။

ဣမသ္မိံ + ကာလေ, ဣမသ္မိံ + ဒိဝသေ ဝါ= အဇ္ဇ၊ ဤနေ့၌၊ ဝါ–ယနေ့။

http://www.dhammadownload.com



သမာနေ + ကာလေ = သဇ္ဇု၊ တူသောအခါ၌၊ ဝါ – ယခုချက်ချင်း, နေ့ချင်း။

အပရသ္မိံ + ဒိဝသေ = အပရဇ္ဇု၊ နောက်တစ်နေ့၌။

အဇ္ဇ + ဘဝံ = အဇ္ဇတနံ၊ ယနေ့၌ဖြစ်သည်။ အဇ္ဇ + ဘဝါ = အဇ္ဇတနီ၊ ယနေ့အနက်၌ဖြစ်သော ဝိဘတ်။

သွေ + ဘဝံ = သွာတနံ၊ နက်ဖြန်၌ဖြစ်သည်။ ပုရာ + ဘဝံ = ပုရာတနံ၊ ရှေး၌ဖြစ်သည်။

ဟိယျော + ဘဝံ = ဟိယျတ္တနံ၊ ယမန်နေ့၌ ဖြစ်သည်။ ဟိယျော + ဘဝါ = ဟိယျတ္တနီ၊ ယမန်နေ့အနက်၌ ဖြစ်သောဝိဘတ်။

သနံ, စိရံ နိပါတ်ပုဒ်တို့နောင်၌လည်း တန ပစ္စည်း သက်ရ၏၊ သနံ + ဘဝေါ = သနန္တနော၊ ရှေး၌ဖြစ်သည်။ စိရံ + ဘဝေါ = စိရန္တနော၊ ကြာမြင့်သော ကာလ၌ဖြစ်သည်။

## တဒ္ဓိတ်အချုပ်

နဝ ပစ္စယာ-ပစ္စတ္ထေ၊ အနေကတ္ထေ-ကဝီသတိ။<br>
ဝိသေသနတ္ထေ ပဉ္စဝ၊ တဒဿတ္ထေ တု ဒွါဒသ။

ဆ သင်္ချာ-တ္ထေ ဘာဝေ သတ္တ၊ အဗျယေ ဒသ ပစ္စယာ။<br>
ပဥ္စ ပညာသာ-ဂ္ဂဟိတာ၊ သမာ သတ္တတိ ဂါဟိတာ။

လေးနက်မှာ ဏ၊ ဏေယျ ဏျမှာ၊ သုံးနက်သာတည်း၊ ဏိကာ ဏ္ဍယ၊ ဏ္ဍတ, တာ, ကဏ်၊ တ, တဝန်, ဤ၊ ဤရှစ်လီကား၊ နှစ်စီ နက်မှာ၊ သက်ကြပါ၏၊ ကြွင်းမှာ တစ်နက်၊ သီးသီး သက်သည်၊ မှတ်ချက်ပစ္စည်း အချုပ်တည်း။

တဒ္ဓိတ် ပြီး၏။

http://www.dhammadownload.com



# နိဂုံး

ဤပြအပ်ခဲ့ပြီးသော အစီအစဉ်ဖြင့် ပါဠိသင်ခါစ သာမဏေလေးများ အတွက် ပါဠိမျက်စိ ပေါက်လောက်ပြီဟု ယူဆပါသည်၊ ဤအခြေခံပိုင်းကို ကျေညက်စွာ သင်ယူပြီးနောက် အဆင့်မြင့်ပိုင်းကို သင်ယူလေ့လာရန် ဖြစ်ပါသည်၊ အဆင့်မြင့်ပိုင်းကို လေ့လာသင်ယူပြီးပါက ပါဠိဉာဏ်ရင့်သန် ပြီးသူ ဖြစ်ပါလိမ့်မည်။

ပါဠိအရေးသာမက အပြောပါကျွမ်းကျင်အောင် လေ့ကျင့်သင့်ပါသည်၊ "လေ့မှကျင်"ဆိုသည့်အတိုင်း လေ့ကျင့်က ကျင်လည်စွာတတ်မြောက်နိုင် ပါသည်၊ ကမ္ဘာ့အသံထွက်မီအောင် လေ့ကျင့်နိုင်ရန်အတွက် ဤစာအုပ် အစ ပိုင်း၌ အသံထွက်နည်းကို ဖော်ပြထားခဲ့ပါသည်၊ အရေးရောအပြောပါ လေ့ ကျင့်၍ တတ်မြောက်လာသည့်အခါ ပါဠိအတွက် "လက်မ , ထောင်" နိုင်ပြီဟု မှတ်ယူပါ။

"အဟံ ပါဠိကောဝိဒေါ"တိ၊ အလံ တုယှ ဝိကတ္ထနာ။
အညေပိ ကောဝိဒါ ဟောန္တိ၊ "ကေ ဝါ တေ"တိ မယံ မယံ။

ဘန္တေ တိဿ–အို ..... အရှင်ဘုရားတိဿ၊ အဟံ ပါဠိကောဝိဒေါတိ– ငါ ပါဠိတတ်ကျွမ်းတယ်လို့၊ ဝိကတ္ထနာ–ပလွှား ကြွားဝါးခြင်းဖြင့်၊ တုယှံ– အရှင်ဘုရားအား၊ အလံ–မသင့်စနိုး အကျိုးမရှိပါ၊ အညေပိ ကောဝိဒါ ဟောန္တိ– အရှင်မှတစ်ပါး အခြားကိုရင်များလဲ ပါဠိတတ်ကျွမ်းကြပါသေးသည်၊ ကေ ဝါ တေတိ–အဲဒီပါဠိပညာရှင် ဘယ်ကိုရင်တွေလဲလို့ အရှင်က မေးခဲ့ပါလျှင်၊ မယံ မယံ–ငါတို့ ငါတို့။

## ပါဠိဗောဓိ အခြေခံပိုင်း

ပြီးပါပြီ။